# လှိုင်းကြာမြ (တောင်ကြီး)

# ချစ်သူတစ်ယောက် ။ ။
# ကောက်ရထားသည် ။ ။



## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၆၊ နိုဝင်ဘာလ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက္ကဝေါ်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက္ကဝေါ်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး - ၁၅၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅ ၈၃
လှိုင်းကြာဖြူ (လားရှိုး)
ချစ်သူတစ်ယောက် ကောက်ရထားသည်/လှိုင်းကြာဖြူ(လားရှိုး) -
ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆။
၃၂၀ - စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) ချစ်သူတစ်ယောက် ကောက်ရထားသည်

# ချစ်သူတစ်ယောက် ကောက်ရထားသည်

လှိုင်းကြာဖြူ (လားရှိုး)

# အခန်း (၁)

"အမေကလည်းဗျာ"

"အမေကလည်းဗျာ လုပ်မနေနဲ့သား။ မင်းအတွက်တော့ ဘတ်ပြားဟောင်းကြီး ခဏခဏ ကြားနေရသလို ထင်လိမ့်မယ်။ အမေကတော့ ပြောစရာရှိတာတော့ ပြောရမှာပဲ"

ပြောစရာရှိတာ ပြောရဦးမှာပဲဆိုတာ သေချာပေါက် ပြောမည့် သဘောဖြင့် 'ဝေဘုန်းမောင်' ငြိမ်းလုလု ထင်းစကို မီးဖိုတွင်းသို့ လှမ်း သည့်ရင်း အကြည့်က မီးဖိုတွင်းသို့ ပို့ထားသည်။

ငြိမ်းလုလုဖြစ်နေသော်လည်း မီးသွေးခဲတို့က တရဲရဲနှင့် ထပ် သည့်လိုက်သော ထင်းစကို ခဏတွင်း တောက်လောင်စေလေသည်။

အငွေ့ဆောက်တို့သည် သူတို့အနီး ပတ်ဝန်းကျင်သို့ လွှမ်းခြုံ သွားခဲ့သည်။

အမှန်တော့ ယခုသည် ဆောင်းတွင်းတောင် မရောက်သေးပါ။ မိုးတွင်းကာလသာ ဖြစ်သေးသည်။ သို့သော် တရုတ်ပြည်ဘက်၌ မုန်တိုင်းရှိနေသဖြင့် သူတို့မြို့သို့လည်း အဖျားခတ်ပါသည်။

မိုးမုန်တိုင်းတင် အဖျားခတ်သည်မဟုတ် ရာသီဥတု ချမ်းအေးနေသည်မှာ တစ်ပတ်ဆယ်ရက်ခန့် ရှိနေပြီ။ လူကြီးတွေမပြောနှင့် လူငယ်တွေတောင် ညကြီးညတာ အိမ်ပြင်သို့ သိပ်မထွက်နိုင်ကြတော့ပါ။

ထုံးစံအတိုင်း 'ပြင်ဦးလွင်မြို့' ဆိုသည်မှာ အချမ်းဓာတ်လွှမ်းမြိုးနေသော မြို့ဖြစ်ရာ ယခုလို ရာသီမဟုတ် အချမ်းဓာတ် လွှန်ကဲနေသောအခါ ပြောစရာမရှိတော့ပေ။

"တွေ့လား။ အမေ အဲဒါပြောတော့မယ်ဆိုရင် မင်းမျက်နှာက ဖြစ်သွားပြီ"

"ဖြစ်သွားပြီပြောမနေပါနဲ့ အမေရာ။ အမေ့မှာလည်း တစ်နေ့တစ်နေ့ ကျွန်တော့်ကို အိမ်ထောင်ပြုဖို့ တရားဟောရတာလည်း မပြီးနိုင်ပါလား"

"ပြီးစေချင်ရင် မင်း မြန်မြန်ဆန်ဆန် အိမ်ထောင်ပြုလိုက်ပါတော့လား ကိုဘုန်း"

အမေ့လေသံက သူ့အား တော်တော်အလိုက်ကန်းဆိုး မသိပါလားဆိုသည့်ဟန်နှင့် ခပ်ရွဲ့ရွဲ့ ဖြစ်သွားလေသည်။

ဒီသားအမိနှစ်ယောက်သာရှိသောဘဝတွင် အမေရဲ့ အားကိုးရာသည် သူသာဖြစ်ပြီး သူ့ရဲ့အားကိုးရာမှာလည်း အမေသာ ဖြစ်သည်





သူ ပြုံးပြီး –

"လွယ်လှချည်လား အမေရယ်"

"အမလေး လွယ်သမျှလွယ်၊ လွယ်ပဲအေ။ မင်းသာ အမေ ပြောတာ ခေါင်းညိတ်ခဲ့ရင် ဒီချိန် အမေ မြေးတောင်ချီနေရလောက်ပြီ"

စိတ်အားထက်သန်စွာပြောနေသော အမေ့ထံမှ အကြည့်လွှဲကာ သူ့ရဲ့အကြည့်များက ဖွင့်ထားသောတီဗွီဆီသို့ ရောက်ရှိသွားသည်။

အမှန်တော့ ဒီနေ့ သူ့ရဲ့ ရည်ရွယ်ချက်က မီးလုံးရင်း ချန်ပီယံ ပြိုင်ပွဲကို စောင့်ကြည့်ရန်ဖြစ်သည်။ ယခုတော့ အမေရဲ့စကားများကြောင့် ဘောလုံးပွဲစနေပြီဖြစ်သော်လည်း သူ့ရဲ့အာရုံတို့သည် တီဗွီ၌ မရှိချေ။

"ဟင်း"

အမေ့ထံက သက်ပြင်းချသံကို ကြားရသည်။ သူ့ရဲ့အကြည့်တို့သည် မီးဖိုဘက်သို့ ပြန်လှည့်လာသည်။ မီးညွှန့်တို့သည် စောစောတုန်းကလောက် တညွှန့်ညွှန့်နှင့် တက်မနေသော်လည်း အပူရှိန်တို့သည် လျော့ကျမသွားသေးချေ။

"သားရဲ့ခံစားချက်ကို အမေ သဘောပေါက်ပါတယ်ကွယ်"

"အမေ"

"ဟင်း"

သူ့ရဲ့ ဟန့်တားခေါ်သံကြောင့် အမေ့ထံမှ သက်ပြင်းချသံကို နောက်ထပ်တစ်ဖန် ကြားရပြန်သည်။

"ယောကျ်ားတစ်ယောက်အတွက် အသက်နှစ်ဆယ့်ကိုး သုံးဆယ်ဆိုတာ အိမ်ထောင်ပြုဖို့ အချိန်တန်ပြီဆိုပေမယ့် နောက်ကျနေပြီလို့ ပြောလို့မရသေးပါဘူး။ အမျိုးသမီးတွေကသာ အသက်နှစ်ဆယ်ကျော်ဆိုတာနဲ့ အိမ်ထောင်ရေးအတွက် တဖြေးဖြေး ရင်လေးစရာပါ။ သူတို့အတွက် အသက်တစ်နေ့ထက်တစ်နေ့ ကြီးလာလေလေ အိမ်ထောင်ရေးအတွက် စိုးရိမ်စရာဖြစ်လေလေပါပဲ။ ကျွန်တော်တို့အတွက်တော့ ယောကျ်ားပဋ္ဌင်း မိန်းမ ပုခက်တွင်းလို့ ဆိုရိုးရှိတာ"

"အမလေးတော်၊ မောင်ဘုန်း မင်းအမေ ငါလည်း မိန်းမတစ်ယောက်ဆိုတာ မင်း သတိပြုပါဦး။ ဟွန်း . . . ငါမပြောလိုက်ချင်ဘူးနော်"

"ဟောဗျာ . . . ဟား ဟား"

သူ့စကားကြောင့် မဲ့ကာ ရွဲ့ကာ စိတ်တိုသလိုပြောသောအမေ့ကို ကြည့်ပြီး သူ သဘောကျစွာ တဟားဟားရယ်မိသည်။

အမေက သူ့ကို အသက်သုံးဆယ်နီးပါးအရွယ်ရောက်သည့်အထိ ကလေးငယ်တစ်ယောက်လို အရိပ်တကြည့်ကြည့်ရှိနေတတ်သည်။

တော်တော်ကလေး စိတ်ဆိုးမာန်ဆိုးရှိသည့်အခါဆိုလျှင်တော့ 'မောင်ဘုန်း'၊ 'ဝေဘုန်းမောင်' ဟု ခပ်တင်းတင်းခေါ်တတ်သည်။

ပြင်ဦးလွင်ဒေသတွင် မြေယာပိုင်ဆိုင်သူ တော်တော်များများ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ကိုင်ကြသည်။





သူတို့လည်း ဘိုးဘွားမိဘပိုင် လယ်မြေများတွင် ပန်းစိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုပါသည်။ ရေ၊ လေ၊ မြေ ကောင်းသဖြင့် သူတို့ရဲ့ ပန်းစိုက်လုပ်ငန်းမှာ အောင်မြင်သည်ဟုဆိုရမည်သာ။ ယခုမှ ထလုပ်သည့် လုပ်ငန်းမှ မဟုတ်ဘဲလေ။

သို့သော် စိုက်ပျိုးမြေယာများအစား ဟိုတယ်၊ မိုတယ်၊ ဘည်းခိုခန်းအဖြစ်သို့ ပြောင်းလဲလိုက်သူတို့ထက်စာလျှင် သူတို့ရရှိသော အကျိုးအမြတ်ဆိုသည်မှာ မပြောပလောက်ပါ။ ဘယ်သူတွေ ဘယ်လိုပဲ ပြောင်းလဲလဲ အကျိုးအမြတ် နည်းတယ်ဟု မည်သူတွေ ကဲ့ရဲ့ရဲ့ သူတို့ သားအမိကတော့ ဤဘဝတွင် ပို၍ပျော်ပိုက်ခဲ့ပါသည်။

ဝင်ငွေပုံအောပြီး မဝင်သော်လည်း ဝမ်းဝရုံသာမက အလှူအတန်း လက်နှင့်မပြတ်လည်း လုပ်နိုင်သေးတာမို့ သူတို့ဘဝတွင် ဘာမှမလိုပါ။

အင်းလေ . . . ဒီလိုအတွေးတွေသာ စာစောစီးစီးက ဝင်ခဲ့လျှင် –

"တောက်"

"သား"

"ဗျာ . . . ကန်တော့ပါ အမေ"

ကိုယ့်ဘာသာကိုယ်အတွေးနှင့်ကိုယ် စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားကာ တောက်ခေါက်လိုက်ခြင်းဖြစ်သည်။ အမေရဲ့အသံကြားမှ သူ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားသည်ကို သတိရလိုက်မိသည်။

အမေ့မျက်နှာကို သူမမော့ကြည့်မိ။ မမော့ကြည့်မိပေမယ့်

သနား ကရုဏာသက်နေမည့် အမေ့မျက်ဝန်းတွေကိုတော့ သူ မြင်ယောင်ကြည့်၍ ရပါသည်။ ကိုယ့်အတွေးနှင့်ကိုယ် အတန်ကြာအောင်ငြိမ်သက်နေခဲ့သဖြင့် မီးစွယ်ကျိုးသွားသောထင်းကို မီးဖိုတွင်းသို့ ရှေ့တိုးပို့မေ့လျော့ခဲ့သည်။

"သား"

"-----"

"သားရယ် . . . အမေ့ကြောင့်"

"အမေ"

တုန်ယင်နေသော အမေ့ရဲ့အသံတွေကို သူ ဆက်မကြားရဲ၊ ထို့ပြင် အမေ့ဆီက စကားအဆုံးသတ်ထိ ထွက်လာမှာကိုလည်း သူ မကြားချင်။ ပြီးပြီးသားကိစ္စတွေကို အသစ်ပြန်ဖြစ်အောင် မဆွချင်။

အနာဟောင်းဆိုသည်မှာ ခြောက်သွားမှခွာလျှင် အကြောင်းမဟုတ်သော်လည်း မခြောက်ခင်မှာခွာလျှင် အသည်းနိုက်အောင်နာကျင်ရသည်မှာ မွေတာပင်။ ဒီရဲ့မွေတာကို ပုထုဇဉ်လူသားဖြစ်သော သူမှ မလွန်ဆန်နိုင်ပဲလေ။

"အဲဒါတွေကို ထပ်ခါထပ်ခါ မပြောပါနဲ့လို့ အမေ့ကို ကျွန်တော် တောင်းပန်ထားလျက်နဲ့ အမေရယ်။ ဘာလို့ ကျွန်တော်တို့ သားအမိနှစ်ယောက် အေးအေးလူလူ စကားပြောနေချိန်မှာ ဘာမဟုတ်တဲ့အကြောင်းအရာကို စကားဝိုင်းထဲ သွင်းခဲ့ရတာလဲ"

သူ့ရဲ့အသံမှာ နာကျင်စွာ အက်ကွဲနေသည်လားမသိ။ 'ဟေးခနဲ' ဆောင့်အော်သံကြောင့် တီဗွီဖန်သားပြင်ပေါ်သို့ လှည့်ကြည့်မိ





သည်။ တစ်သင်းသင်းကတော့ အောင်ပွဲခံသွားလေပြီ။ ဘယ်အသင်းသဲဟု မစမ်းစစ်ချင်လောက်အောင် လတ်တလောမှာတော့ အာရုံနောက်နေလေသည်။ တစ်ယောက်ကိုတစ်ယောက် ပြေးလွှားဖက်နေသာတွေ၊ ဂိုးဝင်ကွက်များကို အနှေးပြကွက်နှင့် ပြန်ပြသနေသည်များကိုတွေ့မြင်ရသည်။

လတ်တလောမှာတော့ မြင်နေသောအရာကို မြင်တယ်ဟူ၍သာမှတ်နိုင်ပြီး မြင်မှုပေါ်တွင် အာရုံသတိမကပ်နိုင်သေးပေ။

"အင်းပါ . . . ဒါ ထားပါတော့လေ။ တစ်ခုတော့ မေးကြည့်ချင်တယ်"

ဖြစ်နိုင်မယ်ဆိုလျှင် မမေးပါနဲ့လား အမေရယ်ဟု သူတားကာသထွက်သွားချင်သည်။ လက်တွေ့ကာလမှာကျတော့ ထိုသို့မလုပ်နိုင်ခဲ့ပေ။ လက်ရှိထိုင်နေသောနေရာတွင် ကျောက်ချထားသကဲ့သို့ မလှုပ်မယှက် ထိုင်နေခြင်း ဖြစ်သည်။

"ဟိုကိစ္စကြောင့် သား ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလို့များ စဉ်းစားထားသလားကွယ်"

"မဟုတ်တာ အမေကလည်း"

"စဉ်းစားထားတယ်ဆိုရင်တော့ အမေ လုံးဝ ခွင့်မပြုဘူးနော်"

အမေ့စကားက ကလေးဆန်စွာဖြစ်နေသော်လည်း ယခုချိန်မှာတော့ သူ စနောက်ဖို့ သတိမရပေ။

"ကျွန်တော်ကလည်း လူပျိုကြီးလုပ်ဖို့ မစဉ်းစားပါဘူး အမေ။

တစ်ခုတော့ရှိတယ်။ ဒီတစ်ခေါက် ကျွန်တော့်အိမ်ထောင်ရေးမှာတော့ ဘယ်လောက်အချိန်ကြာကြာ ကျွန်တော် အချိန်ယူစဉ်းစားချင်ပါတယ်။ ဒါ့ကြောင့် အမေ ကျွန်တော့်ကို မလောပါနဲ့''

''အေး ... ပြောလိုက်ရင် အမြဲတမ်း ဒီလိုကြီးပဲ ငါက ဘယ်အချိန် မြေးချီရမှာတုံး မောင်ဘုန်း။ တော်ပါပြီ မင်းကို ထိုင်ပြော နေရတာ ကျောအေးတာပဲ အဖတ်တင်တယ်။ သွားအိပ်လိုက်တာကမှ အကျိုးရှိဦးမယ်''

အမေက သူ့ကို ငေါက်ဆတ်ဆတ်ပြောပြီး ဘုဆတ်ဆတ်နှင့် အိပ်ခန်းဘက်ဆီသို့ ထွက်သွားသည်။

သူကတော့ အတိုအစတွေနှင့် ပြန့်ကျဲပြနေသော ထင်းစ တွေကို မီးဖိုထဲသို့ အပြီးသတ် သိမ်းကြုံးထည့်လိုက်စဉ် မီးခိုးများ အူထွက်လာသည်။

ထို့အတူ သူ့ရဲ့အတွေးများသည်လည်း မဝေးသော အတိတ် ဆီသို့ စုပုံကျရောက်သွားတော့သည်။

*



## အခန်း (၂)

''ဟော့ မျက်နှာက အဲဒါ ဘာဖြစ်နေတာလဲ''

စက်ဘီးကို ကျောင်းရှေ့တွင်ရပ်နေရင်း လှမ်းမေးလိုက်သည်။ သူ့ပုံစံက ချွေးတရွှဲရွှဲ ဖြစ်နေသည့်တိုင်အောင် 'မိမိအောင်' ရဲ့ရှေ့မှာ ဟာဟဲ ဟောဟဲနှင့် မညည်းရဲပေ။

''ဘယ်လိုဖြစ်တာလဲ''

စူပုတ်ပုတ်ဖြစ်နေသော မိမိအောင်ရဲ့မျက်နှာ သူ့ဘက်သို့ ည့်မလာသဖြင့် သူငယ်ချင်းများကို လှမ်းမေးလိုက်သည်။

မိမိအောင်နှင့် သူသည် သက်တူရွယ်တူများဖြစ်သော်လည်း သူငယ်ချင်းတစ်အုပ်စုလုံးတွင် ဆယ်တန်းအောင်ခဲ့သူမှာ သူတစ် ယောက်တည်းသာ ဖြစ်သည်။

သူတို့နေထိုင်သည်မှာ ပြင်ဦးလွင်ဟု ယေဘုယျခေါ်ဝေါ်နေ

ကြသော်လည်း တကယ်တမ်း သေချာစွာပြောရလျှင်တော့ ပြင်ဦးလွင်မြို့နှင့် လှမ်းပါသည်။

ရွာသဘောဖြစ်နေသော်လည်း အိမ်ခြေကျဲပါးသဖြင့် သွားရေး လာရေးတော့ အတော်ခက်ခဲပါသည်။ မြို့ပေါ်ဆိုလျှင် လိုင်းကားဘာညာစီး၍ ရနိုင်သော်လည်း ရွာ၌နေသော သူတို့အဖို့ စက်ဘီးများကိုသာ အားကိုးရသည်။

အတော်ကြွယ်ပိုးကြွယ်ဝဆိုလျှင်တော့ တချို့အိမ်တွင်ဆိုင်ကယ်များရှိတတ်ပါသည်။ အဲဒီလိုရှိသော အိမ်ဆိုတာကလည်း လက်ချိုးရေတွက်၍ရအောင် နည်းပါးလှပါသည်။

ပညာရေးကျတော့ ရွာမှာ အလယ်တန်းလောက်သာရှိသည်။ အထက်တန်းရောက်လျှင်တော့ ဆရာတော်တစ်ပါး၏ ပရဟိတကျောင်းတွင်နေပြီး မြို့ပေါ်၌ ကျောင်းတက်ရပါသည်။

ထို့အတွက် ကျောင်းသားမိဘများက ဆရာတော်အား တစ်ယောက်ဘယ်လောက်ဟု သတ်သတ်မှတ်မှတ် ပေးစရာမလိုသော်လည်း မိဘများ၏ သိတတ်လျှင် သိတတ်မှုရှိသလောက် ထောက်ပံ့၍ရပါသည်။

သူတို့ ဆယ်တန်းတုန်းကဆို ပရဟိတကျောင်းလေးမှာ တည်ထောင်ခါစဆိုတော့ အောင်မြင်မှု သိပ်မရသေးချေ။ ဆရာတော်အတွက်လည်း အစစအရာရာ ခက်ခဲပါသည်။

သူရယ်၊ မိမိအောင်၊ ဝင်းဇော်၊ ကျော်လှ၊ နုနုဆွေ၊ အေးအေးတို့မှာ ဆရာတော်တို့ရဲ့ကျောင်းက ပထမဆုံးသော ဆယ်တန်း





ကျောင်းသားများဆိုလျှင်လည်း မမှားချေ။

ထိုအုပ်စုထဲတွင် ဆယ်တန်းအောင်ခဲ့သူမှာ သူသာ ပထမဆုံးဖြစ်ပြီး မိမိအောင်နှင့်တကွ ကျန်သူငယ်ချင်းများကတော့ နောက်နှစ်မှ အောင်ကြသည်။

သူ ဆယ်တန်းအောင်တော့ ရေဆင်းတက္ကသိုလ် လျှောက်ခဲ့သော်လည်း အမှတ်မမီသဖြင့် စိုက်/သိပ္ပံသို့သာ ဝင်ခွင့်ရခဲ့သည်။

မိမိအောင်တို့အုပ်စုကတော့ ဆရာတော်ကျောင်းမှာ စာ ပြန်သင်သူသင်၊ အခြားလုပ်ငန်းခွင်များကို ဝင်သူဝင်နှင့် အဝေးသင် တက္ကသိုလ်သို့သာ တက်ကြပါသည်။

မိမိအောင်တို့ အဝေးသင်တက်ချိန် သူက ကျောင်းပိတ်၏။ ထို့ကြောင့် ပြင်ဦးလွင်ကနေ ရတနာပုံထိ မပေါနိုင် မပမ်းနိုင် နေ့စဉ်ရောက်လာခြင်းဖြစ်သည်။ ခါတိုင်း ကားကြုံနှင့်လာခြင်းဖြစ်ပြီး ဒီနေ့မှ ကြားမှာ ဝင်စရာရှိနေသဖြင့် စက်ဘီးယူလာခြင်း ဖြစ်သည်။

"ဘာဖြစ်သလဲ၊ မင်းဘာသာ မေးကြည့်ပေတော့ဟေ့။ သူရောက်ကတည်းက ဒီမျက်နှာပဲ"

"သူရောက်ကတည်းက လုပ်မနေနဲ့၊ အဆောင်ကထွက်လာကတည်းက ဒီမျက်နှာပဲလို့ ပြောစမ်းပါ အေးမေရာ"

"လူလေးက လှတပတနဲ့ စောစောစီးစီး မျက်နှာလေး ရှုံ့ရှုံ့သန်းလန်း ထားစမ်းပါ မိမိရာ"

သူငယ်ချင်းများက သူ့ကိုပြောရင်း မိမိအောင်ကိုပါ တစ်ယောက်တစ်ပေါက်လှမ်းပြောကြသည်။

ထိုသို့ ကူပြောခါမှ မိမိအောင်ရဲ့မျက်နှာမှာ ပို၍ ဆူပုပ်လာတော့သည်။

"ငါ ဘာလုပ်လို့လဲ မိမိရာ"

"ငါက ဘာလုပ်လို့လဲမပြောနဲ့ မောင်ဘုန်း။ လူတွေသာ ရှိမနေဘူးဆိုရင်လေ နင့်မျက်နှာကို ငါ အခုပဲ အဟုတ် ဆွဲကုတ်တယ် သိလား"

ဒီလိုပါပဲ၊ သူငယ်ချင်းတွေသာမက အမေကလည်း သူ့ကို စိတ်တိုလျှင် မောင်ဘုန်းဟု ခေါ်တတ်ကြသည်။ မိမိကိုတော့ ထိုသို့ မခေါ်စေချင်သော်လည်း 'မိမိအောင်' ဆိုတာ ထိုသို့ တားမြစ်မရသော မိန်းကလေးမို့ ဝေဘုန်းမောင် ဘာမှ မတတ်နိုင်ပေ။

ထိုသို့ခေါ်လိုက်တိုင်း သူ့ကို နှိမ်ချပြီး ခေါ်လိုက်သလို ခံစားရတယ်ဆိုလျှင် ဒေါ်မိမိအောင်က ပို၍ မခံချင်ဖြစ်အောင် ခေါ်မည်စိုး၍ မတားရဲပေ။

"ဘုရား ဘုရား . . . ဆွဲကုတ်ပစ်ချင်ရလောက်အောင် ငါက ဘာအပြစ်တွေ ကျူးလွန်ထားလို့လဲ မိမိရ"

"အပြစ်၊ ဘာအပြစ်လဲ ဟုတ်လား။ ကိုယ့်ဘာသာ ဘာအပြစ်လုပ်ထားမှန်းတောင် မသိဘူးပေါ့လေ"

"အင်းလေ"

"မောင်ဘုန်းနော် ပုံစံက ငါ့ကို ရွဲ့နေတာလား"

"ဘုရားရေ . . . မရွဲ့ရပါလား မိမိအောင်ရာ။ နင့်ကို ရွဲ့မယ့် အစား ကျားဖင်ကို"





"မောင်ဘုန်း"

"အဟဲ"

ဖြူဝင်းလှသော မိမိအောင်ရဲ့မျက်နှာမှာ နီရဲသွားသော်လည်း ရှက်ရွံ့သွားခြင်းကြောင့် မဟုတ်ဘဲ ဒေါသကြောင့် နီရဲသွားခြင်းပင် ဖြစ်သည်။

"ပြောတော့ဖြင့် နင် ကျောင်းဆယ်ရက်တက်ရင် ဆယ်ရက် လောက် ငါ နင့်အဆောင်ရှေ့ အမြဲတမ်း အဆင်သင့်ရောက်နေရမယ် လေး ဘာလေးနဲ့"

"ဟောဗျာ"

သူ ကိုယ့်နဖူးကိုသာ ရိုက်လိုက်မိတော့သည်။ မိမိအောင် ကတော့ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် သူ့ကို ပြဿနာရှာနေခဲ့သမျှ ဒီနေ့လည်း ပြဿနာဖန်တီးကာ ရစ်နေလေပြီ။

မနေ့ညနေ ကျောင်းဆင်းအိမ်ပြန်ခါနီးကတည်းက ဒီနေ့ နက် အဆောင်ရှေ့မှာ လာမစောင့်နိုင်ကြောင်း သေသေချာချာ ရှင်းပြခဲ့ပြီးသား။

ထိုတုန်းကတော့ ခေါင်းတညိတ်ညိတ်နှင့် ကောင်းပြီးကောင်း ရဲ့နှင့် ဒီမနက်ကျတော့ စက်ဘီးနှင့် ဟောဟဲ ဟောဟဲ ရောက်လာသူကို ရင်ဝ စီးကန်လိုက်သလို ပြုမူလေသည်။

သို့သော် သူ စိတ်မဆိုးနိုင်ပါ။ သူ စိတ်မဆိုးနိုင်ရုံမက မိမိ သူ့အပေါ် စိတ်ဆိုးသွားမှာကိုလည်း သူ အသေအလဲ ကြောက်မိ ပါသည်။

တကယ်တော့ သူနှင့်မိမိ ပထမနှစ်ကတည်းက သမီးရည်းစားဖြစ်နေကြပါပြီ။ သို့သော် ဆရာတော်က သူ့ကျောင်းက ကျောင်းသားအချင်းချင်း ထိုသို့ ချစ်ကြိုက်ခြင်းကြားလျှင် ဆူပေါက်ရုံသာမက မိဘတွေကိုပါ တိုင်ကြားတတ်သဖြင့် သူတို့ချစ်ကြိုက်နေသည်ကို သူငယ်ချင်းတွေမှတစ်ပါး အခြားသူများမသိကြပါ။

ထို့ပြင် အများအမြင်မှာ သမီးရည်းစားအသွင်သဏ္ဍာန် ပေါ်အောင် သူတို့တွေ တစ်ခါမှ မနေထိုင်၊ မပြုမူးခဲ့ဖူးသဖြင့်လည်း အများက မရိပ်မိ မသိရှိခြင်း ဖြစ်မည်။

"နင်က ငါ့ကို မျှော်နေတယ်ပေါ့လေ"

"အောင်မာ မျှော်စရာလား"

"မျှော်လို့ ငါ ရောက်မလာတော့ နင်စိတ်ဆိုးဒေါသဖြစ်တာပေါ့၊ မယ်ဒေါသလေးရဲ့"

"မောင်ဘုန်းနော် ... ဘာ မယ်ဒေါသလေးလဲ"

"အဲဒီလို မခေါ်ပါနဲ့ဆို"

"ခေါ်မှာပဲ ဘာဖြစ်လဲ"

"ဟော ... ပြေလည်သွားပြီလား။ ဒေါ်မိမိအောင် ဘာဖြစ်တာတဲ့လဲ"

"ဘာမှမဟုတ်ဘူး။ ငါ့ကို ပြဿနာရှာပြီး ရန်စချင်နေတာ။ ဒီကအရှောင်အတိမ်း ဂျက်စီကျိန်းဆိုတော့ကာ"

"သွားသေပါလား ... အရူး။ ပုံစံကိုက သံရည်ကျိုစက် ထဲပို့ပြီး သကြိုဟ်ပစ်ချင်စရာရုပ်နဲ့ မုန်းစရာကြီး"





"အယ် ... သက်သက်ညှာညှာလည်း ပြောပါဦး။ ဘာတဲ့ သံရည်ကျိုစက်ထဲထည့်ပြီး သကြိုဟ်ပစ်ချင်စရာကောင်းတဲ့ ရုပ်ဆိုပါဘူး။ ကိုဘုန်း မင်းရုပ်က အဲဒီလောက်ဆိုးမှန်း ငါတို့ ခုမှပဲ သိတော့တယ်"

မိမိကတော့ သူ အနိုင်ရအောင် ပြောရသဖြင့် သွားအကုန်လုံး ပေါ်အောင် သဘောတကျကျနှင့် ပြုံးလျက်ရှိသည်။

"နင် ဘာစားခဲ့ပြီးပြီလဲ"

စားသောက်ဆိုင်လေးထဲသို့ရောက်တော့ နုနုဆွေက လှမ်းမေးသည်။ သူ မိမိကို လှမ်းကြည့်ပြီး –

"ထမင်းကြော်စားခဲ့တာပဲ။ ဒါပေမဲ့ စက်ဘီးနင်းလာတာနဲ့ ဘယ်ချောင်ကပ်သွားပြီလဲ မသိဘူး"

"အဲဒါကြောင့် ပြောတာပေါ့။ လိုင်းကားစီးလာတော့ ဘာဖြစ်သွားမှာလဲ"

မိမိအသံက အလိုမကျသလို ထွက်လာသည်။

ထိုင်တော့ သူနှင့် မိမိ ဘေးချင်းကပ်။ အဆောင်က ခုမှ ထွက်လာသော သူငယ်ချင်းများကလည်း ဘာမှမစားရသေးသဖြင့် ကိုယ်စားချင်တာကိုယ်မှာနေကြသည်။

"အဖေနိုင်းတဲ့ကိစ္စရှိသေးလို့ပါဆိုကွာ။ အဖေက သူ့တာသာ သူ လာမယ်လို့ပြောနေတာဟ၊ နင်သိတဲ့အတိုင်း အဖေက နေကောင်းခဲ့"

"ဟုတ်တယ်၊ ဦးညွန့် အခုတလော နေမကောင်း ခဏ

ခဏာ ဖြစ်နေတယ်နော်၊ မပေါ့နဲ့ကွ''

ဝင်းဇော်က သတိတရပင် ပြောသည်။ သူရှေ့သို့ရောက်လာသော ခေါက်ဆွဲပန်းကန်ကို မမွှေဖြစ်သေးဘဲ -

''ဟုတ်တယ် ဝင်းဇော်၊ ဒီဘက်နှစ်ထဲမှာ အဖေ့ရဲ့ကျန်းမာရေး အခြေအနေက သိပ်စိတ်ချရသေးတာ မဟုတ်ဘူး။ အင်းလေ ... အရင်တုန်းက ပင်ပင်ပန်းပန်းလုပ်ထားတဲ့ဒဏ်တွေကြောင့်ပေါ့ကွာ''

''ဒါနဲ့ မင်းရဲ့ကျောင်းအခြေအနေကကော''

ကျော်လုက စကားလမ်းကြောင်းလွှဲကာ မေးလေသည်။

''ဘာကိုလဲ''

''ဒီနှစ်ပြီးရင် ပြီးပြီ မဟုတ်လား။ အလုပ်ဝင်လို့ရမှာပဲ မဟုတ်လား။ မပူပါနဲ့ကွာ''

ကျော်လုရဲ့အားပေးစကားက ရယ်ချင်စရာကောင်းနေသဖြင့် သူ ဘာမှမပြောဖြစ်။

စိုက်ပျိုးရေးတက္ကသိုလ်ဆင်းမဟုတ်သဖြင့် သူတို့လို စိုက်/သိပ္ပံတွေအတွက်က ချက်ချင်းလက်ငင်း အလုပ်ရဖို့ဆိုသည်မှာ သိပ်တော့ မလွယ်ကူလှပေ။

တကယ်တော့ ဒီအုပ်စုထဲတွင် လူတိုင်း လူတိုင်း မိသားစုတိုင်း၏ စီးပွားရေးအခြေအနေမှာ သူ မသာ ကိုယ်သန်ရှင်းမို့ ပါးစပ်ကသာ ဖေးမအားပေးနိုင်ပါသည်။

ဆင်းရဲသောဘဝကြီးသည် ဆိုးရွားလွန်းလေစွ။

*



## အခန်း (၃)

အေးလျှင် ပက်ပက်စက်စက် အေးသော်လည်း ပူလျှင် ...ကျောကွဲမတတ် ပူသည်က ရှမ်းပြည်ရဲ့သဘာဝလေလားမသိ။ ရာသီ ...ဥတုသည် မည်မျှပင်ပူပူ သက်ရှိလူတို့ရဲ့ သောကမီးထက် မပူနိုင် ...ချေ။

''စိတ်ထိန်းသူငယ်ချင်း''

ပခုံးကိုပုတ်၍ပြောနေသော ကျော်လုကို လှည့်မကြည့်ဘဲ ...သူ ခေါင်းညိတ်လိုက်ပါသည်။

ယောက်ျားလေးမို့ မိန်းကလေးတွေလို သည်းပြတ်အူပြတ် ...ငိုနီးပါး မငိုဖြစ်ပေမယ့် ကိုယ့်ရဲ့ဖခင်တစ်ယောက်လုံး ကွယ်လွန် ...သွားနိုင်စွရောက်ခြင်းကို ဘယ်သူက ဘာမှ မခံစားရဘဲ နေမည်နည်း။

''ငါပြောထားတာကော လုပ်ခဲ့ပြီးပြီလား''

"လုပ်ခဲ့ပါပြီကွ။ အဲဒါအတွက် ဘာမှမပူနဲ့။ မင်းအမေကို လည်း ဂရုစိုက်ဦး"

"အေးပါ"

မိမိအောင်တို့နှင့်အတူရှိနေသော အမေ့ကို လှမ်းကြည့်ပြီး သူ စိတ်မသက်သာစွာ ခံစားလိုက်ရသည်။ အခြားသော အမျိုးသမီး တွေလို ခင်ပွန်းသည် ကွယ်လွန်၍ အော်ဟစ်ငိုနေလျှင်တော့တစ်မျိုး

ခုကျတော့ မျက်ရည်သာ တိတ်တဆိတ်ကျ၍ ဘယ်သူ့ကိုမှ မကြည့်၊ ဘာသံမှ မထွက်တော့သောအမေ့ကိုကြည့်၍ သူ စိတ်ပူမိ သည်။ အမေသည် အဖေ့ခေါင်းတလားနားမှာ ကျုံ့ကျုံ့လေးထိုင်၍ ငြိမ်သက်နေခဲ့သည်။

ရှေ့ရေးကလည်း တွေးလျှင် ရင်လေးစရာ။ ကျောင်းပြန်ဖွင့် တာကလည်း တစ်လခန့်ရှိပြီ။

အမှန်တော့ ကျောင်းဖွင့်ခါနီး ကျောင်းပြန်သွားဖို့ အဆင်သင့် ဖြစ်နေခဲ့သော်လည်း အဖေ မူးလဲ၍ ဆေးရုံတင်လိုက်ရသဖြင့် မသွား ဖြစ်ခဲ့ချေ။

တစ်ပတ်လောက် နောက်ကျလည်း ကိစ္စမရှိလောက်ပါဘူးဟု မှတ်ထင်ထားခဲ့သည်။ သို့သော် အဖေ့ကျန်းမာရေးသည် သက်သာ သည်မရှိဘဲ ပိုမိုဆိုးရွားလာခဲ့ပြီး နောက်ဆုံးတော့ ပင်ပန်းဆင်းရဲကြီးလှ သော လောကကြီးကို လက်မြှောက်အရှုံးပေး ကျောခိုင်းသွားခဲ့လေပြီ။ ကျောမနိုင်းခင်မှာ မှာခဲ့တာကတော့ –

"သား . . . မင်းအမေကို ဂရုစိုက်"



ဆိုသည့်စကားတစ်ခွန်း။

ထိုစကားရဲ့အတိမ်အနက်သည် ကျယ်ပြန့်လွန်းလှသည်။

အမေသည် ပိုက်ဆံရှိသော အသိုင်းအဝိုင်းမှဖြစ်သော်လည်း သာမန်ခြံစိုက်သမားဖြစ်သော အဖေ့ရဲ့ရင်ခွင်တွင်းသို့ ရဲရဲဝံ့ဝံ့ ဝင်လာခဲ့ သည်။ မိဘတို့၏ အမွေဖြတ် စွန့်လွှတ်ခြင်းကို ခံခဲ့ရသည်။

အဖေကလည်း အမေ့ကို တော်တော်ချစ်ပါသည်။ အဖေနှင့် သက်ထပ်ခဲ့သော်လည်း အမေ့ကို ထမင်းဟင်းချက်သည်မှလွဲ၍ ဘာ တစ်ခုမှ မလုပ်ကိုင်စေဘဲ။

"တကယ်တော့ မင်းအမေက ပေါက်ပြားကိုင်ရမယ့်လက် မဟုတ်ဘူး။ ဘောလ်ပင်ကို ကိုင်ရမယ့်လက်ကွ . . . သားရ"

"ကိုညွန့်ရယ် . . . အခုမှ ဒါတွေ ဘာလို့ပြောနေရတာလဲ"

ငွေကြေးမရှိသော်လည်း သူတို့မိသားစုထဲတွင် မေတ္တာတရား ဘွယ်သာ လွှမ်းမြိုးနေခဲ့သည်။ ဒီတော့ မေတ္တာမြှုံ၍ နွေးထွေးလုံခြုံမှုကို ခံစားရပါသည်။

တကယ်ပဲ အဖေသည် သူ့စကားနှင့်ညီစွာ ယခုသေသွား သည့်တိုင် အမေ့ကို ခြံစိုက်ခြင်းလုပ်ငန်းမှ နည်းနည်းလေးမှ မလုပ် ကိုင်၊ မပင်ပန်းစေခဲ့ပေ။

ပင်ပန်းရမယ့်ကိစ္စမှန်သမျှ သူသည် သိမ်းကျုံးလုပ်ကိုင်ခဲ့ သည်။ ဆွေမျိုးမရှိသလောက် နည်းပါးခဲ့သူမို့ နောက်ပြီး အမေ့ဘက်က အမျိုးဖြတ်ထားသဖြင့် ယခုတော့ လောကအလယ်တွင် သူတို့ သား အမိ နှစ်ယောက်တည်းသာ။

အရပ်ကောင်း၍ အလောင်းလှခဲ့ရသလို ခင်ရာဆွေမျိုး၊ မြို့ရာဟောင်းကောင်းဆိုသည့်စကားကိုလည်း နားလည်သဘောပေါက်ခဲ့ရပါပြီ။

ရွှေရိုးမှ အမျိုးတော်ချင်သော အမေ့ဘက်က အမျိုးတွေကိုလည်း သူ စိတ်နာချင်ပါသည်။ တကယ်ဆို မန္တလေးမြို့ပေါ်မှာ ရွှေဆိုင်တွေ၊ ကုန်စုံဆိုင်ကြီးတွေ ပိုင်သော အဒေါ်ရဲ့ မောင်နှမအရင်းခေါက်ခေါက်တွေရှိပါသည်။ သူတို့က အမေ အမွေတွေလာတောင်းမည်စိုး၍ထင် လမ်းတွေ့လျှင်တောင် မျက်နှာလွှဲသွားတတ်ကြသည်။

ဆွေမျိုးဆိုတာ ရွှေမျိုးပဲ၊ ဘာကောင်းလို့လဲ။

အဖေ့အလောင်း မြေကျအောင် အစစအရာရာ ကူညီခဲ့ကြသူများမှာ မရှိဆင်းရဲသား ဘဝတူမိတ်ဆွေများသာ ဖြစ်သည်။

"မင်း ဘာဆက်လုပ်မလဲ ကိုဘုန်း"

ရက်လည်ပြီးသောအခါ သူငယ်ချင်းတွေအားလုံး သူ့နားတွင်ဝိုင်းဖွဲ့ထိုင်၍ မေးကြသည်။

သူ မဖြေဖြစ်သေးဘဲ တစ်မျှော်တစ်ခေါ်ဖြစ်နေသော စိုက်ခင်းကျယ်ကြီးများကို လှမ်းကြည့်လိုက်သည်။ ဤအရပ်ဒေသတွင်ရေခြိုလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးကတော့ ဆယ့်နှစ်ရာသီလုံး အလုပ်ဖြစ်ပါသည်။

အဓိက,က ပန်းများကိုစိုက်ကြပြီး အချို့ကျတော့လည်းစားပင်သီးနှံများ၊ အချို့ကျတော့လည်း ပြောင်းများ၊ နှမ်းများ စိုက်ကြသည်။



"မင်းပုံစံကလည်း အေးတိအေးစက်နဲ့"

"အေးတိအေးစက်မလုပ်လို့ ငါက ဘာကိုပူပူဆူဆူ ထလုပ်ရမှာလဲ ဝင်းဇော်"

အေးတိအေးစက်ထွက်သွားသော သူ့လေသံကြောင့် သူငယ်ချင်းအားလုံး အသံတိတ်သွားကြသည်။ ခါတိုင်းဆိုလျှင် သူ့ကို အနိုင်ယူ ပိုလ်ကျဖို့လောက်သာသိသော မိမိအောင်သည်ပင် ငြိမ်ချက်သားကောင်းနေလေသည်။

"ကျောင်းကိစ္စနဲ့ ဒီကအလုပ်ကိစ္စလေကွာ။ မင်းကလည်းတို့က စေတနာ"

"ငါ နားလည်ပါတယ် ဝင်းဇော်"

ကျောင်းက ဒီလေးလပတ်တက်ပြီးလျှင် ပိတ်ပြီ။ တစ်နည်းသော် ဘွဲ့ယူဖို့ ထိုင်စောင့်ရုံသာရှိတော့မည်။ သို့သော် တစ်ဖက်ကဝေ့ စားကြည့်လိုက်သောအခါ ယခုချိန်သည် စိုက်ပျိုးရေး အလွန်ကောင်းသောရာသီ ဖြစ်သည်။

ဤတောင်ပေါ်ဒေသ၌ စိုက်ပျိုးရေး ဆယ့်နှစ်ရာသီလုံးသည်ဖြစ်သည်ဆိုသော်လည်း သဘာဝတရားကြီးကို မည်သူလွန်ဆန်သနည်း။ သူ့ရာသီနှင့်သူသာ အဆင်ပြေလိမ့်မည်။

တစ်ဖက်တွင်လည်း ကျောင်း။ ကျောင်းပြီးသွားခဲ့လျှင် သူတို့ ရက် သုံးလေးနှစ် အလုပ်မရနိုင်သေးပေ။ အလုပ်ရလျှင်တောင်ပုံစံနှင့် စဝင်ရမည်ဆိုတော့ သူ့အတွက် ဒါမှမဟုတ် သူတို့စုအတွက် ဘယ်လိုမှ အဆင်မပြေနိုင်ပေ။

''ငါ ကျောင်းဆက်မတက်တော့ဘူး ဝင်းဇော်''

''ဟင်''

''ဘယ်လို''

''နင် ရူးနေသလား မောင်ဘုန်း''

''ငါမရူးဘူး မိမိ။ အခု ကျောင်းသွားတက်လို့လည်း ငါ့
အနာဂတ် ထူးပြီးကောင်းလာဖို့ ငါမမြင်ဘူး။ အခုချိန်မှာ ငါတို့သားအမိ
နှစ်ယောက်ရဲ့ ရပ်တည်မှုက အရေးအကြီးဆုံးပဲ''

''ခဏတာကိစ္စကို တစ်ဘဝတာကိစ္စနဲ့ လဲစရာလား မော
ဘုန်း။ နင်ဒီလေးလလောက်နဲ့ အနစ်နာခံလိုက်လို့ ဘာဖြစ်သွားမှာ
လဲ''

''ဘာဖြစ်သွားမလဲ ဟုတ်လား။ ငါ့အဖေတောင် တစ်သက်
လုံး အလုပ်မခိုင်းရက်ခဲ့တဲ့ ငါ့အမေကို ငါက ခြီလုပ်ငန်းတောထဲမှ
မလုပ်တတ် မကိုင်တတ်မှန်းသိသိနဲ့ တစ်ယောက်တည်း ထားခဲ့ရ
လား မိမိ။ နင်ကိုယ်ချင်းစာပြီး ပြောစမ်းပါ''

''ငါ ကိုယ်ချင်းမစာလို့ ပြောနေတာ မဟုတ်ဘူး မောင်ဘုန်
နင့်အမေကကော နင် ဆုံးဖြတ်တာကို လက်ခံမယ်လို့ နင်ထင်
သလား''

''အဲဒါက ငါတို့သားအမိကိစ္စပါ''

''ဟင် ... နင်''

''ကိုဘုန်း''

''ဟိတ်ကောင် ကိုဘုန်း ... လွန်မယ် သတိထား



ားလုံးက မင်းကိုကောင်းစေချင်တဲ့ စေတနာနဲ့ ပြောနေတယ်ဆိုတာ
စ်ချက်လောက် ဂရုစိုက်စေချင်တယ်''

မိမိအောင်နှင့် သူ့ရဲ့ အပြန်အလှန်ပြောဆိုမှုများမှာ တဖြေး
ဖြေးချင်း တင်းမာခြင်းဆီသို့ ဦးတည်သွားခဲ့သဖြင့် ဘေးမှသူငယ်ချင်း
က ဝင်၍ ဖျန်ဖြေလေသည်။

သို့သော် နီရဲသွားသော မိမိရဲ့မျက်နှာကတော့ –

''သြော် ... ငါ့မှာ နင့်ကို ဝင်ပြောခွင့်မရှိဘူး။ အဲသလိုပေါ့
ဟုတ်လား''

''------''

''ရတယ်လေ''

''မိမိ နင်လည်း တခြားနေရာမှာ အလိုက်ကမ်းဆိုးမသိချင်
ပါ။ အခုချိန်မှာ ကိုဘုန်းပြောနေတယ်ဆိုတာကလည်း သူ့စိတ်တွေ
ာက်ယက်ခတ်နေလို့ပြောနေတာ။ တမင် နင့်ကိုအနိုင်ယူပြီး ပြော
တာ မဟုတ်ဘူး။ ဒါကို နားလည်ပေးလိုက်စမ်းပါ''

''ဟုတ်သားပဲ မိမိရာ။ ကျော်လှပြောတာ မှန်ပါတယ်''

''ဘာမှန်တာလဲ၊ ဘာမှန်တာလဲ''

''ဟိတ်ကောင် မောင်ဘုန်း''

''ကိုဘုန်း''

''မောင်ဘုန်း ... နင် အဲဒီလို ရှောင်ထွက်သွားလို့ မရဘူး။
ယ်ချင်းတွေကြားထဲမှာ နင် အခု ငါ့ကို ဘယ်လိုပုံစံရိုးသွားတာလဲ။
အခုပြန်တောင်းပန်စမ်း''

"ဩော် . . . အဲဒီမှာ နင့်ဘာသာ လိပ်ခေါင်းထွက်အောင် အော်"

တကယ်ပဲ သူ လတ်တလော အခိုက်အတန့်တွင် သူ့ကို ဖေးမပေးဖို့မကြိုးစားဘဲ အစစအရာရာ အနိုင်လိုချင်နေသော မိမိ အောင်ကိုသာမက သူငယ်ချင်းအားလုံးကိုထားခဲ့ပြီး သူထွက်လာခဲ့ သည်။

ဘယ်သူမှ သူ့ဆုံးဖြတ်ချက်ကို နားမလည်နိုင်ကြပေမယ့် သူကတော့ သူ့ရဲ့ဆုံးဖြတ်ချက်ကို သူနားလည်ပါသည်။ မိမိတို့ ပြော သည့် အကြံဉာဏ်မျိုးကိုတော့ သူ ဘယ်နည်းနှင့်မှ မခံယူနိုင်ပေ။

အဖေတောင် အမေ့ကို ပေါက်ပြာ။ ထွန်ခြစ် မကိုင်ဖေး သော လက်ကို သူကကော ကိုင်စေရမှာတဲ့လား။ အမေကတော့ မိခင်တစ်ယောက်အနေနှင့် ခုချိန်မှာ သူ့ရဲ့ဆုံးဖြတ်ချက်ကို ခါးခါး သီးသီး ဖြစ်ကောင်းဖြစ်နိုင်သည်။

ဒါလည်း အမေ့ရဲ့အလွန်တော့ မဟုတ်ပေ။ ဘယ်မိခင်ရေ က ကိုယ့်ရဲ့သားသမီးကို ပညာရေးတစ်ပိုင်းတစ်စနှင့် လမ်းဆုံးစေချင် မည်နည်း။

စိတ်ချစမ်းပါ အမေရယ်။ ယောကျ်ားလေးတစ်ယောက် အတွက် ရှုန်းကန်ဖို့ ပခုံးနှစ်ဖက်တောင့်တင်းခိုင်မာနေသရွေ့ စားဝတ် နေရေးဆိုတာ ပူပန်စရာမဟုတ်ပါဘူး။

*

## အခန်း (၄)

"နင်ကြားနေတာတွေ တစ်ခုမှမဟုတ်ဘူး ကိုဘုန်း"

"ကြားတာမဟုတ်ဘဲ ငါကိုယ်တိုင် မြင်ခဲ့တာဆိုရင်ကော နင် အဲဒါကို ဝန်ခံမှာလား"

"နင် ငါ့ကို တရားခံစစ်မေးသလို မလုပ်နဲ့ မောင်ဘုန်း"

မိမိက သူ့ကို လက်ညှိုးထိုး၍ ရုက်ရွံ့သလိုပုံစံဖြစ်သွားသော် ...ည်း ချက်ချင်းပင် သူ့ကို ဘုဆတ်ဆတ်နှင့် ပြောလေသည်။

ပြီးတော့ သူနှင့် မျက်လုံးချင်းဆုံမကြည့်ဘဲ မျက်နှာလွှဲသွား ...င့် သူ ဟက်ခနဲ တစ်ချက်ရယ်ပစ်လိုက်သည်။

ရင်နာတယ်ဆိုတဲ့စကား ကိုယ်တိုင်လက်ခံရင်ဆိုင်လိုက်ရ ...အခါ –

"အဲဒီသူဌေးနဲ့သူ တွဲသွားတွဲလာအဆင့်ထိတောင် ဖြစ်နေပြီ

မောင်ဘုန်း''

ဝင်းဇော်တို့ ကျော်လှတို့ပြောလာတုန်းကဆိုလျှင် သူ ယုံ လည်းမယုံကြည်သလို လက်လည်းမခံနိုင်ခဲ့ပေ။ မိမိ သူ့အပေါ် အချို တစေ အနိုင်ယူတတ်ခဲ့ပေမယ့် ထိုနည်းဖြင့်တော့ အနိုင်ယူခဲ့မည် မဟုတ်ပေ။

အမေဆုံးပြီးတော့ သူ သူ့ရဲ့ဆုံးဖြတ်ချက်အတိုင်း ကျောင်း ဆက်မတက်ဖြစ်တော့ပေ။ အဖေ့ရဲ့ပန်းတိုက်ခြင်းနှင့် ရေမြေလုပ်ငန်းကိုပဲ ဦးစီးခဲ့သည်။ သားအမိနှစ်ယောက်တည်းသာရှိသော ဘဝတွင် သူ့ အမေရှေ့က တံတိုင်းကြီးတစ်ခုလို မားမားမတ်မတ် ရပ်တည်ဖို့ လိုအပ် ပါသည်။

''နင် ငါ့ကိုချစ်တယ်,ချစ်တယ် ပြောနေတယ်ဆိုတာ အထ ကားပဲ မောင်ဘုန်း။ တကယ်တော့ နင် ငါ့ကိုချစ်တာ မဟုတ်ဘူး။ နင့်ကိုယ်နင်ချစ်တာ။ ငါ့ကိုချစ်တာမဟုတ်ဘူး။ ငါနဲ့တွဲသွားတွဲလာ လုပ်နေရတာကို သာယာရုံထက် နင် ဘာမှမပိုခဲ့ဘူး''

''မိမိအောင်''

''နင် ငါ့ကို အော်စရာမလိုဘူး မောင်ဘုန်း။ နာတယ်ဆိုရင် တောင် ဟုတ်လို့ နာတယ်လို့မှတ်''

''မိမိအောင် နင် ငါ့ကို စော်ကားချင်သလောက် စော်ကားလို့ ရတယ်။ ငါ့ရဲ့အချစ်ကို မစော်ကားနဲ့။ ငါ ယောကျ်ားတစ်ယောက်ပါ ကိုယ်လက်ထပ်ယူမယ့် မိန်းမတစ်ယောက်ကို စိတ်ဆင်းရဲဖို့မပြောနဲ့ လူဆင်းရဲဖို့တောင် ငါ အဖြစ်မခံနိုင်ဘူး''





''နင့်ကို ငါ လက်ထပ်မယ်လို့ ဘယ်တုန်းက ပြောခဲ့လို့လဲ''

ထိုစဉ်တုန်းက ထိုစကားသည်လည်း သူ့ကို အနိုင်ယူ၍ ခဲ့သည်ပဲ မှတ်ခဲ့သည်။

ဒီလိုပါပဲ။ ယခုနောက်ပိုင်းတွင် သူနှင့် မိမိအောင် မကြာခဏ ားများ ရန်ဖြစ်နေခဲ့ရသည်။ မတွေ့ခင်တုန်းက လွမ်းလိုက်ရတာ၊ ့လိုက်ကြလျှင် ရန်ဖြစ်စကားများခြင်းများနှင့်သာ အဆုံးသတ်ခဲ့ မြဲ။

''သားတို့ လက်ထပ်လိုက်ရင် ပိုကောင်းမယ်''

''မဖြစ်နိုင်သေးပါဘူး အမေ''

မိန်းမ သိပ်ပီသလွန်းလှသော မိမိကြောင့် ဒီလိုအခြေအနေ တော့ မိမိ သူ့ကို ဘယ်နည်းနှင့်မှ လက်ထပ်လိမ့်မှာ မဟုတ်တာကို ကြိုတင်သိနေခဲ့သည်။

မိန်းမပီသသော မိမိအောင်သည် ချစ်သူဘဝမဟုတ်ခင်က ငွေရေးကြေးရေးစကား သိပ်မပြောတတ်ခဲ့သော်လည်း ချစ်သူဖြစ်သွား သောအခါ အိမ်ထောင်တစ်ခုတွင် ငွေရေးကြေးရေးရဲ့ အရေးပါပုံကို ကြာခဏ ပြောပြောတတ်လာသည်။

''နင် ငွေစကား ဒီလောက်ပြောပြောနေတာ အိမ်ထောင်တစ်ခု ငွေရေးကြေးရေးက အဓိကလား။ အချစ်က အဓိကလား မိမိ''

သူ့ရဲ့ ရွဲ့တဲ့တဲ့အမေးကို မိမိက ခပ်ပြုံးပြုံးနားထောင်ကာ–

''ဒီမှာ ကိုဘုန်း ... ငါကြားဖူးတဲ့စကားတစ်ခွန်းရှိတယ် လား''

"ဘာလဲ"

မိမိက သူ့ကိုစိုက်ကြည့်နေရာမှ မျက်နှာလွှဲသွားပြီး –

"ဆင်းရဲခြင်းက ရှေ့တံခါးပေါက်က ဝင်လာရင် ချစ်ခြင်းတရားက နောက်ဖေးတံခါးပေါက်ကနေ ထွက်သွားတယ်တဲ့"

"အဓိပ္ပာယ်မရှိတာ၊ အဲဒီစကားကို ပြောခဲ့တဲ့လူက ရူးနေလို့ ဒါမှမဟုတ် ဘဝနဲ့ပတ်သက်ပြီး သက်လုံမကောင်းလို့ပဲ မိမိ။ ဘဝမှာ ချမ်းသာအတူ၊ ဆင်းရဲအတူဆိုတာ ဘဝကိုအတူတူရုန်းကန်ဖူးသူမှ ဘဝရဲ့အနှစ်သာရကို ခံစားဖူးမှာ"

"နင်ပြောတာကို ငါ နားမလည်ဘူး"

"ဘယ်နားလည်မလဲ မိမိ။ နင်က မရုန်းကန်ဘဲ ရရှိလာမယ့် အသီးအပွင့်ကို မျှော်ကိုးနေတာကိုး။ အတူတကွ ရုန်းကန်လာသူ နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် နားလည်နိုင်တယ်၊ သည်းခံနိုင်တယ်၊ ခွင့်လွှတ်နိုင်တယ်"

"ဒါဆို နင် ငါ့ကို နားမလည်နိုင်ဘူး။ သည်းမခံနိုင်ဘူးလို့ ပြောနေတာလား မောင်ဘုန်း"

ဆင်းရဲခြင်းကြောင့် ချစ်ခြင်းတရားတစ်ခုသည် နောက်ဖေး တံခါးပေါက်က ထွက်,မထွက်တော့မသိ။ မိမိရဲ့ နားလည်မှုမပေးနိုင် ခြင်းများကြောင့် သူတို့ရဲ့အချစ်တွေကတော့ တစ်နေရာရာက ထွက် ပြေးဖို့ စဉ်းစားနေပြီလားမသိ။

"အဲဒီလိုမစနဲ့ ကျော်လှ၊ ငါမကြိုက်ဘူး"

"ဒါ နောက်စရာမဟုတ်ဘူး ကိုဘုန်း။ ဝင်းဇော်ဆိုရင်တော့





ဘယ်လို့ မင်း ထင်လို့ရတယ်။ ငါက ဘယ်တုန်းက မင်းတို့ကို စ နောက်ခဲ့ဖူးလို့လဲ။ အမှန်တော့ သိနေတာကြာပြီ။ ငါပြောရင် ကုန်းချော တား ဖြစ်နေမှာစိုးလို့။ ဒါပေမဲ့ မင်းဘက်က တစ်ယောက်တည်း သည်းသည်းလှုပ်ဖြစ်နေရတာကို ငါ လက်မခံနိုင်ဘူး"

ဒါဟာ အမှန်တရားတစ်ခုဆိုတာကိုတော့ သူ အသေအချာ နားလည်ပါသည်။ ကျော်လှသည် အေးသည်၊ စကားနည်းသည်၊ ဝင်းဇော်လို စနောက်နောက်သိပ်မရှိ။ ဘာတဲ့ ယခု လာပြောတာက သည်း မိမိ သူ အလုပ်လုပ်နေသည့် ဟိုတယ်ပိုင်ရှင်နှင့် ဘာလိုလို သတင်းထွက်နေသည်တဲ့။

သူကသာ ကျောင်းတစ်ပိုင်းတစ်စ ဖြစ်ခဲ့သော်လည်း ကျော် လှတို့ မိမိအောင်တို့ကတော့ ကျောင်းပြီး ဘွဲ့ရခဲ့ကြပါသည်။ ထို့ပြင် သူတို့တွေအတွက် အခွင့်အလမ်းရှိခဲ့သည်လားမသိ။ ဆရာတော်သည် မိမိအောင်တို့အုပ်စုကို သူ့ရဲ့ဒကာဖြစ်သူရဲ့ ဟိုတယ်တွင် အလုပ်သွင်း ပေးခဲ့သည်။

ဟိုတယ်ပိုင်ရှင်မှာ အသက်သုံးဆယ့်ငါး လေးဆယ်ဝန်းကျင် ဟု ကျော်လှတို့ ပြောပြောနေ၍ သူသိခဲ့ရသည်။ ယခုလို သတင်း ထွက်လာလိမ့်မည်ဟု သူ မထင်ခဲ့ပေ။

မိမိတို့အလုပ်ဝင်ကတည်းက သူနှင့်အရင်လို တွေ့ချင်တိုင်း တွေ့ခွင့်မရတော့ပေ။ သူ့အတွက်တော့ ယခု ဝေးနေကြရခြင်းဟာ တစ်နေ့နေ့ နီးရဖို့အကြောင်းတရားတွေဟု ဖြေသိမ့်တွေးကာ အလုပ် တွေကို အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သည်။ မိမိက ဆင်းရဲခြင်းကို

မုန်းတီးသလို သူကလည်း မိမိကို တင့်တောင်းတင့်တယ်ဖြစ်သော
အခြေအနေနှင့် ခမ်းခမ်းနားနားပဲ လက်ထပ်ချင်သည်။

"ဟင်"

မြို့ထဲ အသိတစ်ယောက်က သူ့အိမ်တွင် အခမ်းအနားတ
လုပ်မှာမို့ သူ့ဆီပန်းတွေအများကြီး မှာထားခဲ့သည်။ ထိုပန်းတွေ
သွားပို့ရင်း မမျှော်လင့်စွာ သူ့မိမိနှင့် လူတစ်ယောက်ကိုတွေ့ခဲ့ရသည်

လူတစ်ယောက်ဆိုတာထက် အသက်သုံးဆယ်ကျော်
ဆယ်ဝန်းကျင် ယောကျ်ားတစ်ယောက်။ နောက် ကားမြင့်မြင့်လု
ကြီးနှင့်ဆိုတော့ ဒါ ကျော်လှတို့ ပြောပြောနေတဲ့ မိမိနှင့် သူ့ရဲ့သူ
ရဲ့ ဆက်ဆံရေးလား။

သူဌေးက မိမိအတွက် ကားတံခါး ကိုယ်တိုင်ဖွင့်ပေးနေသည်
ဆိုလျှင် ရိုးသားသော အပြုအမူပါဆိုတာ ကျိန်ပြောလို့မှ ယုံစရာမ

မိမိ နင် ငါ့ရဲ့မျှော်လင့်ချက်တွေကို မရိုက်ချိုးပါနဲ့။ အပြီးတ
အနိုင်ယူခဲ့တယ် ဆိုရင်တောင် ဒီနည်းနဲ့တော့ ငါ့ကို အနိုင်မယူပါနဲ့
ဟာ။

*



## အခန်း (၅)

"နင် သိပ်ကိုလွန်လွန်းနေပြီ မိမိအောင်"

"အရှက်မရှိ ကိုယ့်ဘာသာ လုပ်ချင်ရာတွေလုပ်သွားပြီးတာ
တောင် ခုထက်ထိ ရှက်ရကောင်းမှန်းမသိဘူးလား"

"နုနုဆွေ"

"မတားနဲ့ မောင်ဘုန်း။ ငါ လုံးဝသည်းမခံနိုင်ဘူး။ တခြားသူ
လုပ်သွားတယ်ဆိုရင်တောင် ခံသာသေးတယ်။ ခုတော့ ငါတို့ သူငယ်
ချင်း အရင်ခေါက်ခေါက်ကြီးက ဒီလိုလုပ်သွားတာ။ ငါ နည်းနည်းမှ
သည်းမခံနိုင်ဘူး။ နင့်ကို သူငယ်ချင်းတော်ခဲ့မိတဲ့အတွက် ငါတို့ကို
ငါတို့ ရှက်တယ်"

တကယ်တော့ ဖွင့်ပြော၍မထွက်ခဲ့သော်လည်း သူ့ရဲ့ရင်ထဲ
မှာလည်း ရှက်ရွံ့နာကျည်းခြင်းများ ထုနှင့်ဒေးပါ။

ဘာတဲ့။

သူတို့ အထက်တန်းကျောင်းသားဘဝက သင်ကြားခဲ့ဖူးသော
ဝေဿန္တရာဇာတ်တော်မှ မဒ္ဒီဒေဝီရဲ့ ခံစားချက်မျိုးလေ။

ထန်းပင်ပေါ်က ပြုတ်ကျသော သူကို ရိုက်မိသကဲ့သို့လည်း
ကောင်း၊ စပါးကြီးမြွေကို ကိုက်ခံရသောသူကို ရိုက်ပုတ်သကဲ့သို့လည်း
ကောင်း ဆိုသည့်စကားက သူ့ရဲ့ခံစားချက်တွေကိုများ ရည်ညွှန်း
သလားမသိ။

ဟုတ်ပါတယ်၊ ကိုယ့်ချစ်သူကို လက်လွှတ်ဆုံးရှုံးလိုက်
သဖြင့် နာကျင်နေရသောရင်ကို ထိုချစ်သူကပင် ထပ်၍ နာကျင်
လိုက်သောအခါ အသည်းကြွေမတတ် ခံစားနာကျင်ရပါသည်။

"...ောင်ဘုန်း"

"တင်ပါ့ဘုရား"

တစ်ပတ်မှာ နှစ်ရက်လောက် ဆရာတော်ရဲ့ကျောင်းမှာ လု
အားဒါန သွားရောက်လုပ်၍ ကုသိုလ်ယူတတ်ပါသည်။

ယနေ့လည်း ထုံးစံအတိုင်း ရောက်လာချိန် သူနှင့် မ
မနှောင်း ကျောင်းဝန်းထဲမှ ကားမြင့်မြင့်ကြီးတစ်စီး မောင်းထွက်သွား
တာကို သူ ရိပ်ခနဲ မြင်လိုက်ရသည်။

ရိပ်ခနဲမြင်လိုက်ရသော်လည်း တစ်ခါမြင်ရုံနှင့် ဘယ်တော့
မမေ့စေခဲ့သော အကြင်ကားသည် မည်သူ၏ကားဖြစ်သည်ဆိုတာ
သူ အတပ် သေချာစွာ သိနေခဲ့ပါသည်။

ဩော် ... ကံကောင်းလေစွ။ သူရှိနေချိန်မှာ ထိုကား





...ာလျှင် မခံချင်စိတ်တွေနှင့် အချင်းများဖွယ်ရာ ရှိနေပေလိမ့်မည်။

မိမိအောင် အစုတ်ပုံမ။ ဒင်းကပါ အလိုတူအလိုပါ ဖြစ်နေခဲ့
...လေ။ ဒင်းကြောင့်ပေါ့၊ နို့မို့ဆိုလျှင်။

"စောစောက ဘုန်းဘုန်းရဲ့ဒကာ ဟို ဟိုတယ်ပိုင်ရှင်သူဌေး
...က်လာတယ်ကွဲ့"

"တင်ပါ့ဘုရား"

မကြားချင်သော်လည်း မကြားပါရစေနဲ့ မကြားချင်ပါဘူးဟု
...ငြ်မရသောအခြေအနေမို့ သူကြိတ်မှိတ်နားထောင်လိုက်ရပါသည်။

"အိမ်း ... မိမိအောင်လေး အခုလို အခြေအနေ မြင့်မား
...ားတယ်ဆိုတော့လည်း ဝမ်းသာစရာပါပဲလေ"

"------"

တင်ပါ့ဘုရားဟု နှုတ်က မထွက်နိုင်တော့ပေ။ ဒါဆိုလျှင်
...ခု ထွက်ခွာသောကားထဲတွင် မိမိအောင် ပါသွားသည်မှာ သေချာ
...သည်ပေါ့။

သူ့အပေါ် မျက်နှာပြောင်တိုက်စွာ ဒါမှမဟုတ် ချစ်ခြင်းတရား
...ရှင်းပြတ်စဲခြင်းမပြုခင် နောက်တစ်ယောက်နှင့် ဖောက်ပြန်ကာ-

"ငါ ဦးနိုင်နဲ့ လက်ထပ်တော့မယ် ကိုဘုန်း"

ဟု ပြောထွက်ခဲ့သော မုဆိုးတစ်ပိုင်း မိန်းမရှိုင်းကြီးအား
...ည်သို့စီရင်သင့်ပါသနည်း။

မသေမခြင်း လည်မျိုရင်းကို ဓါးရင်းတုတ်နှင့် ရိုက်သတ်စေ
...ား ဒါမှမဟုတ် ဤကဲ့သို့ ချစ်ခြင်းမေတ္တာတရားကို ငွေကြေးထက်

တန်ဖိုးထားတတ်သော မိန်းမအား နောက်ဘဝတွင် ချစ်တတ်သော
အသည်းနှလုံးတစ်စုံ မပါပါစေနှင့်ဟု ဆုတောင်းပစ်ရမှာလား။ သေ
တာတစ်ခုကတော့ သူ ဘာမှ မလုပ်နိုင်ခဲ့။

ကိုယ် မဲပြာက မဖြူမှတော့ အခြားသောသူကို ပြစ်တင်ကြိမ်
မောင်းနေလျှင်ကော ဘာထူးမည်နည်း။ ရှိပါစေတော့။

"မင်္ဂလာပွဲကို နာမည်ကြီးခန်းမမှာ ခမ်းခမ်းနားနား ကျင်း
မယ်တဲ့။ နောက်ပြီး ကျောင်းမှာ ဆွမ်းကျွေးလုပ်မယ်တဲ့ နောက်တစ်
ကတော့ မင်းနဲ့သက်ဆိုင်တယ် မောင်ဘုန်း"

"တင်ပါ့ ဘုရား"

သူနှင့်သက်ဆိုင်သည်ဆိုသောစကားကြောင့် သူ နားမလည်
နိုင်အောင် ဖြစ်သွားခဲ့သည်။ တကယ်တော့ ဘုန်းဘုန်းက သူ့နှ
မိမိအောင် သမီးရည်းစားဖြစ်ခဲ့တာကို မသိခဲ့ပါ။

သိခဲ့လျှင်တော့ ယခု ဝမ်းသာသလို ဝမ်းသာနိုင်လိမ့်မည်
မဟုတ်ပေ။ ယခုတော့ ဘုန်းဘုန်းမသိခဲ့တာကပင် ခပ်ကောင်းကောင်း
ဟု ထင်သည်။

"ညစာစားခံပွဲမှာ မိမိအောင်လေးက မင်းကို သီချင်းဆိုပေးဖို့
တိုက်တွန်းပေးပါလို့ ဘုန်းဘုန်းကို လျှောက်တင်သွားလေရဲ့ကွဲ့"

"ဗျာ"

တောက်။

ဘုန်းဘုန်းရှေ့မှာမို့ နှုတ်က ဗျာဖြစ်ရသော်လည်း စိတ်ထဲမှ
တောက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။ ကားကြီးပေါ်မှ ခပ်မိန့်မိန့်





၍ လိုက်သွားသည့် မိမိအောင်ကို မျက်လုံးထဲမှာ မြင်ယောင်ပြီး
၍ ဆွဲထိုးပစ်ချင်သည်။

ဘယ်တုန်းကမှ မခက်ထန်ခဲ့ဖူးသော သူ့ရဲ့စိတ်တွေကို ခက်
နိုင်းစိုင်းအောင် လုပ်ခဲ့သူမှာ မိမိအောင် ငွေမက်မပဲ ဖြစ်လိမ့်
မည်။

အနိုင်မယူလိုသူကိုမှ နင် သိပ်ရက်စက်ခဲ့တယ် မိမိအောင်။
ယ်ဆို အဲဒီလို တောင်းဆိုမှုများကို နင့်နှုတ်က ထွက်လာဖို့
နဲ့ နင့်အတွေးထဲမှာတောင် နည်းနည်းလေးမှ မရှိသင့်ဘူးဆိုတာ
သဘောပေါက်သင့်တယ်။

ယခုလည်း ထိုကိစ္စကြောင့်ပဲ နနခွေတို့၊ ကျော်လှတို့က
ဘက်က မခံမရပ်နိုင်အောင် ဖြစ်ပြီး ပေါက်ကွဲပြနေခြင်း ဖြစ်
သည်။

သူကတော့ ဘုန်းဘုန်းရှေ့မှာတော့ စဉ်းစားဦးမယ် မဆိုနိုင်
ဖြင့် မည်သို့သောခွန်အားဖြင့် ငြင်းနိုင်မည်နည်း။ ယခု လက်ထပ်
သည့်သူက မိမိအောင်ဟု မတွက်လျှင်တောင် ဆရာတော်၏ ဒကာရင်း
လာဆောင်။ ဤတောင်းဆိုမှုကို သူ မည်သို့မှ ငြင်း၍မရသည်ကို
သချာပေါက်သိနေသော မိမိအောင်က ချည်ပြီးတုပ်ပြီး လုပ်ခဲ့တာပဲ။

"စိတ်ချ မိမိအောင်။ ငါ နင့်ပွဲကို မရောက်ရောက်အောင်
ပြီး ချီးမြှင့်ရမှာပေါ့"

"ဒါဆိုလည်း ကျေးဇူးပဲ။ ကျော်လှတို့ နနခွေတို့ကိုလည်း
ါ နားလည်ပါတယ်။ နင်တို့လည်း တစ်နေ့ကျရင် ငါ့ဆုံးဖြတ်ချက်

တွေကို နားလည်လာနိုင်မှာပါ။ ဟိုမှာ ကိုကြီးလာပြီ သွားတော့မယ် နော်''

''ကြွ ကြွ ... နဂိုကတည်းက ရောက်မလာသင့်ဘူးဆိုတာ နင် သဘောပေါက်သင့်တာ။ အခုတော့ ရောက်လာရုံတင်မကဘူး မထွက်တိုင်တောင် လာတက်ပြနေသေး။ ထမင်းစားပြီး လူလို နား မလည်ဘူး''

''နုနုဆွေ ... တော်ပါတော့ဟာ။ ဟိုလူ ကြားသွားရင်လည်း ငါတို့မကောင်းဖြစ်နေပါ့မယ်''

တကယ်ပါပဲ မိမိအောင်ရဲ့လုပ်ရပ်ကြောင့် မရိုင်းစိုင်း မကြမ်း တမ်းခဲ့သော သူတို့အားလုံး ရိုင်းစိုင်းကြမ်းတမ်းခဲ့ကြရသည်။

''နင်မသွားသင့်ဘူး မောင်ဘုန်း။ သွားကိုမသွားရဘူးဟာ။ အဲဒီပွဲမှာ သီချင်းဆိုရဖို့က နင်တစ်ယောက်တည်း မဟုတ်ဘူး။ နောက် တော့ နာမည်ကြီးတဲ့လူတွေ ပါဦးမှာတဲ့။ တကယ်ဆို နင်လည်း အဆိုတော်မဟုတ်ဘဲ ချီးမြှင့်ပေးပါ လာတောင်းဆိုတာ ဘာသဘော လဲ''

''ဟုတ်တယ်၊ အသိသာကြီး။ ဟိတ်ကောင် မောင်ဘုန်း ငါကတော့ အေးမေလို သွားမဆိုနဲ့လို့ မတိုက်တွန်းဘူး။ မဆိုမှာစိုးလို့ ဆိုပါဆိုပါလို့တောင် တိုက်တွန်းမှာ''

''ဟ ငကျော်လှ ... မင်းရဲ့စကားက အထူးအဆန်းပါလား''

''မထူးဆန်းပါဘူး ဝင်းခဲဇော်ရာ။ မင်း မပေဒါရုပ်ရှင် ကြည့်ခဲ့ ဖူးတယ်မလား။ အဲဒီထဲမှာ ပညာတတ် ကိုစောထွန်းက သူ့ချစ်သူ





ပေဒါကို လာရောက်ကပြဖျော်ဖြေစေခဲ့တာလေ။ ပေဒါပျံ့ အံကိုခဲ ခံနိုင်ယူလိုက်ပဲတဲ့၊ ဟိတ်ရောင် ... မင်း ဘာမှ သောကမွားမနေနဲ့။ စိတ်ဓာတ်လေးသိရတာပေါ့ ဟုတ်ဘူးလား။ ကိုယ်နဲ့ယှဉ်ပြီးမှ ငွေကြေး ဥစ္စာကို အာသာငမ်းငမ်းဖြစ်နေရင် အဲဒီအိမ်ထောင်ရေး ဘယ်တော့မှ မမြဲဘူး။ အခု ကိုယ့်အပြစ်၊ ကိုယ့်ပယောဂမပါဘဲ သူ့အလိုလို စရိုက် ပြိမ်းသွားတာ ကျေနပ်ဖို့တောင် ကောင်းနေပြီ''

''ဟယ် ကျော်လှရယ် ... နင်လေ တွေးတတ် ပြောတတ် လိုက်တာ။ ငါတို့လည်း အဲဒီလိုပြောချင်နေတာ။ မောင်ဘုန်း ... ကျော်လှပြောသလိုပဲ ဒီအခြေအနေကို နင် ကျေနပ်ဖို့ တော်တော် ကောင်းနေပြီနော်''

သူငယ်ချင်းတွေကတော့ သူတို့နားလည်သလို ခံစားမိသလို သူ့ကို အားပေးစကားများပြောကြပါသည်။

အမေကျတော့လည်း တစ်မျိုး။

သူနှင့်မိမိအောင်ရဲ့အကြောင်းတွေကို သူ့အမေကိုပြောပြဖူး သဖြင့် အမေက မိမိအောင်ကို သူ့ရဲ့ ချွေးမလောင်းအနေဖြင့် သိနေ သည်။ ယခုလို သူမဟုတ်သူတစ်ယောက်နှင့် လက်ထပ်တော့မှ သိရတော့။

''အဲဒါ အမေတို့ဆင်းရဲလို့၊ အမေတို့ဆင်းရဲလို့ ငါ့သား အိမ်ထောင်ဘက်နဲ့လွဲရတာ။ အမေ စိတ်မကောင်းလိုက်တာ။ မိမိ အောင်လေးက ဘယ်လိုဖြစ်ချင်တာတဲ့လဲ။ သား ပြန်ပြီး ...''

''အမေ''

"--------"

တော်ပါပြီ အမေရယ်။ သူဖြစ်ချင်တဲ့နေအထားမျိုး ကျွန်တော်တို့ဆယ်သက် ရှန်းကန်လှုပ်ရှားရင်တောင် မဖြစ်နိုင်ပါဘူး။ ရှိပါစေတော့ဗျာ။ အမေလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့။ အရာရာဟာ ဖြစ်ချိန်တန်လို့ ဖြစ်တာပါ"

မိမိအောင်တစ်ယောက်တည်းနှင့်တင် သူ နောက်ထပ်အချစ်သစ်ရှာဖို့ အတော်ကြောက်လန့်သွားခဲ့သည်။ မိန်းမတွေအားလုံးဟာ အတူတူပါပဲလေ။ သူတို့လောက် ချစ်တယ်တဖွဖွပြောတတ်တာလည်း နှစ်ယောက်မရှိ။

ပြီးလျှင် ငွေကြေးစည်းစိမ်အောက်မှာ သူတို့ရဲ့ မခိုင်မြဲသော အချစ်တွေ အရည်ပျော်ကုန်သည်။

တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးဟု မစဉ်းစားထားသော်လည်း နောက်ထပ် အချစ်သစ်ကို ရှာဖွေဖို့အတွက်ကတော့ သူ အတော်လေး စဉ်းစားရပါတော့မည်။

တစ်ခါသေဖူး ပျဉ်ဖိုးတော့ နားလည်သင့်ပြီ။

*



## အခန်း (၆)

"ဝေါ ဝေါ"

"ဟာ ... ဒီမိုးတော့ လုပ်ပြန်ပြီ"

အမေ အိပ်ရာဝင်သွားကတည်းက တစ်ယောက်တည်း အတွေးနှင့်ငြိမ်သက်စွာထိုင်နေစဉ် မိုးက တဝေါဝေါနှင့် ရွာချလေပြီ။

တစ်နေကုန်လည်း တဗျစ်တောက်တောက်နှင့် ရွာနေပြီးပြီ။ ဟာ ယခုလည်း အဖော်အပေါင်းနှင့် ဒုန်းဒုန်းဒိုင်းဒိုင်း ရွာပြန်ချေပြီ။

"သား မအိပ်သေးဘူးလား"

"ခဏနေ အိပ်တော့မှာ အမေ"

"မိုး ဒီလောက်ရွာနေတာ မင်းရဲ့တီဗွီကို ပိတ်ထားတော့လေ။ တော်ကြာ လျှပ်စီးတွေ ဘာတွေ ဝင်ကုန်လိမ့်မယ်"

အမေက အိပ်ခန်းထဲမှ လှမ်းအော်ပြောသည်။ ဒီတော့မှ သူ တီဗွီကို ဖွင့်ထားပြီး တွေးချင်ရာ တွေးနေသည့်အဖြစ်ကို သတိရလိုက်မိသည်။

ဘောလုံးပွဲစဉ်တောင် မည်သည့်အချိန်က ပြီးသွားသည်မသိ။ တီဗွီကို သူ ထပိတ်လိုက်သည်။ မီးဖိုနားက ခွာလိုက်တော့မှ ညနက်လေလေ ပို၍ချမ်းလေလေ သဘောတရားကို နားလည်တော့သည်။

ခဏနေ အိပ်တော့မှာဟု အမေ့ကိုပြောခဲ့သော်လည်း စိတ်အလျင်က အတိတ်ကို ခေတ္တခဏရောက်သွားခဲ့သဖြင့် သူ အိပ်ချင်စိတ်များ ကုန်ခန်းနေသည်။

ထို့ကြောင့် တီဗွီပိတ်ပြီး မီးဖိုနားပြန်လာထိုင်ကာ မငြိမ်းသေးသော မီးခဲတွေကို လိုက်စုကာ ထင်းတွေကိုမီးစွဲအောင် ကြိုးစားလိုက်သည်။

''ဒိန်း ဒလိန်း''

''ဝေါ်''

''အင်း . . . မိုးကတော့ တော်တော်ကို ကောင်းဦးမှာပါလား''

သူ့နှုတ်က ထုတ်ပြီး ညည်းညူလိုက်သည်။ တဖွဖွ ကုန်းမှုတ်၍ ကောင်းသဖြင့် ထင်းတွေကြား မီးခိုးတွေ အူထွက်လာသည်။

မကြာခင် မီးထတောက်တော့မှာမို့ ဗီရိုပေါ်တင်ထားသည့် မနက်က ဖတ်လက်စစာအုပ်ကို သွားယူလိုက်သည်။

ခါတိုင်းဆို ခြံအလုပ်နှင့် အိမ်၊ အိမ်အလုပ်နှင့်ခြံမို့ သူ့မှာ စာအုပ်ဖတ်ဖို့မပြောနှင့် အနားယူချိန်တောင် ကောင်းကောင်းမရခဲ့ပေ။





သူ့ရဲ့ကြိုးစားမှုကြောင့် ခြောက်နှစ်ကျော် ခုနစ်နှစ်နီးပါးတွင် ယခင်က စိုက်ပျိုးရေးခြံငယ်မှသည် ယခုတော့ သူတို့တွင် ကေများစွာသော စိုက်ပျိုးရေးခြံများ ရှိလာခဲ့ပြီ။

တကယ်ဆို အခြားသောလုပ်ငန်းများတွင် ငွေကြေးရင်းနှီးမြှုပ်နှံထားလျှင် စိုက်ပျိုးရေးလုပ်တာထက် မပင်ပန်းဘဲ အကျိုးအမြတ်များစွာ ရနိုင်တာကို သူသိသော်လည်း သူကတော့ စိုက်ပျိုးရေးလုပ်တာ ပျော်သည်။ စိတ်ချမ်းသာသည်။

စိုက်ပျိုးရေးနှင့် မသက်ဆိုင်သောလုပ်ငန်းဆိုလို့ မက်မန်းဝိုင်လုပ်ငန်းသာဖြစ်သည်။ လုပ်ဖြစ်ရသည့်အကြောင်းရင်းကလည်း သူ့တွင် မက်မန်းခြံများ အမြောက်အမြားရှိနေသဖြင့် ကိုယ်ပိုင်လုပ်ငန်းအသေးစားလေး ထောင်ဖြစ်ခြင်းသာ ဖြစ်သည်။

''မောင်ဘုန်း ဒီလောက် ညနက်နေပြီ အိပ်ရာထဲဝင်တော့လေ။ အိပ်ရာထဲရောက်ရင် တော်တော်နဲ့ အနွေးဓာတ်မရဘူး။ ဘယ်နှစ်နာရီ သွားအိပ်မှာလဲ''

''ဒီပုံစံအတိုင်းဆို မနက်ဖြန် သွားရဖို့ကလည်း ဖြစ်မှမဖြစ်နိုင်ဘဲ အမေရာ။ ကျွန်တော် စာအုပ်ခဏဖတ်ဦးမယ်''

''အဲဒါပဲ''

အမေကတော့ ပွစိ ပွစိနှင့်ပြောနေဆဲ။ မကြာခဏ စကားသံမပြောနေသဖြင့် အမေလည်း အိပ်ပျော်သေးပုံမရပေ။

ယခုတော့ သူတို့ သားအမိတဝသည် ချမ်းသာလွန်းသည်ဟု ဆိုနိုင်သော်လည်း ပြေလည်စိုပြေသည့်အနေအထားပါ။ သူကတော့

ပညာရေးနှင့် မိသားစုစားဝတ်နေရေး လွှန်ဆွဲပွဲမှာ သူ့ရဲ့ဆုံးဖြတ်ချက်တွေ မမှားဘူးဆိုတာ ယခုချိန်မှာ ပို၍တောင် ယုံကြည်လာသည်။

ဒီလိုမှန်းသိလျှင် သူ ဆယ်တန်းအောင်ကတည်းက စိုက်ပျိုးမသွားခဲ့ဘဲ အဝေးသင်ဘွဲ့ယူကာ အဖေ့ကိုကူညီခဲ့သည်။ ထိုသို့ကူညီလျှင် အဖေလည်း အလုပ်ဒဏ်၊ ပင်ပန်းမှုဒဏ်တွေ ပိပြီး အသက်သေဆုံးစရာ မရှိပေ။

"ဒေါက် ဒေါက်"

"-----"

ကိုယ့်အတွေးနှင့်ကိုယ် ရှိနေစဉ် တံခါးခေါက်သံလိုလို ကြားလိုက်ရသဖြင့် သူ မျက်မှောင်ကျုံ့ကာ နားစိုက်ထောင်လိုက်သော်လည်း ဘာသံမှ ထပ်မကြားရတော့ပေ။

နားကြားမှားသွားတာလား။ ဟုတ်မှာပါ။ မိုးတွေကရွာ မိုးကြိုးတွေကပစ်ဆိုတော့ ကြားချင်တာ ကြားနေတာ ဖြစ်မည်။

အင်း . . . ဆောင်းတွင်းတောင်မဟုတ်သေးဘူး ရာသီဥတုကလည်း ဖောက်ပြန်နေပြီ။

"မောင်ဘုန်း . . . မအိပ်ချင်လည်း အိပ်ရာထဲဝင်တော့ အရမ်းအေးနေပြီ"

"ဟော"

"အိပ်ရာထဲရောက်မှ တွေးချင်ရာတွေး"

"ဟော . . . အမေကလည်း ကျွန်တော်က ဘာတွေးရမှာလဲ။ ဟုတ်တယ်၊ မီးလုံ့နေလို့ ရှေ့ဘက်သာနွေးနေတာ ကျောဘက်က





ဘော်တော်စိမ့်နေအောင် အေးတာ အမေရ။ အိပ်ရာထဲဝင်တာပဲ ကောင်းတယ်"

သူ ပြောပြောဆိုဆိုဖြင့် ထိုင်ရာမှထလိုက်သည်။

"ဝုန်း"

"ခလွမ်း"

"ဟင်"

"ဟဲ့ . . . မောင်ဘုန်း။ ဘာဖြစ်တာတုံး။ ချော်လဲတာလား"

"မဟုတ်ဘူး အမေ၊ ကျွန်တော် မဟုတ်ဘူး"

သူ အိပ်ခန်းတံခါးကို လက်လှမ်းလိုက်စဉ် အိမ်ပြင်ဘက်ဆီမှာ တစ်စုံတစ်ရာလဲပြိုသံကို ထင်ရှားပီသစွာ ကြားလိုက်ရခြင်းဖြစ်သည်။

"အပြင်မှာ ဘာဖြစ်တာလဲ မောင်ဘုန်း"

အမေလည်း အိပ်ခန်းထဲမှထွက်လာပြီး မေးလေသည်။

"တစ်ခုခု ပြိုလဲပြုတ်ကျသံပဲ အမေ။ ဘာလဲမသိဘူး"

"အိမ်ရှေ့ကလား အိမ်နောက်ကလား"

"အိမ်နောက် ထင်တာပဲ အမေ။ ကျွန်တော် သွားကြည့်လိုက်မယ်။ အမေ အိပ်ရာထဲပြန်ဝင်ပါ"

"အေးပါ"

အေးပါဟုပြောပြီး အမေက သူ့နောက်တွင် ကပ်လာခဲ့သည်။

"ကျို"

"ရော့ ရော့ တံခါးကို ရမ်းသန်းဆွဲဖွင့်မနေနဲ့။ ဓာတ်မီးနဲ့

ဟိုဟိုဒီဒီ ထိုးကြည့်ဦး"

"အမေကလည်း ကိုယ့်ခြံထဲမှာနေပြီး ဘာကြောက်စရာ ရှိလို့လဲ"

"ဘာကြောက်စရာရှိလဲ လုပ်မနေနဲ့၊ နာနာဘာဝကောင်ဆို ကျုပ်က ကြောက်တာမဟုတ်ဘူး။ လူကို အန္တရာယ်ပြုနိုင်တဲ့ လူဖြစ်နေမှာစိုးလို့ပေါ့။ အခုတလော ဆေးသမားတွေ ဟိုအိမ်လိုက်ခိုး ဒီအိမ်လိုက်ခိုးနဲ့ ကြားနေရတာ"

"ဘာမှမရှိပါဘူး"

နောက်ဖေးတံခါးကို ဆွဲဖွင့်ပြီး သူပြောလိုက်တော့ အမေက တံခါးကို အကျယ်ကြီးဖွင့်လိုက်လေသည်။

"ဟာ ... အေးလိုက်တာဗျာ၊ ဘာမှမရှိပါဘူးဆို အမေကလည်း"

"ဒီဘက်ကို ထိုးစမ်းပါ"

"ဟင်"

"ဟာ"

အမေက သူ့စကားကို အရေးမစိုက်ဘဲ လက်ထဲကဓာတ်မီးကိုဆွဲယူကာ ဘေးဘက်သို့ ထိုးကြည့်လိုက်သောအခါ တံခါးအခြေ၌ ခွေခွေလေး လဲနေသောအရာဝတ္ထု ဒါမှမဟုတ် အမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရလေသည်။

"အမေ သွားမကိုင်နဲ့လေ၊ လူကောင်းလား လူဆိုးလား မသိ"





"မင်းအသာနေစမ်းပါ"

"ဟာ"

"အမယ်လေး"

အမေက လက်ထဲမှာ ဓာတ်မီးတစ်လက်နှင့် ကျန်လက်တစ် ...က ခွေနေသော လူကို ဒီဘက်သို့ ဆွဲလှည့်လိုက်သောအခါ ...ိုမှာကော မျက်နှာတွေမှာပါ သွေးတွေနှင့် ပေပွနေသော အမျိုး ...မီးတစ်ဦးကို တွေ့လိုက်ရလေသည်။

သို့ဆိုလျှင် စောစောတုန်းက သူ တံခါးခေါက်သံလိုလို မသဲ ...ဲ့ ကြားခဲ့ရခြင်းသည် ဤအမျိုးသမီးဆီမှလား။

"အသားတွေက အေးစက်နေပြီ၊ အသက်ကော ရှိသေးရဲ့ ...း မသိဘူး။ ကိုယ့်အိမ်ထဲမှာ ကိုယ့်ဘာသာကိုယ်နေတာ အမှုတော့ ...်လာဦးမလား မသိဘူး။ အမေ အိမ်ထဲပြန်ဝင်ဗျာ"

"ဟဲ့ မောင်ဘုန်း"

သူ အမေ့ကိုဆွဲကာ တံခါးကို ပြန်ပိတ်ဖို့ ကြိုးစားသောအခါ ...မေက သူ့ကိုအော်ကာ ဆွဲကိုင်ထားသော လက်ကို ခပ်ဆတ်ဆတ် ...်ကာ –

"နင် ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ လက်ကသွေးကြောလေး ...ွေ လှုပ်နေသေးတယ်။ အသက်ရှိသေးတယ် ဒဏ်ရာတွေ၊ အအေး ...်၊ မိုးဒဏ်တွေကြောင့် သတိလစ်နေတာဖြစ်မယ်။ မတော် မင်း ...ာသလို ပစ်ထားလိုက်ခါမှ တကယ်သေမှာ"

"အမေ ... အမေက အခု ဘာလုပ်မလို့လဲ"

“———”

“အမေ သူ့ကို အိမ်ထဲခေါ်မလို့လား”

မနိုင်မနင်းနှင့် သတိလစ်နေသူကို ဆွဲထူနေသော အမေ့ ကြည့်ပြီး သူပါ မနေနိုင်စွာ ကူတွဲရင်းမေးတော့ အမေက မျက်စေ ခပ်ပြင်းပြင်းထိုးကာ –

“အိမ်ထဲမခေါ်လို့ ဘယ်ထဲခေါ်ရမှာလဲ။ စကားမများစ မောင်ဘုန်း။ ငါ လူကြီး၊ တစ်ခုခုဖြစ်လာရင် ငါရှင်းမယ်။ အခုတေ အသက်ရှိနေသေးတဲ့ လူတစ်ယောက်ကို ငါ အမြင်မှာ ဒီအတိုင် မသိသလိုထားပြီး အိပ်ရအောင်တော့ လူမဆန်သူ မဖြစ်ချင်ဘူး”

“အမေရယ် . . . ကျွန်တော်ကလည်း အဲဒီလိုမပြောပါဘူ ဒါပေမဲ့ အခုဟာက သွေးတွေ၊ ဒဏ်ရာတွေနဲ့ဆို တစ်ခုခုဆိုရင်”

“မောင်ဘုန်း”

အမေရဲ့ငေါက်ဆတ်ဆတ်ခေါ်သံကြောင့် သူ စကားဆက် မရတော့ပေ။ စိုရွှဲအေးစက်နေသော ခန္ဓာကိုယ်ကိုသာ အိမ်ထဲ ပွေ့သွင်းလိုက်ရတော့သည်။

ရင်မောလေစွ။

*



## အခန်း (၇)

ဒလိမ့်ကောက်ကွေးလိမ့်နေသော ကားအတွင်း၌ ရှိနေသော မသည်။ ဟင် . . . သဲကွဲစွာမြင်အောင်ကြည့်မိတော့ ဘုရားရေ။ ဒီအမျိုးသမီးက သူမနဲ့ ချွတ်စွတ်တူနေပါပေါ့လား။

ထိုအမျိုးသမီးသည် တောင်ဆင်းအတိုင်း လိမ့်နေသော ကား တွင်း၌ ပါးစပ်ကလည်း ကယ်ကြပါဦးဟု အော်နေသလို အသက်ရှင် န်ရေးအတွက် ထွက်ပေါက်တစ်ခုရလိုရငြား အသည်းအသန် ရှာဖွေ နေခဲ့သည်။

“ဒုန်း”

“ဒလိန်း လိန်း”

“ပတ်ဝန်းကျင်၌ ရာသီဥတုကလည်း ဆိုးဆိုးဝါးဝါး။ မိုးက ည်း သည်းထန်စွာ ရွာနေသလို လျှပ်က တပြက်ပြက်ထလျက်။

တောင်စောင်းအတိုင်း အတားအဆီးမရှိ လိမ့်နေသော ကား
သည်လည်း တဒုန်းဒုန်း တဒိုင်းဒိုင်း အသံမြည်လျက်။ သူမရဲ့ဘဝ
ဤကားထပေါက်ကွဲလျှင် အဆုံးသတ်တော့မည်။

ကယ်တင်မည့်သူလည်း မမြင်သလို၊ ကယ်၍လည်း ရနိုင်
တော့မလား။ သူမ ဘယ်ရှိန်ကတည်းက ဤကားထဲသို့ ရောက်နေခဲ့
ကား ဒီလောက် ဒလိမ့်လိမ့်ဖြစ်နေတာကို မသိခဲ့ရတာလဲ။

တစ်ခါမှာတော့ –

"ဒုန်း"

"အား"

ကားသည် ကျောက်တုံးကြီးကြီးတစ်ခုနှင့် ဆောင့်မိကာ ကား
တံခါးသည် ပွင့်သွားခဲ့သည်။ သူမသည်လည်း ကားတံခါးအပွင့် လွင့်
စင်သွားကာ ကျောက်တုံးကြီးနှင့်။

"အား"

"ဟော . . . သတိရလာပြီ"

နာကျင်စွာအော်ရင်း သူမ မျက်လုံးတွေပွင့်သွားစဉ် သူမကို
ဝိုင်းအုံကြည့်နေကြသောလူများ။

ဟို မီးလောင်သွားတဲ့ကားကော၊ အဲဒီကားထဲက လွင့်စဉ်
တဲ့ သူမကကော၊ ဘယ်သူလဲ"

"မိန်းကလေး သတိရပြီလား"

အမျိုးသမီးကြီးတစ်ယောက်ရဲ့အသံကြောင့် သူမရဲ့အကြည့်
တွေ ထိုအမျိုးသမီးကြီးဆီသို့ ရွေ့လျားသွားသည်။ အသက် (ငြ





ယ် ဖြူဖြူဝဝနှင့် အမျိုးသမီးကြီးသည် တိုင်းရင်းသူတစ်ဦးနှင့်
တူသည်။

သူမမျက်လုံးတွေ အစဉ်လိုက် ရွေ့လျားသွားခဲ့သည်။ ထို
မျိုးသမီးကြီးဘေး၌ ဂျူတီကုတ်နှင့် ဆရာဝန်တွေကော၊ ထမိန်
ဘီပြာဝတ်ဆရာမတွေကော အားလုံးက သူမကို စိုးရိမ်တကြီး
တော့ကြည့်နေခဲ့ကြသည်။

"အား"

သူမ ခေါင်းတစ်ဘက်သို့ စောင်းလိုက်စဉ် ဦးခေါင်းထက်၌
မရပ်နိုင်လောက်အောင် ထိုးအောင့်နာကျင်သွားရ၏။

"ဟင်"

သူမ ဦးခေါင်းကို လက်နှင့်စမ်းသပ်လိုက်သောအခါ ပတ်တီး
နှင့် စည်းနှောင်ထားခြင်းခံရသလို လက်တစ်ဖက်၌လည်း ပတ်တီး
င်းထားခြင်းခံရလေသည်။

"ကျွန် . . . ကျွန်မ"

"______"

"ကျွန်မ ဘာဖြစ်တာလဲ၊ ကျွန်မ ဘယ်ကိုရောက်နေတာလဲ"

"သမီး စိတ်ကိုအေးအေးထားနော်"

ကယောင်ကတမ်းနှင့် ထထိုင်ဖို့ကြိုးစားနေသော သူမကို
မျိုးသမီးဆရာဝန်က ဖေးဖေးမမပြော၍ အိပ်ရာထက်မှထရန်
ားဆီးလေသည်။

"မိန်းကလေး၊ သတိမေ့နေတာ နှစ်ရက်ရှိပြီ၊ ဟောဒီအခေါ်

တို့က မိန်းကလေးကို ဆေးရုံသာ အချိန်မီရောက်အောင် မပို့လာနိုင်ရင် မလွယ်ဘူး။ နောက် ခေါင်းမှာလည်း ဒဏ်ရာက အတော်ပြင်းထန် နေတော့"

"သမီးရယ် . . . အိမ်ကိုအကြောင်းကြားပေးရတော့မလား။ သူတို့လည်း ဒီလောက်ငယ်ငယ်ချောချောနဲ့ သမီးလေးတစ်ယောက် ပျောက်နေတယ်ဆိုရင် အတော်စိတ်ပူနေလိမ့်မယ်။ ဆရာတို့ ဘယ်ကို အကြောင်းကြားပေးရမလဲ"

"ကျွန် . . . ကျွန်မ"

ဆရာဝန်ကြီးရဲ့စကားကို သူမ ပြုံးကျယ်ပိုင်းစက်သော မျက်လုံးတွေနှင့် ငေးရင်း အထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားခဲ့သည်။

သူမရဲ့မိဘတွေတဲ့။ မိသားစုတွေတဲ့။

ဘယ်သူတွေလဲ။ သူမရဲ့မိသားစုတွေက ဘယ်သူတွေလဲ။ နောက် သူမကကော ဘယ်သူလဲ။

မျက်လုံးကိုမှိတ်ပြီး သူမ အကြာကြီး စူးစူးစိုက်စိုက် စဉ်းစား ကြည့်မိသည်။ ဒလိမ့်လိမ့်ဖြစ်နေသော ကားတွင်းမှာ ရှိနေခဲ့သည့် အခြေအနေမှတစ်ပါး သူမ ဘာကိုမှ စဉ်းစား၍မရ။

"အား ကျွတ် ကျွတ်"

"သမီး . . . သတိထားလေ"

"မိန်းကလေး"

"ကျွန်မ"

ခေါင်းတွေက မခံမရပ်နိုင်လောက်အောင် ထိုးကိုက်နာကျင်





ခဲ့သည်။

"ကျွန်မ ကျွန်မ ဘယ်သူလဲ။ ကျွန်မ ဘယ်သူလဲ။ ဆရာတို့ ကြဘူးလား"

"မိန်းကလေး"

"ဆရာတို့ကကော ဘယ်သူတွေလဲ။ ကျွန်မကကော ဘယ် ဘယ်နေရာကိုရောက်နေရတာလဲ"

"မိန်းကလေး . . . သေချာစဉ်းစားပါဦး"

"ဟင့်အင်း။ ကျွန်မ ဘယ်သူလဲ ကျွန်မ မသိဘူး။ ကျွန်မ ညီတဲ့။ ဟင့်အင်း ကျွန်မနာမည်လည်း ကျွန်မ မသိဘူး။ ကျွန်မ ယ်ကိုရောက်နေတာလဲ။ အဲဒါကိုလည်း ကျွန်မ မသိဘူး။ ကျွန်မ စားကြည့်တယ်။ ကျွန်မ ခေါင်းတွေအရမ်းနာနေတယ်၊ စဉ်းစားလို့ မရဘူး။ အဲဒါ ဘာဖြစ်တာလဲ"

မေးခွန်းတွေအားလုံးက မရေရာမသေချာခြင်းတွေနှင့် ပြည့် နေခဲ့သည်။ သူမရဲ့မေးခွန်းတွေကြောင့် ဆေးရုံဝန်ထမ်းတွေ တစ် ယောက်မျက်နှာတစ်ယောက် ကြည့်နေကြလေပြီ။

တိုင်းရင်းသူအမျိုးသမီးကြီးကလည်း သူမကို ကရုဏာသက် ကြည့်နေခဲ့သည်။ ထိုအမျိုးသမီးကြီးကကော ဘယ်သူလဲ။

"သမီး ဘာမှစဉ်းစားလို့မရသေးရင် ဘာမှမစဉ်းစားဘဲနဲ့ အိပ်လိုက်ဦး ဟုတ်လား"

"ကျွန်မ"

ဆရာဝန်မလေးက သူမကို ဘာမှမပြောနဲ့တော့ဟူသော

အမူအယာနှင့် ခေါင်းယမ်းပြလေသည်။

"အမေ ဟိုတစ်ယောက် သတိရပြီလား"

"သား"

"ဩော် . . . ကိုဘုန်း"

သူစိမ်းအမျိုးသားတစ်ယောက်အသံကြောင့် သူမ ဆရာ

တွေရဲ့ကျောဘက်သို့ လှမ်းကြည့်လိုက်မိသည်။

အရပ်မြင့်မြင့်၊ အသားခပ်လတ်လတ်နှင့် အသက်သုံးဆယ် အရွယ် အမျိုးသားတစ်ယောက်။ တိုင်းရင်းသူအမျိုးသမီးကြီးကို အ ဟု ခေါ်လိုက်သဖြင့် သားအမိတွေ ဖြစ်ပေလိမ့်မည်။

ထိုလူရဲ့မျက်လုံးတွေက ခုတင်ထက် လှဲနေသော သူမထံ ရောက်လာသည်။

ခပ်တည်တည်နှင့် စူးရှသောမျက်လုံးတွေက သူမကို မ လားသည့်ဟန်နှင့် စူးစူးစိုက်စိုက် ကြည့်ကာ ချက်ချင်း မျက်လုံး သွားပြီ။

"အမေကလည်းဗျာ၊ စောင့်ရတာကြာလိုက်တာ။ ကို တာဝန်လည်း ကျေပြီပဲ၊ အမှန်ဆို ဘာတာဝန်မှကိုမလိုတာ။ သူ ပေါ်ရောက်ပြီဆိုကတည်းက ကျွန်တော်တို့နဲ့ ဘာမှကို မဆိုင်တော့တာ"

"မောင်ဘုန်း"

"ဟုတ်တယ်လေဗျာ၊ ခုလည်း ခဏဆိုပြီး ဝင်သွားလို တာ ပြန်ထွက်မလာလို့ ကျွန်တော်လိုက်လာတာ။ အတော်ပဲ သူလည်း သတိရနေပြီပဲ၊ ဆရာ စိုးရိမ်စရာမရှိတော့ဘူး မဟုတ်လား။ သူ့အိမ်



ဆရာတို့ပဲ အကြောင်းကြားပေးလိုက်လေဗျာနော်။ ကျွန်တော်တို့က ရှာကိုပြန်ရတော့မှာ"

ဘာဆိုတာကိုမှ မသိတာ တစ်ကဏ္ဍပေမယ့် လူတစ်ယောက် ကိုယ့်ကိုလိုလားသလား မလိုလားသလားဆိုတာကိုတော့ သူမ ကောင်း စွာ သိပါသည်။ ထိုအမျိုးသားကြီး၏ စကားအမူအရာ၊ အပြောအဆို များသည် သူမကို မလိုလားသည့်ဟန်များ အပြည့်ပါဝင်နေခဲ့သည်။

"ပြောရမှာတော့ အားနာပါတယ် ကိုဘုန်း"

"ဗျာ . . . ဘာကိုလဲ ဆရာ"

"ခင်ဗျားတို့အပေါ်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့တယ်ဆိုရင် တော့ ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး။ အခု လူနာက ခေါင်းမှာ ပြင်းထန်စွာ ခိုက်မိထားခဲ့တယ်ဆိုတာ ခင်ဗျားလည်း သိ"

"------"

ဆရာဝန်ကြီးရဲ့စကားကြောင့် သူမ စိုးရိမ်ထိတ်လန့်သော မျက်လုံးတွေနှင့် ထိုလူဆီ အကြည့်ရောက်သွားသည်။ သူက ဆရာဝန် ကြီးရဲ့စကားကို 'သူတို့နှင့် ဘာဆိုင်လဲ' ဆိုသည့် မကျေနပ်သည့် အကြည့်နှင့်ကြည့်ကာ ဘာမှမပြော။

ဒီလူ တော်တော်ရန်လိုလှချည်လား။ အသက်ကဖြင့် ကြီးနေ ပြီး စိတ်က သဘောထားကြီးမည့်ဟန်မတူ။ သူမကို ကယ်တင်ခဲ့သည့် သူတွေဟုသာဆိုသည် လိုလိုလားလား ကယ်တင်ချင်၍ ကယ်တင်ခဲ့ သည့်မျိုးလည်း ဟုတ်ဟန်မတူ။

အမျိုးသမီးကြီးကတော့ သူ့သားနှင့် တခြားဆီပါ။ သူမကို သနားသလိုလို၊ ကရုဏာသက်သလိုလိုလည်းကြည့်၊ မကျေနပ်ဟန် ပန် ဖြစ်နေသော သူ့ရဲ့သားကိုလည်း ငေါက်ဆတ်ဆတ် လှမ်းခေါ် လိုက်သည်။

"လူနာက သူ့ရဲ့အကြောင်း ဘာမှမေးလို့မရဘူး ဖြစ်နေတယ်။ နောက် ခေါင်းမှာလည်း ဒဏ်ရာပြင်းထန်စွာ ခိုက်မိထားလေတော့ သူ အတိတ်မေ့နေသလား၊ ကျွန်တော်တို့ သေချာစစ်ဆေးရဦးမယ်"

"ဘာဆိုင်လို့လဲ ဆရာရဲ့။ သူ့ဘာသာအတိတ်ပဲမေ့မေ့ အနာ ဂတ်ပဲပျောက်ပျောက် ကျွန်တော်တို့ရွာကနေ ခု ဆေးရုံရောက်တဲ့အထိ လာပို့ပေးခဲ့တာတောင် လွန်လှပြီ။ အခုဆို ကျွန်တော်ကလည်း အလုပ် ပျက်၊ အကိုင်ပျက်။ အမေကလည်း ဘာမဆိုင် ညာမဆိုင်နဲ့ နေ့တိုင်း ဆေးရုံမှာ လာလာစောင့်ပေးနေရတာ"

"မောင်ဘုန်း ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်တော် အမှန်တွေပြောနေတာပဲ အမေရဲ့၊ အလကား မှုယာမာယာတွေ"

"ကျွန်တော်တို့လည်း အခုလို ဆေးရုံကို အချိန်မီရောက် အောင် လာပို့ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုဘုန်း။ ဆက် ပြီးတော့လည်း ကူညီလက်စနဲ့ ကူညီပါဦးလို့ ကျွန်တော်တို့က မေတ္တာ ရပ်ခံချင်တာပါ"

ဆရာဝန်ကြီးကလည်း မဆီမဆိုင်နှင့် သူမအတွက် အကူ အညီတွေ တောင်းခံပေးနေသည်။





ဘုရားရေ ဘာတဲ့၊ စောစောက ဆရာဝန်ကြီးပြောသွားသည့် ကားထဲမှာ သူမ အတိတ်မေ့နေသူတဲ့လား။ ဟုတ်လား၊ သူမ ယ်ကလာ၍ ဘယ်သူမှန်းမသိရသည့်အဖြစ်။ ဘုရားရေ ဒါဆို စောက ဟိုလူပြောသလို သူမ အနာဂတ်ပျောက်သူလေလား။

"ခုချိန်မှာ သူဟာ မိန်းကလေးဆိုပေမယ့် လူနာတစ်ယောက် နေနဲ့ ခင်ဗျားမြင်ကြည့်ပေးသင့်ပါတယ်။ ကိုယ် မကူညီချင်လို့ ်များကို ကျွန်တော်တို့ ပြောနေတာတော့ မဟုတ်ပါဘူး"

"ဆရာ ဘာမှစိတ်မပူပါနဲ့၊ ဒီမိန်းကလေး ဆေးရုံကဆင်းတဲ့ ထိ ကျွန်မတို့ လာစောင့်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အဒေါ်"

"အမေ"

"မောင်ဘုန်း၊ မင်းအသာနေစမ်း။ မအေကို နေရာတကာ ရာလုပ်ချင်နေတယ်။ မောင်ဘုန်း မင်းနော် မင်း ဟွန်း"

ပြေလည်သွားသည့်အနေအထားဟု မှတ်ယူကာ ဆရာဝန် းတွေက သူမတို့အနီးမှ ထွက်သွားသည်။

"ချေးထုပ်မ"

"ဟင်"

ယောကျ်ားကြီးတန်မဲ့ သူမကို 'ချေးထုပ်မ' ဟုပြောပြီး လှည့် က်သွားသူကြောင့် သူမ ဝမ်းနည်းသွားရသည်။

"သမီး သားပြောသမျှ ဘာမှ စိတ်ထဲမထားနဲ့နော်၊ အမေ့ းက အပြောဆိုးပေမယ့် စိတ်ရင်းလေးကတော့ မဆိုးရှာပါဘူး။

နောက်တော့ သမီးသိလာမှာပါကွယ်''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အမေရယ်''

မသိမမြင်ဖူးသော အမျိုးသမီးတစ်ဦးအား 'အမေ' ဟု နှုတ်မတွန့်စွာ ခေါ်လိုက်နိုင်ပေမယ့် သူမရဲ့မိတ်ရင်းတွေက ဘယ်သူတွေလဲ ဆရာဝန်ကြီးပြောခဲ့သလိုပဲ သူတို့တွေ သူမပျောက်လို့ စိုးရိမ်သောက ရောက်နေကြမလား။

သူမက ဤအရပ်ဒေသကပဲလား။ ဒါမှမဟုတ် အဝေးတစ်နေရာကပဲလား။ ဘယ်အရပ်ဒေသကရောက်လာ၍ ဤအရပ်ဒေသ၌ သောင်ပြင်လွှတ်တဲ့ ခွေးတစ်ကောင်လို ဖြစ်နေရတာလဲ။

''အား . . . ကျွတ် ကျွတ်''

''သမီး ဘာမှမစဉ်းစားပါနဲ့ဦးကွယ်။ သမီးရဲ့ခံစားချက်ကို အမေတို့ နားလည်ပါတယ်။ ကိုယ်ကလည်း ဒဏ်ရာပျောက်သေးတာ မဟုတ်ဘူး။ ဟိုဒီလျှောက်စဉ်းစားနေရင် ကိုယ့်ကျန်းမာရေးပဲ ထိခိုက်မှာ မဟုတ်လား''

*



## အခန်း (၈)

''အမေရာ အဓိပ္ပာယ်မရှိတာ''

''ဟဲ့ မောင်ဘုန်း . . . မင်းက ငါ့ကို''

''ကန်တော့ပါ အမေရဲ့။ ကျွန်တော် အဲဒီလိုပြောတာ မဟုတ်ပါဘူး''

အမေက သူ့ကို မလေးမစားပြောတယ် အောက်မေ့ကာ ဒေါသဖြစ်သွားသည်။

''ကျွန်တော်ပြောချင်တာက ဘာမှမသိတဲ့သူစိမ်းမိန်းကလေး တစ်ယောက်ကို ကျွန်တော်တို့ရဲ့အိမ်မှာ ခေါ်ထားဖို့ဆိုတာ မဖြစ်သင့်ဘူး မဟုတ်လား''

အမေ ဒေါသထပ်မဖြစ်စေရန် ပြေပြစ်အောင် ပြောလိုက်ရပေမယ့် တကယ်တော့ ဒီထက်မကပြောချင်တာက အများကြီး။ အဲဒါ

ဟိုကြိုဟ်ဆိုးမလေးကြောင့်လေ။

ဆေးရုံပေါ်သို့ရောက်လာပုံမှာ ရိုးရိုးလူနာတစ်ယောက်အနေနဲ့ မဟုတ်ဘဲ ဒဏ်ရာဗရပွ လူနာတစ်ယောက်အနေနှင့်ဆိုတော့ ရဲတွေ တောင်ပါလာလိုက်သေး၏။

တကယ်ဆို အဲဒါအမေ့ကြောင့်ပေါ့။ ကိုယ်လည်း အနေသာ ကြီးဥစ္စာ။ ကယ်တင်ချင်တာလေ။ အယ်လေ အမေ့ကြောင့်ဆိုတာ ထက် ဟိုချေးထုပ်မကြောင့်။ ကိုယ့်ဘာသာ သတိလစ်ချင်လည်း ကြိုရာလွတ်ကင်းတဲ့ တစ်နေရာရာမှာ သတိလစ်ပါတော့လား။

ခုတော့ သူတို့ အိမ်နောက်ဖေးမှာမှ ဆိုက်ဆိုက်မြိုက်မြိုက် လာသတိလစ်ရတယ်လို့။ ဟုတ်ပါ့၊ အဲ ကောင်မလေးက တကယ့် ချေးထုပ်မစစ်စစ်။

ကောင်မလေးပဲ ပြောရမှာပေါ့။ ပုံစံကြည့်ရတာ အသက်နှ ဆယ်တောင် ပြည့်သေးရဲ့လားမသိ။ ပုံစံကြည့်ရတာဆိုတာက သူ့ကို တစ်ခါမှ စေ့စေ့စပ်စပ် မကြည့်ဖူးသေးပါဘူး။ ကြည့်လည်း မကြည့်ချင် ပါဘူး။ အမြင်ကတ်ချင်စရာကြီး။

ဆေးရုံပေါ်မှာ တစ်ပတ်ဆယ်ရက်တက်တော့လည်း သူက အမေ့ကို ရှာကနေ ဆေးရုံထိ နေ့စဉ် ကြိုပို့ရေးတာဝန်တွေ လုပ်ပေး ခဲ့ရသည်။

တကယ်ဆို ဝေဘုန်းမောင်ဆိုတဲ့သူက အဲဒီလောက်ထိ စေတနာ မေတ္တာရေး ခေါင်းပါးနေတဲ့သူတော့ မဟုတ်ပါဘူး။

သူမကဲ့သို့ မိန်းမငယ်လေးဖြစ်နေမယ့်အစား အဘိုးကြီး





ဖြစ်ဖြစ်၊ ယောကျ်ားကြီးဖြစ်ဖြစ် ဘွားတော်ကြီးဖြစ်ဖြစ် ငွေအားပဲ က်ထုတ်ရရ၊ လူအားပဲ စိုက်ထုတ်ကူညီရရ ကူညီပစ်မှာ။

သူမကျတော့ မိန်းကလေးတော့ ငယ်ရွယ်နုပျိုသည့် မိန်း လေ။ မိမိအောင်ပေးခဲ့သည့်ဒဏ်ရာတွေကြောင့် သူ မိန်းမတွေနှင့် ပတ်သက်ရာမှာကို ကြောက်လည်းကြောက် မုန်းလည်းမုန်းမိပါသည်။

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရသလားဟု ပြစ်တင်ချင်တင်။ လူဆိုတာ ကိုယ်ကိုယ်တိုင် ခံစားဖူးမှ သူများတွေ ကို ကိုယ်ချင်းစာနိုင်ကြတာ မဟုတ်လား။

ဆေးရုံကဆင်းတော့ ရဲတွေ၊ ဆရာဝန်တွေ၊ ရပ်ကွက်လူကြီး တွေက သူမအတွက် လောလောဆယ် နေရေးထိုင်ရေး ဆွေးနွေးကြ သည်။

ဆရာဝန်တွေလည်း ဆေးကုပြီးရုံနှင့်မပြီး သူမအတွက်နှင့် တာဝန်ကြီးကြသည်။

"ခုထက်ထိ ရဲစခန်းတွေမှာ လူပျောက်တိုင်ထားတာတွေ တစ်ခုမှမရှိဘူး။ မိန်းကလေးဟာ ဘယ်မြို့၊ ဘယ်ကလာတာလည်း သိတော့ ခက်တယ်။ အကယ်၍ လူပျောက်တိုင်ထားသူတွေရှိရင် အဒေါ်တို့နဲ့ ဆက်သွယ်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ ဆရာရယ်၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးကလည်း ငယ်ငယ်ရွယ်ရွယ်လေး မဟုတ်လား။ ဘယ်သွားလို့ ဘယ်လာရမှန်း သိတဲ့ မိန်းကလေးကို တာဝန်ကျေပြီဆိုပြီးလည်း ကျွန်မ ပစ်မထား ချင်ဘူး"

"ပစ်မထားလို့ အမေက ဘယ်လိုလုပ်ချင်တာလဲ" ဟု မေး ပစ်ချင်သည်။ ဘေးမှာ သူစိမ်းလူတွေရှိနေသဖြင့် ဝင်မပြောသာပေမယ့် တကယ် အဟုတ် စိတ်ဆိုးနေရပါပြီ။

မသိနားမလည်သူတစ်ယောက်၊ ဗိဘိကလေးငယ် တစ် ယောက်လို လူအားလုံးရဲ့ မျက်နှာကို လိုက်ကြည့်နေသော အနီ အမည်မသိ မိန်းကလေးအား ဖြစ်နိုင်မယ်ဆိုလျှင် ဟော့ သွားချင်ရာ သွား၊ ငါတို့မမြင်ရရင် ပြီးသားပဲဟု မစာနာတတ်သူဟု ပြောပြော ပြောပစ်ချင်ပါသည်။

"ဒေါ်ခမ်းကျွန်က ဘယ်လိုလုပ်ချင်သလဲ"

"ဒီမိန်းကလေးကို မြင်မြင်ချင်းကတည်းက ကျွန်မ သနား လည်း သနား၊ မိန်းကလေးချင်းလည်း ကိုယ်ချင်းစာမိတော့ တခြား လည်း ဘယ်ကိုမှ ထွက်မသွားစေချင်ဘူး။ သူ ကျန်းမာရေးမကောင်း မချင်း ကျွန်မတို့ စောင့်ရှောက်ထားချင်ပါတယ်။ အဲဒါ ရပ်ကွက်လူကြီး တို့ဘက်က ခွင့်ပြု၊ မပြု သိချင်တာပါ"

"အဲဒီအစီအစဉ်က တော်တော်အဆင်ပြေပါတယ် အဒေါ် ဘာပဲဖြစ်ဖြစ် မိန်းကလေးကလည်း ခုချိန်မှာ အဒေါ်တို့ပဲ အားကိုးရာ ရှိနေသလိုပဲ ဖြစ်တော့"

ဆရာဝန်ကြီး သေတော့မှာပဲ။ သိပ်ကိုဖော်လိုလုပ်ကောင်း နေတာပေါ့လေ။ အင်းလေ၊ သူက သူ့အိမ်ပေါ်တင်ခေါ်ထားရမှာ မဟုတ်တာ၊ ပြောမှာပေါ့။ ဘယ်ချိန်ကတည်းက အဲဒီအကြံဉာဏ် ပေးချင်နေတာလဲမှ မသိတာ။ အမေကလည်း တကယ်ခက်တယ်





"ဒေါ်ခမ်းကျွန်ဘက်က ခုလို လိုလိုလားလားတောင်းဆိုတာ ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ မိန်းကလေးကကော ပြောစရာရှိသေးလဲ"

ဦးသူကို မဝံ့မရဲ လှမ်းကြည့်လာသော မိန်းကလေးကို မိန်းမ ဘယ်ပဲပြောပြော မကျေနပ်သလိုကြည့်ကာ မျက်စောင်းလှမ်းထိုး ခိုက်ချင်သည်။

ဈေးထုပ်မ၊ ပြဿနာဗရပွနဲ့ အိမ်ပေါ်တက်လာမှာ မြင်ယောင် ။ ဒီလောက် ဒုက္ခရာတွေနဲ့ ဖြစ်နေတာ နောက်ကြောင်းက ရာအကြောင်းရှိလို့လာ။

သူမကလည်း သူ့ရဲ့မလိုလားမှုကိုတော့ အသိအမှတ်ပြုမိပုံ ည်။ မျက်လွှာချကာ –

"ဦးတို့ ဆရာတို့ ကောင်းသလို စီစဉ်ပေးကြပါရှင်။ သမီးကို င့်ရှောက်ပေးမယ့် အမေတို့ကို သမီးကျေးဇူးတင်ပါတယ်။ သမီး းတော့ပါရစေ"

အမယ်လေး တော်တော်ကို မူရာမာယာများတဲ့ မိန်းမ။ ဒ်။ ပြောလိုက်ရရင်တော့ ယောက်ျားကြီးတန်မဲ့ ဆိုလို ိုအပေါက်ရှာပြီး ပြောတယ်လို့ ထင်ခံရတော့မှာပဲ။

တကယ်ပဲ ထိုမိန်းကလေးက ထိုင်ခုံပေါ်မှာဆင်းကာ အမေ့ လက်အုပ်ချီ၍ ကန်တော့ပါသည်။ အားလုံးကတော့ ဒီကောင်မ ရဲ့ သိတတ်မှုကို အသိအမှတ်ပြုကာ ခေါင်းတညိတ်ညိတ်နှင့် နပ်ပီတိဖြစ်နေသလောက် မနာလိုမရှုစိမ့်သည့်အကြည့်နှင့်

ကြည့်နေသူက သူတစ်ယောက်တည်းရယ်ပါ။

"သာဓု သာဓု သာဓု၊ သမီးလည်း နောက်ထပ် ဘာသော
မှ မရောက်တော့ဘဲ အမြန်ဆုံး ကံကောင်းနိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါရစေ အမေ"

"ကဲ . . . ဟုတ်ပါပြီ ဒါက ပီတိဖြစ်စရာမြင်ကွင်းတစ်ခုပါ
အယ် နေပါဦး . . . မိန်းကလေး သူ့အတိတ်ကို သူ သတိမရသေးတော
သူ့နာမည်ကိုလည်း မသိရဘူး။ လူရယ်လို့ဖြစ်လာရင်တော့ မောင်
မနီ အစရှိသဖြင့် သက်ဆိုင်ရာနာမည် အသီးသီးတော့ ရှိကြတာပဲလေ
မိန်းကလေးကတော"

ရပ်ကွက်လူကြီးရဲ့စကားကြောင့် သူမမျက်လုံးက ကလ
ကလယ်ဖြစ်ကာ ခေါင်းခပ်ဖြေးဖြေးယမ်းပြီး –

"မသိဘူး ဦး"

"ကျွန်မစဉ်းစားမိတာ တစ်ခုရှိတယ် ရပ်ကွက်လူကြီးရဲ့"

အားလုံးရဲ့အကြည့်ကတော့ ဒေါ်ခမ်းကျုန်ဆီရောက်သွာ
သည်။ မောင်ဘုန်းကတော့ ဟိုမိန်းကလေး ကန်တော့ကတည်း
အနီးအနားမှ ထွက်သွားခြင်းဖြစ်သည်။

ဒေါ်ခမ်းကျုန်က ငယ်ငယ်ရွယ်ရွယ် နုနုဖတ်ဖတ်လေး
ချစ်စရာကောင်းသော မိန်းမပျိုလေးကို လှမ်းကြည့်လိုက်သည်။

မိခင်တိုင်းက တိုးတိုးဖော် တိုင်ပင်ဘက်ဖြစ်မည့် သမီး မိ
ကလေးများကို အလိုရှိကြပါသည်။ သူမကိုယ်တိုင်လည်း သမီး မိ
ကလေးတစ်ယောက်၊ သားလေးတစ်ယောက် လိုချင်ပေမယ့် မရခဲ့





အင်းလေ သားမွေးထားတာပဲ တစ်နေ့ကျရင် သမီးလေး
င်ယောက် ရလာဦးမှာပဲဟု ကိုယ့်စိတ်ကိုယ်ဖြေသိမ့်ခဲ့ပါသည်။

သားနှင့် မိမိအောင်လေး မေတ္တာရည်မျှနေတယ်ဆိုတုန်းက
ည်း ကိုယ့်သမီးရင်းတစ်ယောက်လို ချစ်ခင်ဖို့ အဆင်သင့်ရှိနေခဲ့ပါ
ည်။ ဒါပေမဲ့ မိမိအောင်ရဲ့ အိမ်ထောင်ရေး ဈေးတွက်တွက်မှုကြားမှာ
ားရဲ့နှလုံးသား၊ သူမရဲ့မျှော်လင့်ချက်တွေ ရေပေါ်အရုပ်ရေးသလို
မှ အရာမထင်ခဲ့ပေ။

အခုလို ကံတရားကပေးလာမည့် သမီးမိန်းကလေး တစ်
ယာက်ကိုတော့ လက်လွှတ်မခံနိုင်ပေ။ ထိုမိန်းကလေး အတိတ်ကို
ပြန်မရမချင်း စောင့်ရှောက်ထားဖို့လည်း စိတ်က ဖြစ်နေတော့။

"ကျွန်မလည်း နာမည်တွေ ဘာတွေ လုပ်တတ်ပေးတတ်
ူးရှင်။ မိန်းကလေးကို မိုးတွေသည်းသည်းမည်းမည်းရွာတဲ့ညမှာ
ွေ့ခဲ့ရတော့ 'မိုး' လို့ပဲ ခေါ်ချင်ပါတယ်။ အဲဒီနာမည် သမီးကော
ကြိုက်တယ်မဟုတ်လား"

"မိုး"

မိန်းကလေးက နာမည်လေးကို တိုးဖွဖွရေရွတ်ရင်း တဖြည်း
ည်း ပြုံးလာကာ ခေါင်းလေး တဆတ်ဆတ်ညိတ်ရင်း –

"ဟုတ် အမေ၊ သမီး အယ် မိုး အဲဒီနာမည်လေးကို ကြိုက်
တယ်"

"ဒေါ်ခမ်းကျုန်နဲ့ မိန်းကလေးတို့ ကျေနပ်တယ်ဆိုရင် ပြီးပါ
ယ်။ ဒါနဲ့ မောင်ဘုန်းကော"

"ဒီတဲ့အတိုင်းပေါ့ ကိုသာရရယ်"

"အေးဗျာ ... မောင်ဘုန်းတစ်ယောက်နဲ့တော့ အတော်
ခက်တယ်။ နှစ်တွေ ဒီလောက်ကြာနေတာတောင် သူမှ အနည်
မထိုင်နိုင်သေးဘူး"

"ကိုသာရ ခင်ဗျားကလည်းဗျာ"

"ဩော် ... ဟုတ်သားပဲ ဒေါ်ခမ်းကျန်ရေ။ ကျွန်တော်
တို့ကို သွားခွင့်ပြုဦးဗျာ။ လိုအပ်တာရှိရင်လည်း အချိန်မရွေးပေါ့"

ရပ်ကွက်လူကြီးနှင့်အတူ ပါလာသူက ရပ်ကွက်လူကြီးကို
မျက်စပစ်ပြလိုက်သဖြင့် ရပ်ကွက်လူကြီးက အိမ်ပြင်ဘက်၌ ခပ်တည်
တည်ရပ်နေသော ဝေဘုန်းမောင်ကို ခပ်အမ်းအမ်းကြည့်ကာ နှု
ဆက်ပြီး တစ်ချိုးတည်း လစ်ပြေးတော့သည်။

ရာသီဥတုက ကိုယ့်ဘက်မပါတာ သေချာလေပြီ။

*



## အခန်း (၉)

သူ မလိုလားမှန်းသိ၍ထင် ထိုမိန်းကလေးသည် သူ့ရှေ့သို့
ယ်တော့မှ ရောက်မလာတတ်ပေ။ သူက ထိုမိန်းကလေးကို မြင်
ာနဲ့ ရန်လိုတတ်သောလူတစ်ယောက် ဖြစ်ဖြစ်သွားတတ်သည်။

"အမေ ထမင်းစားကြရအောင်"

"သမီးရေ"

"အမေ အဲဒီကောင်မလေးကို ဘာလို့ခေါ်ရတာလဲဗျ။
နော်တော် ပြောသားပဲ၊ အဲဒီကောင်မလေး အိမ်ကိုရောက်လာတာ
ည်း အမေ့ကြောင့်၊ ကျွန်တော့်မျက်စိရှေ့ ရောက်မလာပါစေနဲ့လို့"

"မောင်ဘုန်းရယ်"

အမေက ရှုပ်ပုပ်ပြောနေသော သူ့ကိုကြည့်ပြီး –

"မင်းကိုယ်မင်း အရွယ်မရောက်သေးတဲ့ ကလေးများ

အောက်မေ့နေသလား။ အသက်ကဖြင့် ကြီးနေပြီ။ နောက်ပြီး နေထို
တခြားသူတွေနဲ့ဆို အဲဒီလိုမဟုတ်ဘူး။ မိုးကိုကျမှ''

''ဟွန်း''

အမေဆူကာမှ ဆူရော သူကတော့ ဟွန့်ခနဲနေအောင် မှဲ့
လိုက်သည်။

အမေတို့များ တရားကျဖို့ကောင်းလိုက်တာ။

မွေးထားတဲ့သားကိုကျတော့ နာမည်မပေးတတ်လို့ဆိုပြီ
ဗေဒင်ဆရာလက်ထဲ ထိုးထည့်ခဲ့ပေးပြီး ဘာမှန်းမသိ ညာမှန်းမသိ
မိန်းကလေးကိုတော့ နာမည်တွေ ဘာတွေပေးလို့။

ထိုကိစ္စတွေကိုပါ ထည့်ပြောနေလျှင် အမေနှင့်သူ စကာ
ထပ်များရဖွယ် ရှိဦးမည်။

ဒီကောင်မလေးက တကယ့်ချေးထုပ်မအစစ်။ ကြည့်လို့
မရဘူး။ အမြင်ကိုကက်တယ်။

''အိမ်မှာ လူလေးကဖြင့်ရှိတာ နှစ်ယောက်တစ်ပိုင်း။ အတူတူ
စားတော့ ဘာဖြစ်မှာမို့လဲ။ သူ့ခမျာ မင်း အဲဒီလိုခွဲခြား ခွဲခြားလုပ်နေ
တာကို ဘယ်စိတ်ကောင်းလိမ့်မလဲကွယ်''

''စိတ်မကောင်း လဲသေပေါ့ အမေကလည်း''

''မောင်ဘုန်း . . . မင်း အသက်ကြီးနေပြီနော်''

''ဟာ . . . အမေကလည်း ဒီအသက်ကိစ္စကိုပဲ ခဏခဏ
ထည့်ထည့်ပြောနေတယ်။ အသက်ငယ်တဲ့လူလည်း လူပဲ၊ အသက်
ကြီးတဲ့လူလည်း လူပဲ အတူတူပဲ''





''ဘာအတူတူပဲလဲ၊ မင်းအသက် မင်းအရွယ်နဲ့ ရင့်ကျက်
သူတစ်ယောက် ဖြစ်သင့်နေပြီဆိုတာ သဘောပေါက်ရဲ့လား''

''တော်ပါတော့ အမေရယ်၊ အမေပြောနေတာနဲ့ ကျွန်တော်
နေ့လယ် ထမင်းစားရဦးမှာလား။ အဲဒီမှာ အတူတူစားချင်ရင်
သာခေါ်ဗျာ။ စိတ်ရှုပ်လိုက်တာ''

ဒေါ်ခမ်းကျန်တစ်ယောက်က ကလေးဆိုးလိုဖြစ်နေသော
ဖြစ်သူ 'ဝေဘုန်းမောင်' ကိုကြည့်၍ သဘောကျစွာ ပြုံးလိုက်
ည်။

တကယ်တော့ မောင်ဘုန်း မိုးကို ဘာကြောင့် မလိုလားမှန်း
ခမ်းကျန် သိပါသည်။ သိလို့လည်း ဒီအခြေအနေကို ဖန်တီးခြင်း
သည်။

မိမိအောင်ကြောင့် သားဖြစ်သူ မိန်းမမုန်းဝါဒီဖြစ်မှန်းမသိ
လာခဲ့သည်။ ယခင်တုန်းက မိန်းကလေးသူငယ်ချင်းတွေနှင့် သွား
လာတာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင်။

''မိန်းမတွေက ဖယားသိပ်ရှုပ်တာပဲ''

''သူတို့လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး အီစီကလီနဲ့ အမြင်
တ်ချင်စရာကြီး''

ဟု သူငယ်ချင်းမိန်းကလေးတွေရှေ့မှာလည်း ပေါ်တင်ပြောခဲ့
သည်။ သူက သူ့ခံစားချက်နှင့်သူပြောတာ အကြောင်းမဟုတ်သော်
ည်း အသားလွတ်အပြောခံရသော မိန်းကလေးတွေက သူ့ကို
ယ်ကျေနပ်လိမ့်မလဲ။

နောက်ကျတော့ သူငယ်ချင်းမိန်းကလေးတွေ သူ့ဆီ
လည်တာမရှိသလောက် နည်းပါးသွားခဲ့သလို သူကလည်း မိန်း
ကလေးတွေရှိသော နေရာဆို ခပ်ဝေးဝေးကရှောင်တတ်လာသည်။

ကုန်ကုန်ပြောရလျှင် လုပ်ငန်းပိုင်းမှာတောင် အမျိုးသမီးတွေ
နှင့်စကားပြောရမည့် ကိစ္စမျိုးဆိုလျှင် လူယုံမန်နေဂျာနှင့် လွှဲထားတတ်
သည်အထိ။ ပန်းလာယူသည့် ဖောက်သည်တွေကိုဆိုလျှင်လည်း -

"အမေ . . . အမေ့ဘာသာ ရွေးဖြတ်ပေးလိုက်"

"အမေ ဟိုမှာ အမေ့ရဲ့ဖောက်သည်တွေလာပြီ။ ကျွန်တော့်
ကို လှမ်းမခေါ်နဲ့တော့နော်။ အမေလည်း ရွေးသိပြီးသားပဲဟာ။ အမေ့
ဘာသာ အဆင်ပြေသလိုလုပ်"

"ဟဲ့ . . . မောင်ဘုန်း။ ဪ . . . ဒီကလေးနှယ် ခက်လိုက်
တာနော်"

မအေခေါ်သံကို လုံးဝဂရုမစိုက်တော့ဘဲ အိမ်ပေါ်တက်သွား
လိုက်သည်။

ခက်လိုက်တာ။

လူ့လောကကြီးထဲမှာ ယောကျ်ားနှင့်မိန်းမ ဤဆန့်ကျင်ဘက်
နှစ်မျိုးတည်းရှိရာ မိန်းမတွေနှင့် မပတ်သက်ချင်ဘူးဆို၍ အမြဲတ
ရှောင်တိမ်းနေ၍ ဖြစ်မှာတဲ့လား။

သားမြစ်သူ မိန်းမမုန်းဝါဒီတစ်ယောက် ဖြစ်သွားမှာကိုတော့
ဒေါ်ခမ်းကျွန် မလိုလားပေ။ ဒီအတိုင်းသာ ရှေ့ဆက်သွားကြည့်
ဝေဘုန်းမောင်တစ်ယောက် လူပျိုကြီးဘဝနှင့် အရိုးထုတ်ရဖို့ နေမကျ





ကျ်မှတ်မဖြတ်ရဲဘဲနှင့်တင် ကြိုသိနိုင်သည်။

"သမီးရေ မိုး"

"-----"

"ဪ . . . သမီးက ဒီနားမှာ ထိုင်နေတာကိုး"

"အမေ . . . အမေတို့ ထမင်းမစားသေးဘူးလား"

"စားတော့မလို့လေ။ အဲဒါ သမီးကိုခေါ်နေတာ။ ဝို့သမီးက
ရောက်နေတာကိုး"

"သမီးကို လာခေါ်တာ!၊ အစ်ကိုက စိတ်ဆိုးနေပါဦးမယ်
မရယ်။ သမီး ဗိုက်မဆာသေးပါဘူး။ ဒီပန်းခင်းနားမှာ ထိုင်ရတာ
ချမ်းသာလို့လေ"

"သမီးရယ်"

မိန်းကလေးမှာ အသက်ငယ်ပင်ငယ်ငြားသော်လည်း သား
သူ့ရဲ့ မလိုလားမှုကြောင့် အတော်လေး အနေကျုံ့ရှာဟန်တူသည်။

ဝေဘုန်းမောင် အိမ်မှာရှိသည့်နေ့ဆိုလျှင် သူ့ကြောင့် ဝေဘုန်း
င် စိတ်ဆိုးဒေါသဖြစ်တတ်သည်ကိုသိ၍ မမြင်ကွယ်ရာ တော်ရာ
ရာတစ်ခုမှာ ရှောင်ပြီးနေတတ်ခဲ့သည်။

ယခုလည်း ပန်းခင်းကျယ်ကြီးဘေးသစ်ပင်အောက်ရှိ ငုတ်
တ်ကလေးထိုင်၍ ငေးချင်ရာငေး၊ တွေးချင်ရာတွေးနေတတ်၏။

"သားက စိတ်ရင်းလေးကောင်းပါတယ် သမီးရယ်"

"မိုးသိပါတယ် အမေ။ အစ်ကိုကို မိုး စိတ်မဆိုးပါဘူး။
မိုး တကယ်ဗိုက်မဆာသေးတာပါ"

"ဗိုက်မဆာသေးဘူး မလုပ်နဲ့ သမီးရဲ့။ ဟိုမှာ သားကို ပြောခဲ့တယ်။ မိသားစု စုံစုံညီညီ စားရအောင်လို့ တော်ကြာ ကြာမေ လို့ စိတ်ဆိုးနေပါဦးမယ်"

"အမေရယ်"

"နောက်ပြီး သမီးကို တစ်ခုမှာထားရဦးမယ်။ သမီးက ဆေး က ဆင်းလာတာမကြာသေးဘူး။ ခေါင်းကဒဏ်ရာကလည်း အတော် ပြင်းတယ်မဟုတ်လား။ ဟိုတွေး ဒီတွေး သိပ်မလုပ်ပါနဲ့ကွယ်"

"မိုး ဘာမှမတွေးပါဘူး အမေရဲ့"

"ဟော ... တွေ့လား အမေက သမီးတို့အရွယ်ကို ဖြတ် သန်းလာခဲ့တာပါ။ သမီးမျက်နှာ ဘယ်လိုရှိနေသလဲဆိုတာ အမေ သိပါတယ်။ ခုချိန်မှာ ကိုယ်က ရှာမတွေ့နိုင်တဲ့ အတိတ်ကို မရမက စဉ်းစားနေရင် ကိုယ်ပဲ ကျန်းမာရေးထိခိုက်ရမှာ မဟုတ်လား။ ကောင်း ချိန်တန်ရင် ပြန်ကောင်းမှာပေါ့ကွယ်"

"အမေရယ် ... မိုးရဲ့ဝဋ်ကြွေးကလည်း ကြီးလွန်းပါတယ် ရှင်"

သူမကိုဖက်၍ မျက်ရည်ဝဲနေသော မိန်းကလေးကို ဒေါ်ခင် ကျန် အားပေး၍ ထွေးပွေ့လိုက်သည်။

ဘယ်လိုတွေပဲရှိရှိ လောလောဆယ်မှာတော့ သမီး တစ် ယောက် အစားရလိုက်တာကတော့ ကျေနပ်စရာ။ ခုချိန်မှာ သတိမ ပါစေနဲ့ဦးဟု ဆုတောင်းလျှင် သူမ တရားပို့မလား။

❋



## အခန်း (၁၀)

"ဝူး ဝရော"

"ကျွိ"

"အမေ"

ဆိုင်ကယ်ရပ်ရပ်ခြင်း အမေ့ကို ခေါ်လိုက်သည်။

"အမေ"

အိမ်ထဲမှ ထွက်လာသော အမေ့ရဲ့အရိပ်အယောင်ကို မမြင် ရ။ အမေ ဘယ်သွားတာလဲ၊ ခါတိုင်းဆို သူ ခနီးကပြန်ရောက်လာ င် အမေ အိမ်ရှေ့မှာ အလုပ်တစ်ခုမှမဟုတ် တစ်ခုရှာလုပ်ရင်း ာင့်ကြိုနေတတ်သည်။

သူ အလုပ်ကိစ္စနှင့် လားရှိုးသို့ တက်သွားခဲ့သည်မှာ တစ် ်ခန့်ကြာသည်။ မနေ့ည လားရှိုးကမထွက်ခင် အမေ့ကို ဖုန်းဆက်

ခဲ့သေးသည်။

အိမ်ရှေ့မှ အမေ့ကို အဆင်သင့်မတွေ့ရတော့ တစ်ခုခု သလိုလို ဖြစ်သွားကာ တမေတည်းမေနေတော့သည်။ အမေရဲ့ထူး ကို မကြားရချေ။

ပန်းမှာ လွယ်ထားသော ကျောပိုးအိတ်ကို ဖြုတ်ရင်း လက် နာရီကို ပင့်ကြည့်လိုက်သည်။ တစ်နာရီခွဲ။ အမေ ဘယ်သွားနေ လဲ။

"အမေ . . . ဟင် မရှိပါလား"

အမေရဲ့အခန်းထဲ ခေါင်းပြူကြည့်မိသည် မတွေ့။ အမေ မတွေ့ရုံသာမက ဟိုချေးထုပ်မကိုလည်းမတွေ့။ အမေတို့နှစ်ယော ဘယ်သွားကြတာလဲ။ အိမ်တံခါးကြီးကလည်း ပွင့်လို့။

"အမေကတော့ ခက်လိုက်တာ။ ဟိုနား ဒီနား သွားလည် တံခါးလေးဘာလေး ပိတ်သွားတာ မဟုတ်ဘူး။ အခုတလော ဆေး သမားတွေ ဒီလောက်သောင်းကျန်းနေတာပါလို့ ပြောထားတာကို"

သူ အိပ်ခန်းထဲသို့ ဝင်လာရင်း ပွစိ ပွစိ ရေရွတ်မိသည်။

ဟုတ်ပါတယ်၊ အခုတလော ဘာကြောင့်မှန်းမသိ လူငယ် ဆေးသမားတော်တော်များများ လက်ရဲဇက်ရဲနိုင်နေသည်။

ဆိုင်ကယ်ကယ်ရီစီးခြင်းသည် မရှိဆင်းရဲသားတို့အတွက် တဒင်္ဂ အသက်ရှူပွယ်ရာဟု ထင်ရစရာရှိသော်လည်း နောက်ကွယ်၌ ရှိနေသော ဆိုးကျိုးများကို မည်သူမှ မမြင်ကြပေ။

ဥပမာ–တချို့ စုတတ် ဆောင်းတတ်သူတွေဆိုလျှင်





သောင်းလည်းဟုတ် ငါးသောင်းလည်းဟုတ်။ နေ့စဉ် နေ့တိုင်း ပ်ဖြစ်နေလျှင် ရေလျှံကြသည်။ အဲဒီဆိုင်ကယ် ကယ်ရီစီးရင်း ယ်တော်တော်များများ ငွေကို အလွယ်တကူပဲ ရှာချင်ကြတော့ ည်။ လက်ကြောတင်းတင်းနှင့် အပိုးကျသောအလုပ် မလုပ်ချင်ပေ။

ထိုဟာက ပြဿနာမဟုတ်သေး။ ပြဿနာက ငွေတွေကို တွေ့ကိုင်သုံးရသောအခါ လူငယ်တွေ ငွေဒဏ်ကို မခံနိုင်ကြပေ။

တချို့ အရက်၊ တချို့ မိန်းမ၊ တချို့ ဆေးစွဲ၊ ဒီလိုနဲ့ပဲ ၅ာဖွေရရှိသောငွေများသည် သူတို့သုံးစွဲမှုကြားတွင် ပျောက်ပျက် ရသည်။

ဆိုင်ကယ်ကယ်ရီစီးခြင်းအလုပ် မဖြစ်သောအခါ လူငယ်တွေ တွက် ဆေးစွဲ၊ အရက်စွဲခြင်းပဲ အဖတ်တင်သည်။ အဆိုးဆုံးက ချို့ AIDS, HIV ရောဂါသမားများ ဖြစ်သွားကြသည်။

ဆိုင်ကယ် ကယ်ရီစီးသော်လည်း ထိုငွေတွေနှင့် အရင်းအနှီး က ကိုယ့်ကိုယ်ကိုယ် ထူမတ်နိုင်သည့်လူတွေသာ အနည်းအကျဉ်း သည်။

အရက်စွဲခြင်းဟာ ပြဿနာဖြစ်သော်လည်း ဆေးစွဲသည့် သနာလောက် မကြီးကျယ်ပေ။ ယခုတော့ ဆေးစွဲလူငယ်တွေ ကို အလွယ်တကူရစေရန် နေ့ခင်းကြောင်တောင်ပင် ဖြစ်လင့်ကစား ရပ်ရှင်အလစ်တွင် ဝင်ဝင်ခိုးတတ်နေတာ ဟိုနား ဒီနား မကြာခဏ နေသည်။

"နေ့ခင်းပြန်ရောက်မယ်လို့ ပြောထားတာကို။ ဘယ်သွား

နေမှန်းကို မသိ . . . ဟင်"

အဝတ်အစားလဲရင်း ပြောလို့မပြီးသေး ပြတင်းပေါက်က... မြင်လိုက်ရသူကြောင့် ဝေဘုန်းမောင် ကြယ်သီးတွေကို ကမန်းကတ... တပ်လိုက်သည်။

ကျွတ် . . . ဒီကောင်မလေးရောက်လာမှ ဘယ်တုန်းက... မကြမ်းတမ်းဖူးတဲ့ ငါ့ပါးစပ်တွေလည်း ကြမ်းတမ်းကုန်ပါပြီ။ ခ... မြန်မြန်သတိရမှ ဖြစ်မှာပါလေ။

သူ ကိုယ့်အတွေးနှင့်ကိုယ် ပြုံး၍ နောက်ဖေးပေါက်မှ အိ... နောက်သို့ ထွက်လိုက်သည်။

အရောင်မှောင်သော ပတ်လည်စင်းလုံခြည်နှင့် အဖြူရော... တီရှပ်ကို ဝတ်ထားသော ထိုမိန်းကလေးက ပန်းပင်တွေကြားထဲမှ... မြုပ်နေကာ တကူးတက လှမ်းကြည့်မှ မြင်နိုင်တာမျိုးပါ။

ထိုကောင်မလေးက သူလာနေတာကို သတိမထားမိဘဲ ဟိ... ငေးလျက် တွေးချင်ရာတွေး၊ ငေးချင်ရာငေးနေတာဖြစ်သည်။

အင်း . . . ဒီလောက် သတိလက်လွတ်နေပုံထောက် အိ... ထဲက ရှိသမျှပစ္စည်းတွေ မ,ချသွားတာကိုလည်း သိမှာမဟုတ်ဘူး... အဆုံးစွန် နောက်ကနေ ဓားနဲ့ဝင်ထိုးရင်တောင် ဘယ်သူထိုးလိုက်မှန်း... သိတာမဟုတ်ဘူး။ တော်တော်ကိုပေ့ါတာပဲ။

"မှော့ ဒီမှာ"

"အမလေး"

အောင်မာ ဒင်းကပဲ အမလေး၊ အဘလေးနဲ့ လန့်ရတယ်...





...သေး။ မပြောလိုက်ချင်ဘူး။

ထိုင်ရာမှထ၍ ကမန်းကတန်းထ၍ ကောင်မလေးက သူ့ကို ...ကျယ်ပိုင်းစက်သောမျက်ဝန်းတွေနှင့် အလန့်တကြား မော့ကြည့်မိ...သည်။

ယခုမှ ဒီကောင်မလေးကို အနီးကပ်ပထမဆုံး သေချာမြင်ဖူး...ခြင်းမျိုးပါ။

ပခုံးမရောက်တရောက် ရွှေဝါရောင်သန်းနေသော ဆံပင်ကို ...စ်ဆံမြီးနှစ်ဖက်ခွဲကျစ်ထားပြီး ပါးပြင်၌ ပါးကွက်သေးသေးနှစ်ဖက်ကို ...က်ထား၏။ ဝါညက်ညက် အသားအရည်တွေနှင့် အနီးကပ်ကြည့်မှ ...တော်ငယ်သေးကြောင်း သတိထားမိ၏။

သို့သော် ယခု သူ့အတွက် အရေးကြီးတာ ဒီကောင်မလေး ...ရှမဟုတ်။ သူ မမြင်ချင် မတွေ့ချင်သော မိန်းကလေးတစ်ယောက် ... ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေရခြင်းက အတော်လေးဆိုးပါ...သည်။

"အမေ ဘယ်သွားလဲ"

ကောင်မလေးထံမှ အကြည့်လွှဲ၍ သူ ခပ်တင်းတင်းမေး...က်သည်။ ကောင်မလေးက သူ့ရဲ့အမေးကြောင့် လက်နှစ်ဖက်ကို ...တင်းတင်းဆုပ်ကာ ခေါင်းငုံ့မျက်လွှာချပြီး –

"အမေ ကိုကျော်လှတို့အိမ်ဘက် ခဏသွားပါတယ်ရှင့်"

"ကျွတ် . . . အမေကလည်း။ ကျော်လှတို့အိမ်ပဲ ဘယ်ချိန် ...သွား ရတဲ့ဟာကို ငါလာအောင်တောင် မစောင့်ပေးနိုင်ဘူး"

"အ ... အမေက အစ်ကိုကို စောင့်နေပါတယ်ရှင့်။ ဟို
ကိုကျော်လှအမေက"

"တိတ်စမ်း ... နင့်ကို ဘယ်သူက ရှေ့နေလိုက်ခိုင်းလို့လဲ
စကားကိုများတယ်၊ ချေး"

ချေးထုပ်မဟု ပြောပစ်လိုက်ဖို့ မိန်းကလေးတစ်ယောက်အား
မျက်နှာချင်းဆိုင်ထား၍ နင့်နင့်သီးသီး ပြောဖို့မကောင်းသဖြင့် ပါးစပ်ကို
လျင်မြန်စွာ ဗရိတ်အုပ်ပစ်လိုက်သည်။

ဘာမှ ပြောစရာအကြောင်းတရား မရှိသဖြင့် လှည့်ထွက်
သွားဖို့ ပြင်ပြီးမှ အတွေးတစ်ခုပေါက်ကာ မလှည့်ဖြစ်သေးချေ။ အတော်
ပဲ အမေလည်းမရှိသေးဘူးဆိုတော့ –

"ဟေ့ ဒီမှာ ... နင် ဘာမှ စဉ်းစားလို့မရသေးဘူးလား"

"ရှင်"

မော့ကြည့်လာသော မျက်ဝန်းတွေကို ရင်ဆိုင်မကြည့်ဘဲ
လက်နှစ်ဖက်ကို ခပ်ဖွဖွထောက်ပြီး –

"နင် ဆေးရုံကဆင်းတာပဲ တစ်လလောက်ရှိနေပြီး နည်း
နည်းပါးပါးလေးတောင်မှ စဉ်းစားလို့မရဘူးလား"

"ကျွန် ကျွန်မ"

"စဉ်းစားမိရဲ့သားနဲ့ မပြောတာလား"

"ကျွန်မ တကယ်ကို စဉ်းစားလို့မရတာပါ အစ်ကိုရယ်"

ဟာ ... သွားစမ်းပါ။

ခပ်တိုးတိုးပြောလိုက်သောလေသံကို နားခါးစွာ သူ ခေါင်းကို





ပြင်းပြင်း ခါယမ်းပစ်လိုက်သည်။

မိန်းမတွေ အလကားဟာတွေ။ ဒီလိုပဲ ပတ်ချွဲ နှပ်ချွဲ ပြောဖို့
ာက်ပဲတတ်တယ်။ သူတို့လေသံကို သာယာပြီး ပျော့လိုက်လို့
တော့ အဲဒီယောက်ျား ငါးပါးတင်မကဘူး။ သံယာစင်တောင်
က်လောက်ရဲ့။

မရဘူး မိန်းကလေး။ ဝေဘုန်းမောင်ဆိုတဲ့ ငါ့ကိုတော့ အဲဒီ
လေသံယဲ့ယဲ့နဲ့ ကြိုးသွင်းလို့ရမယ်မထင်နဲ့ မှားမယ်။

"မင်းကလည်းကွာ ဘာခက်တာမှတ်လို့။ နာမည်ဆိုတာ
နဲ့အရင်းနှီးဆုံး နေ့စဉ်နဲ့အမျှ နားရည်ဝလောက်အောင် ကြားနေ
ယ်။ နာမည်ပဲဟာ မျက်စိမှိတ်ပြီး အာရုံခံစဉ်းစားကြည့်လိုက်ကွာ။
ည့်နဲ့ အရင်းနှီးဆုံးဖြစ်ဝါဟာရတစ်ခုပဲ၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ်
ဝံသင်ရှုံးရှားကြီးမဟုတ်တောင် ခေါ်သံကို ပိုးတိုးဝါးတားကြားမိမှာ

ဝေဘုန်းမောင်ကတော့ ဒီကောင်မလေး မရှိလေ့ကောင်း
သို့ ဆေးပညာအခြေခံ ဘာမှမရှိဘဲ လူတတ်ကြီးလုပ်ကာ ဆေးကု
တော့သည်။

ထိုကောင်မလေးကလည်း သူ့စကားကြောင့် မျက်လုံးကို
ပိတ်လိုက်သည်။ နဖူးလေးတွေ တွန့်ခေါက်သွားသည်အထိ နောက်
ခမ်းတွေ တဖွဖွ ရေရွတ်လျက်။

မျက်တောင်တို့က တလှုပ်လှုပ်နှင့်။

"စဉ်းစားလို့ရပြီလား"

"ကျွန်မ ကျွန်မနာမည်"

"ဟုတ်တယ်လေ၊ မင်းရဲ့နာမည်ကို စဉ်းစားခိုင်းနေတာ
ဘာလဲ စဉ်းစားလို့ရပြီလား။ ဘယ်သူလဲ"

"ဟင့်အင်း . . . ကျွန်မ ခေါင်းတွေအရမ်းကိုက်လာပြီ အဲ
ကျွန်မ စဉ်းစားလို့မရဘူး"

"ဟာကွာ . . . မင်းကလည်း"

ခေါင်းကို ခပ်သွက်သွက်ယမ်းကာ မျက်လုံးဖွင့်၍ ရှုံ့မဲ့
ပြောလိုက်သောမျက်နှာကြောင့် သူ စိတ်ပျက်လက်ပျက်ဖြစ်သွား

"ကျွန်မ အား ခေါင်းတွေ အရမ်းနာလာပြီ။ ခေါင်း
လည်း အရမ်းကိုက်လာပြီ။ ကျွန်မကို ကယ်ပါဦး . . . အား"

"ဟာ . . . ဟေ့ . . . ဟေ့ကောင်မလေး၊ ဒုက္ခပါပဲ"

✳



## အခန်း (၁၁)

အိမ်ပေါ်သို့ လှမ်းတက်လာသောသူကို မြင်လိုက်ရသောအခါ
သူမရဲ့ လှမ်းလက်စခြေလှမ်းတွေကို နောက်ကြောင်းသို့ လျင်မြန်စွာ
ဆုတ်လိုက်သည်။

အိပ်ခန်းထဲသို့ဝင်ကာ တံခါးကို ချက်ချလိုက်မိသည်။ သူ
တို့ကို သတိမထားမိသလား။ မထားမိသလား သတိမထားမိ။

သူမ ဆန္ဒအရဆိုလျှင် ကျေးဇူးရှင်တစ်ယောက် သူမကြောင့်
စိတ်အနှောင့်အယှက်ဖြစ်မသွားစေချင်ပါ။ နောက်ပြီး တည်တင်း ခက်
ထန်လှသော သူ့ဟန်ပန်ကို သူမကြောက်ပါသည်။

အမေကတော့ –

"သားက စိတ်ရင်းလေးမဆိုးရှာဘူး"

ဟု တဖွဖွပြောတတ်ပေမယ့် သူမ အမြဲတစေ မြင်တွေ့နေရ

သည်ကတော့ သဘောကောင်းသော သူ့ဟန်ပန်မဟုတ်ဘဲ သူမ
မြင်တိုင်း ခက်ထန်တင်းမာသွားသော သူ့သွင်ပြင်ပင် ဖြစ်သည်။

အမှန်တော့ နေလေးကလည်းသာနေသဖြင့် ပန်းခင်း
ကြား လမ်းထွက်လျှောက်ဖို့ စိတ်ကူးထားခဲ့သော်လည်း သူ့ကိုမြင်လိုက်
ရသဖြင့် သူမရဲ့ စိတ်ကူးလေးများ ပျက်သွားခဲ့ရသည်။

သူ . . . ဘာလို့ မိန်းမတွေကိုမုန်းနေတာလဲ။

အို . . . အဲဒါ ငါနဲ့ဘာဆိုင်လို့ သိချင်နေရတာလဲ။ ကိုယ်နဲ့
တာတောင် သိဖို့ ဘယ်လောက်ကြိုးစားသိခွင့်မရခဲ့တာ။ သူ့
အကြောင်း သိချင်သည့်ဆန္ဒကတော့ အတော်ကို ရယ်စရာကောင်း
သည့်ကိစ္စရပ်ပါပဲ။

"ဦး ဝရော"

"ဟင်"

"ဪ . . . အလုပ်ကိစ္စရှိလို့ ပြန်ထွက်သွားတယ် ထင်
တယ်"

ခါတိုင်း ဤအချိန်သည် ထမင်းပြန်လာစားတတ်သောအချိန်
ဖြစ်သည်။ ယခု ခဏလေးအတွင်း ပြန်ထွက်သွားသဖြင့် အလုပ်ကိစ္စ
ရှိ၍ထင်သည်။

သူထွက်သွားမှ အသက်ရှူဖို့ မဝံ့မရဲဖြစ်နေသူတစ်ယောက်
အတွက် အသက်ဝလင်စွာ ရှူခွင့်ပေးလိုက်သလိုပါပဲ။

သူမ အိပ်ခန်းတံခါးကိုဖွင့်ကာ ထွက်လိုက်သည်။ နော
အိမ်ရှေ့ပန်းခင်းဆီမှာ ပတ်ပြီး နောက်ဘက်ပန်းခင်းတွေဆီသ





လျှောက်လာခဲ့သည်။ မိန်းကလေးသဘာဝ ပန်းတွေကြိုက်ပေမယ့်
က ပန်းတွေကို ပန်ချင်လိုက်တာဟူသော စိတ် တစ်ခါမှ မဖြစ်ခဲ့
ချေ။ ဒါကြောင့် သူမ ပန်းတွေကို ချစ်ပေမယ့် ပန်းပန်တတ်သော
နာ ပါဟန်မတူချေ။

ဟိုးတစ်နေ့က သူမ ဤပန်းခင်းတွေကြားမှာ သတိလစ်ခဲ့
သည်။ ကိုယ့်ကျေးဇူးရှင်ရဲ့ ဆန္ဒအတိုင်း သူမ အတိတ်ကို ခဲရာခဲဆစ်
စဉ်းစားဖို့ ကြိုးစားခဲ့ပါသည်။

မျက်လုံးမှိတ်ကာ အတင်းကြိုးစားသော်လည်း ဒလိမ့်
က်ကွေး ကားတွင်းမှာ သဏ္ဍာန်တစ်ခုကလွဲ၍ သူမ ဘာကိုမှ
ချာစွာ စဉ်းစား၍မရချေ။

နောက်တော့ ဦးခေါင်းတစ်ခုလုံး ထိုးအောင့်နာကျင်လာကာ
လဲကျသတိလစ်သွားခဲ့သည်။ သူမ သတိပြန်ရလာသောအခါ
မသည် သူ့ကို ဆူငေါက်နေခဲ့သည်။

"သူ့အခြေအနေက ဒီလို ခဏခဏဖြစ်လို့မရဘူးဆိုတာ
မသိတာမဟုတ်ဘူး။ သိသိကြီးနဲ့ အဲဒီလို အကျင့်ယုတ်တာ
ကျားကောင်းတွေရဲ့ လုပ်ရပ်မဟုတ်ဘူး မောင်ဘုန်း"

"ကျွန်တော် ဘာလုပ်လို့လဲ အမေရဲ့၊ သူ့ဘာသာသူ သတိ
စ်တာ ကျွန်တော်က အနေသာကြီးပါ"

"မောင်ဘုန်း . . . မင်း"

"အမေ"

သားအမိနှစ်ယောက်ကို သူမကြောင့်နှင့် စကားမများစေ

ချင်ပေ။ တကယ်ပဲ သူပြောခဲ့သလို သူမက သိပ်ကိုအမြင်ကတ်ချင်စ
ကောင်းနေလေသည်။ ဘယ်ကိုသွားရ၊ ဘယ်ကိုလာရမှန်းမသိ မြ
နေစဉ် သူတစ်ပါးမိသားစုကိုလည်း ဒုက္ခပေးနေမိလျက်သား။

"အမေ"

"သမီး"

"အစ်ကို့မှာ အပြစ်မရှိပါဘူး အမေရယ်။ တကယ်တော
မိုး သတိလစ်ရတဲ့ကိစ္စမှာ အစ်ကိုနဲ့ ဘာမှမဆိုင်ပါဘူး။ မိုးဘာသာ
အမေက မတွေးပါနဲ့လို့ ပြောထားလျက်ကြားကနေ လျှောက်တွေ
မိတာပါ။ အစ်ကိုနဲ့ မဆိုင်ပါဘူး"

"အမေ့သားအကြောင်း အမေ သိပါတယ်ကွယ်"

"မိုး တကယ်ပြောတာပါ အမေရယ်။ အစ်ကိုနဲ့မဆိုင်ပါဘူး"

အမေက မိုးရဲ့တောင်းပန်စကားကို နည်းနည်းလေးမှ အ
အကြည်မရှိသော်လည်း ထပ်ပြောချင်တော့ပေ။ သူ့ကိုတော့ သူ
မော့မကြည့်တော့ပါ။ သူ သူမကို အထင်အမြင်သေးစွာ၊ အမြင်ကတ်
စွာ ကြည့်နေဦးမှာတော့ သေချာသည်။

"ဟင်း"

မရေရာလှသောအနာဂတ်ရေးကို ပုံဖော်ကြည့်ရင်း သူ
သက်ပြင်းချလိုက်မိသည်။ ကိုယ့်ကျန်းမာရေးအခြေအနေကြော
လည်း တွေးချင်တာများကို တွေးချင်သလောက် တွေး၍မရပေ။

"ဟော့ ဒီမှာ"

"ဟင်"



နောက်ဘက်ဆီမှခေါ်သံကြောင့် သူမတစ်ကိုယ်လုံး တုန်လှုပ်
သွားခဲ့သည်။

ဘုရားရေ။

သူမက သူအလုပ်ကိုပြန်ထွက်သွားတယ် ထင်မှတ်ကာ မြ
တွင် အေးအေးလူလူ လမ်းလျှောက်နေခဲ့သည်။ ကိုယ့်အတွေးနှင့်
ယ် တွေးချင်ရာတွေး၊ ငေးချင်ရာငေးနေသမျှ သူဆိုင်ကယ် ပြန်ဝင်
သံကို နည်းနည်းမှကို မကြားခဲ့ပေ။

နောက်ဘက်မှာသူရှိနေမှန်း သိသော်လည်း လှည့်မကြည့်
ပေ။ သူမကြောင့်လည်း သူ့ကို စိတ်ပင်ပန်းဆင်းရဲခြင်းတွေ မခံစား
စေချင်ပါ။

"ဟော့ ဒီမှာ"

"___"

"ဒီဘက်ကို ခဏလှည့်ပါဦး။ ဟို ဟို ငါ မင်းကိုတောင်းပန်
ချင်လို့"

လေသံကတော့ သူမနှင့်ပြောလျှင် ပြောနေကျအတိုင်း
ပြေပြစ်ပါ။ ဟိုတစ်နေ့က သူ့ရှေ့တွင် သတိလစ်သွားရခြင်းအတွက်
သလို သူ့အမေရှေ့တွင် သူ့ကြောင့်မဟုတ်တဲ့ ကိုယ့်ဘာသာ သတိ
စ်တာပါဟု ခဏခဏ ဝန်ခံခဲ့ခြင်းအတွက် တောင်းပန်ချင်တာလား။

"တကယ် ငါမင်းကို အဲဒီနေ့က အဲဒီလိုဖြစ်စေဖို့ မရည်ရွယ်
ခဲ့ပါဘူး"

"မလိုပါဘူး အစ်ကို"

သူမ သူ့ဘက်သို့ ကိုယ်ကိုလှည့်လိုက်သည်။ ဒါပေမဲ့ သူ့နှင့် မျက်လုံးချင်းဆုံ၍ မကြည့်ရဲသဖြင့် အကြည့်ကို သူ့ရင်ဘတ်ဆီသို့သာ ဦးတည်ပို့ထားမိသည်။

စပို့ရှပ်အစင်းကျားနှင့် အရောင်မှိုင်းမှိုင်းရင့်ရင့်ပုဆိုးတစ်ထည်ကို ဝတ်ဆင်ထားသည်။ သားရေဖိနပ် လေးညှင်းရောင်နှင့် သန့်ရှင်းနေသော ခြေထောက်တွေအထိ ခေါင်းငုံ့လျက်သားနှင့် မြင်နေရပြီ။

"မိုး အဲဒီနေ့ကတည်းက ပြောခဲ့သားပဲ အစ်ကိုရယ်။ အဲဒီနေ့ တ ဖြစ်သွားရတာဟာလည်း မိုးရဲ့ကျန်းမာရေးကြောင့်ပဲဟာ။ မိုးကို တောင်းပန်စရာမလိုပါဘူး။ တကယ် တောင်းပန်ခြင်း တောင်းပန်ရ ရင် မိုးကသာ တောင်းပန်ရဦးမှာပါ။ မိုးရှိနေတဲ့အတွက် အစ်ကို့မှာ စိတ်အနှောင့်အယှက်ဖြစ်နေရတယ်ဆိုတာ မိုးသိပါတယ် အစ်ကို။ ဒါပေမဲ့ မိုးမှာ သွားစရာနေရာမှ မရှိတာပဲအစ်ကိုရယ်။ အဲဒါကြောင့် လည်း အစ်ကို မကျေနပ်တာကို သိသိကြီးနဲ့ ကပ်ကပ်နေရတာပေါ့။ အဲဒီအတွက် မိုးကပဲ တောင်းပန်ရမှာပါ"

တကယ်ဆို အော်ကာဟစ်ကာ ငိုပစ်ချင်လောက်အောင် ဖြစ်နေသော်လည်း သူမ ယောကျ်ားတစ်ယောက်ရှေ့တွင် မျက်ရည် လည်းမကျချင်သလို မျက်ရည်ခံထိုးနေတာဟုလည်း နည်းနည်းမှ အပြောမခံနိုင်ပေ။

သူ့ဆီမှ မည်သည့်တုံ့ပြန်စကားမှ မထွက်လာသဖြင့် သူမ မချိစွာပြုံးပြီး လှည့်ထွက်ခဲ့သည်။

တကယ်တော့ သူမ လောဘကြီး၍ ဘယ်ဖြစ်မည်နည်း။





သူ့ ကိုယ့်ကို သူ့အမေရဲ့တိုက်တွန်းမှုကြောင့် လာတောင်းပန် ...ာပဲဖြစ်ဖြစ်၊ ဝတ်ကျေတမ်းကျေ လာတောင်းပန်တာပဲဖြစ်ဖြစ် ...ရဲ့တောင်းပန်မှုကိုတော့ ကိုယ် အသိအမှတ်ပြုရလိမ့်မည်။

ဒါဟာလည်း မိန်းမတွေကို အင်မတန်မုန်းသော သူ့အတွက် ...ာစွန့်စားခန်းဆိုတာ သူမ သဘောပေါက်ပါသည်။

အစောပိုင်းတုန်းက ခြံထဲမှာ အကြာကြီးနေလိုက်ဦးမည် ...သော အတွေးတို့မှာလည်း ယခုတော့ ကြက်ပျောက်၊ ငှက်ပျောက်။ ...က်ဘက်မှာ ပေါ်ထွက်လာသောခြေသံကြောင့် မူလ ဆုံးဖြတ်ချက် ...ယ်ဖျက်ကာ အိမ်ပေါ်သို့ လှမ်းတက်ခဲ့လိုက်တော့သည်။

မရေရာလှသော အနာဂတ်အတွက် စဉ်းစားပုံဖော်နေရတာ ...င်ပန်းစိတ်ညစ်စေပါသည်။

ဒုက္ခပဲ သူမ ကိုယ့်အပေါ် မလိုလား မခင်တွယ်။ သူ့ရဲ့အိမ်မှာ ...ာ်နေနစ်၊ ဘယ်ကာလထိနေရဦးမလဲမသိ။ သူမအတိတ်ကို ပြန် ...ည့် သတိရလျှင်ကောင်းလေစွ။

*

## အခန်း (၁၂)

ဝေဘုန်းမောင်တစ်ယောက် ဟိုကောင်မလေးအား အတိ
ကို ပြန်လည်သတိရအောင် သူ့ရဲ့ပညာနှင့် တူးဆွ၍ မဖြစ်နိုင်ကြော
သဘောပေါက်ပါသည်။ ဟိုးတစ်နေ့ကအဖြစ်အပျက်ကြောင့် သူ
လည်း အပြစ်မကင်းသလို ခံစားလိုက်ရပါသည်။

သူ့ရှေ့မှာ တအားအားနှင့် ခေါင်းကိုကိုင်ကာ လဲကျသွားသေ
ကောင်မလေးကို စပိုင်းတုန်းကတော့ တော်တော် မူယာမာယ
များတဲ့မိန်းမဟု ကဲ့ရဲ့အပြစ်တင်ခဲ့သည်။

သို့သော် အချိန်ကိုက်စွာ ရောက်လာသော အမေ၊ လဲကျ
သော သူမအား မြင်လိုက်ရသောအခါ မျက်လုံးပြူး မျက်ဆံပြူး

"ဟင် ... သမီး ဘယ်လိုဖြစ်တာလဲ"

"သိဘူးလေ အမေရဲ့"



ခပ်တည်တည်ပဲ ဘူးခံငြင်းလိုက်ပေမယ့် အမေကတော့
အား တရားစီရင်ဖို့ သတိရသေးပုံမပေါ်။

"အိမ်ထဲကို ပွေ့ခဲ့ပါ သားရယ်။ ဒုက္ခပဲ အတိတ်ကို မစဉ်း
ပါနဲ့ဦးလို့ ဒီကလေးမလေးကို အတန်တန်သတိပေးထားလျက်နဲ့
... မြန်မြန်ပွေ့လေ၊ ဘာလုပ်နေတာလဲ။ ပုံစံက ကိုက်တတ်မယ့်
ကို ကိုင်ရမလိုနဲ့"

"ဟော"

အမေကတော့ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်
ကြောင့် သားဖြစ်သူကိုတောင် ဆူငေါက်တတ်နေပြီလား။

သူမှာ ထိုကောင်မလေးကို မပွေ့ချင်ဆိုတာထက် ထိကို
ချင်တာပါ။ မိမိအောင်နှင့် ဝေးရခဲ့ပြီးသည့်နောက် သူ ဘယ်
န်းကလေးနှင့်မှ ပတ်သက်မှု မလုပ်ချင်တော့ပါ။

ကိုယ့်အတတ်နှင့်ကိုယ်စူးဆိုသည်မှာ သူမှ သူအစစ်။

သူများမကောင်းကြံ ကိုယ်ဘေးရန်ထိပ်ဟုဆိုဆို ထိုနေ့ကတော့
အမုန်တကယ် ကိစ္စများသွားရသည်။ နောက်ရက်တွေမှာတော့
အသာငြိမ်နေရတော့သည်။

မငြိမ်လို့ကလည်းမဖြစ်။ ထိုကောင်မလေး သတိလစ်သွား
တည်းက အမေက သူ့ကို မျက်လုံးဒေါက်ထောက် ကြည့်နေခဲ့သည်
ဟုတ်လား။ သူကလည်း နောက်ထပ် ဒီကောင်မလေး အတိတ်ကို
န်လည်မတူးဆွရဲတော့။ မတော်လို့ နောက်ထပ် ဒီလိုပဲ မကြာခဏ
တိလစ်လျှင် သူတို့တွေ၌ အပြစ်မကင်းသလို ဖြစ်ပေလိမ့်မည်။

ထိုသို့ဆိုလျှင် ကျေးဇူးမတင်ခဲ့ရသည့်အပြင် အပြစ်တင်ခံရဖွယ် ရှိနေသည်။

"အမေ ဒီဘက်တွေကော ဒီနေ့ အပြီးလုပ်မှာမဟုတ်လား"

"လုပ်ရမှာပေါ့၊ မနက်ဖြန် နောက်ထပ်အပင်သစ်တွေ စိုက်ရမှာဆိုတော့။ ရပါတယ်သမီးရယ် အမေ့ဘာသာ ဖြေးဖြေးချင်းလုပ်မှာပေါ့။ နေလည်းပူတယ်၊ ခေါင်းကိုက်နေဦးမယ်"

"မကိုက်ပါဘူး အမေရဲ့၊ မိုး ကူချင်လို့ပါ"

"ကူတာက အရေးမကြီးဘူး။ နေမကောင်း ထိုင်မကောင်းဖြစ်ရင် ငါတို့တစ်တွေပဲ အပြောခံရမှာ သွား၊ အိမ်ထဲသွား"

"အစ်ကို"

"သား"

စိုက်ခင်းထဲသို့ရောက်ရှိလာသူက ပြောလိုက်သော သူ့ရဲ့စကားကြောင့် ထိုကောင်မလေးက မော့ကြည့်လာသည်။ သူက ထိုကောင်မလေးကို လှည့်မကြည့်ဘဲ။

"ကြားလား"

"နေက သိပ်မပူပါဘူး အစ်ကိုရဲ့။ မိုးက အမေ့ကိုကူရင်း စကားပြောရင်း"

"တော်တော်ကို လျှာရှည်ပါလားဟေ့"

"ကိုတုန်း မင်းဟာလေ၊ အမေ ဒီလောက်ပြောထားလျက်နဲ့ သူများ အိမ်ထဲမှာပဲ တစ်နေကုန် တစ်နေခန်း နေရတာ ပျင်းနေမှာပေါ့။ ဒီမှာ ကူလုပ်နေတော့ ဘယ် ဟိုတွေး ဒီတွေး တွေးနေချိန်ရမှာလဲ"



ဟော ... တွေ့လား။ စောစောတုန်းက သွားပါ၊ သွားပါ တွတ်တွတ် ပြောနေသော အမေ မဟုတ်သလိုပါလား။ ဝင်ပြောပေးတဲ့သူက လူဆိုးလုံးလုံးကြီးကိုဖြစ်လို့။

သူ ဘာမှဆက်မပြောတော့ဘဲ ပေါက်ပြားကိုဆွဲယူပြီး ပေါင်းက်နေလိုက်တော့သည်။

အမှန်တော့ ပန်းခင်းအတွက် ငှားထားသော အလုပ်သမားာင်လေး (၂) ယောက်ရှိပါသည်။ ပေါင်းမြက်ရှင်းကာ ရေလောင်းသတ်သည့်ကိစ္စအားလုံးကို ထိုကောင်လေးတွေကသာ လုပ်သွားတ်၏။

ဒီနေ့ကျတော့ မောင်ညိုဆိုတဲ့ကောင်လေးက ရွာကို ခဏပြန်ားသည်။

"အမေ စိုင်းဝဏ္ဏက ဘယ်သွားတာလဲ"

"ဘုရားကျောင်းက ပန်းမှာထားလို့ မနက်ကတည်းက ပန်းးပို့နေတာလေ။ ပြီးရင် သူ့အိမ်ခဏဝင်ဦးမယ်တဲ့။ ဘာနိုင်းစရာ့လဲ"

"ဘာမှနိုင်းစရာမရှိပါဘူး အမေရဲ့"

"မင်းကကော ဒီနေ့ ဘာလို့ မြို့ထဲမသွားတာလဲ"

"ဟော အမေကလည်း ပြောထားပြီးသားကို။ မနက်ဖြန်မြို့ရဲ့ မင်္ဂလာဆောင်။ အဲဒီအတွက် အလုပ်သမားတွေ ခွင့်ယူထားယ်လို့ ကျွန်တော်တောင် ညနေ စောမြတ်တို့အိမ်ဘက် တစ်ချက်ာက် သွားကြည့်လိုက်ဦးမယ်။ ဘာတွေလိုအပ်မလဲ မသိဘူး"

"အေးပါ သားရယ် . . . ကြည့်ရမှာပေါ့။ ကိုယ့်ခြံက အလုပ် သမားတွေပဲဥစ္စာ။ သူတို့ခမျာ ပြေလည်ကြတာလည်း မဟုတ်ဘူး ကိုယ်က အလုပ်ရှင်ဆိုတော့ တတ်နိုင်သမျှ ကြည့်ရှုထောက်ပံ့ရမှာ အလုပ်ရှင်နဲ့အလုပ်သမားဆိုတာ အပြန်အလှန် ကိုင်းကျွန်းမှီ ကျွန်း ကိုင်းမှီပဲလေ"

အလုပ်လုပ်ရင်း စကားပြောရင်းမို့ အလုပ်လည်း ပြီးပါသည်

ခြံကိစ္စတွေ တကယ် အလုပ်ရှုပ်ရပြီဆိုလျှင် သူနဲ့အမေ ယ လို စကားအေးအေးလူလူ ပြောနိုင်ချိန် သိပ်မရှိပေ။ သူက မနက်လင် ကတည်းက ခြံထဲသွား။ တစ်ခါတလေ နေ့လယ်နေ့ခင်းစာကို ခြံထဲ ပဲစား။ ညနေစောင်းမှ အိမ်ပြန်လာ၊ ရေမိုးချိုး စားသောက်နှင့် စကား ပြောချိန် သိပ်မရတတ်ပါ။

တစ်ခါတလေ စကားပြောချိန်ရလျှင်လည်း သူက အမှ စနောက် အမေက ဒေါသဖြစ်နှင့် စကားကောင်းပြောရချိန်က နည် သည်။

သူကလည်း သူပဲ။ ဒီအသက်အရွယ်အထိ ရောက်လာ ပြင်ပမှာပဲ လူကြီးပုံသဏ္ဍာန်နှင့် ခပ်တည်တည်နေတတ်ပြီ။ အိမ်ရော ပြီဆိုလျှင် အမေ့ကို စနောက်ငြင်းခုန်နေရတာ ပျော်တတ်သည်။

"သမီးရေ . . . အမေ့အတွက် ရေတစ်ခွက်လောက် သွာ ပေးပါလား"

"ဟုတ်ကဲ့ အမေ"

အမေခိုင်းတာကြောင့် ကောင်မလေးက လက်ကရှုံ့တွေ





ောင်အောင်ခါပြီး ရေပိုက်အောက်၌ လက်ကိုခံကာ ဆေးကြောနေ သည်။ ပြီးတော့ အိမ်ဘက်ဆီသို့ လျှောက်သွားသည်။

သူက ဘာရယ်မဟုတ် အမှတ်တမဲ့လိုက်ကြည့်နေလိုက်သေး သည်။ ချည်ထည်ဝမ်းဆက်နက်ပြာရောင်ကို ဝတ်ဆင်ထားသဖြင့် င်းဝါသော သူမရဲ့အသားအရေမှာ ပေါ်လွင်လာသည်။

သူမရဲ့ အစစ်အမှန်ဘဝကို သူမ ဘယ်လိုနေထိုင်ခဲ့သလဲ ပေမယ့် လက်ရှိတွေမြင်သလောက် သူမက အေးအေးဆေးဆေး ် စကားနည်းလှပါသည်။ အေးတာမှ ပါးစပ်ထဲ လက်ညှိုးထည့်လျှင် ောင် ကိုက်တတ်ပုံမရချေ။

ထို့ကြောင့် သူနှင့်သူမ စကားများရပြီး ရန်ဖြစ်ရပြီဆိုလျှင် မှာ တစ်ဖက်သတ်ဇီလိန်ဖြစ်နေတတ်ကာ ဘာပဲဖြစ်ဖြစ်၊ ဘာပဲပြော ာ သူက အလွှန်၊ သူကအဆို။

"သားရယ် . . . မင်းမှာ အိမ်မကပ်လိုက်နဲ့ ကပ်လိုက်တာနဲ့ လေးကိုပဲ အပြစ်တင် အပြစ်ရှာနေတော့တာပဲလား"

"ဟာ . . . အမေကလည်း ကျွန်တော့်ကိုပဲ အပြစ်တင်နေ"

"ဟဲ့ . . . တင်ရတာပေါ့။ မင်းက ကျူပ်သားလေ။ ကိုယ့်သား ကြောင်းကိုယ်သိလို့ ပြောပြောနေရတာ။ အပြစ်ရှာတဲ့မျက်လုံးတွေ သူတစ်ဖက်သားကို မကြည့်စမ်းပါနဲ့။ အဲဒီစိတ်နဲ့ ကိုယ်လည်း ယ်သောအခါမှ ငြိမ်းအေးမှုကို မရနိုင်ဘူး"

"အခု ကျွန်တော်က ဘာတွေလုပ်နေလို့လဲအမေရာ။ ကျွတ် ောင်မလေးရောက်လာမှပဲ အမေနဲ့ကျွန်တော် စကားပြောရတာ

အဆင်ကိုမပြောဘူး။ အဲဒီကောင်မလေး ဒီက မြန်မြန်ထွက်သွား
အေးမှာပါ''

''ဟဲ့ . . . ရှူး . . . ကိုဘုန်း''

သူ့စကားကြောင့် အမေက ရှူးခနဲအသံတိတ်နေခိုင်းက
မျက်လုံးတွေကလည်း အိမ်တက်ဆီသို့ စိုးရိမ်တကြီးရောက်သွားသည်

ဟိုကောင်မလေးက ထွက်မလာသေးပါ။ အမေက 'ဟင်း
သက်ပြင်းချကာ သူ့ကိုလည်း စိတ်ပျက်သည့်ဟန်နှင့် ကြည့်ကာ

''မင်း ဘယ်လိုဖြစ်နေတာလဲ ဝေဘုန်းမောင်ရယ်
ယောက်ျားလေးဆိုတာ အဲဒီလောက် သဘောထားသေးသိမ်
အကြောင်းမရှိဘူး။ သဘောထားသေးတာ၊ သူများအပေါ် အပြစ်မြ
အပြစ်တင်တတ်တာ မိန်းကလေးတွေရဲ့အလုပ်။ ဘာလို့ ဘာမှမ
နားမလည်တဲ့ မိန်းကလေးတစ်ယောက်အပေါ် မစ္ဆရိယစိတ်
ပွားနေရတာလဲ''

''ကျွန်တော်''

''နေဦး . . . အမေ့စကားမဆုံးသေးဘူး''

ကိုယ့်အမေအရင်းတစ်ယောက်က ကိုယ့်ကို ဝေဖန်မှုပြု
တယ်ဆိုတော့လည်း သူ့မှာ အနေခက်ရသလိုဖြစ်ကာ ဖြေရှင်
ကြိုးစားသော်လည်း အမေက သူ့ကိုလက်ကာပြကာ –

''သို့ခများမှာလည်း မင်းမျက်နှာဆူပုပ်နေတာတွေ၊ သူ့အ
မကြည်မလင်ဖြစ်နေတာတွေကို တွေ့မြင် သိသိကြီးနဲ့ နေနေရ
မင်းကို သိပ်တွယ်တာလွန်းလို့ မထင်နဲ့။ သူ့မှာ သွားစရာ လာ





ငြ် သည်းခံနေရတယ်ဆိုတာ သဘောပေါက်စမ်းပါ''

''အမေကလည်း''

မင်းကို သိပ်တွယ်တာလွန်းလို့မထင်နဲ့ဟု ပြောလိုက်ခြင်း
ကြောင့် သူ့မှာ မျက်နှာထူပူသွားရသည်။ အမေကလည်း ဒီထက်
င်းလွန်းသော ဆုံးမစကားတွေ မပြောတော့ဘူးလားဟု ခပ်ရွဲ့ရွဲ့
ပြောလိုက်မိသည်။

ကျွတ် . . . အဲဒါ ဟိုကောင်မလေးကြောင့်။

''မောင်ဘုန်း . . . မင်းပုံစံပြင်စမ်း။ မင်း ပါးစပ်ဟလိုက်တာနဲ့
ာ ဘူဘယ်နှခွေရှိသလဲဆိုတာ အမေသိတယ်နော်။ ငါ့သားက
အပေါ်မှာ တစ်ခါမှ စိတ်ယုတ်စိတ်ညံ့မရှိတာ အမေ သိပါတယ်။
်တ်မျိုးကိုလည်း လူတိုင်းအပေါ်မှာ ထားနိုင်ရမှာပေ့ါ။ ယောက်ျား
င်းဆိုတာ သမာသမတ်ရှိရတယ်။ တစ်ယောက်မကောင်းတာနဲ့
ုံးအပေါ်မှာ ဝါးလုံးသိမ်းယမ်း အပြစ်တင်နေတာတော့ နည်းလမ်း
ဘူး''

အမေရဲ့ဆိုလိုရင်းကို သဘောပေါက်လိုက်သဖြင့် သူ့အသံ
သွားရသည်။ မိမိအောင်အပေါ်မှာ မကျေနပ်တာတစ်ခုတည်းနဲ့
တွေအားလုံးအပေါ် အမြင်ကြည်ကြည်လင်လင် ဆက်ဆံ၍ မရ
သောသူ့ကို အမေ ဆုံးမနေခြင်းဖြစ်သည်။

''အမေက ကျွန်တော့်ကို ဘယ်လိုဖြစ်စေချင်တာလဲ။
တော်ကတော့ ဘယ်ကလာမှန်းမသိ၊ ဘာမှန်းမသိတဲ့ မိန်းကလေး
ယောက်ကို မပတ်သက်ချင်တာ အမှန်ပဲဖြစ်နိုင်မယ်ဆို မြန်မြန်

ရွှေပဒေသာစာပေ

သတိရပြီး မြန်မြန်ထွက်သွားတာမျိုး''

''တော်စမ်း ကိုဘုန်း၊ မင်းစကားတွေကို တစ်ဖက်
ကလေးကြားရင် ဘယ်လောက်အနေခက်ရလိမ့်မလဲ။ ပြော
ကဲလေ၊ မန်းလေ ပြီလေ လုပ်မနေနဲ့။ ဒီတော့ အမေမှာထားမယ်
သူ့ကို ရင်းရင်းနှီးနှီး မပတ်သက်ချင်ရင် မင်းသဘော၊ ဒါပေမဲ့ နော
တစ်ခါ ယောက်ျားတန်မယ့် သဘောထားသေးသိမ်တဲ့ အပြုအ
အပြောအဆိုတွေကို မပြုမိ၊ မပြောဆိုမိဖို့ မင်းဆင်ခြင်ပါ။
မင်းအတွက် အမေပြောနေတာ။ မြင့်မြတ်တဲ့ယောက်ျားတစ်ယော
ဟာ သေးသိမ်တဲ့အပြုအမူကို ပြုမူဖို့မဆိုနဲ့ တွေးတောင်တွေး
မဟုတ်။ အမေ့သားကို သူများတွေ သေးသိမ်လိုက်တာလို့ မှတ်
ပေးတာကို အမေ မကြားချင်ဘူး။ ဒါပဲ''

*

## အခန်း (၁၃)

ကြာလာတော့လည်း သူမ ဒီအိမ်လေးမှာ နေသားကျလာခဲ့
ည်၊ ငွေကြေးရှိသော်လည်း မရှိသူတွေလို နိုးနိုးကုတ်ကုတ် နေတတ်
ားအား သူမ လေးစားအထင်ကြီးပါသည်။

တကယ်ပါပဲ။ အမေပြောသလို အနေကြာလာသောအခါ
ကို့ရဲ့စိတ်တွေကို သူမ နားလည်သဘောပေါက်စပြုလာခဲ့ပါသည်၊

ရည်းစားကထားပစ်ပြီး အခြားသော ငွေကြေးဉစ္စာရှိသည့်
နဲ့သားတစ်ဦးနှင့် လက်ထပ်သွားသဖြင့် မိန်းမအားလုံးကို သိမ်ကြီး
ချင်နေသော သူ့စိတ်ကို သူမ နားလည်ပေးလာနိုင်ပါပြီ။

အမေရဲ့ ဆုံးမမှုတွေကြောင့်ပဲဖြစ်ဖြစ် သူမအပေါ် တွေ့ခါစ
လို တင်းတင်းမာမာနှင့် အမြဲတမ်း ရန်လိုစွာကြည့်နေတတ်သော
ကြည့်တွေမရှိတော့၊ ကြည်သည်လည်းမဟုတ် မကြည်သည်လည်း

မဟုတ် ပုံမှန်ဆက်ဆံတတ်ခြင်းကိုလည်း ကျေးဇူးတင်မိပါသည်။

တကယ်လို့ သူမသာ သူ့ကို နားလည်မှုစွာ မကြည့်တတ်ခဲ့လျှင် တော့ သူဟာ မုန်းစရာကောင်းသော ယောက်ျားတစ်ယောက် ဖြစ်နေ မှာ သေချာပါသည်။

သူမအတွက်တော့ အရင်ကလို အနေအထိုင် မကျဉ်းကျပ် တာတော့အမှန်ပါပဲ။ အမြဲတမ်း မသက်သာသလိုလို သံသယတွေလို့ အကြည့်တွေကနေ လွတ်မြောက်သွားသောအခါ လွတ်လပ်သွားခဲ့တာ တော့ အမှန်ပင်။

"အစ်မ၊ မလုပ်ပါနဲ့။ တော်ကြာ ကြီးကြီးတွေ့သွားရင် ကျွန်တော်တို့ကို ဆူနေပါဦးမယ်"

"ဆူစရာလား ဝဏ္ဏရဲ့၊ မဆူစေရဘူး စိတ်ချ"

သူတို့ရေလောင်းနေတာကို ကူလောင်းနေသဖြင့် ကောင် လေးတွေက သူမအား စိုးရိမ်တကြီး တားကြသည်။

အစောပိုင်းနေ့တွေတုန်းကဆိုလျှင် အမေတို့ကို ကူညီချင်စိတ် နှင့်သာ လုပ်ခဲ့ရသည်။ ညတွေမှာ ကိုယ်လက်ကိုက်ခဲနေသော်လည်း မညည်းညူရဲခဲ့ပေ။

အမေတို့က မလုပ်ပါနဲ့နှင့် တတွတ်တွတ်နှင့် ပြောနေခဲ့သော် လည်း သူမက ကူညီချင်သည် မဟုတ်လော။ ဘာမှမလုပ်ဘဲ ထိုင်နေ လျှင် ဘယ်လိုမှ ဖမ်းဆုပ်၍မရသော အတိတ်ကိုလိုက်ရှာဖွေနေရသည် မှာ မောပန်း ပင်ပန်းရပါသည်။

သူမ ဘယ်သူလဲ၊ ဘယ်ကလာတာလဲ၊ သူမ မိသားစုတွေက





ယ်သူတွေလဲ စသဖြင့် 'ဘာလဲ ဘာလဲ' တွေးရတာကလည်း ရာလာသော အရိပ်တွေကို လိုက်လံဖမ်းဆုပ်ဖို့ ကြိုးစားနေသလို ။ ပြီးလျှင် ရေရာလာသောအဖြေကို ရှာမတွေ့ဘဲ သူမကတော့ န်းခြင်းတွေနှင့် ကျန်ခဲ့ရတတ်ပါသည်။

ထို့ကြောင့် အတိတ်ကို ပြန်တွေးမိမှာ စိုးထိတ်မိသည်။ အမေ သလို သိချိန်တန်လျှင် သိရလိမ့်မည်။ ယခုချိန်မှ ဘာဆိုဘာကိုမှ တွေးမိစေရန် သူမအလုပ်တွေကို သိမ်းကျုံးလုပ်ပစ်ချင်သည်။

လုပ်ပစ်ချင်သည်ဆိုတာကလည်း စိတ်သာရှိပြီး လက်တွေ့ တော့ လုပ်ချင်သလောက်လုပ်ဖို့ သူမရဲ့ ရုပ်ခန္ဓာက ခွင့်မပြုပေ။ န်းမှုဒဏ်ကို မခံနိုင်သဖြင့် သူဌေးဇာတာပါနေသလားဟု ခပ်ရွှင်ရွှင် းတွေးလိုက်မိသေးသည်။

အတိတ်မှာ ဘယ်လိုပဲနေထိုင်ခဲ့ရရ၊ လက်ရှိကာလမှာ ပျော် ွှာ နေထိုင်ရဖို့က အဓိကမဟုတ်လား။

"ဟေ့ ဝဏ္ဏ၊ မင်း မနေ့ကပြောနေတဲ့ဟာသ ဆက်ပြောလေ "

အပင်တွေကို ရေလောင်းရင်း မောင်ညိုက စိုင်းဝဏ္ဏကို ောင်းဆိုလိုက်သည်။

စိုင်းဝဏ္ဏက ဒီရပ် ဒီဇာတိကဖြစ်ပြီး အထက်တန်းအဆင့်ထိ ာသင်ဖူးသည်။ နောက် စာဖတ်ဝါသနာပါသူဖြစ်ကာ အာဝဇ္ဇန်းရွှင် ဖြစ်သည်။

မောင်ညိုကတော့ အညာဘက်ရွာတစ်ရွာကဖြစ်ပြီး ဒီမှာ

အလုပ်လာလုပ်နေသူဖြစ်သည်။ သူများပြောသမျှဆိုလျှင် ဘာ
ပြော ပါးစပ်ကြီးဟာကာ ရယ်ဖို့အဆင်သင့်ရှိနေသလောက် သူ့ဘာ
သူဆိုလျှင် ပါးစပ်ကြီးပိတ်ကာ အလုပ်ကို ကုန်းရုန်းလုပ်နေတတ်
ဖြစ်သည်။

"မနေ့က ဝဏ္ဏက ဘာပြောနေလို့လဲ ကိုမောင်ညိုရဲ့"

"မနေ့က ဝဏ္ဏ ဟာသပြောနေတာ အရမ်းရယ်ရတ
မမိုးရဲ့။ ဟော့ကောင် ပြောလေကွာ"

"ကိုညိုကတော့ ဖွတ်ပဲ။ အလုပ်ပြီးမှ အေးအေးဆေး
ပြောတော့မယ်ဗျာ"

"ဟ ... အလုပ်ပြီးမှလုပ်မနေနဲ့။ အလုပ်ပြီးရင် ငါက
တော့မှာ"

"ဟာ ... အေးဆေးပေါ့ဗျာ။ ပူမယ့် ဆူမယ့်သူ ရှိတာလ
မဟုတ်ဘဲ။ ဘာတွေ လောနေတာလဲ"

"ဟုတ်သားပဲ ကိုမောင်ညိုကလည်း ဒီမှာ ထမင်းစာ
ပြန်၊ အိမ်ရောက်ရင် ဘာလုပ်စရာရှိတာမှတ်လို့"

အလုပ်သမားကလည်း များများစားစား မဟုတ်သဖြင့် အ
က စိုင်းဝဏ္ဏနှင့် မောင်ညိုကို စားစရိတ်ငြိမ်း တာဝန်ယူထားသ

မနက်စာ၊ နေ့လယ်စာ၊ ညစာ ဒီမှာပဲစား။ တစ်ခါတလေ
ဒီမှာပဲ ရေမိုးချိုးကြ၊ စားကြသောက်ကြနဲ့ မိသားစုနည်းသော အ
ပျော်စရာတော့ကောင်းသည်။ ဝိုင်းလုပ်ဝိုင်းစားပုံစံမို့ တစ်ယောက်
တစ်ယောက် တွက်ကပ်တာလည်းမရှိပေ။



သူမနှင့်ဆိုလျှင် သိပ်အဆင်မပြေလှသော အစ်ကိုသည်ပင်
တို့နှင့် အဖွဲ့ကျပြီဆိုလျှင် တဝါးဝါး။ တဟားဟားနှင့် ပျော်ပျော်
း နေတတ်သူဖြစ်သည်။

"အေးလေ၊ ဟုတ်သားပဲ။ နင်က စကားပြောသိပ်ကောင်း
ပဲ ဝဏ္ဏရဲ့။ ပြောစမ်းပါဦး။ မနေ့က ကိုမောင်ညိုကို နင် ဘာဟာသ
ပြောနေတာလဲ"

သူမကပါ တိုက်တွန်းလိုက်တော့ ဝဏ္ဏက သဘောကျစွာ
ဟားဟားရယ်ရင်း –

"အစ်မပြောလို့ ကျွန်တော်လည်း ပြောရဦးမယ်"

"ဘာပြောမလို့လဲ"

ရေပိုက်ဖွင့်လိုက်၊ ရေပန်းပုံးခံလိုက်၊ ရေလောင်းလိုက်နှင့်
လုပ်ကို ဟန်ချက်ညီစွာလုပ်ရင်း စကားပြောရင်းနှင့်မို့ အလုပ်လည်း
င်သလို မောတယ် ပန်းတယ်ဟူ၍ မထင်မှတ်တော့ပါ။

"ခြော် ... အစ်မက စကားပြောကောင်းတယ်ဆိုလို့ပါ။
နတော့်ကို အသိအစ်မတစ်ယောက်က ပြောဖူးတယ်။ သူတို့က
မှာဆိုတော့ တီဗွီတွေ၊ စာအုပ်တွေနဲ့ အလှမ်းဝေးတယ် မဟုတ်လား။
ဒမှသာ ဖုန်းတွေ၊ တီဗွီတွေနဲ့ စာအုပ်တောင်မဖတ်တော့တာလေ"

"အေးလေ ... အဲဒါလည်း ဆိုးတယ်ဟ"

"သူတို့ဆီမှာ သိပ်ကို စကားပြောကောင်းတဲ့ မိန်းမ တစ်
ယောက် ရှိတယ်တဲ့။ အဲဒီတစ်ယောက်က စာအုပ်လည်း အသေအလဲ
တ်တယ်တဲ့။ သူဖတ်ဖူးတဲ့စာအုပ်တွေအကြောင်းပြောရင် ထိုအကြောင်း

အရာကို နားထောင်တာနည်းနည်း၊ သူပြောပုံကိုကြည့်ပြီး ရယ်
များများတဲ့''

''သူက ဘယ်လိုပြောလို့တုံး''

''လာမယ်လေ ကိုမောင်ညိုရဲ့''

ကိုမောင်ညိုတစ်ယောက် ဘယ်လောက်ထိ စိတ်ဝင်စား
မဝင်စားသလဲဆိုလျှင် ရေပန်းပုံးကြီး ဘေးချကာ ဝဏ္ဏကိုပဲ တ
ကြည့်။

''သူက ဘယ်လောက်အပြောကောင်းသလဲဆိုရင် ဝဏ္ဏ
မင်းသားက ကားမောင်းသွားတယ်ဆို ကားမောင်းသွားတယ်လို့
မပြောဘူး။ မင်းသားက ကားကို ဝူးခနဲ မောင်းထွက်သွားတယ်
မင်းသားက ရယ်နေတယ်ဆိုလည်း ရယ်နေတယ်လို့ ရိုးရိုးပြော
အားလုံး နားလည်သဘောပေါက်တာကို ရိုးရိုးပြောရင် အားလုံး
လည်သဘောပေါက်တာကို မင်းသားက တဟွန်းဟွန်းရယ်လေသ
ဆိုတော့ သူပြောတဲ့အကြောင်းအရာကို စိတ်ဝင်စားတာ နည်းန
အမူအယာလုပ်ပြပြီး ပြောပုံကို ရယ်ရတာကများများတဲ့''

''ဟင်း ဟင်း ဟုတ်ပို့၊ ဝဏ္ဏပြောတာနဲ့ အစ်မတော
မြင်ယောင်ကြည့်မိတယ်''

ဝဏ္ဏက ရယ်တဲ့ပုံတွေလည်းလုပ်ပြ၊ ကားမောင်းတဲ့ပုံ
လည်း လုပ်ပြနှင့် သူမနှင့်ကိုမောင်ညိုက ကြည့်ပြီးရယ်၍ မဆုံး

''ဒီမောင်နှမတွေ ဘာတွေသဘောကျနေကြတာလဲ''

''ဟော အမေ''





''အလုပ်မသိမ်းကြသေးဘူးလား။ သမီးကိုလည်း ရေဝင်
လောင်းပါနဲ့လို့ ပြောထားတယ် မဟုတ်လား။ သမီးရဲ့လက်တွေက
နေပတ်ဖတ်လေးတွေ။ ဟောတွေ့လား၊ ဒီလောက်ထိ လက်တွေ
ခဲ့နေတာကို''

အမေက သူမရဲ့လက်ဖဝါးနှစ်ဖက်ကို ဆွဲယူ၍ ပြောလေ
သည်။ သူမအမေရဲ့လက်တွေကို ပြန်လည်ဆုပ်ကိုင်ကာ –

''အမေရယ် . . . သမီးလည်း နိုင်သလောက်ကူတာပဲဟာ''

''ကျွန်တော်တို့က အစ်မကို မကူဖို့ပြောပါတယ် ကြီးကြီးရယ်
အစ်မက ပြောစကားကို နားမထောင်ဘူး''

''အံမယ် . . . ငါ့ကိုများ ဟွန်း''

''ကဲ ကဲ . . . ဟုတ်ပါပြီ။ ခဏနေ မင်းတို့ရဲ့အစ်ကို လာ
တော့မယ်။ ထမင်းစောစောစားကြရအောင်။ ဆောင်းဝင်လာပြီဆို
တော့ ရှေ့လျှောက် မိုးအရမ်းချုပ်လို့မရတော့ဘူး။ မင်းတို့မှာလည်း
ပြန်ရသွားရတာမလွယ်ဘူး''

''ဟုတ်တယ်၊ အိမ်ပြန်ရမှာကအဝေးကြီးဆိုတော့ ပြောပေါ့
ကြီးကြီးရယ်''

''ဟား ဟား ဟား''

''ဟင်း ဟင်း ဟင်း''

နှစ်ခြိုက်ကျော် သုံးခြိုက်ကျော်တွင်နေသော ဝဏ္ဏရဲ့စကားကြောင့်
အားလုံး သဘောကျစွာ ရယ်မိကြသေးသည်။

''ကြီးကြီး''

''ဘာလဲ မောင်ညို''

''အလုပ်သိမ်းတော့မယ်ဆိုရင် ကျွန်တော် ပြန်တော့မယ်''

''ဟေ''

''ဒီနေ့ ကျွန်တော် ထမင်းမစားတော့ဘူးနော်။ ကျွန်တော် သွားစရာရှိလို့ ကြီးကြီးရဲ့''

''ကိုမောင်ညိုကြည့်တာ ရိုးမှရိုးရဲ့လားမသိဘူးနော် အ[illegible] ပြောစမ်းပါဦး ကိုမောင်ညို။ ဘယ်အပျိုချောချောကို သွားလှည့်မလို့လဲ''

''ဟာ ... မမိုးကလဲ''

အသားညိုညိုနှင့် ရှက်ကိုးရှက်ကန်းဖြစ်သွားသော ကိုမောင် ညိုကို သူမနှင့်ဝဏ္ဏက စနောက်၍မဆုံးတော့ချေ။

''ဟင် ... အစ်ကို ပြန်လာပြီ''

ခြံထဲသို့ မောင်းဝင်လာသော ဆိုင်ကယ်ကြောင့် သူမ[illegible] ရယ်မောခြင်းကို လျင်မြန်စွာ ထိန်းလိုက်သည်။ ပုံစံက ဘာနဲ့တူ[illegible] ဆိုတော့ အစ်ကို့ရဲ့ရှေ့သို့ရောက်ပြီဆိုလျှင် လက်ထဲတွင် စနက်[illegible] ဖြုတ်ထားသော ဗုံးတစ်လုံးနှယ် ဘယ်အချိန် ထပေါက်ကွဲမလဲ[illegible] တထိတ်ထိတ် ဖြစ်နေရသည်။ အဲဒီလောက် ကြောက်စရာကောင်း[illegible] သလားဟု မေးလျှင် အဲဒီထက်တောင် ပိုသေးဟု ဖြေမိမည်ထင်[illegible]

*



## အခန်း (၁၄)

''သားရေ ... ဒီနေ့ မင်းလည်း အိမ်မှာရှိတုန်း လူစုံတက်စုံ [illegible]တော့ တစ်ခုခုလုပ်စားရအောင် ဈေးသွားပါလား''

''ဟာ ... အမေကလည်း အလုပ်ရှုပ်အောင်။ ဘာမှလုပ်စား [illegible]နေနဲ့။ အမေဘာစားချင်လဲ၊ ကျွန်တော် သွားဝယ်လိုက်မယ်''

သူ့ကို ကပ်တယ်ပဲဆိုဆို၊ ရှဲ့တယ်ပဲပြောပြော သူကတော့ [illegible]သို့ ပြောလိုက်သည်။

ခါတိုင်းနေ့တွေဆို ဒီလိုပဲ သူအလုပ်ပါးလို့ အိမ်နားတဲ့ရက်ဆို [illegible]မေက တစ်ခုခုလုပ်ကျွေးနေ၍ သူ့ကို ဈေးသွားခိုင်းနေကျ ဖြစ်သည်။

အဲဒီတုန်းကဆို မညည်းမညူ သွားပေးခဲ့သလောက် ခုကျ [illegible]တော့ ကလန်ကလန်လုပ်ချင်လာသည်။ ကိုယ်ဈေးသွားဝယ်တာမှန်ပေမယ့် [illegible]းသောက်မှာက သူနှင့် အမေပဲမဟုတ်၊ သူစိမ်းမိန်းကလေး

တစ်ယောက်လည်း ပါနေသည်ဆိုတော့ အကျင့်ပုပ်တယ်ပဲဆိုဆို ဈေး မဝယ်ပေးချင်။

ဈေးဝယ်တယ်ဆိုတာက မိန်းမသားတွေရဲ့အလုပ် မဟုတ်လား။ အရင်တုန်းကတော့ ဝယ်နေကျပဲ၊ ခုကျမှ ဘာဖြစ်နေသည် ပြောပြော မဝယ်ပေးချင်ပါ။

"ဟဲ့ … အလုပ်ရှုပ်တယ် ဘယ်ဟုတ်မလဲ ကိုဘုန်းရဲ့ ဆိုင်မှာ ဝယ်စားတယ်ဆိုတာက ကိုယ်ကိုယ်တိုင် လုပ်စားတာလောက် ဘယ်ကောင်းမလဲ။ တစ်ခါတလေ လုပ်စားတာပဲ အရသာကောင်း ကောင်းလေးစားရရင် ပိုမကောင်းဘူးလား။ လီမွှာရဲ့သားနဲ့"

အမေကတော့ သူ့ကို ကလေးပေါက်စနလေးလို လီမွှာရဲ့ သားနဲ့ဟု မက်လုံးပေးလာသည်။ ခါတိုင်းဆို အဲဒီလိုတောင်ပြောစရာ မလိုပေမယ့် ခုတော့ မလီမွှာချင်ပါဘူး အမေရာ။

"နေက ဒီလောက်ပူနေတာ။ ပြီးတော့ အမေက ဘာလုပ် စားမလဲမသိဘူး။ နေကမြင့်နေပြီ။ ဘာမှ ဝယ်လို့ရတော့မှာ မဟုတ် ဘူး။ အမေက စောစောစီးစီးမှ မပြောထားတာ၊ နောက်ရက်မှ လုပ်စားတော့ဗျာ"

"ဟဲ့ မောင်ဘုန်း … ဟိုရက်ရွှေ့ပါ၊ ဒီရက်ရွှေ့ပါပြောရအောင် နင်က အမေလား ငါက အမေလား"

ဟော တွေ့လား၊ အမေကတော့ စိတ်တိုစရာတွေပြီဆိုလျှင် 'မောင်ဘုန်း' ဟု ခေါ်လေပြီ။ မောင်ဘုန်းဟုခေါ်လျှင် သူ ခေါင်းခေါင်း ဆေးဆေး ထိုင်နေ၍မရမှန်း သဘောပေါက်တော့သည်။





လက်ထဲတွင် ကိုင်ထားသော ဖုန်းကိုပိတ်ကာ မတ်တပ်ထရပ်

"အဲဒါဆိုလည်းပြော၊ ကျွန်တော် ဘာတွေဝယ်ခဲ့ရမှာလဲ"

"မိုးကိုပြောပြီးပြီ။ အမေ ဘာဝယ်မလဲဆိုတာ သူ့ကိုမှာပြီးပြီ"

"ဗျာ သူနဲ့ကျွန်တော်"

"ဟုတ်တယ်၊ မင်း သူ့ကို လိုက်ပို့လိုက်၊ လိုအပ်တာတွေ ဘာသာကြည့်ကျက်ဝယ်လိမ့်မယ်"

"ဟာ အမေကလည်း"

သူ ထိုင်ခုံပေါ်ပြန်ထိုင်ချပစ်လိုက်သည်။ အမေပြောလွန်း လွန်းသဖြင့် ထိုမိန်းကလေးကို သူဘာမှ မပြောတော့ပေမယ့် ပြောမဆိုတိုင်းလည်း တည့်နေတယ်ဟု မမှတ်ယူသင့်ပေ။

သူ့ဘက်က မှန်တန်းပဲနေကာ မေးထူးခေါ်ပြောတောင် ၏။ ဒါတောင် သူ့စိတ်ကို တော်တော်လျော့ထားခြင်းရယ်ပါ။ မိန်းမ ကို သူ စိတ်ပျက်သည်။ ဘယ်လိုနည်းနှင့်မှ ဘယ်လိုအကြောင်း နှင့်မှ မပတ်သက်ချင်။ အကဲပိုတယ်ပြောပြော၊ ကောက်ညှင်းက ၊ ဆန်ကြမ်းက စေးတယ်ဆိုဆို ပြောချင်သလိုသာပြောတော့။

"မောင်ဘုန်း"

"------"

"မင်းနော်၊ မင်း အမေ ဒီလောက်အတန်တန် ပြောထား နဲ့၊ ဘာလဲ မင်းက ကိုယ့်ကိုယ်ကိုယ် အရွယ်ရောက်ပြီဆိုပြီး မိဘပြောစကားတောင် နားထောင်ရကောင်းမှန်း မသိတော့ဘူး

ပေါ့ ဟုတ်လား''

''အမေ''

''တော်တော်မွေးရကျိုးနပ်တဲ့သားပါလား။ သားတွေများ ထမ်း ရေးစပ်လိုက်တာနော်။ အမေက ဖြူဆိုရင် သူကမည်း။ မအော မည်းဆို သူကဖြူ။ ငါ့ကို ထော်လော်ကန့်လန့် လုပ်ပဲ့မယ်လို့များ နင် ဆုံးဖြတ်ထားသလား ပြောစမ်း မောင်ဘုန်း''

''ဟာ အမေရယ်။ တော်ပါတော့၊ တော်ပါတော့။ ထပ်ပြော ရင် ကျွန်တော်ပဲ လွန်တော့မယ်။ မယ်မင်းကြီးမကို ထွက်ခိုင်းတော် ခိုင်းပါ။ ကျွန်တော်မျိုး စီးတော်ဆိုင်ကယ်နဲ့ စောင့်တော်မူပါ့မယ်လို့''

''ဘာလဲ အဲဒီလေသံက ငါ့ကို ရွဲ့နေတာလား''

''မရွဲ့ရကြောင်းပါ ခင်ဗျာ''

မရွဲ့ရကြောင်းပါခင်ဗျားလို့ ခပ်ရွဲ့ရွဲ့ပြောပြီး ဆိုင်ကယ်သော့ ယူကာ အိမ်ထဲမှ ထွက်သွားသောသားဖြစ်သူကြောင့် ဒေါ်ခမ်းကျ ကျိတ်ပြီး ပြုံးလိုက်မိသေးသည်။ ပြီးမှ –

''သမီးရေ . . . သမီးရဲ့အစ်ကို လိုက်ပို့ပေးလိမ့်မယ်။ အမေ တာတွေကိုလည်း မမေ့နဲ့ဦးနော်''

''သမီးက လန့်နေတာ အမေရဲ့။ တော်သေးတယ် အစ်ကို လိုက်ပို့လို့''

''သိနေတယ်လေ၊ အမေက ကိုယ်မွေးထားတဲ့သား အကြောင်းကို ပိုသိတာပေါ့။ ကဲ လုပ်လုပ် ကြာနေရင် အသံထွက်လာ နေဦးမယ်''





အမေ့စကားကြောင့် သူမအိမ်ထဲမှ လျင်မြန်စွာထွက်လိုက် ည်။ ထုံးစံအတိုင်း တစ်လောကလုံးကို သူ လုပ်ကျွေးထားရသည့် ဟန်နှာထားနှင့် ဆိုင်ကယ်ပေါ်မှ ထိုင်ရင်း စောင့်နေသူကြောင့် သူမ းတွန့်လိုက်သည်။

မိမိအောင်နှင့်သူ ချစ်သူဘဝတုန်းက သူ့တွင် ဆိုင်ကယ် ာင် မရှိသေး။ ရှိသောစက်ဘီးကလည်း ခပ်စုတ်စုတ်။ ထိုစက်ဘီး တ်ပေါ်သို့ မိမိအောင်ကလည်း တစ်ခါမှ လိုက်မထိုင်ခဲ့ဖူးပါ။

ယခု သူ့ဆိုင်ကယ်နောက်တွင် အမျိုးသမီးမိန်းကလေး တင် ဘာက ပထမဆုံးအကြိမ်ရယ်ပါ။ အမေကတော့ ရှုပ်ချက်ပေါ့ ။

ထို့ကြောင့် ဆိုင်ကယ်နောက်ဘက်မှာ မိန်းကလေး တစ် ာက်ကို တင်နင်းရတာ ဘာလိုလို ညာလိုလို။ အနေခက်တာလိုလို သူတွေကလည်း သူ့ကို ဂရုတစိုက် ကြည့်နေတယ်ဟု ထင်လိုက် းသည်။

ကျောဘက်မှာ ကိုယ်ချင်းထိနေသဖြင့် နွေးထေးထေး အထိ တွေ့ကိုလည်း ခံစားလိုက်ရသည်။ တစ်ခါတစ်ရံ သင်းပျံ့သောရနံ့ကို က်မိလိုက်သေးသည်။

ဟာ . . . ကျွတ် သွားစမ်းပါ ဝေဘုန်းမောင်။ မင်းမိန်းမတွေနဲ့ သက်ရင် ခုထက်ထိ အမှတ်သည်းချေမရှိသေးပါလား။ မိန်းမတွေ းလုံးက ဒီပုတ်ထဲက ဒီပဲပဲ။

ဆန့်ကျင်ဘက်အထိအတွေ့လေးကို တဒင်္ဂမှာ သာယာချင်

နေသော ပုတုဖဉ်ယောကျ်ားတစ်ယောက်ရဲ့ အတွေးကို သန်လျက်နှင့် ဖြတ်ချသကဲ့သို့ သူ တိခနဲ ဖြတ်ချပစ်လိုက်သည်။

"ရောက်ပြီ၊ အကြာကြီးလုပ်မနေနဲ့။ မြန်မြန်ဝယ်ပြီး မြန်မြန် ပြန်ခဲ့"

"ဟင် ... အစ်ကိုကောမလိုက်ဘူးလား"

"ဟာ ... ဘာလို့ လိုက်ရမှာလဲကွ။ လိုက်စရာလား"

သူ့ရဲ့လေသံက ကဲကဲဆတ် နိုင်သွားသလားမသိ။ ဘေးလူ တချို့တောင် လှည့်ကြည့်လို့။ ဒါကို သူမက သတိမပြုမိ ဂရုစိုက်ရ ကောင်းမှန်း မသိဘဲ –

"ဟိုလေ မိုးက ဘယ်လိုလုပ်ပြီး ဘယ်ဆိုင်မှာ ဘာရှိမှန်း ဘယ်လို"

"တော်ပါတော့ မိကျောင်းသမီးရယ်။ မင်းရဲ့ 'ဘာ'ကိစ္စ တွေက ဘယ်တော့မှ မပြီးတော့ဘူးလား"

သူ ဟောက်ဟမ်းလိုက်သော်လည်း သူမက စိတ်ဆိုး ကောင်းမှန်းလည်းမသိ၊ နာရကောင်းမှန်းမသိဘဲ တကယ် မသိနား မလည်သော ကလေးတစ်ယောက်လို။

"ဟုတ် ဟုတ်ကဲ့ပါ အစ်ကို၊ အမေက မြန်မြန်ဝယ်ပြီး မြန်မြန် ပြန်လာလို့ မှာလိုက်တော့ အစ်ကိုရွေးလိုက်ကူမှရမှာလေ။ လာပါ အစ်ကိုရဲ့။ အစ်ကိုက လိမ္မာပါတယ်"

"ဟာ ... ဟိတ် ဘာလိမ္မာတယ်လဲ။ လိမ္မာပါတယ် ပြော ရအောင် မင်းက အကြီးလား။ ငါက အကြီးလား"





ကိုယ့်ကို ကလေးတစ်ယောက်လို ဖွေယူစရာမလိုပါဘူးလေ း ခပ်ချော့ချော့ပြောလိုက်ခြင်းကိုပင် သူမှာ အတော်လေး ခံလိုက် ည်။

ဒီထက်ပိုပြောလျှင် ကိုယ်သာအဆိုး။ သူမကတော့ ခွင့်လွှတ် ည်းခံနိုင်သော မဟာကရုဏာရှင်ကြီးဖြစ်တော့မှာမို့ –

"သိပ်အလုပ်ရှုပ်တာပဲ၊ သွား မင်းရှေ့ကသွား"

"ဟင် မိုးရှေ့ကသွားလို့ ဘယ်ဖြစ်မှာလဲ။ မိုးက လမ်းမသိ၊ ကန်တော့နော် အစ်ကို။ မိုးမှ ဘယ်ဆိုင်မှာ ဘာရှိမှန်းမသိတာ ကို့ရှေ့ကသွားနော်။ မိုးနောက်က လိုက်ခဲ့မယ်နော်"

ဟင်းနော်။

သူမ ဒီထက်ပြောလျှင် သူမှာ ခွေးလုံးလုံးဖြစ်ပွယ်ရာ ရှိတော့ သူမရဲ့စကားကြောင့် ကိုယ်က ဒေါသထွက်နေရသလောက် ကတော့ မသိနားမလည်သည့် ကလေးတစ်ယောက်လို မျက် င်တွေ ပုတ်ခတ် ပုတ်ခတ်နှင့်။

ဟင်းနော်။

နောက်ဆုံးတော့ သူကရှေ့က၊ သူမက ချွဲခြင်းတောင်းကိုင် နောက်ကပါလာသည်။ ကိုယ်က ဒီအရပ်ဒေသမို့ လူတွေ သိပ် ံမထားမိသော်လည်း စိမ်းသက်နေသောသူမကိုတော့ လူတွေက းအဆန်း။ ဒါ့အပြင် မိန်းမတွေကို ကြည့်မရပါဘူး။ အမြင်ကတ် ယ်ဆိုသူနှင့် နှစ်ယောက်တွဲ တွေ့သောအခါ ကွက်ကြည့် ကွက် ည့် လုပ်ကြ။ မေးချင်မြန်းချင် စပ်စုချင်သည့်ဟန်နှင့် ပါးစပ်တွေ

တပြင်ပြင်။

"ရှမ်းအစိတ်သားနဲ့ ရေစိမ်အစိတ်သား ထည့်ပေးပါ"

"အိမ်မှာ မိသားစုစုံတုန်း ခေါက်ဆွဲလုပ်စားမယ်ပေါ့ ဟုတ်

လား ကိုဘုန်း"

ကျွတ် လူတွေများခက်ပါ့။ ကိုယ့်ဈေးရောင်းခြင်းအလုပ်

အာရုံစူးစိုက်မလုပ်ဘဲ သူများတွေကိစ္စ တကယ်စိတ်ဝင်စားနေသည်

မိသားစုစုံရအောင် သူက ကိုယ့်ရဲ့မိသားစုဝင်မို့လား။

"ဟယ် ကိုဘုန်း ဈေးမလာတာ တော်တော်ကြာနေပြီနော်

ထူးထူးဆန်းဆန်း ဒီနေ့မှ နှစ်ယောက်"

"ဒေါ်မြ ခင်ဗျားကလည်း စကားသိပ်များတာပဲ၊ သူများကိစ္စ

စပ်စပ်စုစုနဲ့"

"အမလေးတော်"

သူ့ရဲ့ ဘုဆတ်ဆတ်အပြောကြောင့် အဘွားကြီးက မျက်

ကို အရုပ်ပျက်သွားအောင် မဲ့ရွဲ့လိုက်သည်။ သူမက အားနာသ

မျက်ဝန်းတွေနှင့် လှမ်းကြည့်လိုက်ပေမယ့် သူကတော့ ဂရုမစိုက်နိုင်

ကိုယ့်ထမင်းကိုယ်စား၊ သူများအကြောင်းကို စိတ်ဝင်

တတ်သော လူတွေကို အမုန်းကယ် စိတ်ပျက်မိပါသည်။ လောက

ထဲမှာ သူတို့တွေအတွက် စိတ်ဝင်စားစရာ အကြောင်းတွေ မရှိတော့

ဘူးလား။ ❋

ရိုးရိုးတန်းတန်း စပ်စုလျှင် ဘာအရေးလဲ။ အခုကျတော့

ယောကျာ်းနှင့်မိန်းမနှစ်ယောက်တည်းတွဲတွေ့လိုက်တာနှင့် ဘာလို





ဘာလိုလို ဆွဲတွေးပစ်လိုက်တာတော့ မလွန်လွန်းဘူးလား။

ဒါကြောင့်လည်း တချို့လူတွေက ပြောကြတာပေါ့။ အခု

ခေတ်မှာ သားအဖတွေ၊ မောင်နှမတွေ နှစ်ယောက်တည်း အပြင်သွား

ရင် သေချာတော်ကြောင်း သိနေသောသူတွေကအကြောင်းမဟုတ်သော်

လည်း မသိမမြင်ဖူးသောသူတွေက သားအဖမှန်း၊ မောင်နှမမှန်း

မသိဘူး။ သမုတ်လို့ တချို့ ရိုက်မှုတွေဖြစ်ကြသည်။

မောင်နှမမှန်းမသိ၊ သားအဖမှန်းမသိ ကိုယ်လိုရာဆွဲတွေး

ပြီးပြောတတ်သောလူတွေက မျက်လုံးပါရဲ့နှင့် မျက်လုံးကန်းသူတွေနှင့်

တူနေပါသည်။

"ပြီးပြီလား။ မြန်မြန်လုပ်စမ်းဟာ။ ပစ္စည်းလေးနည်းနည်း

လောက် ဝယ်ရတာ အလှူကြီးချက်ဖို့ ဝယ်ရမလိုနဲ့ ကြာလိုက်တာ။

ဒီသိုးသွက်သွက်ကိုမရှိဘူး"

"မိုးလည်း ဝယ်နေတာပဲအစ်ကိုရဲ့၊ မိုးမှ ဈေးမဝယ်ဖူးတာ။

အစ်ကို ဝယ်ပေးဆိုတော့လည်း"

"ဟော့ ဒီမှာ"

"------"

"ဒီမှာ မင်းမသိနားမလည်သူလို လုပ်မနေနဲ့။ ငါက မင်းကို

ဘာကိစ္စဈေးဝယ်ပေးရမှာလဲ။ မင်း မိန်းကလေးမဟုတ်ဘူးလား။ ဒီ

အရွယ်တောင် ရောက်နေပြီ။ ဈေးမဝယ်ဖူးဘူးလေး ဘာလေးနဲ့။

ငါ့ကို လာလိုမ့်မနေနဲ့။ ဒါမျိုးတွေ ရိုးနေပြီ။ မင်းတို့က အဲဒီလိုအပြော

လေးတွေနဲ့ ယောကျာ်းတွေကို နွားလို သဘောထားနေကြတာ။

နိုင်းကောင်းနေရင်တော့''

''ဟာ ... အစ်ကိုကလည်း။ ညီမပြောတာက အစ်ကိုပြော

သလောက် မဆိုးသေးဘူးနော်။ အစ်ကိုပြောတာမှ ပိုဆိုးကုန်ပြီ''

သူနှင့်သူမ တိုးတိုးကြိတ်ကြိတ် စကားများနေကြခြင်းဖြ

သည်။ သူမမျက်နှာရဲရဲနှင့် ပြောမှ သူ သူ့ရဲ့စကားကို ပြန်စဉ်းစာ

ကာ ဘရိတ်လျှင်မြန်စွာ အုပ်လိုက်သည်။ လူတွေက တိုးတိုးကြိ

ကြိတ်နှင့် ခေါင်းချင်းဆိုင်သလို ဖြစ်နေသော သူတို့နှစ်ယောက်

စိတ်ဝင်စားလာသည့်ဟန်နှင့် စူးစူးစမ်းစမ်း။

''တော်ပြီဟာ၊ မင်းဘာသာ ဝယ်ချင်တဲ့ဆိုင်မှာ ဝယ်ချင်တဲ့

ပစ္စည်းသာ ဝယ်ခဲ့တော့။ အဝိက,က အမေမှာတဲ့ပစ္စည်းတွေပါဖို့

အဓိကမဟုတ်လား။ ငါ ဆိုင်ကယ်နားမှာပဲ သွားစောင့်တော့မယ်''

''အစ်ကို''

''ဟင်''

သူ သူမရှေ့ကနေ လှည့်ထွက်လိုက်စဉ် နောက်ဘက်

ရပ်နေသော လူကို မြင်လိုက်ရသောအခါ။

*



## အခန်း (၁၅)

''ဟင်''

အံ့ဩသည့်လေသံနှင့် 'ဟင်ခနဲ' အသံ ထွက်သွားရသော်

...ည်း အကြည့်တွေက စူးရှသွားခဲ့သည်။

သူ့ရဲ့ကျောဘက်တွင် ရှိနေသူကတော့ သူ့ရဲ့ တစ်ချိန်က

...ကျော်၊ အခုတော့ သူ့ဖွေကြီးဦးနိုင်ဇော်၏ ချစ်လှစွာသော မယားသီ

...သည်။

ရွှေပင်နားတော့ ရွှေကျေး၊ ငွေပင်နားတော့ ငွေကျေးဆိုသလို

...ဇွေးဇနီးဖြစ်နေသော မိမိကျော်တစ်ယောက်လည်း စိန်နားကပ်

...င်နှင့် ပါးပြောင်နေလေသည်။

တစ်မြို့တည်းနေကြတာ မှန်သော်လည်း သူနှင့်မိမိကျော်

...သည်တွေ့ဆုံစရာအကြောင်း မရှိခဲ့ပေ။ တစ်ခါတစ်ရံ လမ်းတွင်

သူက ကိုယ့်ကို အမှတ်တမဲ့တွေ့တာမျိုး ကိုယ်က သူ့ကို အမှတ်တ
တွေ့တာမျိုးလောက်သာ ရှိခဲ့သည်။

ယခုလို မျက်နှာချင်းဆိုင် တော့တော့ဆိုင်ဆိုင် တွေ့ဖို့ဆိုတ

"ကိုဘုန်း"

"_____"

"ငါတို့တွေ မတွေ့ရတာကြာပြီနော်"

သူ့ဘက်ကတော့ ဘာမှမဖြစ်သူတစ်ယောက်လို ခေါ်
နှုတ်ဆက်နိုင်ပေမယ့် ကိုယ့်ဘက်ကတော့ ထိုသို့ ဘာမှမဖြစ်သ
ခေါ်ပြောနိုင်ဖို့ဆိုတာ ကျင့်သားမရနိုင်သေးပါ။

အင်းလေ ... သူကတော့ စင်ပေါ်တက်ကာ ပန်းကုံးစွပ်
နိုင်ခဲ့သူပဲ။ ကိုယ်ကသာ တော်ရာမှာနေခဲ့ရသူ။ မိန်းမဆိုတာ အ
အချစ်နဲ့ ဘယ်လောက်ပဲ လိပ်ခေါင်းထွက်အောင် ကုန်းအော်
နောက်ဆုံးတော့လည်း အကောင်ကြီးကြီး အမြီးရှည်ရှည် ဒါမှမဟု
သွားမပါရင်နေ ကားပါရင်ပြီးရောဆိုသည့်အတွေးနှင့် နှလုံးသာ
ဈေးကွက်မှာတင်ရောင်းရဲသူ။

ဤသို့သော ဂုဏ်ထူးဝိသေသတွေနှင့် ပြည့်စုံနေသော မိ
တွေကို သူ မပတ်သက်တာ သူ့ရဲ့အလွန်လား။

"နှင့်အလုပ်တွေကော အဆင်ပြေလား"

"ဒီလိုပါပဲ"

မကောင်းတတ်၍ မပွင့်တစ်ပွင့် ဖြေလိုက်သည်။

"အံမယ် ... ဘာ ဒီလိုပါပဲလဲ ကိုဘုန်းရဲ့။ အခု လုပ်ငန်း



မ်းအဆင်ပြေနေတဲ့အကြောင်း ငါ ကြားပါတယ်နော်"

"ဪ"

မိမိအောင်ရဲ့စကားကြောင့် သူ 'ဪ' ဟု ရေရွတ်မိသည်။
ယ်တုန်းကမှ သူ့ဘက်က စတင်နှုတ်ဆက်လာဖို့ အလားအလာမရှိ
 ယခုမှ နှုတ်ဆက်လာခြင်းကို နားလည်သဘောပေါက်သလိုလို
ာသည်။

ကိုယ်နှင့်ပတ်သက်ခဲ့ဖူးသော မိန်းမတစ်ယောက်အပေါ်
သို့ အထင်မသေးချင်ပေမယ့်လည်း အဲဒါဟာ သူမရဲ့စိတ်ဓာတ်
မှုနဲ့ပဲ ဖြစ်သည်။

"အဲဒီလောက်လည်း မဟုတ်ပါဘူး မိမိအောင်။ ဟော့ လာ
ော ... သွားမယ်"

မိမိအောင်ကိုပြောပြီး နောက်ဘက်တွင်ရပ်နေသည့် မိုး
်သည့် ကောင်မလေးကို သူ လှည့်ခေါ်လိုက်သည်။ နှုတ်ဆက်သလို
်ဖြစ်နေပြီမို့ အမှန်ဆို ကိုယ်လိုရာခရီးသို့ ရှေ့ဆက်ရမည်။ သို့သော်
ိအောင်က ရှေ့ဆက်မလှမ်းသေးဘဲ သူ့နောက်ဘက်တွင် ခပ်လျှို့
ျှိုရပ်နေသော မိုးထံသို့ အကြည့်ရောက်သွားသည်။

"သူက ဘယ်သူလဲ ကိုဘုန်း"

ထိုမေးခွန်းရဲ့အတိမ်အနက်ကို သူ ရင်မဆိုင်ချင်။ ဘာရယ်
ာရယ် ပတ်သက်မှုမရှိပါဘဲ 'ဘယ်သူလဲ' ဟုမေးလိုက်သည်။
မေးခွန်းတွင် တစ်စုံတစ်ရာများ စွန်းထင်းနေမလား။

"သူက ... ဪ ... ငါသိပြီ၊ ဟိုကောင်မလေးမလား။

အတိတ်မေ့နေတယ်ဆိုတဲ့ ကောင်မလေးလေ"

"သိနေရင် ပြီးတာပဲလေ။ ဘာလို့မေးနေတာလဲ မိမိ မင်းအလုပ် မင်းဆက်လုပ်ပါလား။ တော်ကြာ တို့လိုလူနဲ့ စကားပြော နေရလို့ မင်းရဲ့ အသရေတွေ ညှိုးနွမ်းကုန်မှာပေါ့"

"ဟင်း ဟင်း ... ကိုဘုန်းရယ် နင်ကလေ အရင်အတိုင်း နော်။ ငါကလေ နှစ်တွေအများကြီး ကြာခဲ့ပြီမို့ နင့်စိတ်တွေ ရင့်ကျက် တည်ငြိမ်လောက်ပြီ အောက်မေ့နေတာ။ ဟင်း ဟင်း ... ခုတော့"

အရယ်အပြုံးမျက်နှာနှင့် သူ့ကို လှလှပပ တိုက်ခိုက်လိုက် သော မိမိအောင်ကြောင့် သူ့ရဲ့ဒေါသကို မထိန်းနိုင်မှုအတွက် အရှုံး ရသွားသလို ခံစားလိုက်ရ၏။

သူမကတော့ ခုချိန်မှာ ကြောင်ကြီးက ကြွက်ကို ကျီစားသလို ကျီစားနိုင်ပေမယ့် သူ့ဘက်ကတော့ မရင့်ကျက်နိုင်သေးခဲ့။ သူမ လုပ်ရပ်အတွက် တွေးလေလေ ခံစားရလေလေ။ သူမအကြောင်း တွေးမိလျှင် သူမနှင့်တွေ့မိလျှင် အနာဟောင်းကို သွားဆွမိသလို တဆတ်ဆတ်နှင့် နာကျဉ်ခံစားနေရဆဲ။

မိန်းမဝိုင်းဟာ ဒီလိုပါလားဟု တွေးပြီး မိန်းမအားလုံး မုန်းတီးမိခဲ့တာလည်း အရင်းစစ် အမြစ်မြေက ဆိုသလို မိမိအောင် ထံမှ မြစ်ဖျားခံခဲ့ခြင်းဖြစ်သည်။

ဒါဟာ သူမကို သတိရ၍ တသသ လွမ်းဆွတ်နာကျင် ခြင်း မဟုတ်။ အိမ်ထောင်ရှိမိန်းမတစ်ယောက်ကို တသသသတိရ လောက်အောင် လောကတွင် မိန်းမတွေမရှားပါ။





သို့သော် ... လုပ်ရက်လေခြင်းဆိုတဲ့ အတွေးတွေကတော့ ကို ဘယ်အချိန်ထိ နှိပ်စက် နေဦးမှာလဲ။

ဖြစ်နိုင်မယ်ဆိုရင်တော့ မုန်းတီးမှုတွေအစား ဥပေက္ခာပြုနိုင် တော့ အကောင်းဆုံးပါပဲ။

"တို့ မင်းနဲ့ စကားရပ်ပြောနေဖို့အချိန် မရှိဘူး မိမိ။ ဆောရီး တို့နှစ်ယောက်ကို အမေ မျှော်နေလိမ့်မယ်။ တို့အိမ်မှာ မိသားစု နီး အိမ်မှာ တစ်ခုခုလုပ်စားဖို့ ဈေးလာဝယ်တာလေ၊ လာ မိုး"

မိမိအောင်ရဲ့ရှေ့မှာပဲ သူ မိုးရဲ့လက်တစ်ဖက်ကို လှမ်းဆွဲ လိုက်သည်။ အံ့ဩသော မျက်လုံးတွေနှင့် စိုက်ကြည့်ကျန်ရစ်ခဲ့ သော မိမိအောင်ကို အပြုံးနှင့် နှုတ်ဆက်ကြည့်ကာ ကျောခိုင်းထွက် ခဲ့သည်။

နောက်ဘက်သို့လှည့်မကြည့်ပေမယ့်လည်း သူတို့နှစ်ယောက် တမင်လှည့်ပြန်ကြည့်နေမည့် မိမိအောင်ကို လှည့်မကြည့်ပေမယ့် ည်း သူ သိနေသည်။

နွေးထွေးနုဖတ်သော လက်တစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင် ဆွဲ က်ဖို့ ဘယ်တုန်းကမှ စိတ်ကူးတွေမရှိခဲ့ပေမယ့် မိမိအောင်ရဲ့ရှေ့မှာ သူ့လုပ်ရပ်အတွက် များစွာကျေနပ်သွားမိသည်။

ခုချိန်မှာတော့ ပတ်ဝန်းကျင်က သူတို့နှစ်ယောက် ဘာလဲ၊ လဲ သို့လော သို့လော ထင်နေချင်တာတွေလည်း ထင်လိုက်စမ်း ။

"အစ်ကို"

"----"

"အစ်ကို မိုးရဲ့လက်ကို လွှတ်ပါတော့"

"ဟင်"

ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်စွာ မိန်းကလေးတစ်ယော ရဲ့လက်ကို နူးညံ့ညင်သာစွာ ဆွဲခေါ်ခဲ့သည်ဟု အောက်မေ့နေခဲ့သည

သူမရဲ့အသံကြားမှ ကိုယ်က ရှေ့က တလှမ်းလှမ လျှောက်နေသမျှ သူမက သူဆွဲခေါ်ရာနောက်သို့ ဒရွတ်တိုက်နီ ပါလာခဲ့သည်။

ဟောဟဲ ဟောဟဲ လေသံလိုက်အောင် သူမ မောနေခဲ့သည ဒီတော့မှ သူ ဘာလုပ်လိုက်မိသလဲဆိုတာ အသိတရားဝင်လာ နွေးထွေးသောလက်တစ်ဖက်ကို လျင်မြန်စွာ လွှတ်ပေးလိုက်သည

"ဆောရီး"

"----"

သူ ဝတ်ကျေတမ်းကျေ တောင်းပန်လိုက်ပေမယ့် သူမ ရပါတယ်။ ဘာညာ အားနာပါးနာ ငြင်းဆိုသံမကြားရပေ။ နီရဲ မျက်နှာက မော့မလာတော့ပေ။

သူ ဆုပ်ကိုင်ခဲ့သော လက်က ဆွဲခြင်းတောင်းကို ပြောင်း ကာ ကျန်လွှတ်နေသော လက်တစ်ဖက်နှင့် သူ ဆုပ်ကိုင်ခဲ့သော ကို ခပ်တင်းတင်း ဖိပွတ်နေပုံက အနေရခက်ခြင်းများစွာကြော လုပ်မိလုပ်ရာ လုပ်လိုက်သည့်ဟန်။

သူ့အတွက်ကတော့ မိန်းမတစ်ယောက်ရဲ့ ရှက်ရွံ့တတ်





က်နှာကို ယခုမှ ပထမဆုံးမြင်ဖူးခြင်းရယ်ပါ။ ရည်းစားထားခဲ့ဖူးသော် ည်း သူငယ်ချင်းဘဝကနေ ရည်းစားဘဝသို့ တက်လှမ်းလာခဲ့သူ ့မို့ သူ မိမိအောင်ရဲ့လက်ကို ဆုပ်ကိုင်လိုက်လို့လည်း မိမိအောင်က က်ကိုးရှက်ကန်း ဖြစ်မနေဖူးပါ။

ထို့ပြင် လူကြီးသူမနှင့် ဆရာတော် သိမည်စိုးသဖြင့် သူတို့ရဲ့ ်သူဘဝဟာ ပြောပြရလောက် တွေ့ဆုံခဲ့ရသောအချိန်၊ နေရက်တွေ သိပ်မရှိခဲ့ပါ။

ထို့ကြောင့် မိန်းကလေးတစ်ယောက်ရဲ့ ရှက်ရွံ့နေသော နံပန်ကို မြင်ဖူးခဲ့တာ ယခုမှ ပထမဆုံးပါဆိုလို့ လူတွေယုံကြပါ့ သား။

ရှက်ရွံ့အနေခက်နေသော သူမကို ဒီထက်မက တောင်းပန် က်သင့်သော်လည်း နောက်ထပ် တောင်းပန်စကားဆိုဖို့ သူ မစဉ်း းတော့။

တောင်းပန်စရာ ဘာလိုလို့လဲဟု တွေးလိုက်လျှင် ကိုယ်တွေ ပေါ် မှိုမှိုအားထားနေသော တစ်ဖက်မိန်းကလေးကို အနိုင်ယူရာ နေပြီလား။ ထားပါတော့လေ။

"ကဲ တက် . . . အမေက မျှော်နေတော့မှာ"

"---"

"ဟာ . . . ဟော့ မြန်မြန်တက်လေကွာ။ ဆင်မယဉ်သာ လုပ် နေနဲ့။ မင်း ဆင်မယဉ်သာလုပ်နေလို့လည်း ဘယ်ဆင်ကြီးမှ မင်း နောက်ကို လိုက်မှာမဟုတ်ဘူး"

ထုံးစံအတိုင်း သူ့ရဲ့ဝေါက်ဆတ်ဆတ်လေသံက ထွက် လာသည်။ အပြန်လမ်းမှာတော့ အသွားခရီးတုန်းကလို တိတ်ဆိတ် တိတ်ဆိတ်နေလျက်။ တိတ်ဆိတ်ပုံချင်းကတော့ မတူပေ။ သူ လည်း သူ့အတွေးနှင့်သူ၊ ကိုယ်ကလည်း ကိုယ့်အတွေးနှင့်ကိုယ်

*

## အခန်း (၁၆)

ဒီနေ့ ဈေးထဲမှာဖြစ်သွားသည့်အဖြစ်အပျက်တစ်ခုအတွက် န်လှုပ်အံ့အားသင့်ရပါသည်။

ချောမောလှပသော အမျိုးသမီးက ကလေးနှစ်ယောက်အမေ သင်စရာမရှိအောင် နုပျိုပါသည်။ အင်း အစ်ကိုခံစားရမယ်ဆိုလည်း းရလောက်ပါတယ်လေ။

ပွဲကြည့်ပရိသတ်ဖြစ်ခဲ့ရသော မိုးကတော့ သူတို့နှစ်ယောက် အပြန်အလှန် အကဲခတ်မိပါသည်။ မိုးအပေါ်မှာ ဒေါသကြီးတတ် လည်း ထိုအမျိုးသမီးရှေ့ရောက်တော့ စကားလုံးတိုင်းတွင် က်ဒေါသမပါ။

အင်းပေါ့လေ၊ အချစ်ကြီးလို့ အမျက်ကြီးနေခဲ့တာနေမှာပေါ့။

သို့သော် မထင်မှတ်သော သူ့ရဲ့လုပ်ရပ်တွင် မိုးက ဓားစာခံ

ဖြစ်ရ၏။ ယခုထက်ထိလည်း ထိုလုပ်ရပ်အပေါ် နားမလည်နိုင် ဖြစ်နေ
ရသည်။ ဘာဖြစ်ချင်၍ သူ ထိုသို့လုပ်ရတာပါလိမ့်။

ဒေါ်မိမိအောင် မခံချင်စိတ်တွေဖြစ်သွားအောင်လား။ မခံချင်
စိတ်ဖြစ်တော့ကော အိမ်ထောင်သည်ဖြစ်နေပြီဖြစ်သော အမျိုးသမီး
ဘာလုပ်နိုင်တော့မှာလဲ။

ပြောလို့သာပြောရတာ။ သူ့ရဲ့လုပ်ရပ်ကလည်း တော်တော်
ထိရောက်ကြောင်း မိုး လက်မခံချင်ဘဲနှင့် လက်ခံလိုက်ရပါသည်။

သူ မိုးရဲ့လက်ကိုဆွဲပြီး ထွက်လာချိန် မျက်စိမျက်နှာပျက်
ကျန်ခဲ့သူမှာ ဒေါ်မိမိအောင်။ အချစ်ရေး အိမ်ထောင်ရေး
အကြောင်း မိုး ဦးနှောက်နှင့် လိုက်မမီပေမယ့် တစ်စုံတစ်ရာကို
ရေးရေးလေး သဘောပေါက်မိသလို ရှိပါသည်။

ဒေါ်မိမိအောင်တစ်ယောက် သူကသာ ချစ်သူကို နေရစ်
လေ ပြောပြီး သူမကတော့ ရွှေအိမ်ဘုံမြင့် ခုနစ်ဆင့်ထက် လှမ်းတက်
ခဲ့သူ။ ကျန်နေခဲ့သော ချစ်သူက သူ့အပေါ် တသသဖြစ်နေခြင်းအပေါ်
မှာ ဂုဏ်ယူနေချင်သေးသည့် လက္ခဏာက အပြည့်။ ထိုသို့သော
အတွက်လည်း ကြောက်စရာတော့ တော်တော်ကောင်းပါသည်။

အခုကျတော့ အပြန်လမ်းခရီးမှာ တစ်ယောက်မျက်နှာ
ယောက်က မကြည့်ရဲစွာ အနေခက်ခဲ့ရသူက သူနှင့်မိုး။ သူ့ကို
လည်ပေးဖို့ ကြိုးစားမိပေမယ့် အပျိုစင်သွေး မိုးကတော့ အထိအတွေ့
တွေ တစ်ခုမှ ထိတ်လန့်ခဲ့ရကာ ယခုထက်ထိ ရင်ခုန်သံမပြယ်သေး

အိုး . . . ဒါမျိုးဖြစ်စရာလား။





မိုး ကိုယ့်အတွေးကို ကိုယ် ခေါင်းအလျင်မြန် ယမ်းပစ်လိုက်မိ
သည်၊ သို့သော်လည်း သူ့ရဲ့ပုံရိပ်က မိုးရဲ့အာရုံထဲ အတင်းတိုးဝင်လာ
သည်။

အရပ်မြင့်မြင့်၊ အသားလတ်လတ်နှင့် သူ့ဟန်က အလုပ်များ
းမနေ လုပ်နေတတ်သဖြင့် တောင့်တင်းသော Body struc-
re ရှိသည်။

စူးရှတည်တင်း မှန်ကုတ်သော မျက်နှာထားအစား မျက်နှာ
ပြုံးချိုချို နေတတ်လျှင် လူချောစာရင်းဝင်မှာ သေချာသည်။
မျက်နှာပေါက်က ထူးပြီး ပြောစရာမရှိသော်လည်း မသိမသာ ခပ်ရေး
ပါနေသော ဘယ်ဘက်က ပါးပြင်ထက်က ပါးချိုင့်ကတော့ ပြုံး
လိုက်လျှင် အတော်ကြည့်ကောင်းသည်။

ပြုံးရယ်ခဲလှသူမို့ ထိုပါးချိုင့်ကို တော်ရုံတန်ရုံ တွေ့ရခဲသည်။

သူကိုယ်တိုင်လည်း မနက်ခင်းက သူ့ရဲ့လုပ်ရပ်ကြောင့် မိုးကို
မျက်နှာပူသွားလားမသိ။ ဈေးကပြန်လာကတည်းက သူ့အခန်းထဲမှ
ထွက်တော့ပေ။

"သားရဲ့အကျင့်ကောင်းတစ်ခုကတော့ အလုပ်အားလပ်ချိန်
 အိမ်မြဲနေတာပဲ သမီးရဲ့။ သားအိမ်မြဲနေတော့ အမေ မစိုးရိမ်ရတော့
ပေါ့။ အပြင်ထွက်နေရင် ဘယ်မှာဘာဖြစ်နေမလဲဆိုပြီး စိုးရိမ်ပူပန်
ရတာ။ သားမှာက ကျောင်းပြီးကတည်းက အလုပ်ထဲ စိတ်နှစ်ထား
တော့ အပေါင်းအသင်းအတွက် အချိန်မပေးနိုင်တော့ဘူးလေ။
နိတော့ အဲဒါက ကောင်းတော့ မကောင်းဘူး။ သူ့မှာ အပေါင်း

အသင်းတွေနဲ့ သွားဟယ် လာဟယ် သိပ်မရှိတော့လို့ အထီးကျန်ဆန်နေသလို ဖြစ်နေတာလေ"

"ကျောင်းတက်တုန်းက သူငယ်ချင်းတွေတော့ ရှိတယ်မလား အမေရဲ့"

"အင်း ... ရှိတယ်ဆိုတာကလည်း လက်ချိုးရေလို့တောင် ရပါရဲ့။ သူငယ်ချင်းတွေဆိုတာကလည်း ကိုယ့်ရဲ့အလုပ်နဲ့ကိုယ်ဆိုတော့ ဘယ်မှာလာတွေ့ဆုံနိုင်တော့မှာလဲ။ အဲဒါကြောင့်လည်း မောင်ဘုန်း တစ်ယောက် ပေါင်းသင်းဆက်ဆံရေးမှာ အားနည်းနေတာလေ။ သူနဲ့ မရင်းနှီးတဲ့သူဆို သူ့ရဲ့မျက်နှာထား၊ သူ့ရဲ့ဆက်ဆံရေးကြောင့် မိတ်ပျက် ရတာတွေရှိတယ်။ အင်း ... ဒါလည်း ပြင်ရကောင်းမှန်းမသိပါဘူး"

"ဪ ... ဒါကလည်း အဲဒါက အစ်ကိုနေတတ်သလိုနေ တာပဲ နေမှာပေါ့ အမေရယ်။ တချို့ကျတော့ သူတို့နေတတ်သလို နေရင်းနဲ့ လူတွေက တစ်မျိုးထင်တတ်ကြတယ်လေ။ အဓိက,ကတော့ စိတ်ရင်းကောင်းဖို့က အဓိက မဟုတ်လား အမေရယ်"

မိုးက ဘာရယ်မဟုတ် ကိုယ်ကလည်း သူ့ရဲ့ တည်တင်းထေ သော မျက်နှာထားကို ကြောက်နေလျက်နှင့် သူ့ဘက်ကနေ ဝင်ကာ ပြောမိသည်။

လောကမှာ ယောက်ျား ဘယ်နှစ်မျိုးစားရှိသလဲမသိပါ။ ဒါပေမဲ့ သူ့ဟန်ပန်အတိုင်း ခပ်တည်တည်နေတတ်၊ ပါးစပ်က ပြော တတ်ပေမယ့် စိတ်ရင်းမှာတော့ အရမ်းမဆိုးလှသော အစ်ကိုသည် မိုးအတွက်တော့ လူဆိုးစာရင်းဝင်သူတစ်ယောက် မဟုတ်ပါ။





"စိတ်ရင်းကောင်းဖို့ အဓိကဆိုတာ မှန်သင့်သလောက်တော့ မှန်ပါတယ်။ ဒါပေမဲ့ ကိုယ် ဘယ်လောက်ပဲ စိတ်ရင်းကောင်းကောင်း လူမှုဆက်ဆံရေးပိုင်းမှာ သူက သုညအောက်ရောက်နေရင်တော့ စိတ် ရင်းကောင်းတာဟာလည်း အလကားပါပဲ။ စိတ်ရင်းလေးတော့ ကောင်းပါရဲ့ အပြောကတော့ဆိုး။ မျက်နှာထားကလည်းဆိုးနေရင် ဘယ်သူက သူ့ကို လေးစားခင်မင်ချင်မှာလဲ"

"----"

"ဒါကြောင့်လည်း ဘာသာတရား အယူဝါဒမှာတောင် ပေါင်း သင်းဆက်ဆံရေးနဲ့ ပတ်သက်ပြီး မြတ်စွာက လူတွေအတွက် သီးသန့် ဟောခဲ့တာပေါ့ သမီးရယ်။ ဘာသာတရား ရှုထောင့်က ကြည့်မယ်ဆို ရင်လည်း လူ့လောကမှာ ပေါင်းသင်းဆက်ဆံရေးက အရေးကြီး တယ်။ ဒီလောကထဲမှာ ကိုယ်တစ်ယောက်တည်းနေတာမှ မဟုတ်တဲ့။ နောက်ပြီး သမီးပြောခဲ့သလို ဒါဟာ သားရဲ့မူရင်းစိတ်ဓာတ်အမှန် မဟုတ်ဘူးကွဲ့"

"ရှင်"

"ဟုတ်တယ်၊ တကယ်တော့ သားက ပျော်ပျော်နေတတ် တဲ့သူပါ။ ဘယ်သူ့အပေါ်မှလည်း စိတ်မဆိုးတတ်၊ ဒေါသမထွက် တတ်ခဲ့ပါဘူး။ ဒါကြောင့်လည်း မိမိအောင်ရဲ့ ချေးနိုင် သေးနိုင် နိုင် တာကို ခံခဲ့ရတာပါ။ နောက် ကိုယ့်ကိုယ်ကျိုးအတွက် သိပ်မတွေးဘဲ ကူညီတတ်တဲ့သူပါ။ သူ ဆယ်တန်းအောင်အောင် ထောက်ပံ့ပေးခဲ့တဲ့ ဆရာတော်ကျောင်းမှာလည်း အမြဲတမ်း လုပ်စရာရှိတာ သွားလုပ်ပေး။

ကူစရာရှိတာ သွားကူပေးဖို့ ဘယ်တော့မှ မညည်းညူခဲ့ဘူး။ အ
နောက် မိမိအောင် အိမ်ထောင်ပြုသွားမှ သူ့ပုံစံပြောင်းသွားခဲ့
ပြောင်းလဲသွားခဲ့တာက ဖြေးဖြေးချင်း ပြောင်းလဲတာ မဟုတ်
သမီးရဲ့။ သုံးနှဲ့လေးလို လုံးဝဆန့်ကျင်ဘက်ကြီးကို ဖြစ်ရော၊ မွေး
တဲ့အမေတောင် သူ့ရဲ့စိတ်ကို လိုက်မမီနိုင်တော့ဘူး။ တစ်ခု
ကောင်းတယ်။ သူ ဘယ်လိုပဲပြောင်းပြောင်း အမေ့ရဲ့စကားတွေ
တော့ အမြဲအလေးထားတယ်''

ညဘက် မိုးနဲ့အမေ ဝီးလင်းဖိုနားမှာ မီးလှုံရင်း စကား
ရင်း ရှိနေချိန် သူကရောက်လာသည်။ မနက်က အမေလုပ်ကျွေး
တို့ဖူးခေါက်ဆွဲကို ထွက်စားပြီး အခန်းထဲ ပြန်ဝင်သွားခဲ့သည်။

အမေကတော့ သူ့ရဲ့အခန်းထဲဝင်လိုက် ထွက်လိုက်ရှိနေ
မယ့် မိုးကတော့ သူထွက်မလာတာပဲ ခပ်ကောင်းကောင်းဟု
လိုက်မိသည်။

သူ ဆုပ်ကိုင်ခဲ့သော လက်ချောင်းတွေကို ကျန်လက်
ဖက်နှင့် ဆုပ်ကိုင်လိုက်သည်။ နွေးထွေးကျယ်ပြန့်သော လက်ဖ
ဆုပ်ကိုင်မှုအောက်မှာ မိုးရဲ့ရင်ခုန်သံတွေ မြန်ဆန်ခဲ့ဖူးသည်။

မိုးရဲ့မမြင်ရသောအတိတ်ဘဝမှာ မိုးယောကျ်ားလေး မိတ်
မရှိခဲ့ဖူးဘူးလား။ ဒါမှမဟုတ် ချစ်သူမရှိခဲ့ဖူးဘူးလား။ ဘုရားရေ
မိုး မိုးသိချင်လိုက်တာ။ အဲဒီအတိတ်ဘဝမှာ မိုးကို ပိုင်ဆိုင်တဲ့သူ
ရှိနိုင်သလား။ ဒါမှမဟုတ် ချစ်သူပေါ့။

ချစ်သူဆိုတဲ့အတွေးကြောင့် မိုး ဘယ်ဘက်လက်သူကြွယ်





ကာယာ ငုံ့ကြည့်လိုက်မိသည်။ မိုးရဲ့ဘယ်လက်သူကြွယ်တွင်
 မြုပ်ထားသော ပလက်တီနမ်လက်စွပ်လေး။

များသောအားဖြင့် လူတွေက ပြောပြောနေတတ်တာ မိုး
ဖူးသည်။ လက်သူကြွယ်မှာ လက်စွပ်ဝတ်ရင် စေ့စပ်လက်စွပ်တဲ့။
ကယ်ပဲ မိုးရဲ့အတိတ်မှာ မိုး စေ့စပ်ဖူးသူရှိလား။

အိုး မဖြစ်နိုင်တာ။ မိုးမှာ စေ့စပ်ထားတဲ့သူရှိရင် မိုးပျောက်
သော လေးငါးလလောက်ရှိနေခဲ့ပြီ။ အဲဒီလူက ဘာလို့ မိုးကို လိုက်
ရှာရတာလဲ။

မဟုတ်သေးဘူးနော်။ မိုး စိတ်ကူးယဉ်နေတာများ သွားပြီ
င်တယ်။ လက်ခလယ်မှာ မတော်၍ လက်သူကြွယ်မှာ ပြောင်းလဲ
ခဲ့တာလည်း ဖြစ်နိုင်သော လက်စွပ်ကို ဘာကြောင့် စေ့စပ်လက်စွပ်
တွေးယူပစ်လိုက်ရတာလဲ။ နောက်ပြီး မိုးမှာ အဲဒီလိုဇာတ်လမ်း
ခဲ့လောက်ဘူးဆိုတာ မသိစိတ်ကနေ အလိုလိုသိနေခဲ့သည်။

မဟုတ်ဘူး။ မရှိဘူး။ မဖြစ်နိုင်ဘူး။

ကိုယ့်ရဲ့အတွေးကိုပဲ ကိုယ်ထိတ်လန့်ခဲ့ရကာ မိုး ထိုအချိန်
တည်းက လက်စွပ်ကိုချွတ်ကာ သိမ်းထားပစ်လိုက်၏။ တစ်စုံတစ်
ယောက် အထင်လွဲသွားမှာ မခံနိုင်တာ ဘာကြောင့်လဲ။

''အိပ်လို့မပျော်ဘူးလား သား။ စောစောက ဝင်လာကြည့်
သေးတယ်။ ငါ့သား အိပ်ပျော်နေတယ်လို့ အမေက ထင်နေတာကွဲ့''

''မအိပ်သေးပါဘူး အမေ''

''အမေ ဘုရားသွားရှိခိုးလိုက်ဦးမယ်။ သမီးရေ သမီးလည်း

အိပ်ချင်အိပ်တော့နော်၊ အမေ့ကို စောင့်မနေနဲ့''

''ဟုတ်ကဲ့ အမေ''

အမေက ဘုရားရှိခိုးရန် အိပ်ခန်းထဲသို့ ဝင်သွားလေသည် မိုးနှင့် ခပ်စောင်းစောင်းနေရာတွင် သူ ဝင်ထိုင်လိုက်တော့ မိုး ဘာထ ၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။

မနက်က အဖြစ်အပျက်ကို ပြန်တွေးမိတော့ မျက်နှာတစ်ပြ လုံး ထူပူနီရဲသွားသလို ရင်ခုန်သံတွေကပဲ မမှန်ချင်သလိုလို၊ အတွေ တွေက ဤနေရာမှ ထဖို့တိုက်တွန်းနေသလိုလို။

''နေဦး''

''ရှင်''

မတ်တတ်ထရပ်လိုက်စဉ် သူ့ထံမှ တားမြစ်သံကြောင့် မိုး လှုပ်ရှားမှုတွေ ရပ်တန့်သွားလေသည်။ သူ့ဘက်သို့ သေချာမလှည့် သော်လည်း မိုး ဖြည်းဖြည်းချင်း ပြန်ထိုင်လိုက်သည်။

*



## အခန်း (၁၇)

''မနက်က ကိစ္စအတွက် ငါ မင်းကို တောင်းပန်ပါတယ်''

သူ့မှာတောင်းပန်ရမယ့် ဝတ္တရားရှိသည်ဟု ယူဆမိသဖြင့် ...င်းပန်ခြင်းဖြစ်သည်။ သူကိုယ်တိုင်လည်း ဒီနေ့တစ်နေ့လုံး အနေ ...ခြင်းတွေနှင့် စိတ်ဖွဲ့ခဲ့ရသည်။ တစ်ဖက်မိန်းကလေးကို အသုံးချခဲ့ ...ဲ့ ဖြစ်သွားရခြင်းအတွက်လည်း အပြစ်မကင်းသလို ခံစားနေရ ...ည်။

သူမဘက်သို့ လှည့်ကြည့်မိတော့ သူမက မီးတောက်တွေကို ...င်း ငြိမ်သက်နေသည်။ မီးတောက်တို့က သူမရဲ့ မျက်နှာပြင်ထက် ...င်းရောင်ထင်ဟပ်နေစေလေသည်။

သွယ်လျသော လက်ချောင်းတွေကို ဆုပ်လိုက် ဖြန့်လိုက် ...ဘက်မှာ ကာလိုက်နှင့် အလုပ်တစ်ခုလို လုပ်နေခဲ့သည်။ လှုပ်ရှား

နေသော လက်ချောင်းတွေမှအပ သူမပုံစံက ပန်းပုရုပ်ထု၍ ပင်
ထားသလို။

ပါးပြင်တို့သည် မီးအလင်းရောင်နှင့် ပြောင်လက်ဝင်းမွတ်
သည်။ သနပ်ခါးအကြွင်းအကျန်တို့တောင် ရှိမနေတော့ပေ။ သူ
စကားကို မည်သို့မှ မှတ်ချက်မပေး။ အင်း အဲ မလုပ်ဘဲ ငြိမ်သက်
ခြင်းကို ကြာလာတော့ သူ သည်းမခံနိုင်သလို ဖြစ်လာသည်။

"ဟိတ်"

"-----"

"ဒီမှာ မင်း စကားတော့ပြောတတ်ပါတယ်နော်"

"မိုးက ဘာပြောရမှာလဲ"

"ဟာကွာ"

ဒီကောင်မလေး သူ့ကို စိတ်မတိုတိုအောင် ဆွဲစနေသလို
လား။ ဒီလောက် ခက်ထန်နေသော လူ ဘယ်လိုအင်အားတွေနှ
တောင်းပန်စကားပြောသလဲ နည်းနည်းမှ ထည့်မတွေးဘဲ တုံ့ပြန်လို
ပုံက ပေါ့ပျက်ပျက်။

ကိုယ်က ကောက်ရိုးတွေ စုပုံထား။ မီးစတစ်စကျလျှင် ဟုန်
ခနဲ တောက်လောင်ဖို့ အဆင်သင့်ရှိနေတတ်သော လူတစ်ယော
ဆိုလျှင် မထုံတတ်သေးဟန်နှင့် မျက်တောင်မခတ်စတမ်း ငြိမ်နေသေ
သူမကတော့ ရေခဲတုံးပေါ် ဖင်ခုထိုင်ထားသလိုဟု ပုံနိုင်းပစ်လို
သည်။

"မနက်က"





"မနက်ကကိစ္စဆိုရင် တောင်းပန်စရာ လိုကိုမလိုပါဘူး
ကို။ အဲဒါပဲဆိုရင် မိုးကို ခွင့်ပြုပါဦး"

"နေဦး"

"ဘာပြောစရာ ကျန်သေးလို့လဲ အစ်ကို"

"ပြောစရာကျန်သေးတယ်"

ပြောစရာကျန်သေးတယ်ဟုပြောပြီး ဆက်မပြောဘဲ စကား
ချလိုက်သောသူ့ကို သူမ ပထမဆုံးအကြိမ် လှည့်ကြည့်လာသည်။

မျက်ခုံး ခပ်ထူထူနှင့် မျက်တောင်ကော့ကော့တို့သည် ဝိုင်း
သော သူမရဲ့မျက်လုံးအလှတွေကို ထောက်ပံ့အားဖြည့်ပေးနေ
သို့လို။

"ဟုတ်တယ် . . . ကျန်သေးတယ်။ အဲဒီစကားကို ဒီနေ့ပြော
ပြောမှဖြစ်လိမ့်မယ်လို့ ငါ ယူဆထားတယ် မိုး။ ထားပါတော့၊
မက မင်းကို မိုးလို့နာမည်ပေးထားတော့ ငါကလည်း မိုးလို့
ရတော့မှာပဲ။ အခု ငါပြောမယ့်စကားကို မင်း စိတ်မဆိုးဘဲ
လောက် သည်းခံပြီး နားထောင်ပေးပါ"

"ပြောပါ အစ်ကို"

ပြောပါလို့ သူမဘက်က လိုလိုလားလား တိုက်တွန်းလာပေ
သို့ သူ့နှုတ်က ရှောရှောရှူရှူ ထွက်သွားဖို့ကျတော့ မဝံ့မရဲ သူ
ရားပါ့မလား။

သူမကတော့ သူ့ရဲ့စကားကို စိတ်ဝင်စားသလို အကြည့်မလွှဲ။
ကျတော့ သူမရဲ့အကြည့်ကို ရင်မဆိုင်ရဲ။ အမေရဲ့ ဘုရားစာ

ရှုတ်သံက အရှိန်မှန်စွာ ထွက်ပေါ်လာဆဲ။

"မင်း . . . မင်းရဲ့အတိတ်နဲ့ပတ်သက်ပြီး ဘာကိုမှ မသိ[illegible]ပြီး ရင်နာလွန်းလို့ ရယ်မိတာပါ"

သေးဘူးလား"

"ပြော်"

မမျှော်လင့်သော စကားကြောင့်ထင်ရဲ့ သူမမျက်နှာက ထိ[illegible]

ချုပ်ခြင်းကင်းစွာ မျက်နှာပျက်သွားသည်။ သူကလည်း စပြီးမှတော့[illegible]

ဆုံးအောင်ပြောရတော့မှာမို့ သူမကို လုံးဝရင်ဆိုင်မကြည့်ဘဲ -

"မင်းရဲ့အတိတ်နဲ့ပတ်သက်ပြီး ဘာမှ ရိပ်ဖမ်းသံဖမ်းတောင် မသိရသေးဘူးလား"

"အစ်ကို ဘာကိုဆိုလိုချင်တာလဲ"

"ငါ ဘာကိုဆိုလိုချင်တာလဲဆိုတာ မင်းသိပါတယ်။ ဒါပေမဲ့ အဲဒီအရာကို ငါ့နှုတ်က ထွက်လို့မဖြစ်ဘူး။ အမေ့ကို ငါကတိပေးထား[illegible]တယ်"

"ဒါဆို မိုးရဲ့နှုတ်က ထွက်စေချင်တာလား"

"------"

"ဟင်း ဟင်း ဟင်း"

ရယ်သံကြောင့် သူ သူမထက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ သူမ၏ရယ်သံမှာ ရယ်သံနှင့်မတူဘဲ နာကျင်စွာ ညည်းတွား[illegible]လိုက်သံနှင့်တူလေသည်။

"မင်း မင်း ဘာလို့ရယ်နေတာလဲ။ ငါ့စကားထဲမှာ ဘာရယ်[illegible]စရာပါလို့လဲကွ"





"အစ်ကို့စကားမှာ ရယ်စရာမပါပါဘူး။ မိုးက မိုးဘဝကို [illegible]ပြီး ရင်နာလွန်းလို့ ရယ်မိတာပါ"

"ဟင်"

ခပ်မာမာစကားသံနှင့်အတူ သူမမျက်ဝန်း၌ ရစ်ဝဲနေသော [illegible]ရည်စတွေကြောင့် သူလန့်သွားသည်။ သူ အိပ်ခန်းဘက်သို့ [illegible]ကယာ လှည့်ကြည့်လိုက်မိသည်။ မတော် အမေထွက်လာလို့ [illegible]ငိုနေတာသိသွားလျှင် သူ့ကိုဆူပူတော့မည်။

"မိုးရဲ့ဘဝက ဘယ်ကိုသွားလို့ ဘယ်ကိုလာရမှန်းမသိတဲ့ [illegible]ပါ။ မိုးကို ကယ်တင်စောင့်ရှောက်ထားတဲ့အမေ့ကို မိုး ကျေးဇူး[illegible]းတင်တယ်၊ လေးလည်းလေးစားပါတယ်။ ဒါပေမဲ့ မိုးက [illegible]သည်ပါပဲလေ။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရတာ[illegible]ပါပဲ။ အလိုက်မသိစွာ အကြာကြီးခိုကပ်နေလို့ အိမ်ရှင်က [illegible]ပေးရတာပါ။ အိမ်ရှင်မှာအပြစ်မရှိပါဘူး။ အလိုက်မသိတဲ့ [illegible]သည်ရဲ့အပြစ်ပါ"

"ဒီမှာ မိုး . . . မင်းမှာလည်း အပြစ်မရှိဘူး။ ငါတို့မှာလည်း [illegible]မရှိဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်ကိုတော့ ငါတို့ မေ့ထားလို့ [illegible]ဘူး။ အရင်တုန်းက မင်းကိုဆက်ပြီး လက်ခံထားခဲ့တာက မင်း [illegible]ရေး အရှင်းမကောင်းသေးလို့။ အခု မင်း အတိတ်ကို သတိ [illegible]လာသေးတာကလွဲရင် မင်း . . . မင်းရဲ့ဘဝကို ရပ်တည်နိုင်

"ဟုတ်ပါတယ်"

"မင်း ငါတို့အိမ်မှာနေလို့ ငါက ထမ်းပိုးထားရတာ မဟုတ်ပေမယ့် မင်းအတိတ်က ဘယ်တော့သတိရမှာလဲ။ ဘယ်တော့လူတွေရဲ့ဟိုလိုလို ဒီလိုလိုအကြည့်ဒဏ်ကနေ လွတ်မြောက်ခွင့်ရမှာလဲ"

သူကတော့ လုပ်သင့်သလား။ မလုပ်သင့်သလား။ တရားသလား။ မတရားသလား။ မစဉ်းစားတော့ဘဲ ခုရှုပ်မှနောက်ရှင်း ခပ်ပြတ်ပြတ် လုပ်တာက အကောင်းဆုံးဖြစ်မည်။

သံယောဇဉ်ဆိုတာ မီးလိုပူလောင်ပါတယ်တဲ့။ အဲဒီသံယောဇဉ်ကြီး မတင်းခင်မှာ ကိစ္စပြီးအောင် လုပ်ပစ်တာက အကောင်းဆုံးဖြစ်မည်။

ယခုဆို အမေ သူမအပေါ်မှာ ဘယ်လောက်ထိ သံယောဇဉ်ဖြစ်နေသလဲဆိုတာ သူအသိ။ သူကိုယ်တိုင်ကကော?။ မုထုလ်ယောကျ်ားနှင့်မိန်းမ၊ သူစိမ်းတွေ ဘယ်လောက်ထိ ကြာကြာ ဒီအိမ်မှာ အတူတူနေရဦးမှာလဲ။ ကြာလာလေလေ သံယောဇဉ်တွယ်လေလေ ဆိုပေမယ့် သူမက အတိတ်ကိုမေ့နေသူ။

အတိတ်မေ့နေသူတစ်ယောက် အတိတ်ကို ပြန်လည်သတိရသွားတဲ့အခါ သူ ဆေတ္တခဏမှီနားခဲ့သော အသိုက်အမြုံကို ပစ်ခွာသွားခဲ့တာဟာ မေ့တာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် အဲဒီရဲ့ မေ့တာတရားကို သူ လက်မခံနိုင်ပေ။

အဆုံးစွန် သူမအပေါ် သမီးရင်းတစ်ယောက်လို တွယ်တာနေသော အမေ့ရဲ့သံယောဇဉ်တွေ ဒီထက် မရှင်သန်စေချင်တော့ပေ





ကိုယ်တိုင်ကကော။

"ဒီလိုပြောရတဲ့အတွက် ငါ စိတ်မကောင်းပါဘူး။ ဒါပေမဲ့

"မိုး နားလည်ပါတယ်"

"ငါ့ရဲ့စကားတွေကို စိတ်ဆိုးပြီး မင်း ငါတို့မသိချိန်မှာ ထွက်သွားပါနဲ့နော်။ အဲဒီလိုဆိုရင်တော့ အမေသာမက ငါလည်း စိတ်ကောင်းမှာ မဟုတ်ဘူး"

"ဒါပေမဲ့ . . . အမေ့ကို မျက်နှာပြောင်တိုက်၊ မျက်နှာချင်းဆိုင်ရပ် ကျွန်မ ထွက်သွားတော့မယ် အမေလို့ ပြောရလောက်အောင်လည်း ကျွန်မရဲ့အသည်းက မမာဘူး ကိုဝေဘုန်းမောင်၊ ရှင့်ရဲ့ဆိုရင်း အဓိက,က ကျွန်မ ဒီအိမ်က ထွက်သွားဖို့ပဲ မဟုတ်လား။ ...မဘာသာ မမြင်ကွယ်ရာအရပ်ကပဲ ထွက်သွားသွား။ ဘယ်ပုံစံနဲ့ ထွက်သွားသွား အဲဒီလောက်အထိ လိုက်မကန့်သတ်ပါနဲ့တော့"

"ဟာ"

သူ့ကိုဆို ဘယ်တော့မှ စကားရဲရဲငုံ့ မဆိုခဲ့သော မိန်းကလေးယခုကျတော့ သူ့ကို ဒေါသနှင့် အော်လို့ ငေါက်လို့။ နောက် ...တစ်ယောက်ရဲ့မျက်ရည်ဟာ လက်နက်ဆိုတာ မယုံကြည်ခဲ့ဘူး ...မယ့် ယခုမိန်းကလေးတစ်ယောက်ရဲ့ မျက်ရည်တွေကို ထိုင်ကြည့်...တာကျတော့ လူစိတ်ကင်းမဲ့နေရာကျနေပြီလား။

ဟာ . . . ဘာဆိုင်လို့လဲ။ မိန်းမတွေ မျက်ရည်ကျတိုင်း ...ားရရင် ဒီကမ္ဘာပေါ်မှာ မျက်ရည်ကျတတ်တဲ့ မိန်းမတွေပဲ

သနားစရာ ဖြစ်နေပြီ။ မျက်ရည်မကျတတ်တဲ့ ယောက်ျားတွေကျ တော့ သနားစရာ မဟုတ်တော့ဘူးပေါ့။

ဟိတ်ကောင် ဝေဘုန်းမောင် . . . မင်း ဆုံးဖြတ်ချက်တွေကို ပြောင်းစရာမလိုဘူး။ ယိုင်နဲ့စရာ မလိုဘူးနော်။ အဲဒါ မင်းကို မျက်ရည် ခံထိုးနေတာကွ။

ပြောတုန်းကပြောထွက်ခဲ့ပေမယ့် အခုကျတော့ သူ့ရဲ့သိစိတ် နှင့် မသိစိတ်က လွန်ဆွဲနေခဲ့သည်။

"ဘာပဲဖြစ်ဖြစ် မိုး အမေ့ကို မျက်နှာချင်းဆိုင် နှုတ်မဆက် နိုင်တဲ့အတွက်တော့ ခွင့်လွှတ်ပေးပါ။ ဟုတ်ပါတယ်၊ မိုးအပေါ် လေး ငါးလလောက် မညည်းမညူနဲ့ လက်ခံထားပေးတဲ့အတွက် ကျေးဇူး တင်ရမှာပါ။ အစ်ကိုပြောသလို မနက်ဖြန်ချိန်ခါထိ မစောင့်နိုင်တော့ဘဲ တော့ တောင်းပန်ချင်ပါတယ်။ မိုးအပေါ် မလိုလားတဲ့နေရာမှာ ဆက် နေရအောင် မိုး အရှက်မမဲ့ချင်ပါဘူး။ မိုး အစ်ကိုတို့အပေါ်မှာ ပြောမှား ဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပေးပါ အစ်ကို"

"ဟာ ဟော့ ဟော့ . . . မင်း ငါ့ကို ကန်တော့စရာမလိုပါ ဘူး"

သူ့ကို ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်သော မိန်းကလေး ကြောင့် သူ လက်တကာကာ ခြေတကာကာ ဖြစ်သွားရ၏။ သူမ ကန်တော့ရလောက်အောင် ကိုယ်က မဖြူစင်ခဲ့တာ ကိုယ့်ကိုယ်ကိုယ် သိနေခဲ့သည်လေ။

သူမရောက်ကတည်းက မလိုလားသည့်အရိပ်အယောင်တွေ





...ကာ သူမ ဒီအိမ်ကထွက်သွားဖို့ နေ့စဉ်နှင့်အမျှ ဆန္ဒရှိနေခဲ့သူ။

ယခု ပြန်လည်၍ ထိုအတွေးတွေ ဝင်လာချင်ကာ အဖိုနှင့် ...မ သူစိမ်းတွေ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ...သို့အရေး ဖြစ်လာမည်စိုးရိမ်၍ ကိုယ့်ဘာသာ အမေမသိအောင် ...ပ်မိလုပ်ရာ လုပ်ခဲ့မိခြင်း ဖြစ်သည်။

တကယ်လို့ မနက် အမေနိုးလာ၍ သူမ မရှိတာသိလျှင် ...မ ဘယ်သူကြောင့် ထွက်သွားသလဲဆိုတာ အမေ သေချာပေါက် ...လိမ့်မည်။

နောက် ယခုချိန်က မှောင်နဲ့မည်းမည်း။ သူတို့အိမ်မှာပဲ ...မ သောင်တင်နေခဲ့ပြီး ပတ်ဝန်းကျင်နှင့် အဆက်အစပ်မရှိခဲ့သဖြင့် ...မ ဘယ်သွားမလဲ။ မတော်တဆ သူမ တစ်ခုခုဖြစ်လျှင် သူ့မှာ ...ည်း တာဝန်မကင်း။

ဟာ . . . ဘာလို့ အဲဒီလောက် တွေးပူနေရတာလဲ ဝေဘုန်း ...ောင်။ လောကကြီးမှာ ဘယ်လောက်ပဲ အားနည်းတဲ့လူပဲဖြစ်ဖြစ် ...ယ့်ရဲ့အသက်ရှင်ရပ်တည်မှုအတွက် တကယ့်အရေးကြုံလာတဲ့အခါ ...တော့ အစွမ်းအစ်တွေက သူ့အလိုလို ထွက်လာရော။ ဒီလောက်ထိ ...းလိုက် ပြီးတွေးပူနေစရာမလိုဘူး။

ပြီးတော့ မင်း သူ့ကို အခုချက်ချင်း ထွက်သွားဖို့ ပြောတာ ...တ်ဘူး။ သူ့ဘာသာသူ သွားတာ မင်းနဲ့ ဘာမှမဆိုင်ဘူး။ အနေ ...ကြီး ပူမနေနဲ့ကွာ။

မဟုတ်သေးပါဘူး။ အရေးကြုံရင် စွမ်းအားဘယ်လောက်ပဲ

ထွက်လာလာ မိန်းမတစ်ယောက် ဘယ်လောက်စွမ်းအားရှိ[illegible] ယောက်ျားတစ်ယောက်ကို ဘယ်လိုမှ မတွန်းလှန်နိုင်တာ အမှန်တ[illegible] ပဲ။ မတော်တဆ အရက်သမားတွေ၊ တေလေဂျပိုးတွေ၊ ဆေးသ[illegible] နဲ့တွေ့ရင် သူ ဘယ်လိုလုပ် ခုခံနိုင်မှာလဲ။

သူမက ထွက်သွားတာကြာပြီ။ သူနေပါဦးဟု မတား[illegible] လိုက်မိ။ ထိုင်နေရင်း သိစိတ် မသိစိတ်တို့၏လွှန်ဆွဲမှုတွေကြ[illegible] မောပန်းလာခဲ့သည်။

*

## အခန်း (၁၈)

ပါးပြင်ထက်သို့ အလုအယက်စီးကျနေသော မျက်ရည်စတွေ [illegible] နောက်ထပ် ကျရဲကျကြည့်ဟု ကြိမ်းမောင်းပစ်လိုက်ချင်သည်။

သုတ်မနိုင်သော မျက်ရည်များက ကျပဲကျနိုင်လွန်းသည်။ [illegible]ပြင်ထက်၌လည်း အကြိမ်ကြိမ်အခါခါ ဖိပွတ်ရလွန်းသဖြင့် တင်း[illegible]င်းကြီးဖြစ်နေသည်။

အမှန်တော့ ဝမ်းနည်းစိတ်ဖြင့် အော်ကြီးဟစ်ကြီး အသံထွက် [illegible] ငိုလိုက်ချင်ပါသည်။

တကယ့်တကယ် အိမ်ကြီးရှင်ရဲ့နှုတ်က ဆင်းပါတော့ဟု [illegible]ခိုင်းအမိန့် ပြလာတဲ့အထိ သူမက အလိုက်ကမ်းဆိုးမသိ သူဖြစ်ခဲ့ [illegible]သည်။

သူက သူသဘောနှင့်သူ လုပ်ချင်တာလုပ်ပစ်တာ အရေး

မကြီး။ သူမ မရှိလျှင် အမေ ဘယ်လောက် စိုးရိမ်နေမလဲ။ ခဏ နေခဲ့ရပေမယ့် အမေ သူမအပေါ်ထားတဲ့ သံယောဇဉ်ကိုတော့ သိသည်။ သူမ မရှိလျှင် အမေ သူ့ကို ဒေါသဖြစ်ကာ ဆူပူနေပေ မည်။

အိုး မိတနင့်သားသမီး ဆူလည်းခဏပေါ့။ နောက်ကျ လည်း သူတို့ရဲ့ဘဝဟာ နေသားကျသွားမှာပါ။ လမ်းပေါ်က ရောက်လာတဲ့ သူမက လမ်းပေါ်ကို ပြန်ရောက်ခဲ့ရတာဟာလည်း အမှန်တရား။ နောက်ကြောင်းမှာ သူတို့စိုးရိမ်ပူပန်နေမလားဆို ထက် ယခု ကိုယ့်ဘဝက လုံခြုံစိတ်ချရပါ့မလားဆိုတာက ပို၍ စရာ။

တစ်ဖက်သားက မလိုလားရိပ်တွေ ထုတ်ပြနေမှတော့ ထိုနေရာမှာ တစ်မိနစ် တစ်စက္ကန့်တောင် မနေဝံ့။ ဘယ်လိုမျက်နှာ နှင့် မျက်နှာပြောင်တိုက်ပြီး နေရပါ့မလဲ။

စိတ်လိုက်မာန်ပါ ထွက်လာတယ်ပဲပြောပြော အချိန်က တွေ နေ့ကောင်းရက်မြတ်တွေ ရွေးမနေနိုင်တော့ပေ။ ယခုကျ တောင်ပေါ်မြို့ရဲ့ ည (၇) နာရီဆိုတာက အမှောင်ထုကြီး ကြီးစိုး

ရပ်ကွက်ဟုဆိုသော်လည်း အစွန်အဖျားကျကာ စိုက်ပျိုး ခြံများသာ အများဆုံးရှိသောအရပ်ဒေသမို့ အိမ်ခြေကျဲသည်။ လ လူသူအဆောက်အအုံများ ပြတ်တောက်သည်။ ပေတစ်ရာလ ထက်ကို လျှောက်နေရသဖြင့် လမ်းပေါ်၌ ဖြတ်သွားဖြတ်လာ ဆိုင်ကယ်တွေမှလွဲ၍ လူသူလေးပါး မတွေ့ရ။





ဒီလို ကြာကြာလျှောက်၍ ဖြစ်ပါ့မလား။ အိုး မဖြစ်တော့ကော ဘယ်သူ့အိမ်မှာ နောက်ထပ်ခိုကပ်ခွင့်ရဦးမှာတဲ့လဲ။

လူ၏ခန္ဓာကိုယ်၌ အဖိုးတန်သည်ထင်ရသော လက်စွပ်ကို ချွတ်ထားခဲ့မိသည်။ ထိုပစ္စည်းအား ထားခဲ့၍ နမြောတွယ်တာ သော်လည်း အရေးရယ်၊ အကြောင်းရယ်ဆိုလျှင် ထုခွဲစရာပစ္စည်း နှင့် ပါလာသင့်တာတော့အမှန်။ ယခုတော့ အဝတ်တစ်ထည် တစ်ခုနှင့် သူမ လက်ဗလာ ခြေဗလာ။

ကားလမ်းထက်၌ ကားမီးများ ဖြာကျပြီဆိုလျှင် သူမ လမ်း ဆုံးသို့ တတ်နိုင်သမျှ တိုးကပ်လျှောက်သည်။

တချို့ကား ဆိုင်ကယ်ရဲ့မီးရောင်တွေက သူမရဲ့ခန္ဓာကိုယ်ကို ဘိုက်ကျီစယ်သွားခဲ့သည်။

ဘယ်သွားလို့ ဘယ်လာရမှန်းမသိသော ကိုယ့်ဘဝကို တွေး မျက်ရည်တို့က ဇိတ်ခေါ်ခြင်းမရှိဘဲ တကြော့ပြန်။ အမေတို့ရဲ့အိမ် ည်း သူမရဲ့နောက်ဘက်မှာ ဝေးသထက် ဝေးလာခဲ့သည်။

အမေကတော့ ဘုရားရှိခိုးပြီး အိပ်ရာထဲတန်းဝင်တတ်သူမို့ ဘလော သူမ မရှိနေတာကို သတိထားမိဦးမည် မဟုတ်။

''ဟင်''

သူမ ရှေ့ခပ်လှမ်းလှမ်းတွင် ကားတစ်စီးရပ်တန့်သွားသဖြင့် လန့်သွားသည်။

ဘုရား ဘုရား။

ကားက သူ့ဘာသာသူ ပျက်လို့ရပ်သွားတာ ဖြစ်ပါစေ။

လမ်းပေါ်မှာ မှောင်ကြီးမည်းနည်း တစ်ယောက်တည်းဖြစ်နေသော
မိန်းကလေးကို တွေ့သဖြင့် အကြံဖန်ထု၍ ရပ်တာမျိုး မဖြစ်ပါစေနဲ့

ပါးစပ်ထဲတွင် ဘုရားစာအားလုံး ရောသမမွှေကာ ကမြန်း
ကပြန်ဖြစ်လို့။

ခြေလက်တွေတုန်လာခဲ့သည်။ ကားမီးက ဖွင့်ထားလျက်
မယ့် ကားထဲမှာ လူတစ်ယောက်မှ ထွက်မလာသလို တံခါးလည်း
ပွင့်လာခြင်းမရှိသေးပါ။

ဘုရားရေ သူမ သူတို့ကားဘေးက အဖြတ်ကို စောင့်
လေသလား။ ရုပ်ရှင်တွေ၊ ဇာတ်ကားတွေထဲမှာဆိုလျှင် ကောင်မ
က ကားနားအဖြတ် ကားပေါ်မှလူဆိုးတွေက ကားတံခါးဖွင့်
ကောင်မလေးကို ဆွဲသွင်း။ ဘုရားရေ သူမဘဝတော့ မတွေးရဲ
ပါလား။

ဒူးတွေတုန်ကာ ကြောက်စိတ်နှင့် နောက်ပြန်လှည့်ပြေး
သော်လည်း နောက်ဘက်၌ သူမကို ကြိုဆိုမည့်သူက တစ်ဦး
ယောက်မှ မရှိပေ။

လူက ဘယ်လောက်နှေးအောင် လျှောက်လျှောက် နော
ဆုံးတော့ ကားနှင့် တဖြေးဖြေး နီးလာခဲ့သည်။ လမ်းဘေးချရပ်
သော ကားကြောင့် ကားနောက်ရောက်ခါနီးတွင် လမ်းမပေါ်သို့ တ
ဖြေး တိုးကပ်လိုက်သည်။

ဖျတ် ဖျတ် ဖျတ်။

"ဟင်"





အမယ်လေး ...

ကျောနောက်ဘက်ဆီမှ ခြေသံတဖျတ်ဖျတ်ကို ကြားလိုက်ရ
သည်။ ခြေဖျား လက်ဖျားတွေ အေးရုံမက နှလုံးသွေးတွေတောင်
တန့်လုလု။ သူမဘဝတော့ ပျက်ရတော့မှာလား။ ယခုချိန်ကျမှ
ဝန်းကျင်တွင် ကားတစ်စီးတလေ၊ ဆိုင်ကယ်တစ်စီးတလေ ဖြတ်
သွားတာကိုမှ မတွေ့ရ။

တွေ့ရလျှင် ဘာပဲဖြစ်ဖြစ် အော်ဟစ်အကူအညီတောင်းကာ
ရာဖြစ် ထိုခရီးသည်တင်ကားနှင့် လိုက်သွားချင်သည်၊ တကယ်
ကျတော့ စိတ်ကူးဟာ စိတ်ကူးသာဖြစ်ပြီး လက်တွေ့တွင် ဘာမှ
ပေါ်လာပါ။

ခုကွဲ သူမတော့ သူ့ကို မခံချင်စိတ်နှင့် မနက်ဖြန်ထိ မစောင့်
ဘာ မှားလေပြီလား။ ခုကျတော့ နောက်ဆုတ်လည်း အန္တရာယ်၊
လည်းအန္တရာယ်။ တန်ခိုးသာရှိလျှင် အငွေ့ပျံကာ ပျောက်ကွယ်
ချင်သည်။

"ဟိတ်"

"အမယ်လေး"

"---"

"ကျွန်မကို သနားပါရှင်။ ကျွန် ကျွန်မ၊ မိကောင်းဖခင်
သမီးပါရှင့်"

နောက်ဘက်၌ရှိသောလူက သူမရဲ့လက်တစ်ဖက်ကို လှမ်း
ကိုက်သဖြင့် သူမ ခြေလက်တွေ တဆတ်ဆတ်တုန်ကာ မျက်လုံး

စုံမှိတ်၍ တုန်ယင်စွာပြောမိသည်။ ဒူးတွေမနိုင်တော့ဘဲ လူက လဲ
ထက် ပုံကျလုလု။

"ဟိတ်ကောင်မလေး ... ထင်ရာတွေ စွပ်ပြောမနေနဲ့။
ဘယ်သူလဲ မင်းမျက်လုံးတွေ ဖွင့်ကြည့်လိုက်စမ်း"

"ဟင်"

သံပြတ်နှင့်ပြောလိုက်သဖြင့် သူမ ခပ်တင်းတင်းမှိတ်ထား
သော မျက်လုံးတွေကို ကပျာကယာ ဖွင့်ကြည့်လိုက်မိတော့။

"အစ်ကို"

သူမရဲ့ရှေ့တွင် မားမားမတ်မတ်ရှိနေသော ဝေဘုန်းမော
ကြောင့် တဒင်္ဂကြောက်လန့်မှုတွေ လွင့်ပျောက်သွားခဲ့သည်။

သူ သူမနောက်ကနေလိုက်လာခဲ့လိမ့်မည်ဟု သူ မထင်ထား
ခဲ့ပေ။ ကြောက်စိတ်တွေ လွင့်ပျံ့သွားသောအခါ ခြေလက်တို့သည်
လည်း ပြန်လည်နိုင်မာလာသည်။ ထိုအခါမှ သူပြောခဲ့သောစကားတွေ
ကို မမေ့လျော့စွာ –

"မိုးရဲ့နောက် ဘာလို့လိုက်ခဲ့တာလဲ။ ဘာပြောစရာရှိလို့လဲ"

"ဆောရီးပဲ ... ကိုယ် မင်းကိုပြောလိုက်မိတဲ့စကားတွေ
အတွက် မင်းစိတ်ထဲမှာ ဘာမှမထားပါနဲ့။ အဲဒီလိုပြောမိတဲ့အတွက်
လည်း ကိုယ် မင်းကို တကယ် အနူးအညွတ် တောင်းပန်ပါတယ်"

သူ့ရဲ့တောင်းပန်စကားတွေကို သူမ မယုံရဲတော့ပေ။ သူ
ကြောက်လည်းကြောက်မိသည်။ မှန်းရခက်သော သူ့ရဲ့စိတ်ကြော
ဘယ်အချိန် ကိုယ့်ကိုနှင်ချမလဲဆိုသည့် တွေးပူမှုမျိုးနှင့်လည်း သူ





မဆက်ချင်တော့ပေ။

သူမ အငြိုးအာဃာတမရှိ ခပ်အေးအေးနေတတ်ပါသည်။
မည်မျှ ဆူဆူဆောင့်ဆောင့်အောင့်အောင့် နေလို့ရပေမယ့် သူ့နှုတ်
နေ မလိုလားရိပ်တွေ အတိအလင်းပြသလာလျှင်တော့ သူမ
ိုက်သိရတော့မည်။ လောကတွင် ဆယ်တန်းအောင်ဖို့ မလို၊
ိုက်သိဖို့လိုသည်ဟု ဆို၏။

သူမရဲ့အလိုက်မသိမှုတွေဟာ တစ်ဖက်သားကိုစိတ်ဆင်းရဲ
ယ်ဆင်းရဲဖြစ်စေတာမျိုးကတော့ မဖြစ်သင့်ပေ။ ဒါကိုတော့ သူမ
လည်သဘောပေါက်ရမည်။

"တောင်းပန်စရာမလိုပါဘူး အစ်ကို၊ တောင်းပန်ခြင်း
ာင်းပန် မိုးကသာ တောင်းပန်ရမှာပါ။ ဒါပေမဲ့ မိုးပြန်မလိုက်ပါရစေ
ော့"

"ဟာ ... ဘာလို့လဲကွ အမေ မနက်နိုးလို့ မင်းကို မတွေ့ရင်
ယ်လောက်စိတ်ပူနေမလဲ မင်း မသိဘူးလား။ အခုလို လမ်းပေါ်မှာ
ယောက်တည်း လျှောက်သွားနေရတာကော ကောင်းတယ်လို့
သင်နေလား။ စိတ်ဆိုးတယ်ဆိုရင်တောင် နေရာဒေသကိုကြည့်ပြီး
ဆိုးရတယ်ကွ"

"– – – – –"

"အမေ ငါ့ကို ဆူမှာစိုးလို့ ငါ မင်းကိုလိုက်ခိုင်းနေတာ
ာ်ဘူး။ အားနွဲ့တဲ့ တစ်ဖက်မိန်းကလေးကို နှင်ထုတ်မိတဲ့ ငါ့မှာ
ိရှိတယ်ဆိုတာ ငါ ဝန်ခံပါတယ်။ အဲဒီအတွက်လည်း ငါ တကယ်

တောင်းပန်ပါတယ်။ အိမ်ရောက်မှ မင်း ငါ့ကို မကျေနပ်လို့ အမေ့
တိုင်ချင်တိုင်ကွာ''

''______''

''ဟော့ . . . မင်း ငါပြောတာကို ဘာလို့ပြန်မပြောတာလဲ
ဘာလဲ ငါပြောပြီးတာနဲ့ မင်းရှေ့ဆက်လှမ်းဖို့ ပြင်နေတာလား။ 
ဟိုမှာတွေ့လား၊ ဟိုကကားမထွက်သေးဘူး။ မင်း အဲဒီဘေးက
ဖြတ်သွားလေ။ ဘာဖြစ်သွားမလဲ အတွေးနဲ့တောင် မင်းကြောက်
မယ်''

သူ့ရဲ့ခြိမ်းခြောက်မှုက သူမအတွက် ထိရောက်လှပါသည်
ရပ်ထားသောကားကို လှမ်းကြည့်လိုက်မိပါသည်။ ကားသည် ခုထ
ထိ မထွက်သေး။ သူပြောသလို သူမကို အချည်ဖမ်းဖို့ စောင့်နေ
လား။ သူတို့ဘာသာ သူတို့အကြောင်းတရားနှင့် ရပ်ထားသ
ဆိုတာကတော့ သူတို့ပဲ သိပေလိမ့်မည်။

သူမကတော့ သူပြောသလို ကားဘေးနားရောက်သွား
ဆိုတာကို ရှေ့ဆက်မတွေးရဲပါ။ သို့သော် သူမကို ငုံ့ကြည့်နေ
သူ့ကိုတော့ မျက်စောင်းခပ်ပြင်းပြင်း ထိုးပစ်လိုက်ပါသည်။

*

## အခန်း (၁၉)

နောက်ရက်တွေမှာ သူနှင့်သူမရဲ့ဆက်ဆံရေးတွေ လုံးဝကို
ပြောင်းလဲသွားခဲ့သည်၊ သူ့ထံမှ သူမကို မလိုလားသည့်အရိပ်တွေ၊
ကားသံတွေ ထွက်မလာတော့ပေ။

နောက် အားလုံးအပေါ် ပြုံးပြုံးရွှင်ရွှင် ဖြစ်လာခြင်းကလည်း
သြဖွယ် ကောင်းလှသည်။ အမေကတော့ ပြောင်းလဲလာသော
သားရဲ့ပုံစံကို သဘောကျစွာ ခေါင်းတညိတ်ညိတ်။

အထူးသဖြင့် မိုးအပေါ်မှာ မျက်နှာထိ မျက်နှာထားနှင့် ဆူ
အောင့်နေတာမျိုး မရှိတော့တာကိုလည်း ကျေနပ်နေသည်၊ ဟိုတစ်နေ့
က သူနှင့်သူမတို့ရဲ့အကြောင်း မသိ၍ ကျေနပ်နေခြင်းဖြစ်ပါ။
က သူမကို အိမ်ကနှင်ချခဲ့သည်မှာ အမေသိလျှင် အမေ သူ့ကို
ပုကြိမ်းမောင်းပေလိမ့်မည်။

သူနောက်သို့ မကျေမချမ်းဟန်နှင့် လိုက်လာသော သူ
ကလည်း အမေ့ကို လုံးဝမတိုင်ခဲ့ပေ။

အတိတ်မှာ ဘာမှန်းမသိ၊ လက်ရှိကာလကလည်း မသေချာ
အနာဂတ်ကလည်း မရေရာသော မိန်းကလေးတစ်ယောက်ကို
နှင်ချခဲ့မိတာ တော်တော်ကို လွန်တယ်ဆိုတာ သဘောပေါက်ပါသည်

"ဟိတ်ကောင်ကြီး ပျောက်လှချည်လား"

"ငါ့ကိုပဲ ပျောက်လှချည် လုပ်မနေနဲ့။ ငါ လာတော့
မင်းတို့တွေက ရှိလို့လားကွ"

ဝင်းဇော် ပြန်ရောက်နေသည့်ကြားသဖြင့် သူတို့သုံးယော
ဆုံရန် ချိန်းလိုက်သည်။ ကျော်လှက လျှပ်စစ်ပစ္စည်းဆိုင် ခပ်လတ်လတ်
ကို ဖွင့်ထားပါသည်၊ ဝင်းဇော်ကတော့ မန္တလေးနှင့် မူဆယ်ကားမော
နေသည်။ ကိုယ်ပိုင်ကားမို့ အလုပ်ဖြစ်သည်။

ယခု ကျော်လှကော ဝင်းဇော်ပါ အိမ်ထောင်သည်တွေ ဖြ
နေပါသည်။ ကျော်လှက သူတို့သူငယ်ချင်းဖြစ်သော အေးမေ
အိမ်ထောင်ကျကာ ကလေးနှစ်ယောက်ရှိသည်။ ဝင်းဇော်ကတော့
မူဆယ်သူနှင့် အိမ်ထောင်ကျပြီး ကလေးသုံးယောက်။

သူငယ်ချင်းသုံးယောက်ဆုံပြီဆိုလျှင် ဟို (၂) ယောက်
သူတို့ငယ်ဘဝအကြောင်း ပြန်ပြောတာကနည်းနည်း။ သူတို့မိသား
တွေရဲ့ စားဝတ်နေရေးအကြောင်းပြောတာက များများ။

ထို့ကြောင့် တစ်ခါတလေဆို –

"ဟိတ်ရောင်တွေ ... မင်းတို့ကကွာ သူငယ်ချင်းတွေ မတွေ့





ကြာလို့ ချိန်းပါတယ်။ မင်းတို့ရဲ့ မိသားစုကိစ္စပြောနေတာနဲ့ပဲ
ကုန်နေတယ်။ သူငယ်ချင်းတွေဆုံတုန်း မိသားစုကိစ္စ နောက်
ြီး ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် နေစမ်းပါ"

ဟုပြောတော့ နှစ်ယောက်စလုံးက သူ့ကို သနားစရာကောင်း
ဟန်နှင့်ကြည့်ကာ –

"ကိုတုန်း ကိုတုန်း ... မင်းက မင်းမိသားစုရဲ့ အနှစ်သာရကို
ားဖူးတော့ ငါတို့ကို ဘယ်ကိုယ်ချင်းစာတတ်မလဲကွ"

"ဘာကွ"

"ဟုတ်တယ်၊ အဲဒါကြောင့်လည်း မင်း လူပျိုကြီးဖြစ်နေရတာ
ယ်။ မင်းလိုလူပျိုကြီးတစ်ယောက်ကို မိသားစုရဲ့အနှစ်သာရ
ကြောင်း ပြောလည်း မင်း ဘယ်နားလည်မလဲ"

"ဟိတ်ရောင်တွေ၊ မင်းတို့နော် နိုင်ငံရေးတွေပါလာပြီ။ မင်းတို့
အပူမရှာချင်လို့ လူပျိုကြီးလုပ်နေတာ။ ငါတို့ကတော့ ထမင်းကြမ်းခဲ
သာ ယပ်ခတ်စားချင်တာ မိန်းမတွေရဲ့ ပူပူဆူဆူဒဏ်ကိုတော့
နိုင်တာအမှန်ပဲ"

"အဲဒီ ပူပူဆူဆူကလည်း အရသာပဲမောင်"

"တော်စမ်းပါကွာ။ မင်းတို့ပုံစံက ဘာနဲ့တူလဲသိလား"

"ဘာနဲ့တူလဲ လုပ်စမ်းပါဦး"

သူတို့ကို မနိုင်နိုင်အောင် ချေပပြောမည့် ဝေဘုန်းမောင်ရဲ့
ကြောင်းကို သိနေသဖြင့် သူငယ်ချင်းတွေက ခပ်ရွှဲရွှဲနှင့် ပြန်မေး
သည်။

ဝေဘုန်းမောင်က လက်ဖက်ရည်ကို အရသာခံ၍သောက်
မကြည်သလိုကြည့်နေကြသော သူငယ်ချင်းတွေကို မျက်လုံးဝေ့ကြ
ကာ -

"အဲဒီစကားက လူ့ဘဝလို့ဆိုထားပေမယ့် ငါကတော့ မ
အိမ်ထောင်သည်တွေအတွက်လို့ပဲ ဆိုချင်တယ်။ တောင်ပေါ်က မြ
ကျလာတဲ့ လူတစ်ယောက် သစ်ကိုင်းမှာငြိနေတယ်။ အောက်ပြုတ်
ရင် သေမှာ။ သူငြိနေတဲ့ သစ်ကိုင်းမှာ ပျားအုံက ပျားရည်တွေ
တစက်စက်နဲ့ ကျနေတယ်တဲ့ အဲဒီပျားရည်စက်ရဲ့အရသာကို ခံယူ
ပြုတ်ကျမယ့်ဒုက္ခကို တဒင်္ဂမေ့လျော့နေတယ်တဲ့"

"ဘာဆိုင်လို့လဲ"

"ဟာ ... ဆိုင်တာပေါ့ကွ။ မင်းတို့မိသားစုနဲ့ ခဏ
ပျော်နေရချိန်ဆိုတာ ပျားရည်စက်ကို ခံယူနေရသလိုပဲ များမြောင်လှ
အိမ်ထောင်ရေးဒုက္ခတွေကိုတော့ မေ့လျော့ထားတာ"

"အေးပါ အေးပါ ... မောင်ဘုန်းရေ။ ထမင်းကိုသာ က
အောင်စားစမ်းပါ။ စကားကိုတော့ ကုန်အောင် မပြောပါနဲ့။ မ
အိမ်ထောင်ကျတဲ့အချိန်ထိဆို ငါတော့ မသေလောက်သေးပါဘူး"

သူငယ်ချင်းနှစ်ယောက်က သူ့ကို အပြောကြီးသူတစ်ယော
အနေနှင့် ကဲ့ရဲ့၍မဆုံးတော့ချေ။ သူတို့အမြင်မှာတော့ ဝေဘုန်းမော
တစ်ယောက် မစားရတဲ့ စပျစ်သီးချဉ်နေသူရယ်ပေါ့။

"ကဲ ... ပြောကြပါဦး ဘာတွေထူးလဲ"

"အေးဆေးပေါ့ကွ၊ မင်းကလည်း လောရန်ကော"





ဝင်းဇော်တစ်ယောက် သူ အရမ်းသိချင်မှန်းသိ၍ အချိန်ဆွဲ
သည်။ စားစရာ၊ သောက်စရာကိုပဲ အရေးတကြီးမှာနေပုံက ကျော
ကို ဖနောင့်နဲ့ တက်ပေါက်ချင်စရာ။

"ကျော်လှ ... မင်းကော"

"ငါက မင်းနဲ့ တစ်မြို့တည်းနေတာလေကွ။ ငါ့ဘက်က
ထူးထူးခြားခြား ဘာသိစရာရှိမှာလဲ။ ဘယ်ကမှလည်း လူပျောက်တိုင်
တာ မရှိဘူး။ ဟိုတလောကတော့ ကြားလိုက်မိသေးတယ်။ အဲဒါ
သွားစုံစမ်းတော့ ပျောက်တဲ့လူက အမျိုးသားတဲ့"

"အင်း ... ဟုတ်ပါတယ်၊ သူသာ တို့မြို့ကဆိုရင် ငါတို့
ည်း သိမှာပါ။ ပြင်ဦးလွင်က အကျယ်ကြီးမှ မဟုတ်တာ"

"ဒါပေမဲ့ ... တစ်ခုတော့ စဉ်းစားစရာရှိတယ်နော်၊
ဘုန်း"

"ဘာလဲ ဝင်းဇော်"

ဝင်းဇော်က မန္တလေးမှုဆယ်ကားမောင်းနေသဖြင့် ပို၍
ပေါင်းအသင်းစုံသည်။ ထို့ကြောင့် ဝင်းဇော်ကို ပို၍အားထားနေခြင်း
ဖြစ်သည်။

သူနှင့်ကျော်လှ ဝင်းဇော်ဆီသို့ အာရုံရောက်သွားကြသည်။

"ငါတို့ရဲ့မြို့ဟာ ဧည့်သည်အရောက်အပေါက်များတဲ့ မြို့ဆို
ာ မင်းတို့နှစ်ယောက် မမေ့သင့်ဘူး"

"ဖျောက်"

"ဟုတ်တယ် ကိုဘုန်း"

ကျော်လှက လက်ဖျောက်တီးပြီး ဝင်းဇော်ရဲ့စကားကို ထောက်ခံလေသည်။ သူက ဆိုလိုရင်းကို နားမလည်သဖြင့် ဘာလဲဟု သောသဘောဖြင့် မေးဆတ်ပြတော့ –

''ဟုတ်တယ်လေ၊ သူတို့မြို့က လူ့ဝမဟုတ်ပေမယ့် ထိုမြို့ကို လာလည်တဲ့ ဧည့်သည်တစ်ယောက် ဖြစ်နိုင်တာပဲ။ တစ်ယောက်တည်းလို့ ဘာကြောင့်ဆိုရသလဲဆိုရင် သူ့အကြောင်း စုံစမ်းတဲ့လူတွေ မရှိသလို သူနဲ့အတူ ထိမိုက်ဒဏ်ရာရသူတွေလည်း မရှိလို့ပဲ။ ဒီထက် အသေချာဆုံးကတော့ သူ ဒီမြို့ကို ထွက်လာတာ ဘယ်သူမှမသိဘူး ဒါကြောင့်သာ သူပျောက်တာ လေးငါးလရှိသည့်တိုင်အောင် ဘယ်သူမှ လိုက်လံရှာဖွေခြင်းမရှိတာ''

''ဟုတ်တယ်၊ မင်း စကားကို ငါ သဘောပေါက်ပြီ။ ဒါဆို ငါတို့က သူ့အိမ်က လိုက်ရှာဖွေမှာထက် သူကိုယ်တိုင် အတိတ်ကို သတိပြန်ရဖို့သာ မျှော်ကိုးရတော့မှာပေါ့''

''ဒါပေါ့''

ထိုစကားကြောင့် သူ့စိတ်တွေ ဘာကြောင့် ပေါ့ပါးသွားသလဲ မစမ်းစစ်တတ်ပါ။ သေချာတာတစ်ခုက ယခုချိန်မှာ သူ့မအိမ်က လိုက်လာတာမျိုး သူ လက်မခံနိုင်သလို သူမကို သံယောဇဉ်တွယ်နေပြီဖြစ်သော အမေကလည်း ထိုအခြေအနေကို လက်ခံနိုင်ဦးမည်မဟုတ်။

လူဆိုတာ အတ္တသားကောင်ပဲဆိုဆို သူတို့ မခံစားရဖို့သာ အဓိကထားမိသည်။ အို အခုချိန် သူ့မအတိတ်ကို သတိမရသေးသည် ကလွဲလို့ သူတို့အိမ်မှာနေရတာ ဘယ်လောက်ပျော်နေသလဲ။ ဒါကို



တော့ သူ သေချာပေါက်သိနေပါသည်။ မနက်ဆို ပန်းခင်းတွေကို ... နိုင်သလောက် ရေကူလောင်းရင်း မောင်ညိုတို့ ဝဏ္ဏတို့နှင့် ... ကျနေတတ်သည်။

တစ်ခါတလေ အမေနှင့် သူမက တကယ့်သားအမိရင်း ...ယ် ဖြစ်ကာ သူကတော့ ထိုအိမ်မှာ ကပ်နေရသော ဧည့်သည် ...ယောက်လို ဖြစ်နေတတ်သည်။

''ဒါနဲ့ မင်းနဲ့ အဲဒီကောင်မလေးရဲ့အခြေအနေက ဘယ့်နှယ် ... မောင်ဘုန်း''

''ဟာ . . . ဘာကို ဘယ့်နှယ်လဲ ဘာမှမဖြစ်ဘူး။ အရင်လို

''အရင်လိုပဲ အရင်တိုင်းပဲဆိုပြီး လာပြောမနေနဲ့ မောင်ဘုန်း။ ... အရင်လို အရင်တိုင်း မဟုတ်တော့တာ ငါတွေ့တယ်နော်။ ဟို ...နေ့က မင်းနဲ့ အဲဒီကောင်မလေး ဆိုင်ကယ်အတူစီးပြီး ဘယ်သွား ...လဲ ပြောစမ်းပါဦး''

''ဟာ . . . ဒီကောင်က ဒီအဆင့်တောင်ဖြစ်နေပြီလား''

''ကျော်လှ . . . မင်း ဘာမဟုတ်တာတွေ လျှောက်ပြောနေ ...လဲ''

ကျော်လှရဲ့စကားကို ဝင်းဇော်က တအံ့တသြမေးသောအခါ ... အနေအထိုင်ခက်ကာ ကျော်လှကို လှမ်းမာန်မဲလိုက်ပေမယ့် ...ျော်လှက မဖြုံပါဘူးဆိုသည့်မာန်နှင့် သူနှင့်မိုးကို အတူတွေ့ခဲ့ရ ...ကြောင်း စီကာပတ်ကုံးပြောပြနေလေသည်။

ရွှေပဒေသာစာပေ

ကျော်လှပြောသောနေ့က သူနှင့်မိုး အမေ့အတွက် ယကြာ
ချေပေးဖို့ ဘုရားကိုသွားခဲ့ခြင်းဖြစ်သည်။
ဒုတိယအကြိမ် မိုး သူ့ရဲ့ဆိုင်ကယ်နောက်မှာပါလာသည့်အ
သူ ပထမတစ်ခေါက်လောက် စိတ်လှုပ်ရှားခြင်း၊ အနေရခက်ခြင်းမျ
မဖြစ်တော့ပါ။ လူတွေက သူတို့နှစ်ယောက်ကို ကြည့်၍ ဘာတွေ
ပြောနေကြမလဲဆိုတာလည်း ဂရုမစိုက်ပါ။
အဆိုးဆုံးကတော့ နှစ်ယောက်သား ဆိုင်ကယ်စီးရင်း စကား
တပြောပြောရှိနေခဲ့တာမို့ သူတို့နှစ်ယောက်ကို ကျော်လှ တွေ့သွားတာ
ဆိုတာတောင် သူ သတိမထားမိခဲ့ပေ။
"ဟ ဟိတ်ကောင် … မောင်ဘုန်း ငါတော့ မသေသေး
ဘူးနော်"
ကျော်လှမျက်နှာပေးက လက်သီးနှင့် လှမ်းထိုးပစ်ချင်စရာ
အခုတော့ ငါတို့မှာလည်း မင်းကိုပြောဖို့ နိုင်ကွက်ရထားပြီ။ မင်း
ဘာတတ်နိုင်သလဲ ဝေဘုန်းမောင်ဆိုသည့် တေးထားသောဟန်
"မသေသေးတာ သေသေးတာ ငါနဲ့မဆိုင်ဘူး။ ဒါပေ
တစ်ဖက်မိန်းကလေးကြားသွားရင် မကောင်းဘူး။ အဲဒီလို မစနော
ကြနဲ့ကွာ"
"နိုး နိုး"
"အတုံ့အလှည့်ပဲ"
"ဟုတ်ပါ့၊ ငါတို့ကိုပြောတုန်းက မင်းပါးစပ်ကြီးက တဖြ
ဘယ်သူ့မျက်နှာထောက်ဖို့ စဉ်းစားဖူးလို့လဲ မရဘူး။ ဒီတစ်ခါတော့





အလှည့်ပဲ"
"အောင်မှာ၊ ငါ့အလှည့်တဲ့ ဘာဆိုင်လို့ ငါ့အလှည့်လဲ"
"ဩော် … ဘာဆိုင်လဲဆိုတော့ ငါတို့ကို မမေးနဲ့လေ။
ဆိုင်ချင်တဲ့လူကို သွားမေးပါလား။ လူပျိုသိုးကြီးရဲ့"
"သိချင်လား။ လာမည် ကြာမည် မျှော်ပေါ့ မောင်ဘုန်းရာ"
"တော်ကြပါတော့ကွာ"
သူတို့ပုံစံက လက်ထဲ မျောက်အုန်းသီးရနေသလို သူ့ကို
ောက်၍ မဆုံးတော့ချေ။ ဘာမှမဖြစ်သေးသော အခြေအနေတွင်
ို့ စနောက်ခံလိုက်ရသဖြင့် သူမကို အားနာမိသော်လည်း
ယ်တိုင်ကတော့ ရင်ထဲမှာ ဘာလိုလို။

*

## အခန်း (၂၀)

အမေရဲ့တိုက်တွန်းမှု၊ မိုးရဲ့ပူဆာမှုတို့ကြောင့် သူနှင့်မိုး
ယောက်တည်း ပြင်ဦးလွင်ပန်းပွဲတော်သို့ ရောက်လာခဲ့ရသည်။

တကယ်တော့ အမေ့ရဲ့တိုက်တွန်းမှုဆိုတာကလည်း မိုး
ပူဆာမှုကြောင့် ဖြစ်တည်လာရတာပါ။

"မိုးက ရောက်ဖူးချင်တယ်တဲ့။ အဲဒီနေ့ သားလည်း အလ
မရှိဘူး မဟုတ်လား။ မောင်နှမနှစ်ယောက် အိမ်မှာလည်း ဘာအလု
မရှိတဲ့အတူတူ သွားလည်ပါလား"

"ဟာ . . . အမေကလည်း ကျွန်တော် ဘယ်တုန်းက အဲ
ပွဲလမ်းသဘင်တွေကို သွားတတ်ဖူးလို့လဲ။ အဲဒီကလေးမက ရှုပ်
ရှုပ်တယ်။ ဟိုကောင်တွေ ပြောနည်းပြောရရင်တော့"

"အံမယ် . . . အစ်ကိုက မိုးရဲ့အတင်းတုပ်နေတယ်ပေါ့လေ





ကျားကြီးတန်မဲ့နဲ့နေ၊ ဘယ်ကောင်တွေ ပြောနည်းနဲ့ပြောချင်
လဲ"

"ဘာမှမဟုတ်ပါဘူးဟာ"

သူတို့ယောကျ်ားလေးအချင်းချင်းသာ စနောက်၍ကောင်း
စကားလုံးမှီ သူ့နှုတ်ကမထွက်တော့ပါ။ အိမ်ထဲကနေ ထွက်လာ
မိုးက ခြံထဲတွင် နေပူဆာလှုံရင်း စကားပြောနေသော သူတို့
အမိအနီးသို့ ရောက်လာခြင်းဖြစ်သည်။ အမေကတော့ သမီး
သူပီပီ မိုးကိုကြည့်လိုက်တိုင်း အပြစ်မယူဘဲ တပြုံးပြုံး ရှိနေ
သည်။

"အမေ့ကို ပန်းပွဲတော်သွားချင်တယ်လို့ ပူဆာထားတယ်

"ဟုတ်တယ်လေ၊ ပန်းပွဲတော်ရှိတယ်ဆိုတာ မိုးတောင် မသိ
အစ်ကိုရယ်။ ကိုဝင်းကြိုင်ရဲ့အမျိုးသမီးက ပြောလို့ မိုးက
ဖူးချင်တာ အစ်ကို အလုပ်မအားရင်တော့ မသွားပါဘူး"

"မအားတာတွေ အားတာတွေ လုပ်မနေပါနဲ့ မောင်ဘုန်းရယ်
ပြောထားတာကို သွားပို့လိုက်စမ်းပါ။ ဘယ်လောက်ဝေးတာ
"

"အမေကလည်းဗျာ၊ ဒီချိန်က လူအရမ်းရှုပ်တယ်ဗျာ။ ကျွန်
မသွားချင်ပါဘူး"

"မောင်ဘုန်း"

ထင်သည့်အတိုင်းပင် နှစ်ခွန်းလောက်ချော့၍မရလျှင် အမေ့

ဆီက မောင်ဘုန်းဆိုသည့် ခေါ်သံမာမာက ထွက်လာစမြဲ။ သူ မို
မကျေနပ်သလိုကြည့်တော့ မိုးက အမေမမြင်အောင် လျှာထုတ်
ပြပြီး ခပ်တည်တည်နှင့် တစ်ဖက်သို့ လှည့်သွားသည်။

"ကဲ ဗျာ . . . ဒါဆိုလည်း သွားမယ်။ ဟိုကောင်မ
ဟိုရောက်ရင် ဟိုဟာလိုချင်တယ် ဒါလိုချင်တယ်၊ ဟိုဟာစားချင်တ
ဒီဟာစားချင်တယ် လျှောက်ပူဆာမနေနဲ့နော်"

"အံမယ် မယ် . . . ပူစာစရာလား။ သတိပေးနေပုံက မို
များ ပူလာတန်းကျောင်းသူမှတ်နေသလား မသိဘူး အမေ"

သူ မိမိအောင်နှင့်အတူ ပန်းပွဲတော်လည်ဖူးပါသည်။
ဖြစ်ဖြစ် ကိုယ့်မြို့ကိုယ်ရွာက ပွဲလမ်းသဘင်ဆိုတော့ ပွဲတော်နီး
တက်တက်ကြွကြွ ဖြစ်နေတတ်တာက ထုံးစံပင်။

ဘာမှ ဝယ်တာ၊ စားတာ မဟုတ်ဘဲ ပန်းခြံထဲလျှောက်
လျှောက်ကြည့်နေရတာကိုပဲ ပျော်နေတတ်သည်။ နောက် မိမိအေ
နှင့် ကွဲပြီးနောက်ပိုင်း သူ ပွဲလမ်းသဘင်တွေကို မသွားဖြစ်တော့
ယခု မိုးနှင့်လာခြင်းကတော့ ပထမအကြိမ် သူ ပွဲလမ်းသဘင်
ပြန်လည်တိုးဝင်သည်ဟု ဆိုနိုင်ပါသည်။

"အစ်ကို"

"ဘာလဲ"

"ဟော . . . ဘယ်လိုကြီးထူးတာလဲ မသိဘူး။
အကောင်းပြောမလို့ကို"

ဆိုင်ကယ်မောင်းရင်း ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်



က်ဘက်မှ မိုးရဲ့ခေါ်သံကြောင့် သူက အမှတ်တမဲ့ ထူးလိုက်သော်
ည်း မိုးက အမှတ်တရပုံစံနှင့် ဆူဆူအောင့်အောင့် ပြောကာ သူ့
ာကို တစ်ချက်လာထုသဖြင့် –

"ဟော့ ကောင်မလေး . . . ဘယ်လိုဖြစ်နေတာလဲ။ ညည်း
လောကမနေချင်တာ အရေးမကြီးဘူး။ ငါက လူလုပ်ရဖို့အများကြီး
န်သေးတယ်"

"ဟွန်း . . . ပြောပုံကလည်း အမြင်ကတ်ချင်စရာကြီးနော်။
တ်ပဲ့ အစ်ကိုက လူလုပ်ဖို့အများကြီးကျန်သေးပါတယ်။ မိုးထက်
သက်အများကြီးငယ်တော့"

"ဟာ ဟော့ . . . နိုင်ငံရေးတွေ ပါလာပြီနော်။ အသက်ကိစ္စ
ါကြေ။ တော်ကြာ မရဏမင်းကြားသွားပြီး ကိုယ့်ဘက် အာရုံစိုက်
ာနေဦးမယ်"

သူ့ရဲ့ အရွှန်းဖောက်မှုကြောင့် သူမက ခစ်ခနဲရယ်လေသည်။
တောင် သူ့ကိုယ်သူ အံ့သြနေရပါသည်။ သူမနှင့် ဤကဲ့သို့ ပြေ
ည်လာလိမ့်မည်ဟု စဉ်းတောင် မစဉ်းစားခဲ့ဖူးပေ။

အာရုံထဲမှာ သူမ ရောက်ကတည်းက သူမ သူတို့အိမ်က
ြန်ထွက်သွားအောင် ဘယ်လိုလုပ်ရပါ့ဆိုသည့် အကြံဆိုးနှင့် နေ့စဉ်နှင့်
ျ လုံးပန်းနေခဲ့သည်။

ဩော် . . . ယခုတော့လည်း နှစ်ယောက်သား အပေးအယူ
ည့်နေပုံက သေးလူတွေအမြင်မှာ ဘာလိုလို၊ ဟိုတစ်နေ့က ကျော်လှ
ကို ဝေဖန်ပုံကလည်း မလွန်ပါ။

ဘာတဲ့၊ မိုးကို နောက်မှာထားပြီး နှစ်ယောက်သား ဆိုင်ကယ်စီးသွားလိုက်တာ ပတ်ဝန်းကျင်က လူတွေကိုတောင် သတိမထားမိဘူးဆိုပဲ။

ဟုတ်ပ့ါ၊ အခုလည်း မိုးပြောသောစကားတွေကို နားထောင်ရင်း ပတ်ဝန်းကျင်မှာ ဘယ်သူတွေ ကြည့်နေမလဲ၊ သူတို့နှစ်ယောက် ဘယ်လိုဝေဖန်နေမလဲ နည်းနည်းလေးမှကို အာရုံမထားမိတော့ပေ

"ပြောလေ"

"ဘာပြောရမှာလဲ အစ်ကိုရဲ့"

"ဟောဗျာ . . . အစောနတုန်းကတော့ ပြောစရာရှိလို့ဆို"

"သြော် . . . ဟုတ်သားပဲ . . . ဟင်း ဟင်း"

မိုးဟာ သူ့ရဲ့မေ့တတ်ပုံကို သူ့ဘာသာသူ အတွေးပေါက်ပြီး ရယ်လေသည်။ ဒီကောင်မလေးက မျက်နှာထားကို ချိုသည်။ ပြုံးလျှင် ပြုံး မဟုတ်လျှင် အသံလေးထွက်အောင် ရယ်နေတတ်တာကိုလည်း ခုမှ သူ သတိထားမိသည်။

သူ ခပ်တည်တည် ဆက်ဆံစဉ်တုန်းကတော့ မရဲတရဲ ဟန်လေးနှင့် ယခုကျတော့ အဲဒီဟန်ပန်ကိုတောင် ထမင်းထုပ်ထဲမှာ လိုက်ရှာရမည့်ကိန်း ပေါက်နေသည်။

အမေ ချစ်မဝဖြစ်မည်ဆိုလျှင်လည်း ဖြစ်စရာပဲလေ။ သူ့လို လူကိုတောင် သူမက စည်းရုံးနိုင်ခဲ့သည် မဟုတ်လား။

"ဘာလိုလို့နဲ့ မိုး အစ်ကိုတို့အိမ်ရောက်နေတာ (၆) လ လောက်တောင် ရှိပြီနော်"



"အဲဒီတော့"

"သြော် . . . ဘာရယ်တော့မဟုတ်ပါဘူး။ မိုးကို အကြာကြီး ...င့်ရှောက်ပေးထားတဲ့ အစ်ကိုတို့ကို အားနာလို့ပါ"

"ဗို့"

ပုံမှန်မောင်းနှင်နေသော ဆိုင်ကယ်မို့ တော်သေးသည်။ ...နှင့် သွားနေသော ဆိုင်ကယ်ဆိုလျှင် ဘရိတ်ဆောင့်အုပ်လိုက်ပုံ ...ဆို ပစ်စလက်ခတ် မှောက်ဖွယ်ရာရှိသည်။

"အစ်ကို ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့ အဲဒီလို သူစိမ်းဆန်တဲ့စကားတွေကို ပြောရတာ ... ဘာလဲ . . . မိုးကို အစ်ကိုက နှင်ထုတ်ခဲ့ဖူးတာကို မကျေနပ်လို့ ...လို့ စကားမျိုးပြောတာလား"

သူ ဆိုင်ကယ်ပေါ်မှ မဆင်းဘဲ မေးလိုက်သည်၊ မိုးကလည်း ...ကယ်ပေါ်မှ မဆင်းဘဲ ငြိမ်သက်နေသည်။

သူကတော့ မေ့လျော့ထားသည့်ကိစ္စအား အစပြန်မဖော်စေ ...။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရမှာ သဘာဝပေမယ့် ... ဧည့်သည်ပြန်သွားမှာကို အိမ်ရှင်က သေမလောက်ကြောက်နေ ...ဆိုတာကို ဧည့်သည်က ရိပ်မိသိရှိရဲ့လား။

"အစ်ကိုရယ် . . . မိုးရဲ့စိတ်ထဲမှာ အဲဒီကိစ္စ လုံးဝမရှိတော့ ...။ တမင်ရည်ရွယ်ပြီးပြောလိုက်တာလည်း မဟုတ်ဘူး။ ဒါပေမဲ့ ...လောကထဲမှာ ကျင်လည်နေတဲ့ လူတစ်ယောက်အနေနဲ့ မိုးတစ် ...က်တည်း အနာဂတ်ပျောက်နေရတာတော့ မတရားဘူးနော်"

''______''

''မိုးရဲ့အနာဂတ် ပျောက်နေတာကို စိုးထိတ်ရသလို မိ
အရမ်းတွယ်တာနေတဲ့ မိသားစုလေးကနေ ဝေးသွားရမှာကိုလည်
မိုး သေမလောက် ကြောက်မိတယ်အစ်ကို။ မနေ့က အမေနဲ့မိုး ထ
ဇာတ်လမ်းတွဲ တစ်ပုဒ် ကြည့်ဖြစ်တယ်။ အဖြစ်အပျက်ကလည်း မိုး
အဖြစ်အပျက်နဲ့ သိပ်ကိုတူလွန်းပါတယ်။ တူလွန်းလို့လည်း မိုး တစ်
လုံး အိပ်မပျော်ဘဲ ကြောက်နေခဲ့တာ။ အဲဒီဇာတ်လမ်းထဲက အတိ
မေ့နေတဲ့ မင်းသမီးလေးက အတိတ်ပြန်သတိရလာတော့ သူ့ရဲ့အ
ဟောင်း ဥယျာဉ်ထဲပြန်ဝင်သွား၊ ကျန်ခဲ့တဲ့မိသားစုက ရင်ကွဲပက်လက်
''မိုး တော်ပါတော့ကွာ''

သူ ဆက်လက်ကြားနိုင်စွမ်းမရှိတော့ပေ။ တကယ်ပဲ မိုး
သူမရဲ့ဘဝဟောင်း ဥယျာဉ်ထဲ ပြန်ရောက်သွားရင် သူတို့သားအမိ
ယောက်ကို ထားခဲ့မှာလား။ လုံးဝကို မှတ်မိသိရှိခြင်း မရှိတော့မှာလ
ဟူး ... တွေးလေလေ ရင်မောစရာကောင်းလေလေပါလား။ မိုးက
မင်းဟာ ကိုယ်တို့သားအမိအတွက် လာခြင်းကောင်းသော မိန်းက
တစ်ယောက် ဖြစ်ပါစေလို့ပဲ အစ်ကို ဆုတောင်းနေရတော့မှာပဲကွ

''ကဲပါ ဒါတွေထားလိုက်စမ်းပါ။ ပွဲလမ်းသဘင်သွားတာ
ဆိုတာ ပျော်ပျော်ရွှင်ရွှင် သွားရတယ်ကွ။ အဲဒါတွေ ဘာမှမတွေး
မပြောနဲ့၊ ဒီတစ်ခါထပ်ပြောလို့ကတော့ မိုးကို နာနာလေးရိုက်ပစ်
သူ့ခြိမ်းခြောက်စကားကြောင့် မိုးက အသံလွင်လွင်လေး
ရယ်ကာ –



''တကယ်ရိုက်မယ့်ရုပ်ကြီးဆိုတာ သိပါတယ်နော်''
''ဘာပြောတယ်''
''ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး''
သူ့ရဲ့အော်သံကြောင့် မိုးက ကပျာကယာ ပြောလေသည်။
ဆိုင်ကယ်စက်ပြန်နှိုးတော့ မိုးက သူ့ရဲ့ခါးကို မရဲတရဲဖက်ရင်း–
''မြေးမြေးမောင်းဦး၊ အစ်ကိုက ဆိုင်ကယ်စီး တကယ်ကြမ်း
ယ်''

အခြေအနေက တဒင်္ဂအတွင်း သာယာဖွယ်ဖြစ်သွားလေ
ည်။ သူ့ပုံစံက မိန်းကလေးတစ်ယောက်ကို ဆိုင်ကယ်ပေါ်မှာ တင်
မြောက်ကြွမြောက်ကြွဖြစ်နေလေသည်။ ပွဲတော်သို့ ရောက်သွား
ကိုတောင် စိုးရိမ်သလိုလို ဖြစ်လာသည်။
သို့သော်လည်း ဆိုင်ကယ်ကတော့ ဦးတည်ရာအရပ်ဆီသို့
တော့ဆိုင်ဆိုင် သွားနေလေတော့။ မကြာခင်မှာ ပန်းပွဲတော်ဆီသို့
တို့ရောက်သွားသည်။
ဆိုင်ကယ်ကို အပ်ခဲ့ပြီး ပန်းပွဲတော်ဆီသို့ ဝင်ရောက်လာတော့
''ဟယ် ... လှလိုက်တာနော်၊ ဟော ဟိုမှာ ပန်းပွင့်တွေနဲ့
ဝံရုပ်ကြီးလုပ်ထားတာ လှလိုက်တာ အစ်ကိုရယ်။ လာ မိုးကို
ဒီနားမှာ ဓာတ်ပုံရိုက်ပေး''
''ဟာ နောက်မှရိုက်ကွာ။ လျှောက်ပတ်ကြည့်မယ်လေ။ အဲဒီ
လှတဲ့နေရာတွေတိုင်း ဓာတ်ပုံရိုက်ရရင် ဒီနေ့ ဓာတ်ပုံရိုက်လို့ကို
တော့မှာမဟုတ်ဘူး''

''နေရာတိုင်း မရိုက်ချင်ပါဘူးနော်။ အဲဒီဝက်ဝံရုပ်ကြီးနား ရိုက်ချင်တာ။ လာပါအစ်ကိုရာ။ ပိုက်ဆံပေးရမှာမဟုတ်ဘဲ တွန့်တိုး လိုက်တာ''

''ဟေး . . . ဟာ ဒီကောင်မလေးတော့''

သူမှာ မိုး ဆွဲခေါ်ရာနောက်သို့ ယက်ကန်ယက်ကန်ပါသွား သည်။ အမျိုးသားကန်တော်ကြီး ဥယျာဉ်ထဲ၌တွင် ပြုလုပ်သော ပွဲတော်အတွင်း ဥဒဟို သွားလာနေသူများ။ ဓာတ်ပုံရိုက်နေသူများ စည်ကား သိုက်မြိုက်နေပါသည်။

ဥယျာဉ်အတွင်း ပန်းပွင့်များဖြင့် အရာအားလုံးကို ပုံဖော်ထား ပါသည်။ နွားလှည်းပုံစံကိုလည်း ရောင်စုံပန်းပွင့်များဖြင့် ပုံဖော်ထား သည်။ ပန်းတောထဲကိုရောက်သွားရသလို ခံစားရကာ စိတ်ထဲ ကြည်လင်နေကာ သောကဟူသမျှ ကင်းဝေးလို့နေသည်။

''အစ်ကို မိုး ဘယ်လိုပုံစံနေရမလဲ''

''ဟာ . . . ကိုယ်က ကင်မရာမင်းမှ မဟုတ်တာ။ ဘယ် ပြောတတ်မှာလဲ''

မိုးက သူ့ကို သက်သက်မဲ့ရစ်နေသည်ဟုထင်ပါသည်။ ဓာတ်ပုံရိုက်တော့လည်း သူမကိုယ်တိုင် အရိုက်ခံရတာ အားမရ ဘူး သူ့ကိုပါ။

''လာ လာ . . . အစ်ကို့ကိုလည်း ရိုက်ပေးမယ်။ ဟော်ဒီ မှာ ရပ်၊ view ကောင်းတယ် အစ်ကိုရဲ့''

''ကလေးကလားကွာ၊ မရိုက်ချင်ပါဘူး မိုးရာ''



''ဟာ . . . မရဘူးကွာ။ မိုးကို မခင်လို့မလား''

''မဟုတ်ရပါဘူး မိုးရာ။ ကိုယ်က အဲဒီလို ဓာတ်ပုံတွေရိုက်ရ တာကို ဘယ်တုန်းကမှ ဝါသနာမပါခဲ့ဘူးကွ''

''အရင်တုန်းက မပါတာ ထားခဲ့။ အခု ပါရမယ်၊ ဒါပဲ။ ကွာ၊ မြန်မြန်။ ဒီမှာချိန်ထားရတာကြာပြီ၊ ကြိုသလို ခြေပါရင် ခြေ ခေါင်းပါရင်ခေါင်း၊ ရိုက်လိုက်ရမလား ပြော''

''ကျွတ် ဖွတ်ပဲကွာ''

ကလေးဆိုးလေးတစ်ယောက်လို ခြေဆောင့်၊ လက်ဆောင့် ပြောနေသော မိုးကြောင့် သူ ဝက်ဝံရုပ်အနီးသို့ လျှောက်သွားကာ ပ်လိုက်သည်။

''ရပြီရိုက်တော့''

''ဟာ . . . မရသေးပါဘူးနော်။ မျက်နှာကို နည်းနည်းပါးပါး ပြုံးပါဦး။ ပုံစံက မကြည်ပေါက်နဲ့ အခုပဲ ထသတ်တော့မယ့်အတိုင်းပဲ။ အမူအရာလေး ဘာလေးလုပ်စမ်းပါ။ လက်တစ်ဖက်ကို ခါးထောက်ပြီး ခြေထောက်ကို နည်းနည်းခွဲပြီး ခပ်မိုက်မိုက်လေး ရပ်စမ်းပါ အစ်ကို ရာ''

မိုးက ဖုန်းကင်မရာကို ချိန်ထားရင်း မရိုက်သေးဘဲ သူ့ကို ညွှန်ကြားမှုလက္ခဏာတွေ လုပ်ပေးနေလေသည်။ ဘယ်တုန်းကမှ ထိုသို့ ပြုမူဖူးသဖြင့် သူ့ပုံစံက ရှက်ကိုးရှက်ကန်း ဖြစ်နေလေသည်။ ကြာလာ တော့လည်း ဝေဘုန်းမောင်ဆိုတဲ့ လူတည်ကြီး ဘဝမှာက ခပ်ပျော် ပျော် ဖြစ်လာသည်။

သူမကတော့ မြင်မြင်သမျှ သဘောကျကာ ပျော်မဆုံး မော်မဆုံးဖြစ်နေလေသည်။ ပွဲခင်းထဲတွင် သူနှင့်သိသူများက သူတို့ နှစ်ယောက်ကို ဘာလိုလို ကြည့်သွားသည့်အခါ သူ မျက်နှာပူသွား သည်။

ဟုတ်တယ်၊ မပူခံနိုင်ရိုးလား။ သူမက လမ်းတစ်လျှောက်လုံး သူ့လက်ကို အားကိုးတကြီး ချိတ်ဆွဲထားသည်ကို။ တစ်ခါကျတော့ သူမ ရေခဲမုန့်ဝယ်နေစဉ် သူ သူမလက်ကို မသိမသာ ခွာချလိုက် သည်။ သို့သော် သူမက ပြန်ချိန်တွဲသဖြင့် သူ အကျပ်ရိုက်သွား သည်။

"အစ်ကို . . . အစ်ကို . . . ညီမတို့ (၂) ယောက်ကို ဓာတ်ပုံ လေးတစ်ပုံလောက် ရိုက်ပေးပါလား"

"ဗိုး"

သူမက သူတို့ဘေးတွင် ဖြတ်သွားသော အမျိုးသား တစ် ယောက်ကို လှမ်းအကူအညီတောင်းလိုက်လေသည်။ သူ မျက်လုံးပြူး ကာ ဟန့်တားလိုက်သော်လည်း မိုးက မသိသလိုလုပ်ကာ ထိုလူလက် ထဲသို့ ကင်မရာ ကမ်းပေးရင်း –

"လှလှလေးရိုက်ပေးနော်။ ရိုက်ပြီးရင် ပြန်ပြပေးဦး။ လာ အစ်ကို ဒီပန်းတံခါးနားမှာ ရိုက်ရအောင်"

မိုးကတော့ တကယ့်ကို ဖွတ်တရွတ်နိုင်လှပါသည်။ ခုချိန်မှာ သူ့ရဲ့ဟန့်တားမှုတွေ ဘာတစ်ခုမှ အရာမရောက်တော့ဘဲ သူမ လုပ်ချင် တာတွေ ဖွတ်လုပ်နေသည်။ နောက်ဆုံးတော့ တားမနိုင်သည့်သူက





…ကလျောလိုက်ရလေသည်။ သူ့ပုံစံက ခပ်ဆိုးဆိုးကလေး တစ် …ယောက်ကို လိုက်ထိန်းနေရသည့် ကလေးဖအေနဲ့တောင် တူနေပြီလား …။ မိမိအောင်နှင့်လည်း ဓာတ်ပုံတွဲရိုက်ခဲ့ဖူးပါသည်။ သူငယ်ချင်း …နှင့် အုပ်စုပုံပဲ ရိုက်ခဲ့ဖူးသဖြင့် နှစ်ယောက်တွဲပုံတစ်ပုံမှ မရှိခဲ့ပါ။ …ကျတော့ ကိုယ်နှင့် လုံးဝပတ်သက်မှုမရှိသေးသော မိန်းကလေး …ယောက်နှင့် နှစ်ယောက်တွဲရိုက်ခံရမှာတော့ ဘာလိုလို။ မျက်နှာ …လည်း ထူပူပူနေသည်။

မိုးက သူ့ရဲ့လက်ကို ချိတ်ဆွဲထားရင်းမှ –

"အစ်ကို မျက်နှာပြုံးလေ"

ဟု အလိုက်မသိ လှမ်းပြောနေသေးသည်။ ဖုန်းကင်မရာမှ …က တဖြတ်ဖြတ်လက်သွားသည်။ သူ ဘယ်လိုပုံစံနေလိုက်မိသလဲ …ဉ်းစားတတ်ပေ။

"ကျေးဇူးပဲနော် အစ်ကို"

"ရပါတယ်"

ဓာတ်ပုံရိုက်ပေးသည့် အမျိုးသားကို ကျေးဇူးတင်စကားပြော …က်သည်။ သူမက ခြေလှမ်းမရွေ့သေးဘဲ ဖုန်းထဲကဓာတ်ပုံတွေကို …န်ကြည့်နေသဖြင့် သူမှာ စိတ်မရှည်ဖြစ်ရသည်။ ဒီကောင်မလေး …ည်းနည်းလေးမှကို မျက်နှာသာပေး၍ မရပေ။ ဒီထက်သာ မျက်နှာ …ပေးရလျှင် သူ့ခေါင်းပေါ်တောင် မတ်တပ်ရပ်မလားမသိ။

*

## အခန်း (၂၁)

"အစ်ကိုကလည်းနော် . . . ရောက်တုန်းရောက်ခိုက် အေး
အေးဆေးဆေးပေါ့"

"မအေးဆေးနေနဲ့၊ လက်ကနာရီကိုလည်း တစ်ချက်
လောက် ငုံ့ကြည့်လိုက်ဦးအမိ။ အိမ်မှာ အမေ ထမင်းစားဖို့ စောင့်နေ
လိမ့်မယ်"

အေးအေးဆေးဆေးနှင့် ဟိုကြည့် ဒီကြည့်လုပ်နေသောမိုး
အစ်ကိုက စိတ်မရှည်သည့်ဟန်နှင့် လက်တစ်ဖက်ကို ချိုင်းကြားထဲညှပ်
ကာ ဆွဲခေါ်လာသည်။

"ဟာ အစ်ကို . . . ဒီမှာ ခလုတ်တိုက်လဲတော့မယ်။ လိုက်
ခဲ့မယ့်ဟာကို၊ ဘာလို့ ဇွတ်ဖြစ်နေသလဲမသိဘူး"

"မရော့။ မဟုတ်ရင် ညည်းက ဟိုကြည့်လိုက်၊ ဒီကြည့်လိုက်





ပုံရိုက်လိုက်နဲ့ နေဝင်လို့တောင် ဒီထဲက ထွက်မှာမဟုတ်ဘူး"

"ဩော် . . . ကိုဘုန်းတို့ပါလား"

"ဟင်"

"ဟာ"

မိုးနှင့်အစ်ကို စကားကျိတ်များနေကြစဉ် ရှေ့မှာရပ်ပြီး လာ
ကြိုနှုတ်ဆက်သူကို ကြည့်လိုက်တော့ အစ်ကို့ရဲ့မိမိအောင်ကို တွေ့
ရလေသည်။

မိမိအောင်တစ်ယောက်တည်းတော့မဟုတ်ပါ။ သူမရဲ့ အမျိုး
နှင့် သားသမီးတွေနှင့် မိသားစု စုံစုံညီညီ တွေ့မြင်ရခြင်းဖြစ်ပါ
သည်။

မိုး ထိတ်လန့်စွာ အစ်ကို့မျက်နှာကို လှမ်းကြည့်ပြီး လက်ကို
ကယော ရုပ်သိမ်းလိုက်သည်။ သို့သော် အစ်ကိုက မိုးရဲ့လက်ကို
ပေးသည့်အပြင် ကျန်လက်တစ်ဖက်နှင့်တောင် မိုးရုန်း၍မရ
အောင် ဆွဲထားလိုက်သေးသည်။

ဘုရားရေ။

မိုးတော့ စိတ်ညစ်ရဦးမည်လား။

ဟိုတစ်ခါ မိုးကို အစ်ကိုနှင်ချခဲ့ဖူးတာ ဟောဒီဒေါ်မိမိအောင်
တွေ့သည့်နေ့ကပေါ့။ ယခုတော့ မိုးကို ဘယ်လို ပြောဦးမည်နည်း။

အစ်ကို့ရဲ့မျက်နှာကို လှမ်းကြည့်လိုက်တော့ ဟိုတစ်ခါတုန်းက
ကဲ့ မျက်နှာမပျက်ပေမယ့် မျက်နှာက အနေတော်တည်နေသည်။

"လာလည်ကြတာ ထင်တယ်"

"ဆိုပါတော့ . . . မိမိအောင်တို့ကော လာလည်တာပဲလား"

"ဟုတ်တယ် ကိုတုန်းရဲ့။ ကိုကြီးက အလုပ်အရမ်းကိုများ လူလေ၊ သိတယ်မဟုတ်လား။ တစ်နေ့ရောက် မိသားစု စုံစုံညီညီ သွားမယ်ပြင်တိုင်း အကြောင်းအမျိုးမျိုးနဲ့ ခွဲထုတ်သွားတာချည်းပဲလေ။ ဒီတစ်ခေါက်တော့ ဘာအဖျက်အတားမှ မရှိတော့ မိသားစုအေ အေးအေးဆေးဆေး လာလည်ဖြစ်တယ် ဆိုရမှာပေါ့"

လာလည်တာ ဟုတ်တယ်ဟု လိုရင်းတိုရှင်း တိုတိုတုတ်တုတ် ပြောလိုက်လျှင် ပြီးသည့်ကိစ္စကို ဟိုကွေ့ ဒီကောက် အကြွားအဝ အထေ့လေးနှင့် ပြောလိုက်သော မိမိအောင်ကို မိုး လှမ်းကြည့်ပြီး နှာခေါင်းရှုံ့မိသည်။

"သြော် . . . မိတ်ဆက်ပေးရဦးမယ်။ အစ်ကိုကြီးကိုတော့ ကိုဘုန်းက သိနေမှာပါနော်"

မိမိအောင်ရဲ့ အနှောင့်အလွတ် အသွားမလွတ် စကားကြောင့် ကိုဘုန်းရဲ့မျက်နှာမှာ ပျက်ခနဲဖြစ်သွားသည်။ သို့သော် စင်ပေါ် ရောက်နေသည့်လူလို မိမိအောင်က အပြုံးမပျက်စွာဖြင့် သူမရဲ့အမျိုး သားကို လှလှပပကြည့်ကာ –

"အစ်ကိုကြီး . . . သူက မိတို့ရဲ့ငယ်သူငယ်ချင်း ဝေဘုန်း မောင်တဲ့"

"ကိုယ်တို့တွေ ဆုံဖူးပါတယ် မိမိရဲ့"

ဦးနိုင်ရဲ့စကားကြောင့် မိမိအောင် မျက်နှာအနေရခက်သ ဖြစ်သွားသည်။





သူမ လောကွတ်ချော်သလိုဖြစ်သွားတာကိုလည်း ကောင်းစွာ သဘောပေါက်မိသည်။

ဝေဘုန်းမောင်ရဲ့ နှုတ်ခမ်းထက်က ရွဲ့တဲ့တဲ့အပြုံးကြောင့် သည်း ပို၍ အနေခက်သွားခြင်းဖြစ်သည်။

သူမတို့မင်္ဂလာဆောင်မှာ ဝေဘုန်းမောင် သီချင်းလာဆိုပေး ူးသည်လေ။

ဒါ့အပြင် ဝေဘုန်းမောင်နှင့် လုပ်ငန်းခြင်း မသိမသာ ပတ် သက်မှုရှိကြောင်း ဝေဘုန်းမောင်က လူတော်တစ်ယောက်ဖြစ်ကြောင်း းနိုင်ပြော၍ သူမ သိခဲ့ရသည် မဟုတ်လား။

သို့သော် ဟန်ဆောင်ကောင်းသူပီသစွာ အသံထွက်အောင် ယ်ရင်း။

"ဟုတ်သားပဲ မိမိလည်း အသက်သိပ်မကြီးသေးဘဲ မေ့ တ်လိုက်တာ အစ်ကိုကြီးရယ် . . . ဟင်း ဟင်း"

ရယ်နေသော မိမိအောင်ကို လှမ်းကြည့်ရင်း ဝေဘုန်းမောင် က်မှောင်ကျုံ့သွားသည်။ မျက်နှာချင်းဆိုင်လာတွေ့၍ မတတ်သာ ဖြင့် အာလာပသလ္လာပ နှုတ်ဆက်ပြီးလျှင် ပြန်ပါတော့လား။

ဘာလို့ မပြန်နိုင်ဘဲ စကားလုံးတွေ ဖောင်းပွနေရသလဲ။ ရင်တုန်းကဆို သူနှင့်မျက်နှာချင်းဆိုင်မိလျှင် သေမတတ်ကြောက် သော မိမိအောင်က အခု ဘယ့်နှယ်ဖြစ်ရတာလဲ။

အင်းပေါ့၊ အဲဒီတုန်းက ညားခါစဆိုတော့ သူ့ အကျင့်ပုပ် ကို ကြောက်တာပေါ့လေ။ သူသာ လူယုတ်မာတစ်ယောက်

ဖြစ်ခဲ့လျှင် သူနှင့် မိမိအောင်ရဲ့ ပတ်သက်မှုအကြောင်း ဦးနိုင်ကို ပြော၍ သူမတို့အိမ်ထောင်ရေး မပြေမလည်ဖြစ်အောင်လုပ်၍ ရသည် လေ။

သို့သော် သူကတော့ လူယုတ်မာတစ်ယောက် မဟုတ်သည့် အတွက် ဘယ်တော့မှ ထိုသို့လုပ်မည်မဟုတ်။ အမိက ကိုယ်နှင့် ပတ်သက်သည့် သူကမှ ကိုယ့်ဘက်ကမရပ်တည်လျှင် သူ ထိုသို့ ယုတ်မာတော့ကော ရင်ဝကို ခြေစုံကန်ထွက်ခွာသွားသူက ပြန်ဝင်လာ ဦးမှာမို့လား။

"ဒါနဲ့ စကားမစပ် တစ်ခုလောက် မေးချင်လို့နော်။ ဒီက ညီမကို ကိုယ် မြင်ဖူးသလိုပဲ။ ဘယ်မှာမြင်ဖူးသလဲမသိဘူး။ ရင်းရင်း နှီးနှီး မြင်ဖူးနေတာ"

"အို"

"ဟင်"

နှုတ်ဆက်ကာ ပြန်မည်ဟု စဉ်းစားဆဲ ဦးနိုင်ရဲ့စကားကြောင့် မိုးတို့ (၂) ယောက် မျက်နှာပျက်သွားသည်။ စောစောတုန်းက ဝေ ဘုန်းမောင်နှင့် မိမိအောင်တို့စကားအပေါ် အာရုံနေရောက်နေသော ဦးနိုင်က ဝေဘုန်းမောင်၏ဘေးတွင် ရပ်နေသောမိုးကို သတိမထား မိခဲ့ပေ။

သတိထားမိတဲ့အခါ မိုးကို စူးစူးစိုက်စိုက်ကြည့်ရင်း မျက် မှောင် တဖြေးဖြေးကုတ်လာသည်။ ဒီမျက်နှာကို သူတစ်နေရာမှာ ရင်းရင်းနှီးနှီး မြင်ဖူးနေသလိုလိုပါလား။





အစိမ်းလိုလို အပြာလိုလို အရောင်မှိုင်းသော ချည်ထည် ...သက်ကို ဝတ်ဆင်ထားသည်။ ပခုံးအနည်းငယ်ကျော်သော ဆံပင် ... ကျစ်ဆံမြီးနှစ်ခွ ကျစ်ထားသည့် မိုးဆိုသည့် မိန်းကလေးကတော့ ...ကို ခပ်စိမ်းစိမ်း ကြည့်နေလေသည်။

"လူမှားလို့ဖြစ်ပါလိမ့်မယ်။ မိုး ဦးလေးကို မသိပါဘူး။ သွား ...ရအောင်လေ အစ်ကို"

ခုချိန်မှာ မိုး စူးစူးရဲရဲကြည့်နေသော ဒီလူကြီးရဲ့အကြည့်ဇာတ် ...ာက်က လွတ်မြောက်ဖို့ပဲ လိုလားပါသည်။

စိတ်ထဲမှာ ထိုလူကြီးရဲ့အကြည့်ကို စိုးရွံ့မိသည်။ ထို့ကြောင့် ...ကို ဘေးသို့ တိုးကပ်ရင်း လက်မောင်းကို ခပ်တင်းတင်း ဖက်ထား ...သည်။

"ဪ . . . သူက ကိုဘုန်းတို့အိမ်ရောက်နေတဲ့ မိန်းကလေး ...ေ အစ်ကိုကြီး။ အတိတ်မေ့နေတယ်လို့တော့ ပြော"

"ခွင့်ပြုပါဦး ဦးနိုင်"

ရိုင်းတယ်ဟုထင်ချင်ထင် ဝေဘုန်းမောင် သည်းမခံနိုင်တော့ ...။ မိမိအောင် ဘာသဘောနှင့် မိုးရဲ့ကိစ္စကို ပြောချင်နေရသလဲ ... မစဉ်းစားတတ်ပေ။ ထို့ကြောင့် သူတို့ ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြု ...သည်ဖြစ်စေ ကိုယ့်ဘက်က ဝတ္တရားကျေ နှုတ်ဆက်ပြီး ထွက်ခဲ့ ...သည်။

မိုးက သူ့ရဲ့လက်မောင်းကို ခပ်တင်းတင်းဆုပ်ကာ နောက် ...ည့်စတမ်း ပါလာခဲ့သည်။ သူတို့မိသားစုတွေ ဘယ်လိုပုံစံနှင့်

ကျန်ခဲ့မလဲ၊ သူတို့ (၂) ယောက်ကို နားမလည်စွာ ကြည့်နေမလား
ဝေဘုန်းမောင် မစဉ်းစားချင်တော့ပေ။

ကိုယ်နှင့်မဆိုင်သည့်ကိစ္စတွင် ဝင်ပါချင်နေသော မိမိအော
ကိုလည်း သူ စိတ်တိုပါသည်။ သူမက ဘာရေရေရာရာသိလို့ ဝင်
ပြနေရတာလဲ။

မိမိအောင်ဟာ အမြဲတမ်း သူ့ဘဝကို ပြုပ်မွှေဖို့ ကြိုးစား
တဲ့ မိန်းမ။ အခုလည်း ကိုယ်နှင့် ဘာမှမသက်ဆိုင်ဘဲ အနေသာကြီး
ဝင်ရောက်ပြောဆိုနေတာက ဘာအဓိပ္ပာယ်လဲ။

"ဟင် . . . မိုး လက်တွေလည်း အေးစက်လို့ပါလား။ ဘာ
တာလဲ။ နေမကောင်းဘူးလား"

ဆိုင်ကာယ်နားသို့ အရောက် မိုးရဲ့လက်ကို ဆုပ်ကိုင်ထား
သတိရသည်။ သူ ဆုပ်ကိုင်ထားသော မိုးရဲ့လက်ဖျားတွေက အေး
နေသည်။

မိမိအောင်ကို စိတ်တိုနေတာနှင့် မိုးကိုမေ့သလိုလို ဖြစ်
ခဲ့သည်။ မိုးက သူလွှတ်ပေးလိုက်သော လက်ကို သူမရဲ့ ကျန်
တစ်ဖက်နှင့် ခပ်တင်းတင်းဆုပ်ကာ –

"မိုး ဘာမှမဖြစ်ပါဘူး အစ်ကို၊ မိုးတို့ ဒီနေရာကနေ အ
ဆုံး ပြန်ကြရအောင်၊ အိမ်မှာ အမေမျှော်နေလောက်ရောပေါ့ အ

မျက်နှာ သိပ်မကောင်းလှသော မိုးကို သူ ဘာမှမပြော
ဘဲ ဆိုင်ကာယ်စက်နှိုးလိုက်သည်။ အပြန်လမ်းသည် အသွားတုန်း
လောက် ပျော်စရာမကောင်းတော့ပေ။





မိုးက စကားတိတ်သွားသလို သူလည်း စိတ်အနှောင့်
အယှက် ဖြစ်သွားရသည်။

ဦးနိုင်မိုးကို ကြည့်နေပုံက တကယ်ပဲ တစ်နေရာရာမှာ ရင်း
ရင်းနှီးနှီး တွေ့ခဲ့ဖူးသလိုလို။ တကယ်ပဲ မိုးကို ဦးနိုင်သိနေခဲ့သလား။
ဆို သူနှင့် မိုးတို့ရဲ့ ပျော်ရွှင်မှုကာလတို့သည် မကြာတော့ဘူးလား။
သူတို့သားအမိတွေ စိုးထိတ်နေသောအချိန်သည် ရောက်ရှိလာတော့
သည်လား။

ရင်မောလေစွ။

*

# အခန်း (၂၂)

"အဲဒါပဲ အမေ"

"ဟင်း"

သူက ပန်းပွဲတော်မှာ ဦးနိုင်နှင့်ဆုံခဲ့စဉ်ကကိစ္စနှင့် ပတ်သက်၍ အမေ့ကို ပြန်ပြောပြလိုက်သည်။ သူ့စကားဆုံးတော့ အမေ့ထံမှ သက်ပြင်းချသံမှလွဲ၍ ဘာမှမကြားရသေးပေ။

မီးဖိုဘေးမှာ သူရယ် အမေရယ် နှစ်ယောက်ထဲပါ။ မိုး တော့ နေမကောင်းသဖြင့် ဆေးသောက်ပြီး အိပ်ရာထဲသို့ စော လေးကတည်းက ဝင်သွားလေပြီ။

အမေ့ကို ပြောပြချင်နေသော သူလည်း မိုး အိပ်ရာထဲဝင်သွား သည်နှင့် မထိန်းချုပ်နိုင်ဘဲ အမေ့ကို ဖွင့်ပြောပြလိုက်ခြင်းဖြစ်သည်။ အမေက သူ့အတွက် ဆွယ်တာထိုးနေရင်းမှ ဘာမှမပြောသေး





တိတ်ဆိတ်ငြိမ်သက်နေသော အခန်းငယ်ထဲတွင် အသက် ရှူသံနှင့် အမေရဲ့ချည်ထိုးနေသော လက်တို့မှတစ်ပါး လှုပ်ရှားနေခြင်း ည့်နေခြင်း မရှိပေ။

သူတို့ပြင်ဦးလွင်တွင် သိုးမွေးဆွယ်တာ စက်ထိုး၊ လက်ထိုး များ ပေါသော်လည်း ဆောင်းဝင်ပြီဆိုလျှင် အမေက သူ့အတွက် ဝေ့စ်ကုတ်ဆွယ်တာများ ထိုးပေးတတ်ပါသည်။ နှစ်တိုင်းထိုးပေးပါ သည်။

အမေထိုးပေးသော ဝေ့စ်ကုတ်များက ဆောင်းတွင်းမှ အသုံး ဝင်သည်မဟုတ်။ နွေရာသီတွင် အောက်က ရှပ်အင်္ကျီလက်တိုဝတ် ပေါ်က သိုးမွေးဝေ့စ်ကုတ်ထပ်ဝတ်တတ်သလို ဆောင်းတွင်းဆိုလျှင် အောက်မှာ တော်သင့်ရုံထူသော အနွေးထည်လက်ရှည်ကို ဝတ်ကာ အပေါ်မှာ ဝေ့စ်ကုတ်ထပ်ဝတ်ခြင်းသည်ပင် သူ့ရဲ့ဖက်ရှင်လိုလို ဖြစ်နေ တတ်သည်။

"အမေ"

"-----"

"အမေ ဘာမှမပြောတော့ဘူးလား။ မိုး သူ့ရဲ့အတိတ်နဲ့ ပြန်ဆက်သွယ်ခွင့်ရသွားရင်"

"ရသွားတော့ကော အမေတို့က ဘာတတ်နိုင်မှာလဲ"

"ဟင်"

အေးတိအေးစက်ထွက်လာသော အမေ့စကားကြောင့် သူ ောင် ကြောင်တောင်တောင် ဖြစ်သွားသည်။ မိုး ဒီအိမ်က ထွက်သွား

မှာ အမေ မစိုးရိမ်ဘူးလား။ အမေ ဘာမှ မခံစားရဘူးလား။

မဟုတ်သေးပါဘူး။ အမေ မိုးကို သမီးအရင်းတစ်ယောက် လို ချစ်တာ သူ ကောင်းကောင်းကြီးသိပါသည်။ သူနှင့်ယှဉ်လျှင် တောင် အမေ မိုးဘက်ကို ပါခဲ့တာ သူအသိ။

''အမေ ... မိုးကို မချစ်တော့ဘူးလား''

သူ့ရဲ့ ကလေးဆန်ဆန် မေးခွန်းကြောင့် အမေက တစ်ချက် ရယ်လိုက်သည်။ သို့သော် အမေလည်း ဝေဒနာအပေါ် ဟန်လုပ် ရမှန်း သူ သဘောပေါက်သလိုလို ရှိသွားသည်။

လောကမှာ ဒီသားအမိနှစ်ယောက်ထဲပဲ ရှိခဲ့တာလေ။ အမေ က သားရဲ့အရိပ်ကို တကြည့်ကြည့်ရှိနေခဲ့သလို အမေကလည်း သားရဲ့အရိပ်ကို တကြည့်ကြည့်နှင့် ရှိနေခဲ့သည်။ ဒီအမေ ဘယ်လို ပြုမူလိုက်လျှင် ဘာဖြစ်နေသလဲ။ ဘာခံစားနေရသလဲ သိပ်အဆန်း တော့ မဟုတ်ပေ။

''ချစ်တာက နီးနီးဝေးဝေး ဘယ်အရပ်ရောက်ရောက် ချစ်လို့ ရပါတယ်သားရယ်။ ဒါပေမဲ့ ဒါက သမီးရဲ့ဘဝကိစ္စလေ။ ငါတို့ချစ်နေတဲ့ ကလေး သူများတွေ ပြန်လာခေါ်မှာစိုးလို့ဆိုပြီး သိမ်းဝှက်ထားလို့ရတဲ့ အရာမှ မဟုတ်တာကွယ်''

''ဒါပေမဲ့''

''ဒါပေမမဲ့နဲ့ ကိုဘုန်း။ အမေပြောတာကို သေချာ ထောင်စမ်းပါကွယ်''

အခြေအနေက ပြောင်းပြန်ပင်ဖြစ်နေပါသေးသည်။ ...





...ဘာက ဒီသတင်းဆိုးကိုပေးလျှင် အမေ အတော်ခံစားနေရလိမ့် ... သူက အမေ့ကိုပြန်ပြီး အားပေးစကား ပြောရလိမ့်မည်ဟု ...ခဲ့ရသမျှ အမေက တည်ငြိမ်နေပြီး သူက မအေးဆေးနိုင်ပါ ...။

''ကောက်ရထားတဲ့ သူတောင် ဒီလောက်မြတ်နိုးနေတယ် ...ပင် ကျပျောက်တဲ့သူကော ဘယ်လောက်ထိ ခံစားနေရမလဲ သား ...ချင်းစာကြည့်ပါကွယ်''

''ဒါတော့ အဲဒီကျပျောက်တဲ့သူက ကျပျောက်ပျောက်ခြင်း ...လို့ မရှာခဲ့တာလဲ။ အခု ဒီလောက်အကြာကြီးနေမှ ပိုင်ရှင်ပြန်ပေါ် ...ဘယ်ဆိုရင် ရေအဆုံး ကုန်းတစ်ဝက် သားတို့နဲ့လည်း ဆိုင်တာပဲ''

''အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့ ကိုဘုန်း။ ရေအဆုံး ...ကုန်းတစ်ဝက်ဆိုင်ရအောင် မိုးက သက်မဲ့ပစ္စည်းမဟုတ်ဘူး။ သူ့ရွေး ...မှုအပေါ် မင်း ဘာမှ လွှမ်းမိုးချုပ်ကိုင်ထားလို့ မရဘူး''

''မိုးက ကျွန်တော်တို့အိမ်ကလွဲရင် သူ ဘယ်သူလာခေါ်ခေါ် ...မှာမဟုတ်ဘူး အမေ။ အခုလည်းကြည့်ပါလား ဟိုလူကြီးရဲ့ ...ကြောင့် သူ သားတို့မိသားစုနဲ့ ခွဲရမှာကြောက်ပြီး လန့်ဖျားဖျား ...တာ''

''ဒါပေါ့၊ ဒီအချိန်မှာတော့ ဒီလိုပဲဖြစ်ရမှာပေါ့။ လက်ရှိ သူ ...ကပ်နေတဲ့ အငှားမိသားစုကို သူ့ရဲ့ တကယ့်မိသားစုဘဝလို့ သူက ...မှတ်နေတာကို။ တကယ်လို့ သူ့ဘဝဟောင်းကို ပြန်သတိရသွား ...အခါ အငှားဘဝကို သူ ဘယ်လိုလုပ်သတိရတော့မှာလဲ''

"အမေ"

တကယ်တော့ အမေ့ရဲ့နှုတ်ကနေ မိုးနှင့်ပတ်သက်၍ ပေး သောစကားလုံးတွေကိုသာ ထွက်လာစေချင်တာပါ။ ပြင်းထန်စွာ ခံစား နေရသော သူ့ရဲ့ခံစားချက်တွေကို သက်သာလို သက်သာငြား အမေ့ နှုတ်က အားပေးစကားလေးတွေ ပြောလာစေချင်တာပါ။

ခုကျတော့ အမေက ဘယ်ဘက်ကပဲဖြစ်ဖြစ် ပုတ်ထုတ်ဖို့ ကြိုးစားနေလေသည်။ ဒါ တကယ်ပဲ အမေ့ရင်ထဲကစကားတွေလား ဟုတ်ရဲ့လား အမေရယ်။

ကျပျောက်သွားတဲ့ ပိုင်ရှင် ဘယ်တော့မှ ပြန်ပေါ်မလာပါဘူး လို့ ကောက်ရထားသူက ဆုတောင်းခွင့်မရှိရတော့ဘူးလား။

"သား ဘာပြောချင်သလဲ အမေ သိပါတယ်"

အမေ့ကိုလည်း ဘာမေးခွန်းမှ ဆက်မမေးရဲလောက်အောင် ဖြစ်နေသည်။ ထို့ကြောင့် ငြိမ်သက်စွာဖြင့် အရှိန်ငြိမ်းငြိမ်း တောက်လောင် နေသော ထင်းတွေကို သဲသဲမဲမဲစိုက်ကြည့်နေစဉ် အမေ့ထံမှ စကား ထွက်လာသည်။

အမေက ထိုးမပြီးသေးသော ချည်တို့ကို ဆက်ထိုးဖို့ စိတ် မပါတော့သည့်ဟန်ဖြင့် ချည်လုံးနှင့် အပ်ကိုရောလိပ်ရင်း –

"အမေတို့က ကိုယ်ဖြစ်ချင်တာပဲသိနေလို့ မရဘူးလေ ဒီလောက်ထိ အကြာကြီး အတူတူနေလာခဲ့ပြီးမှတော့ ဘယ်သူက မခံစားရဘဲနေမလဲ၊ ဒါပေမဲ့ ... လောကကြီးမှာ စိတ်ကူးယဉ်နေလို့ မရတဲ့ကိစ္စတွေ အများကြီးပဲ၊ သားကိုလည်း အမေ တစ်ခု သင်



ပေးချင်သေးတယ်"

"ဘာသတိပေးမှာလဲ အမေ"

သူ့မေးခွန်းကို အမေက မဖြေသေးဘဲ သူ့ကို သေချာကြည့် နေလေသည်။

အခုတော့ သူတို့သားအမိနှစ်ယောက်ရဲ့ အခြေအနေသည် များစွာ ပြောင်းလဲခဲ့သည်။ ဘာအတွက်နှင့်မှ သောကမရှိခဲ့ချေ။ ငွေ ရေးကြေးရေးကြောင့်လည်း သောကမဖြစ်ရဘူး။ လူမှုရေးနှင့် အခြား သောကိစ္စတို့ကြောင့်လည်း သောကမရှိခဲ့ဖူးပေ။

နေ့စဉ် မနက်လင်းတာနှင့် အမေချက်ပြုတ်ပြင်ဆင်ထားသည့် နက်စာကို သားအမိနှစ်ယောက် အတူစားသောက်။ စားသောက်ပြီး သူက ဈေးဘက်သွားလျှင်သွား၊ ဈေးဘက်အလုပ်ပါးလျှင် မက်မန်းခြံ ဘက်သွားလျှင်သွားသည်။

ကျန်ခဲ့တဲ့အမေကတော့ စိုင်းဝဏ္ဏတို့ မောင်ညီမတို့နှင့် အိမ်က ခန်းခင်းကို ဦးစီး။ ညနေစောင်းသူပြန်လာပြီဆို ရေမိုးချိုး စားသောက် ပြီး အမေက ဘုရားရှိခိုး၊ သူက တီဗွီကြည့်။ သားအမိနှစ်ယောက် ဟိုဒီဒီ စကားတွေရောက်တတ်ရာရာ ပြောရင်း ဖြတ်သန်းလာခဲ့သည့် နေ့ရက်တွေကမနည်း။

ခုတော့ သူတို့သားအမိနှစ်ယောက်ကြားတွင် ဖွင့်မပြောဖြစ် ကြပေမယ့် အလိုလိုသိနေသော သောကမီးတောင်တစ်ခု အစပျိုးနေ လေပြီ။ ထိုသောကမီးတောင်သည် ဘယ်အချိန်၌ ထပေါက်ကွဲမည် နည်း။

''မိမိအောင်နဲ့တုန်းကလည်း သား တော်တော်လေး ခံစားခဲ့ရတယ်။ သားခံစားနေရတော့လည်း မအေဖြစ်သူက ဘယ်လိုလုပ်ကြည့်ရက်မှာလဲ။ ကိုယ့်သားသမီးကို ကိုယ်တောင် ဒီလောက်ချစ်နေတာ သူများနဲ့ကြမှ ခံစားရတယ်ဆိုတော့ မိဘက ဘယ်စိတ်ကောင်းမလဲ။ အမေကတော့ တစ်ဦးတည်းသောသား မွေးထားလို့ အချစ်ကြီးပြီး အိမ်ထောင်မပြုရဘူး။ ရည်းစားမထားရဘူးလို့ တခြားသော မိဘတွေ ကန့်ကွက်သလို ကန့်ကွက်မှာမဟုတ်ဘူး။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတဲ့ သဘောတရားကို နားလည်တယ်''

''-----''

အမေ ဘာကိုပြောချင်နေသလဲ မသိသဖြင့် သူ ငြိမ်၍ နားထောင်နေခြင်းဖြစ်သည်။ အမေကလည်း သူ နားထောင်နေသလား။ နားမထောင်နေဘူးလားဆိုတာကို အကဲခတ်ပြီး –

''လောကမှာ မပြစ်မှားထိုက်တဲ့ မိန်းမ ဘယ်နှစ်မျိုးရှိသလဲ သား သိလား''

''ဗျာ ... မပြစ်မှားထိုက်တဲ့မိန်းကလေး ဟုတ်လား အမေ ကျွန်တော်မသိဘူး အမေ။ ကျွန်တော် သိသလောက်ပြောရရင် ကာမပိုင်လင်ယောက်ျားရှိတဲ့ အမျိုးသမီးတွေကတော့ မပြစ်မှားသင့်တဲ့ မိန်းမတွေဆိုတာပဲ။ ကျန်တဲ့ မပြစ်မှားသင့်တဲ့ မိန်းမဆိုတာ ဘယ်လို မိန်းမလဲ အမေ''

''မိဘမောင်ဘွား အုပ်ထိန်းမှု မလွတ်ကင်းသေးတဲ့ အမျိုးသမီး၊ ဆွေမျိုးအုပ်ထိန်းမှုအောက်မှာရှိနေတဲ့ အမျိုးသမီးတွေလည်း



...ဘာပေါ့။ များသောအားဖြင့် လူတွေသိနေကြတာက ကာမပိုင်လင်ယောက်ျားရှိတဲ့ မိန်းမကိုသာ မပြစ်မှားသင့်တာတဲ့''

''ဩော်''

''အခု ... အမေ ဘာလို့ အဲဒီလို ပြောနေရသလဲဆိုတာ အကြောင်းရှိတယ်သား။ မိုးဟာ မေမေတို့ရဲ့ အုပ်ထိန်းမှုအောက်ကို ရောက်လာတဲ့မိန်းကလေး။ သူ့ကို ဘာမှမဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရမယ့်တာဝန် အမေတို့မှာ အများကြီးရှိတယ် သား''

''သား နားလည်ပါတယ်''

''သား နားလည်တာက မေမေပြောတဲ့စကားကို အကုန်နားလည်နေတာ မဟုတ်ဘူး ကိုဘုန်း''

''ဗျာ''

''မိုးရဲ့အတိတ်မှာ ဘာတွေ ဘယ်လိုဖြစ်ခဲ့သလဲ ဘာဆိုဘာမှမသိရဘူး။ သူ့မှာ လက်ထပ်ရမယ့်သူရှိလား၊ ချစ်သူရှိလားဆိုတာကိုလည်း အမေတို့ မသိရဘူး။ နောက် သူ့မိဘတွေရဲ့ သဘောထားက ဘယ်လိုလဲ။ သူတို့က ဘယ်လိုအသိုင်းအဝိုင်းလည်း မသိဘူး။ ဒါ ... ဘာလို့ပြောနေတာလဲ အမေလို့မေးလာရင် ပြောစရာရှိတာပေါ့။ ငါ့သားကို တစ်ခါက နှစ်ခါ သမီးရှင်တွေက ငြင်းတဲ့ဟာကို အမေ လက်မခံနိုင်တော့ဘူး။ အမေတစ်ယောက်အနေနဲ့ ပြောရရင် ငါ့သားဟာ သမီးရှင်တွေ ငြင်းရလောက်တဲ့ အနေအထား မဟုတ်တော့ဘူး''

''အမေ ဘာတွေလျှောက်ပြောနေတာလဲ။ အမေပြောနေ

တာကို ကျွန်တော် နားမလည်ဘူး။ ကျွန်တော်နဲ့ မိုးကလည်း အ
ထင်နေသလို မဟုတ်ဘူး''

''ဒီမှာ ဝေဘုန်းမောင် ... ငါက ငယ်ရာကကြီးလာတဲ့
ထင်သလို ဟုတ်လာမှာမလို့ ဒီလောက်ထိ ပြောနေရတာပေါ့။ ကိုယ်
မွေးထားတဲ့ သားအကြောင်း အမေချေးခါး အကုန်သိတယ်။ အခု
နေရတာကလည်း ငါ့သား ခံစားပြီး ကျန်ခဲ့ရမှာစိုးလို့''

''_____''

''အတိတ်ကို ပြန်သတိရတဲ့သူက အချိန်တန် သူ့မိတ်
ရဲ့ ရင်ခွင်ထဲ ပြန်ဝင်သွားမှာ။ မင်းကိုတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်
ထင်မှာမဟုတ်ဘူး။ အမေ ဒါတွေပြောနေတာက မိုး စိတ်ဆိုး
အမြင်ကတ်လို့ မချစ်လို့ ပြောနေတာ မဟုတ်ဘူး။ မိုးကို အမေ
သမီးရင်းတစ်ယောက်လို ချစ်ပါတယ်။ ဒါပေမဲ့ သူစိမ်းနဲ့သွေးသား
ယှဉ်လိုက်တော့ ကိုယ့်သွေးသားဘက် အလေးသာသွားတာက
ပဲ''

''အမေရယ်''

''အဲဒီတော့ မိုးလည်း မရှိဘူးဆိုတော့ အမေ ရှင်းရှင်း
ပြော မယ်။ သား မိုးနဲ့ပတ်သက်ပြီး အနေအထိုင်၊ အပြော
ဆင်ခြင်ပါ။ မိုးက သားကို တွယ်တာနေတယ်ဆိုရင်တောင် သူ့အ
ဘဝမှာ ခဏတာ တွယ်တာတာပဲ ဖြစ်ပါလိမ့်မယ်။ အမေက
အစွဲအလမ်း ကြီးတတ်တဲ့ အမေ့ရဲ့သားအကြောင်းသိလို့ ပြောနေရ
ကဲ ကဲ ... ညလည်း နက်ပြီ အိပ်ရာထဲဝင်တော့''





အမေက စကားအကုန်ပြောပြီးသွားသည့်ဟန်နှင့် မီးပိတ်သွားမှ
သွားသည်။ အမေရဲ့ ဆုံးမစကားမှာ ကိုယ့်နားထဲတွင် အထပ်ထပ်
လည်ကြားယောင်နေရင်း သူ့ရင်ဘတ်ထဲ မခံမရပ်နိုင်လောက်
အောင် နာကျင်စွာ ခံစားလိုက်ရသည်။

ငါ တကယ်ပဲ ကျန်ရစ်ဖြစ်ရဦးမလား မိုး။

*

## အခန်း (၂၃)

"အမေရယ်"

မိုး တံခါးပေါက်မှာ မှီချထိုင်ရင်း တိတ်တိတ်က...
မျက်ရည်များ စီးကျလာရသည်။

"အတိတ်ကို ပြန်သတိရတဲ့သူက အချိန်တန် သူ့မိဘ ...
ဆွေမျိုးရဲ့ ရင်ခွင်ထဲ ပြန်ဝင်သွားမှာ။ မင်းကိုတော့ ဖုတ်လေတဲ့...
ရှိတယ်လို့တောင် ထင်မှာမဟုတ်ဘူး။ အမေ ဒါတွေပြောနေတာ...
မိုးကို စိတ်ဆိုးလို့ အမြင်ကတ်လို့ မချစ်လို့ ပြောနေတာ မဟုတ်...
မိုးကို အမေ့ရဲ့သမီးအရင်း တစ်ယောက်လို ချစ်ပါတယ်။ ဒါ...
သူစိမ်းနဲ့အေးသားယှဉ်လိုက်ရင် ကိုယ့်သွေးသားဘက် အလေး...
သွားတာကတော့ ထုံးစံပဲ"

ဆိုတာကော နောက်ပြီး -





"အဲဒီတော့ မိုးလည်း ရှိမနေဘူးဆိုတော့ အမေ ခပ်ရှင်းရှင်း ...ပြောမယ်။ သား မိုးနဲ့ပတ်သက်ပြီး အနေအထိုင် အပြောအဆို ...င်ခြင်ပါ။ သားကို မိုးက တွယ်တာနေတယ်ဆိုရင်တောင် သူ့ရဲ့ ...ငှားဘဝမှာ ခဏတာတွယ်တာနေတာပဲဖြစ်လိမ့်မယ်။ အမေကတော့ ...ဖွဲ့အလန်းကြီးတတ်တဲ့ အမေ့ရဲ့သားအကြောင်းကို သိနေလို့ ပြောနေ ...တာ"

တဲ့လား အမေရယ်။

မိုး ဒီအိမ်မှာမရှိတော့ရင်ဆိုတဲ့ နောက်ပိုင်းအတွက် အမေတို့ ... ကြိုတင်ပြင်ဆင်ထားကြတာလား။ အမေတို့က အမေတို့ ခံစားရ ... ဖိုးလို့ ကြိုတင်ပြင်ဆင်ထားကြတယ်ဆိုတာကလည်း အမှန်တရား ...။

ဘယ်မှ ထွက်သွားဖို့မရှိသေးတဲ့ မိုးရဲ့အမှန်တရားကိုကော ...သို့မတွက်ပေးတော့ဘူးလား။ မိုး ဆုတောင်းချင်ပါတယ် အမေရယ်။ ...ကယ်လို့များ မိုး အတိတ်ကို ပြန်သတိရခဲ့တယ်ဆိုရင်တောင် အငှား ...ဘဝလေးကို ပြန်မမေ့မသွားဖို့ပေါ့။

တစ်ခုပဲ စိုးရိမ်သလို မိုး စိုးရိမ်မိတာ ရှိပါတယ်။ မိုးရဲ့အတိတ် ... မိုး လက်ထပ်ရမယ့်သူ ချစ်ရမယ့်သူ ရှိနေသလား။ မိုး သိပ်သိချင် ...ယ်။

အခုလက်ရှိ ဘဝမှာတော့ မိုး လူတစ်ယောက်ကို စိတ်ဝင်စား ...နေမိပါတယ်။ အဲဒီ စိတ်ဝင်စားမှုဟာ အတိတ်မှာရှိနေသူကို သစ္စာ ...ဖောက်နေသလို ဖြစ်မှာပဲစိုးတယ်။ အစ်ကိုကို မိုး မေ့ပစ်ရမှာ

အကြောက်ဆုံးပါပဲ။

မိမိအောင်တို့မိသားစုမှ ဝင်ရောက်လာသော ကယက်ကြောင်း မိုးတို့၏ဘဝသည် အရင်တုန်းကလို မအေးချမ်း။ မစိုပြည်တော့

အမေသည် လူကြီးတစ်ယောက်ဖြစ်သည့်အတွက် ဆောင်နိုင်သည်။ နောက်ရက် နောက်ရက်တွေမှာ မိုးဟာ အ အပြော မပြတ် ယခင်တုန်းက လိုချစ်ဆဲ ခင်ဆဲဖြစ်သည်။

သို့သော် အစ်ကိုကတော့ မိုးအား တဖြည်းဖြည်း ရှောင် လာခဲ့သည်။ ယခင်တုန်းကလို မကြည်ဖြူခင်က မျက်နှာကြီး ရှုံ ကာ အော်ဟစ်နေတာကမှ ကောင်းသေး။

ယခုကျတော့ မျက်နှာအမူအရာ မပျက်ပြားဘဲ မိုးကို ရှော ဖယ်ဖယ်လုပ်ခြင်းကိုတော့ မိုး အရမ်းခံစားရပါသည်။

ဘာမှ မသိသလိုနှင့် သွားမေးရအောင်လည်း မိုး အ လောက်ထိ ဟန်ဆောင်မကောင်းတာ ကိုယ့်ကိုယ်ကိုယ် သိနေသည်

"အမေ ... ကျွန်တော် မန္တလေးကို အလုပ်ကိစ္စနဲ့ ဆင်း ရှိတယ်"

မနက်စာ ထမင်းဝိုင်းတွင် အစ်ကို့ထံမှ ထိုသို့ပြောလာသည်

"ဒါဆို အတော်ပဲ အစ်ကို"

အစ်ကိုမန္တလေးသွားမယ်ဆိုတော့ မန္တလေးက ပစ္စည်းအ ဝယ်လာနိုင်းဖို့ သတိရသဖြင့် –

"မိုး ပစ္စည်းနည်းနည်းလောက်မှာချင်တယ် အစ်ကို။ ထ ကြိုနေတာပဲ ဝယ်လာပေးပါလား"





"နောက်မှဝယ်ပါလား မိုး။ ဘာပစ္စည်းမို့လဲ။ ဒီမှာရရင်လည်း ဝယ်လိုက်လေ။ ဘယ်လောက်ဈေးကွာမှာမို့လဲ"

"ဒီမှာတော့ ရပါတယ်။ ဒါပေမဲ့ မိုးက ဟန်းဆက်ဝယ်ချင် မန္တလေးမှာကျတော့ Brand ပဲရှိတယ်လေ။ Sony ထဲက နောက်ဆုံးပေါ်"

"ကိုယ် အဲဒီလောက်အထိ ပစ္စည်းစောင့်ရှာနေဖို့ အချိန်ရမှာ တော်ဘူးမိုး။ အလုပ်ကိစ္စတွေက အရမ်းများတယ်။ ပြီးတော့ (၂) (၃) ရက်လောက်ကြာမှာဆိုတော့ မဖြစ်ပါဘူး။ ဒီမှာပဲ ဝယ်လိုက် း"

ဘူးတစ်လုံးပဲ ဆောင်နေသောအစ်ကို့ကြောင့် မိုး မျက်နှာ သထက်ပျက်လာသည်။ ဘယ်သူမှ မရိပ်မိအောင် ထိန်းထားရ ကလည်း ပင်ပန်းလှသည်။

လေစိမ်းတွေ တိုက်နေတယ် xxx လေစိမ်းတွေ တိုက်နေ ယ် xxx မောင်အရင်လိုမဟုတ်တော့ဘူးကွယ်။

ဆိုသည့် မေဆွိသီချင်းထဲကလို ပြောရလျှင် အစ်ကို မိုး ပေါ်မှာ လေစိမ်းတွေတိုက်နေခြင်းက အရမ်းသိသာနေပါသည်။

ရန်သူတွေမဟုတ်ကြပါဘဲ ဘာလို့ အဲဒီလိုပြောင်းလဲသွားတာ အစ်ကိုရယ်။

အစ်ကိုထွက်သွားတော့ အမေက –

"ဟုတ်သားပဲ သမီးရယ်။ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့။ လည်း ဝယ်လို့ရတာပဲ။ သမီးတစ်ယောက်တည်းမသွားချင်ရင်

အမေ အဖော်လိုက်ခဲ့ပေးမှာပေါ့။ ဒီနေ့ သွားမလား''

ခါတိုင်း အစ်ကို ထိုသို့ငြင်းလျှင် အမေက –

''မောင်ဘုန်း ...ဒါလေးဝယ်ပေးရတာ ဘယ်လော အပန်းကြီးလို့လဲ''

ဟု မိုးဘက်က ကာပြောခဲ့သလောက် ယခုတော့ မသိ ကျွဲပြုနေခဲ့ပြီပေါ့လေ။

''ရပါတယ် အမေရယ်။ အရမ်းကြီးလိုအပ်နေတာမှ မဟု တာ။ ဒီမှာ ဝယ်ရမယ်ဆိုတော့လည်း အလုပ်တွေ ဘာတွေနားတဲ့ သွားဝယ်လိုက်ပါတော့မယ်''

အမေ့ကို ကြည့်ကောင်းအောင် ပြောခဲ့ပြီး မိုး ခြံထဲ ဆင်းခဲ့သည်။

ကိုမောင်ညိုနှင့် ကိုဝဏ္ဏတို့ကတော့ ပန်းပင်တွေကို ရေ ပေါင်းသင်နေသည်။ မိုးက နေကောင်းပြီးခါစမို့ သွားကူ၍မရ

ရေပန်းပုံးကိုင်လည်း လိုက်ဆွဲ၊ ပေါက်ပြားကိုင်လည်း ထို သိမ်းနှင့်။

''အစ်ကိုတို့မြင်ရင် ကျွန်တော်တို့ အဆူခံရလိမ့်မယ် မိုး''

''ဟာ ... ဘာလို့ဆူမှာလဲ။ မိုး ဒီအတိုင်းတစ်ယောက်တ ဘာအလုပ်မှမရှိဘဲ ထိုင်နေရတာ ပျင်းတယ် ကိုမောင်ညိုရဲ့။ အစ်ကို မရှိတဲ့အချိန် ကူတာပဲ ကူမယ်နော်''

''မလုပ်ပါနဲ့ဗျာ''

ကိုမောင်ညိုက တားလိုက်၊ ဖိုးဝဏ္ဏကတားလိုက်နှင့်မို့ မိုး





အလုပ်မှ လုပ်ခွင့်မရပေ။

မိုးတစ်ယောက်တည်း လမ်းလျှောက်ရင်း မရေရာလှသည့် အနာဂတ်ခရီးကို မျှော်တွေးရင်း ရင်မောမိသည်။

တကယ်တော့ မိုးအပေါ် အမေတို့စိမ်းကားချင်ယောင် ောင်နေတာလည်း အမေတို့အပြစ်မဟုတ်ကြောင်း သွေးအေးလာ ာအခါ မိုး တွေးတတ်လာခဲ့သည်။

မိုး အမေနှင့်အစ်ကို့အပေါ် ဒုက္ခပေးတာများနေပါပြီ။ ယ်သူမဆို သွေးမတော် သားမစပ် သူစိမ်းတစ်ယောက်ကို အိမ်ပေါ် နေ့ရက်လကြာရှည်စွာ ခေါ်တင်ထားချင်မလဲ။

အခု အမေတို့ ငြိုငြင်နေတာကလည်း သူမကို မကျွေးမွေး င်သို့ ငြိုငြင်နေတာ မဟုတ်။ သူမထွက်သွားမှာစိုးကြောက်၍သာ ိတ်နေကြတာပါ။

တစ်ခါတလေကျ အတိတ်ကို သတိမရတော့ဘဲ အမေတို့နဲ့ သက်လုံး အတူနေရလျှင် ဘယ်လောက်ကောင်းမလဲဟု မဖြစ်နိုင် ာကို တွေးခဲ့ဖူးပါသည်။

သို့သော် အဲဒါကမဖြစ်နိုင်။ မိုးရဲ့ပျောက်ဆုံးနေသော အတိတ် တော့ မဖြစ်ဖြစ်တဲ့နည်းနှင့် မိုး ပြန်လည်တူးဆွရမည်။

ဒါမှသာ မိုးရဲ့အတိတ်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ဘယ်လိုအနေ ားတွေ ရှိနေသလဲ သိရမည်။ စဉ်းစားစမ်း မိုး။ နင် ဘယ်ကလာ လဲ။ ဘယ်ကနေ ဒီမြို့ကိုရောက်လာခဲ့တာလဲ။ နင့်ရဲ့နာမည် င်းက ဘယ်သူလဲ စဉ်းစားစမ်း။

ဗိုး မျက်လုံးနှစ်ဖက်ကို ခပ်တင်းတင်းမှိတ်ကာ စဉ်းစား
သည်။ ခေါင်းတွေထူပူကိုက်ခဲလာသည်အထိ တလိမ့်ကောက်ကော
လိမ့်နေသော ကားတစ်စီးထဲမှာရှိသော မိန်းမတစ်ယောက်။ အဲ
မိန်းမတစ်ယောက်ဟာ သူမနဲ့ ချွတ်စွပ်တူနေခဲ့တာ။ ဒါဆို သူမ
ကား အက်ဆီးဒင့်ဖြစ်ခဲ့လို့ အတိတ်မေ့တာ သေချာပြီပေါ့။

သူမ ဘာလို့ အဲဒီကားထဲမှာ တစ်ယောက်တည်းဖြစ်ခဲ့ရတာ
လဲ။ ဘာကြောင့် သူမကို ကူသူ ကယ်သူမဲ့ခဲ့ရတာလဲ။

တခြားတစ်ရပ်တစ်ပါးကနေ ရောက်လာတယ်ဆိုရင်လည်း
သူမနှင့် အဖော်တွေ၊ ဆွေမျိုးတွေတော့ ပါလာသင့်သည်။

"အား ... ကျွတ် ကျွတ်"

ဘယ်လိုစဉ်းစားစား စဉ်းစား၍မတတ်သဖြင့် ဗိုး လက်နှ
ဖက်နှင့် ခေါင်းကိုထုပ်ကိုင်ကာ ပန်းခင်းတွေကြားထဲ ထိုင်ချလိုက်သည်

"ဗိုး ဗိုး ... ဘာဖြစ်တာလဲ"

"ဟင်"

အလောတကြီးခေါ်သံနှင့် ဗိုးရဲ့အနီးသို့ လူတစ်ယောက်
ရောက်လာခြင်းကို ခံစားမိသဖြင့် ဗိုးမျက်လုံး ဖွင့်ကြည့်လိုက်တော့
ဗိုးကို စိုးရိမ်တကြီး ငုံ့ကြည့်နေသော အစ်ကို့ကို တွေ့လိုက်ရသည်

"အစ်ကို"

"ဘာဖြစ်တာလဲ၊ ခေါင်း ဘာဖြစ်တာလဲ။ ခေါင်းအရမ်းကိုက်
နေတာလား။ ဟုတ်လား။ ဆရာဝန်ပင့်မှ ရမယ်ထင်တယ်၊ လာ ...
ထ"





"အစ်ကိုရယ်"

စိုးရိမ်တကြီးနှင့် စကားတွေ တရစပ်ပြောနေသော အစ်ကို့ကို
ငေးရင်း ဗိုး ဝမ်းနည်းမှုတွေနှင့် မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလာ
သည်။

တကယ်တမ်း ဗိုး ဝေဒနာခံစားနေရတော့လည်း အစ်ကို့ခမျာ
နိုင် ပူပန်ရပြန်ရောနော်။

"အားငယ်နေချိန် အားကိုးရသူအနီးအနားသို့ ရောက်လာ
သောအခါ ဝမ်းနည်းမှုလည်းဖြစ်၊ အားကိုးမှုလည်းဖြစ်ကာ ဗိုး အစ်ကို့
ခွင်ထဲ တိုးဝင်ငိုရှိုက်မိသည်။

"ဟာ"

စစပိုင်းချင်းတော့ အစ်ကိုက ဗိုးရဲ့လုပ်ရပ်ကြောင့် အနေရ
သွားသလို ရှိသော်လည်း ခဏကြာတော့ ဗိုးရဲ့ကိုယ်ကို အလိုက်
ထွေးပွေ့ထားလေသည်။

"စိတ်ပူလိုက်တာ ဗိုးရယ်၊ ဘာတွေဖြစ်တာလဲကွာ"

"ဗိုး တောင်းပန်ပါတယ် အစ်ကို။ ဗိုး ဘာမှမဖြစ်ပါဘူး။
င်းကိုက်တာလည်း အဲဒီလောက် မဟုတ်ပါဘူး"

ခဏလေးပဲ ဗိုး အစ်ကို့ရင်ခွင်ထဲ ခိုဝင်မိခြင်းဖြစ်သည်။
ဝန်းကျင်မှာ လူတွေနှင့်ဆိုသောအသိဖြင့် ဗိုး အစ်ကို့ရင်ခွင်ထဲက
တော့ အစ်ကိုက အသာလေးလွှတ်ပေးပါသည်။

ပါးပြင်မှာ စွန်းထင်းနေသော မျက်ရည်စတွေကို ဖြစ်သလို
ရင်း –

"အစ်ကိုပြောတော့ မန္တလေးသွားရမှာဆို။ မိုးက သွားပြော
နေပြီထင်တယ်"

"ဪ ... ဟုတ်တယ်၊ မိုးပြောမှ အစ်ကိုသတိရတယ်
မှတ်ပုံတင်ကျန်ခဲ့လို့ မိုးရယ်။ ခါတိုင်းဆို အဆင်သင့် ပိုက်ဆံအိတ်ထဲ
ထည့်ထားတာ ဟိုတစ်နေ့ကကိစ္စရှိလို့ ထုတ်ပြီး ပြန်မထည့်မိတာ
ကဲ ... အစ်ကို သွားယူလိုက်ဦးမယ်နော်။ ခေါင်းကိုက်ခံပြီး ဘာ
မတွေးနေနဲ့ ဟုတ်လား"

အစ်ကိုက မိုးကိုနှုတ်ဆက်ပြီး အိမ်ဘက်သို့ ခပ်လောလော
ထွက်သွားသည်။ မိုး အစ်ကို့ကိုငေးရင်း တစ်ယောက်တည်း ကျန်ခဲ့
အစ်ကိုက ရုတ်တရက် နောက်သို့ပြန်လှည့်ကာ –

"ဪ ... မိုး"

"ရှင် ... အစ်ကို"

"မိုးလိုချင်တဲ့ ဟန်းဆက် အစ်ကို ဝယ်ခဲ့ပေးမယ်။ မငို
တော့နော်"

"ဟင် ... အစ်ကိုနော်"

မိုး ရှက်ရှက်နှင့် အစ်ကို့ကို မျက်စောင်းလှမ်းထိုးလိုက်သည်
အစ်ကိုက မိုးရဲ့ပုံစံကိုကြည့်ပြီး တဟားဟားနှင့် ရယ်ကာ လှည့်ထွက်
သွားလေသည်။

*



## အခန်း (၂၄)

တကယ်ပါပဲ။

မိမိအောင်သည် သူ့ဘဝကို ဘယ်တုန်းကမှ ကောင်းကျိုး
...ခဲ့သော မိန်းမဖြစ်သည်။ ငယ်စဉ်တုန်းကလည်း ငယ်စဉ်တုန်းက
...လျောက်၊ ကြီးတော့လည်း ကြီးတော့အလျောက်။ သူ့ကြောင့်
...ာ အမြဲတမ်း ဒုက္ခ ဒါမှမဟုတ် သောကရောက်ရစမြဲ။

ဘဝဆိုတာ CD ချပ်ပြားတစ်ချပ်ဆိုလျှင် သူ မလိုချင်တော့
...ည့် မိမိအောင်နှင့် ပတ်သက်မှုမျိုးကို ရစ်ပစ်လိုက်တာကြာပေါ့။
...တော့ အဲဒီလို ရစ်ပစ်၍ မရသဖြင့် ရောက်လေရာအရပ်တိုင်းမှာ
...ပေးနေတတ်တဲ့ သူက မိမိအောင်လေ။

ထားပါတော့။

သူ့ဘဝကို လိုသလို ကစားသွားခဲ့တာ။ မစားရတဲ့ ဗျစ်သီး

ချဉ်နေသလား မမေးလေနဲ့။ သူနဲ့ပတ်သက်ခဲ့ရတဲ့ အချိန်အထော အတွင်းမှာလည်း သူသာ မိန်းမတစ်ယောက်ဆိုလျှင် ချစ်သူနှင့်သွား တွေ့တိုင်း မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရမှာ အသေအချာပဲ။ အခုထော ယောက်ျားရင့်မာကြီးတစ်ယောက် ဖြစ်နေလေတော့ တွေ့ကြတိုင်း သာယာမှုမရဘဲ စိတ်အနှောင့်အယှက် ဖြစ်ရစမြဲ။

ခုကျတော့ ကိုယ်နဲ့သူ ပတ်သက်စရာ ဘာဆိုဘာ အကြောင်းတရားမရှိဘဲ တော့တော့ဆိုင်ဆိုင် ဘာလို့ လာနှယ်နေရတာ လဲ။ ကိုယ်က သူမနဲ့ဆုံမှာစိုးလို့ တစ်ဘက်ကနေ ကပ်ရှောက်နေမ တယ်ဆိုမှ ကိုယ်ရှောက်နေတဲ့ဘက် အတင်းလိုက်ကပ်ရင်း –

ချမလား။ ဖိုက်မလား စိန်ခေါ်နေတာမျိုးကျတော့ မလွန်လွန်း ဘူးလား။

ဩော် . . . ဒီလောက်ပြောနေတာနဲ့ အများလည်း နားရှုပ် သွားပြီလားမသိ။ တိုတိုတုတ်တုတ်ပြောရရင် သူယောက်ျားနဲ့ ဒီ ကျွန်တော် အိမ်ကိုဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်လို့ ဆိုရ မှာပေါ့။

"အစ်ကို"

"ဟော့ . . . မောင်ညိုလာလေ"

သူ ဧည့်ခန်းထဲမှာထိုင်ပြီး ဘောလုံးပွဲကြည့်နေချိန် မောင်ညို က အိမ်ဝကနေ အသံလှမ်းပြုသဖြင့် သူခေါ်လိုက်ခြင်းဖြစ်သည်။

"ပြော"

"မြို့မှာ ဆရာနဲ့တွေ့ချင်လို့တဲ့ ကားတစ်စီး ရပ်ထားတယ်





အဲဒါ ကျွန်တော်က ဆရာ ရှိ မရှိ မသိသေးလို့ ခဏစောင့်ပါ၊ သွား ကြည့်ပေးမယ်လို့ ပြောခဲ့တာ"

"ဟော . . . ဟုတ်လား။ ဘယ်သူတွေလဲကွ။ မောင်းဝင်ခိုင်း လိုက်လေ"

"ဟုတ်ကဲ့ အစ်ကို"

သူ့ရဲ့ခွင့်ပြုချက်ရတော့ မောင်ညိုက အိမ်ပြင်သို့ ပြန်ထွက် သွားသည်။ ဒီလိုပဲ လုပ်ငန်းနှင့်ပတ်သက်ရာပတ်သက်ကြောင်းတွေ ဆိုတတ်သဖြင့် သူ့အတွက်ကတော့ မထူးဆန်းတော့ပေ။ တကယ်ပါ ပြောရရင်။ ဒီအခုရောက်လာတဲ့သူတွေဟာ မိမိအောင်တို့ လင်မယား မှန်းသိရင် မရှိဘူးလို့ မောင်ညိုကို ပြောခိုင်းပါတယ်။

"ဟင်"

အိမ်ရှေ့ထဲ မောင်း၍မရသဖြင့် အိမ်ဘေးနေရာလွတ်တွင် ကားရပ်လိုက်သဖြင့် သူ အံ့ဩသွားသည်။ နောက် မျက်နှာမှုက်သွား သည်။

ဒီကားကို သူ ကောင်းကောင်းကြီးသိတာပေါ့။ သိလွန်းလို့ အဲဒါတွေ့ရုံနှင့် ဘယ်မှာတွေ့တွေ့ ဘယ်တော့မှ မမေ့ခဲ့တာပေါ့။ အခုတော့ အဲဒီလို မတွေ့ချင် မမြင်ချင်တဲ့ကားက သူ့အိမ်ရှေ့သို့ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေပြီ။

"သားရေ ဧည့်သည်လား"

"အမေ"

အမေကလည်း ကားသံကြား၍ထင် သူ့ဘေးသို့ လျှောက်

လာသည်။ အမေ အထဲပြန်ဝင်လို့ ပါးစပ်က ပြောမထွက်သော်လည်း အမေက သူ့ဘေးသို့ရောက်လာကာ အိမ်ပြင်သို့ရောက်လိုက်တော့

"ဟင်"

"-----"

"သူတို့က အိမ်ကို ဘာလို့ရောက်လာတာလဲ။ ဘာကိစ္စ လို့လဲ"

"မသိဘူး အမေ၊ ကျွန်တော်လည်း သူတို့မှန်းမသိ မောင်ညိုကို ရှိတယ်လို့ ပြောနိုင်းလိုက်တာ။ ဘာကိစ္စလဲတော့မသိ ဒါပေမဲ့ ကျွန်တော် သူတို့နဲ့ ရင်မဆိုင်ချင်ဘူး အမေရာ"

"ဟဲ့ . . . ရင်မဆိုင်ချင်ဘူးဆိုပြီး ရှောင်ထွက်သွားလို့ ဘယ် ကောင်းမလဲ မောင်ဘုန်းရဲ့။ ကိုယ်က အိမ်ရှင်ပဲ၊ ဘာပဲဖြစ်ဖြစ် အခြေ အနေကို စောင့်ကြည့်ပါဦး"

စောင့်ကြည့်လို့လည်း ကောင်းနိုင်သောအနေအထား မဟုတ်တာ။ ဟိုတစ်နေ့ကလည်း သူတို့လင်မယားနှင့် တွေ့ခဲ့၍ သူနှင့် မိုးရဲ့ကြားက ဆက်ဆံရေးလေး အေးစက်သလို ဖြစ်သွားခဲ့ရသည်။

ဘာမှ မဟုတ်ပါဘဲနှင့် အမေက မိုးနှင့်ပတ်သက်၍ သူ့ အနေအထိုင် အပြောအဆို ဆင်ခြင်ဖို့ သတိပေးလာခဲ့သည်။

တကယ်ဆို သူနှင့်မိုးရဲ့ကြားက ဆက်ဆံရေး နွေးထွေး သည်မှာ မကြာသေး။ ဤကဲ့သို့သော သာယာစဖွယ် အနေအထား ကို ဖျက်ဆီးခဲ့သူက မိမိအောင်။ နောက် သူ့ရဲ့ယောက်ျား။

"အန်တီ နေကောင်းတယ်နော်။ မတွေ့ရတာကြာလို့ မမှတ်





သောက်တော့ဘူး ထင်နေတာ။ အန်တီက အရင်အတိုင်းပဲနော်"

ယခင်က အဒေါ်ဟု ခေါ်ခဲ့သော မိမိအောင်သည် ယခုတော့ အမေ့ကို အန်တီတဲ့။ နောက်ပြီး သူတို့တွေရဲ့အတိတ်မှာ ဘာဆို ဘာမှ မဖြစ်ခဲ့သည့်ဟန်အတိုင်း အာလာပသလ္လာပ ပြောနိုင်တာကို လည်း အံ့သြရပါသည်။

အမေက လူကြီးပီပီ အိမ်ခြွေမပျက်စွာ သူတို့လင်မယား နှစ် ယောက်ကို နေရာထိုင်ခင်းနှင့် ဧည့်ခံလေသည်။

"သား လာလေ"

အမေက လှမ်းခေါ်နေသဖြင့် မကောင်းတတ်၍ သူ မိမိ အောင်တို့ လင်မယားနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကဲ . . . ခဏ စကားပြောကြဦးနော်။ အမေ ကော်ဖီသွား ဖျော်လိုက်ဦးမယ်"

"နေပါစေ အန်တီ၊ ကျွန်တော်တို့ သောက်ပြီးထွက်လာခဲ့ ကြတာပါ"

ဦးနိုင်က အားနာ၍လားမသိ စကားကိုကြည့်ကောင်းအောင် ပြောသည်။ အမေကလည်း အိမ်ရှင်ဝတ္တရားအရ မေးရတာဖြစ်ပြီး ဧည့်သည်က နေပါစေ မသောက်တော့ဘူးဆိုတော့လည်း ဆက်မပြော တော့ပေ၊ ဆက်ပြောရလောက်အောင် ကိုယ့်ပေါ် ကောင်းကျိုးပြုခဲ့တဲ့ သူတွေမှ မဟုတ်ဘဲလေ။

"ကဲ . . . မိမိအောင် . . . ဘာတွေအရေးတကြီးဖြစ်နေလို့ တစ်ခါမှမလာဖူးတဲ့ တို့အိမ်ကိုရောက်လာခဲ့ရတာလဲ"

စကားမပြောသေးဘဲ တစ်စုံတစ်ယောက်ကို ရှာနေသလိုင်နှင့် ဟိုကြည့် ဒီကြည့်ရှိနေကြသော လင်မယားနှစ်ယောက်ကို ခပ်ပြတ်ပြတ် လှမ်းမေးလိုက်သည်။

"သားကလည်းကွယ် ... ညှို့သည်ကို ဘယ်လိုပြောတာလဲ။ အဲဒီလိုပဲ မိမိအောင်ရေ ... အခေါ်သားက ခဏနေ အလုပ်သွားရဦးမှာဆိုတော့ လောနေပုံရတယ်"

အမေက စကားပြောသည့်အခါ သူထက် ပညာသားပါသည်။ ခဏနေ အလုပ်ကိစ္စနှင့် သွားစရာရှိသေးလို့ လောနေသည်ဆိုသောစကားက သူတို့လင်မယားနှစ်ယောက်ကို သိပ်ကြာကြာပြောင်တော့ မရဘူးနော်ဟု ကန့်ကွက်လိုက်ခြင်းပင်။

ဒါကို လုပ်ငန်းတွေ ဦးစီးလုပ်ကိုင်နေသော ဦးနိုင်တို့ကလည်း သိပုံရပါသည်။ ထို့ကြောင့် –

"ဟုတ်ကဲ့ ... ကျွန်တော်နားလည်ပါတယ် အစ်မကြီး။ ဒီဟိုမိန်းကလေး ဘယ်သူ"

"အတိတ်မေ့နေတဲ့ မိန်းကလေးလေ။ ကိုကြီး သူ့နာမည်မိုးတဲ့"

ဦးနိုင်က နာမည်မသိသဖြင့် သူ့မိန်းမကို လှမ်းမေးလိုက်သည်။ မိမိအောင်က ပို၍ ပြည့်စုံစွာ ဖြေလိုက်သဖြင့် သူ မကျေနပ်စွာ လှမ်းကြည့်လိုက်သည်။

သူရှိနေတယ်မလား။ ဒီရဲ့စကားဝိုင်းမှာ သူ့ကိုလည်း ရှိစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ပတ်သက်ပြီး ပြောစရာရှိ



နိတော်တို့က ရောက်လာတာဆိုတော့လေ"

"ဘယ်လို"

"ခင်ဗျား ဘာပြောတာလဲ"

"တောင်းပန်ပါတယ် ကိုဝေဘုန်းမောင်။ အပန်းမကြီးဘူးဆိုရင် သူ့ကိုခေါ်ပေးလို့ ရနိုင်မလား။ တကယ်အရေးကြီးလို့ပါ။ ဒါဟာ တစ်ယောက်ရဲ့ဘဝဆိုရင်လည်း မမှားပါဘူး"

"ခင်ဗျား"

"မောင်ဘုန်း၊ သမီးရေ ... ဒီမှာ ညှို့သည်တွေရောက်နေသယ်ဟေ့၊ ခဏလောက် ထွက်ခဲ့ပါဦး"

ဒေါသထွက်လွယ်သောသူ့ကို အမေက ဟန့်တားပြီး မိုးကို ခေါ်းအသံပြုလိုက်လေသည်။

သူများအိမ်ပေါ်သို့ရောက်လာပြီး အိမ်ရှင်ကို ဘာမှပြောစရာ ဘူး။ ညှို့သည် ညှို့သည်ခြင်းပဲ ပြောမည်ဆိုသောအချိုးနှင့် ဆက်ဆံသည့် ဦးနိုင်တို့ကို သူ မကျေနပ်ပါ။ သို့သော် သူ ဘာတတ် သလဲ။ ဘာ ဟန့်တားနိုင်ခဲ့သလဲ။

မီးဖိုချောင်နှင့် ညှို့ခန်းအကူးလိပ်ကာစလွင့်သွားသည်။ ယ်တော့ မိုး ထိုလိုက်ကာနောက်မှာရှိနေခဲ့ပြီး တမင်ထွက်မလာခဲ့ ဆိုတာ သူတို့သိပါသည်။ သူ့ကို အမေက သွားခေါ်လိုက်ပါဦးဟု ၍ ခေါ်နိုင်းလျှင်တောင် မိုးက ငြင်းမည်ဆိုတာ အမေက သိ၍ မည်သည့်စောဒကမှ မတက်စေရန် ညှို့ခန်းမှ လှမ်းခေါ်ခြင်း သည်။

ကျွတ် အမေလှပ်နေပုံတွေကလည်း မဟုတ်သေးပါဘူး ဟိုလူကလည်း မိုးကို ကြည့်လှချည်လား။ သူ့ဘေးမှ သူ့ရဲ့မိန်း တစ်ယောက်လုံး ဝုတ်တုတ်ထိုင်နေတယ်ဆိုတာကို သတိရမှ ရပါတေ ော့။

သူမှာ တစ်ယောက်တည်း ပုစပ်ပုလောင်ကြီး ခံစားနေ သည်။ မိုးကတော့ ဘယ်သူ့ကိုမှ မကြည့်တဲ့ လွတ်နေသော ခုံတစ်ခု တွင် ဝင်ထိုင်လိုက်သည်။

"ဒီမိန်းကလေးဟာ ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ဇနီး လောင်းနဲ့ တူနေလို့ ကျွန်တော် ဒီထိရောက်အောင်လာခဲ့တာပါ။ အင်း ကြီးတို့မိသားစုအပေါ် အနှောင့်အယှက် ဖြစ်သွားတယ်ဆိုရင်တော တောင်းပန်ပါတယ်"

ဦးနိုင်ရဲ့လောကွတ်စကားကို ဘယ်သူမှ အင်း အဲ မလုပ်ကြ ပါ။ သူကတော့ ဘေးမှာအမေရှိနေသဖြင့် ဒေါသတို့သည် ထင်း လောက် ပေါက်ကွဲခွင့်မရပေ။

သူတို့သားအမိနှင့် မိုးကို ဝေးစေဖို့အကြောင်းအရင်း တစ် ကို သယ်ဆောင်လာသူအား ဘယ်သူက ပြုံးပြုံးရွှင်ရွှင်နဲ့ လာ ထိုင်ပါ။

ကြည်ကြည်သာသာ ကြိုဆိုချင်မှာလဲ။

"ဘာကြောင့် အဲဒီလိုပြောနိုင်ရတာလဲ၊ ဘာသက်သေရှ ရှိလို့လဲ။ ဒီမိန်းကလေးဟာ ရှင့်မိတ်ဆွေရဲ့ဇနီးလောင်းနဲ့ တူတယ်ဆို တာ ဘာသက်သေပြနိုင်သလဲ"





"ဟုတ်ကဲ့ . . . ကျွန်တော့်မှာ သက်သေပြစရာ ပါပါတယ် အစ်မကြီး"

ဦးနိုင်က သူ့ရဲ့ယောက်ျားကိုင်လက်ကိုင်အိတ် ဖောင်းဖောင်း ကြီးကို ဖွင့်လိုက်သည်။ အားလုံးရဲ့အာရုံသည် ဦးနိုင်၏ အပြုအမူဆီ မှာပဲ တည်ရှိနေလေသည်။

*

## အခန်း (၂၅)

မိုး ရင်တွေ တထိတ်ထိတ် ခုန်လာခဲ့သည်။ ဖြစ်နိုင်မယ်ဆို လျှင် ဤအခန်းထဲမှ ထွက်ပြေးသွားချင်လိုက်သည်။ ယခုတော့ အဓိက လူဖြစ်နေသော သူမက ဘယ်လိုလုပ် ထွက်ပြေးရမှာတဲ့လဲ။

အရင်တုန်းက အစ်ကိုရဲ့ကောင်မလေးအနေနှင့် မိုးရဲ့စိတ်ထဲ မှာ ဘာမှမရှိလှသော်လည်း မိုးနှင့် အမေတို့ရဲ့ သံယောဇဉ်ကြိုး ဖြတ်တောက်ဖို့ ကြိုးစားနေသော မိမိအောင်ဆိုသည့် မိန်းမကို ကိုယ်ချ မဆိုင်ဘဲ ဘာလို့ ဝင်ပါနေတာလဲဟု မေးပစ်လိုက်ချင်သည်။

မိုးတို့အားလုံးရဲ့အကြည့်တို့သည် အိတ်ထဲမှာ ဦးနိုင်ရဲ့ လက် အထုတ် ဘာတွေကျလာနိုင်မလဲဆိုသည့် စိတ်ဝင်စားသောအကြည့် များ ဖြစ်သည်။ ဦးနိုင်၏လက်ထဲတွင် ဓာတ်ပုံနှစ်ပုံ ကပ်ပါလာခဲ့သည်။ ဦးနိုင်က မိုးတို့အား ဓာတ်ပုံမပေးသေးဘဲ –





"ဒီမိန်းကလေးဟာ ကျွန်တော့်မိတ်ဆွေရဲ့ မိန်းကလေး ဟုတ် ...တ် မသိရသေးလို့ ကျွန်တော် အကြောင်းမကြားရသေးပါဘူး။ ...ည်း အကြောင်းကြားရခက်နေပါတယ်။ ဘာလို့လဲဆိုတော့ သူ ...ခြားမှာ အလုပ်ကိစ္စနဲ့ ရောက်နေတာ ကျွန်တော်နဲ့ အဆက် ...ယ်ပြတ်တာလည်း ကြာပြီလေ"

ဒါများ ကြားက ထွေးခါးနေ့ပြီး ဘယ်သူ့အတွက်မှ အကျိုး ...သောကိစ္စကို ဆီကုန်ခံ၊ လေကုန်ခံ ဘာလို့လာပြောနေရတာလဲဟု ...တွေ့ပစ်ချင်သည်။

အလကား တမင် သာယာနေတဲ့ မိုးတို့ရဲ့ ပျော်ရွှင်မှုကို ...ဖျက်ဆီးနေတာ။ ဒီဘဝတော့မသိဘူး နောက်ဘဝကျရင်တော့ ...ာင်းကောင်းကြီး ဝဋ်လည်မယ့်လူ။

"ရော့ပါ ကြည့်ကြပါ"

ဦးနိုင်က ဓာတ်ပုံကို အမေ့အား ဦးတည်၍ ကမ်းပေးလိုက် ...ည်။ မိုးက ကိုယ်နှင့် ရုပ်တူသော မိန်းကလေးဆို၍ စိတ်ဝင်စားမိ ...ာ်လည်း အမေကြည့်ပြီးမှ ကြည့်ရမှာပေါ့ အသာငြိမ်နေလိုက်သည်။

"ပြော်"

အမေ့ထံမှ ရေရွတ်သံကို တုန်ယင်စွာ ကြားလိုက်ရသည်။ ...မေက ဓာတ်ပုံနှစ်ပုံကို အပြန်အလှန်သုံးသပ်ကြည့်ရင်း ဘာဆို ...မှ မပြောဘဲ အစ်ကိုကိုကျော်၍ မိုးကို ကမ်းပေးလေသည်။

အစ်ကိုက စိတ်ဝင်စားသည့်ဟန် မိုးကိုကမ်းပေးသော ဓာတ်ပုံ ...ာစ်ချက် ဝေ့ကြည့်သော်လည်း လှမ်းကြည့်ခြင်းမျိုးတော့ မလုပ်ပါ။

မိုးကသာ မျက်စိမျက်နှာပျက်ဖြစ်နေသော အမေရဲ့ မျက်နှာကို ကြည့်ပြီး လက်ထဲကဓာတ်ပုံကို ကြည့်ရမှာတောင် လန့်လာသည်။

တကယ်ပဲ မိုးနှင့်တူနေတဲ့ မိန်းကလေးတစ်ယောက်လား ဒါမှမဟုတ် မိုးပဲလား။

"ဟင်"

လက်ထဲကဓာတ်ပုံဆီ မရဲတရဲအကြည့်ပို့လိုက်သောအခါ မိုးထံမှ အာမေဋိတ်သံတိုးသဲ့သဲ့ ထွက်သွားသည်။ လက်ထဲက ဓာတ်ပုံလေးက တဖျပ်ဖျပ် တုန်ယင်နေသည်။

ဓာတ်ပုံထဲတွင် အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးနှင့် အနက်ရောင် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသည့် အမျိုးသားတစ်ဦး

အမျိုးသမီးသည် တကယ်ပဲ မိုးနှင့်ချွတ်စွတ်တူသောသူဖြစ်သည်။ အမျိုးသားကတော့ အစ်ကိုတို့အရွယ် လူတစ်ယောက်ဖြစ်ပြီး ရုပ်ရည်က ချောချောမောမောထဲက မဟုတ်သော်လည်း သန့်သန့်ပြန့်ပြန့် ကြည့်ပျော်ရှုပျော်ရှိသူတစ်ဦးပါ။

ဘုရားရေ ဒါ မင်္ဂလာဆောင်ဓာတ်ပုံများလား။ တစ်ယောက်ကိုတစ်ယောက် လက်ချင်းချိတ်တွဲ၍ လူအများကို ညွှတ်ခံနေပုံက သတို့သား သတို့သမီးအသွင်မို့ မိုး ထိတ်လန့်သွားရသည်။

ထိုစဉ် အစ်ကိုက မိုးရဲ့လက်ထဲမှ ဓာတ်ပုံ (၂) ပုံကို ဆွဲယူသွားသည်။ ဟင့်အင်း။ အစ်ကိုမကြည့်ရဘူးဟု မိုးတားမြစ်ချင်သည်။ မိုး ဟုတ်တာ မဟုတ်တာ မသေချာသေးသော်လည်း မိုးနှင့် ရုပ်ချင်းတူသော အမျိုးသမီးတစ်ဦး အခြားသော အမျိုးသားတစ်ဦးနှင့်





တွဲယောက်တွဲ ညွှတ်ခံနေသည့်ပုံအား အစ်ကို့ကို လုံးဝမကြည့်စေချင်ပါ။ အစ်ကို ခံစားနာကျင်သွားရမည့်ကိစ္စကို မိုး မကြည့်ရက်ပါ။

"တကယ်ကို တူပါတယ်"

"ဟုတ်ပါတယ် အစ်မကြီး။ အဲဒါကြောင့်လည်း ကျွန်တော် အံ့ဩမိသွားတာပါ။ ဒီမိတ်ဆွေရဲ့ပွဲမှ ကျွန်တော်က အမှတ်တရဓာတ်ပုံရိုက်ဖူးတာလေ။ တခြားမိတ်ဆွေတွေလို သွားပြီးပြန်လာဆိုကျွန်တော်လည်း သိမှာမဟုတ်ပါဘူး"

"ဒါ ဘာပွဲလဲ"

ဦးနိုင်နှင့်အမေ အပြန်အလှန် ပြောနေသည့်စကားကို စိတ်ဝင်စားဘဲ အစ်ကိုက သူ သိချင်တာကိုပဲ ဦးတည်မေးလိုက်လေသည်။

အဖြေအနေတစ်ခုကို လက်မခံချင်ဘဲ လက်ခံလိုက်ရတော့မလို။ အဲဒါဟာ မိုးရဲ့ ပျောက်ဆုံးနေသောဘဝ ဟုတ်ကောဟုတ်ရဲ့လား။ မိုးက တစ်စုံတစ်ယောက်နှင့် ချစ်ကြိုက်မိတယ်လို့ လုံးဝထားလို့မရဘဲ အတိတ်မှာ လက်ထပ်ထားတဲ့လူရှိတယ်ဆိုတာ ဟုတ်နေပါ့မလား။ ဘုရားရေ ဘာတွေဖြစ်ကုန်ပြီလဲ။

"စေ့စပ်ပွဲပါ ကိုဝေဘုန်းမောင်၊ ကျွန်တော့်မိတ်ဆွေနာမည် ဦးရှုပါ။ သူ့ရဲ့ သတို့သမီးလောင်းနာမည်က 'မေမဒီ' တဲ့"

မေမဒီ မေမဒီ၊ ဒီအမျိုးသမီးနာမည်က မေမဒီတဲ့လား။ နင်စဉ်းစားစမ်း၊ စဉ်းစားစမ်း။ နင့်နာမည်က မေမဒီ ဟုတ်လား။

"မိုး"

"သမီး ... ဒါအခု သမီးစဉ်းစားရဦးမယ့်ကိစ္စ မဟုတ်ဘူး။ ကိုယ့်ရောဂါအခြေအနေ ကိုယ်သိတယ်မဟုတ်လား။ လောကကြီးမှာ လူတူမရှား နာမည်တူမရှားတဲ့ကိစ္စတွေ ပေါလွန်းလို့"

"ဟုတ်ပါတယ်လို့ ကျွန်တော်လည်း အတပ်မပြောနိုင်သေးပါဘူး အစ်မကြီး။ ကျွန်တော့်ကြောင့် အနှောင့်အယှက် ဖြစ်သွားစေတယ်ဆိုရင်တော့ တောင်းပန်ပါတယ်။ သူတို့က ရန်ကုန်ကပါ။ မိန်းကလေးလည်း ရန်ကုန်ကပါပဲ။ ဒါပေမဲ့ ကျွန်တော်က သတို့သားလောင်းကိုပဲ လုပ်ငန်းချင်းဆက်စပ်လို့ သိရတယ်ဆိုပေမယ့် သတို့သမီးလောင်းနဲ့ ပတ်သက်တဲ့ကိစ္စကိုတော့ ရေရေရာရာ မသိပါဘူး"

"ဒီဓာတ်ပုံ ခဏထားခဲ့ပေးလို့ ရမလား အန်ကယ်လ်"

"မိုး"

မမျှော်လင့်ဘဲ မိုးဆီက ထိုစကား ကြားလိုက်ရသဖြင့် အစ်မ က ထိတ်လန့်စွာ တားလေသည်။ ထိုသို့ ပြောလိုက်ခြင်းက မိုးဟာ မေမဒီဖြစ်နိုင်ကြောင်း ငါးဆယ်ရာခိုင်နှုန်း သေချာပြီဟု ဝန်ခံလိုက်သည် ဖြစ်သွားလေပြီလား။

ဘာတွေလဲ မိုးနားမလည်ပေမယ့် ဒီဓာတ်ပုံကို မိုး အပြန်ပြန် အလှန်လှန် သုံးသပ်ကြည့်ချင်သည်။ ဘာကြောင့် ညာကြောင့်ရယ် မပြောတတ်သေးပေမယ့် ပျောက်ဆုံးနေသောအတိတ်ကိုတော့ မိုး အသည်းအသန် သိချင်နေပါသည်။

"သမီးသဘောပဲလေ။ သားက ဘာလို့တားရတာလဲ။ ခဏ ထားခဲ့လို့တော့ ရပါတယ်နော်"





"ရပါတယ် အစ်မကြီး။ တကယ်လို့ တစ်စုံတစ်ရာ ထူးတယ် ဆိုရင်တော့ အစ်မကြီးတို့ကို ကျွန်တော် လာအကြောင်းကြားပေးပါ့ မယ်"

"သွားခွင့်ပြုပါဦး အန်တီ။ ကိုဘုန်း ... ငါတို့ သွားတော့ မယ်"

ကိုဘုန်းက နှုတ်က ဘာမှမပြောဘဲ ခေါင်းညိတ်လေသည်။ မျက်နှာကတော့ မကြည်မလင် မှုန်ကုတ်ကုတ်နှင့်။ မိမိအောင်တို့ ကားပင်မယား ပြန်သွားမှ (၃) ယောက်သား မျက်နှာချင်းဆိုင် ထိုင်ဖြစ် ကြသည်။

"မိုးကလည်း ဘာလို့ အဲဒီဓာတ်ပုံတွေကို တောင်းထားလိုက် တာလဲ။ မိုးကိုမိုး အဲဒီဓာတ်ပုံရှင်လို့ ဘာလိုလို ခံစားနေရလို့လား။ ဒါမှမဟုတ် တစ်ခုခု တွေးမိနေပြီလား"

"သား ဘာလို့ အဲဒီလောက်ထိ ခြောက်ခြားနေရတာလဲ။ ဒီကိစ္စက အဲဒီလောက်ထဲ ခြောက်ခြားတုန်လှုပ်ရမယ့်ကိစ္စ မဟုတ်ဘူး လေ။ ဒါဟာ သမီးရဲ့လွတ်လပ်ခွင့်ပဲ"

"မိုးကို အစ်ကိုလိုပဲ စိတ်ဆိုးနေလား အမေ"

မိုးက စိတ်ဆိုးသလိုလိုနှင့် မျက်နှာရှုပ်နေသော အစ်ကို့ မျက်နှာကို မရဲတရဲ ကြည့်ပြီး အမေ့ကို မေးမိသည်။ တကယ်တော့ မိုး ဒီဓာတ်ပုံကို တောင်းယူထားမိသည့်ကိစ္စက အစ်ကိုပြောသလို တစ်စုံတစ်ရာ ခံစားမိ၍လည်း မဟုတ်ပါ။ တစ်ခုခုကို တွေးမိနေလို့ လည်း မဟုတ်ပါ။

ဓာတ်ပုံကိုကြည့်ရင်း အတွေးလေးတွေ ရလာလေမလား မျှော်လင့်ချက်ဖြင့် ယူထားခြင်းရယ်ပါ။ ဓာတ်ပုံရှင်မိန်းကလေးက မိုးနှင့် တူသဖြင့် စိတ်ထဲမှာ ဘာလိုလို ဖြစ်လိုက်သေးသော်လည်း အမျိုးသား ကို ကြည့်လိုက်တော့ မိုးနှင့် စိမ်းသက်နေသလို ခံစားနေရသည်။

အမှန်ဆို မိုးသာ ဓာတ်ပုံရှင် မေမဒီဆိုတာ သေချာခဲ့လျှင် သူ့ဘေးမှာရှိသော သတို့သားလောင်းကို ကြည့်လိုက်သည်နှင့် ရင်နာ သလိုလို နွေးထွေးသလိုလို ခံစားနေရမည်၊ ရင်ခုန်နေရမည်။ ယခု ကျတော့ ဘာလို့ အဲဒီလိုမဖြစ်ရတာလဲ၊ ဘာလို့ တစ်စုံတစ်ရာကို ခံစားရခြင်းမရှိရတာလဲ။

"စိတ်မဆိုးပါဘူး သမီးရယ်။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စပဲ။ သားကိုလည်း အမေမတစ်ခု ပြောရဦးမယ်။ သား မိမိအောင် တို့လင်မယားအပေါ် ပြုမူဆက်ဆံပုံက အရမ်းကလေးဆန်တာပဲ"

"အမေကလည်း"

"အမေကလည်း မနေနဲ့။ အမေသာ ဒီစကားဝိုင်းမှာမရှိရင် မင်းလုပ်ပုံနဲ့ သူများ စိတ်ဆိုးမာန်ဆိုး ထပြန်ချင်စရာပဲ။ ကိုယ်က လူငယ်တစ်ယောက်မဟုတ်ဘူး"

"ကျွန်တော် ဘာလုပ်လို့လဲ အမေရ"

"ဘာလုပ်လို့လဲ ဟုတ်လား။ မိမိအောင်တို့ကို ဘယ်လို ဆက်ဆံလိုက်တာလဲ။ မျက်နှာရှစ်ခေါက်ချိုးပုံစံနဲ့ အိမ်ရှင်က ဆက်ဆံ တော့ ဧည့်သည်ကို အားနာစရာ မကောင်းနေဘူးလား။ အတိတ်မှာ ပြီးပြီးသားကိစ္စကို ဘာလို့ ခုထက်ထိ မမေ့နိုင်ဖြစ်နေရတာလဲ။ အဲဒီ





...ကတည်းက သားမှာ ရှုံးနေပြီ။ အရေးရော ကံတရားအတိုင်း ဖြစ်လာ ...ယ်ဆိုတာကို လက်မခံနိုင်တာ။ အဲဒီလိုဖြစ်တာ အမေ လုံးဝလက်မခံ ...ဘူး။ နေရာတကာမှာ အစွဲအလန်း အတေးအမှတ်ထားတဲ့ ...ယောက်ျားကောင်းတစ်ယောက်ရဲ့ လုပ်ရပ်မဟုတ်ဘူး"

"ဟော၊ အမေကတောင် ကျွန်တော့်အပေါ် နားမလည်ပါ ...။ ကျွန်တော်က မိမိအောင်နဲ့ဖြစ်ခဲ့တဲ့ အတိတ်ကို မမေ့နိုင်လို့ ...ဖြစ်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့နဲ့ မိုးရဲ့ပျော်ရွှင်မှုကို လာ ...သီးနေတဲ့ သူတို့လင်မယားကို မကျေနပ်လို့၊ ဒေါသဖြစ်လို့၊ ...သတ်ပစ်ချင်တာ အမေဘေးမှာရှိနေလို့ သူတို့တွေ ကံကောင်းသွား ...ယ်မှတ်"

"မြတ်စွာဘုရား"

*

## အခန်း (၂၆)

"ဟေ . . . အဲဒါ တကယ်လား မောင်ဘုန်း"

"တကယ်မဟုတ်ဘဲ ငါက စနောက်ပြောရောလား"

ကျော်လှရဲ့ အံ့ဩတကြီးမေးခွန်းကို သူ ဘုဆတ်ဆတ် တုံ့ပြန်လိုက်သည်။ ဝင်းဖော်က ဘာမှ ဝင်မပြောသေးဘဲ သူတို့ ယောက်ကို ငြိမ်သက်စွာ ကြည့်နေသည်။

အံ့ဩသည့်မျက်နှာထားနှင့် ကြည့်နေသော ကျော်လှ စူပုပ်ပုပ်နှင့် ဘယ်သူ့ကိုမှ မကြည့်မလင်ဖြစ်နေသော မောင်ဘုန်း ကြည့်ရင်း ကြည့်ရင်း ရယ်ချင်လာသည်။ နောက်တော့ ရယ်ချင်စိတ် မထိန်းနိုင်တော့ဘဲ တဟားဟား အော်ရယ်လေတော့သည်။

"ဟား ဟား ဟား"

"ဟာ ကျော်လှ . . . ဘာလို့ရယ်နေတာလဲ"



"ငါ မောင်ဘုန်းကိုကြည့်ပြီး ရယ်ချင်လို့ ဝင်းဖော်ရ"

"အံမယ် . . . သေပါ့လား။ ငါ့ကိုကြည့်ပြီး ရယ်ချင်လို့ဆို တော့ ငါ့ပုံစံက လူရွှင်တော်ရုပ် ထွက်နေလို့လား"

"မောင်ဘုန်း မောင်ဘုန်း . . . ငါတောင် မသေသေးဘူး နော်"

"သြော်"

ဒီကောင် ဘာကြောင့် သူ့ကို ရယ်သလဲဆိုတာ ဝေဘုန်း မောင် သိလိုက်သည်။ ဒီကောင်တွေ သူ့ကိုပဲ စနောက်စရာရှာနေသည် ကို။ သူကလည်း သူပဲလေ။ သူငယ်ချင်းတွေအပေါ်မှာ အပြောကြီး ခဲ့သည်ကို။ သို့သော် ကိုယ်ခံစားနေရသည့်ကိစ္စကိုလည်း ဝန်မခံချင် ပေ။

"ဘာမှမဟုတ်ဘူး။ မင်းတို့ထင်နေတာ အလွဲတွေ။ ငါနဲ့ မြကာ ရိုးရိုးသားသား"

"အခုတော့ ရိုးရိုးသားသား။ နောက်တော့ တစ်မျိုးတိုးလို့ ဆန်းဆန်းပြားပြား"

"ချစ်ပါရစေ ခင်ရယ်"

"တော်ကြကွာ၊ တော်ကြ။ ငါ့မှာ သူတို့တွေဆီက အကြံ ဉာဏ်များရမလားဆိုပြီး ပြောပြရတယ်။ သူတို့ကဖြင့် ငါ့ကို ဘယ် အပေါက်က စလိုက်ရမလဲ၊ ဒါပဲ ချောင်းနေ"

အတိုင်အဖောက်ညီစွာ နောက်နေကြသော ဝင်းဖော်နှင့် ကျော်လှတို့ (၂) ယောက်ကို သူ ဝိတ်ဟောက်ပစ်လိုက်သည်။

ဒါတောင် ဒီနှစ်ကောင်က မျက်နှာပိုးမသေသေးပေ။

"ငါကတော့ကွာ၊ မိမိအောင်တို့ လင်မယား (၂) ယောက် စလုံးကို မကျေနပ်ဘူးကွာ။ သူတို့နဲ့ ဘာဆိုင်လို့ ဆီကုန်ခံ လေကုန်ခံပြီး ငါတို့အိမ် ရောက်လာရတာလဲ။ တတ်များတတ်နိုင်မယ်ဆိုရင် (၂) ယောက်စလုံး ရောကြိတ်ပြီး ငါးပိငါးချဉ် သိပ်ပစ်လိုက်ချင်တာ"

"သာသာလုပ်ပါ မောင်ရာ။ အဲဒီလောက် ဒေါသကြီးမနေနဲ့။ မင်းအမေပြောသလိုပဲ မင်းက ခုမှ ကျားဆိုးကြီးနဲ့ ပိုတူလာတယ်"

"ဝင်းဇော်"

"မိန်းမယူလိုက်တော့ ဒါမှ ကလေးစိတ်ကုန်တာတွေ ပျောက်သွားမှာ လူပျိုကြီးရဲ့"

"ဒီကောင်ကွာ"

လက်သီး တရွယ်ရွယ်လုပ်ပြနေတာတောင် မရရအောင် စနောက်လိုက်သေးသည်။ တကယ်ပဲ သူ့ပုံစံက ထိုသို့ ကလေးဆိုးကြီး သဖွယ် ဖြစ်နေပြီလား။

အမှန်တော့ အရင်တုန်းက ဝေဘုန်းမောင်က ထိုကဲ့သို့ မဟုတ်ခဲ့တာ။ ဒေါသကြီးတတ်၊ စိတ်တိုလွယ်တတ်တာလည်း မွေးကတည်းကတော့မဟုတ်။ ခုချိန်မှာတော့ မိုး အတိတ်ကို သူ့အလိုလို သတိရ... မဟုတ်ဘဲ။ သူ့မအိမ်နှင့် ဆက်မိသွားကာ ပြန်လာခေါ်သွားကြမှာကို စိုးရိမ်မိသည်။

ဓမ္မတာအတိုင်းခွဲရတာက ရင်နာစရာပေမယ့် ဖြေသာလို့ သည်။ အတင်းအဓမ္မ သူ့မအိမ်က ရောက်လာပြီး ခေါ်သွားလျှင်တော့



...ကြောင်းဆန်စရာပင်။

"ဒါနဲ့ မောင်ဘုန်း"

ကျော်လှရဲ့ခေါ်သံကြောင့် သူ လှမ်းကြည့်လိုက်သည်။ တစ်ခုံ ...စ်ရာကို စဉ်းစားနေသည့် ဟန်နှင့် ငြိမ်သက်နေသော ကျော်လှ ...ကြောင့် သူနှင့်ဝင်းဇော် စကားပြောနေကြခြင်းဖြစ်သည်။

"ဘာလဲ"

"မင်းပြောပုံအရဆိုရင် ငါ့စိတ်အထင်နော်။ အဲဒီ ဓာတ်ပုံ ...ရှင် မေမဒီဆိုတဲ့အမျိုးသမီးဟာ မင်းတို့အိမ်မှာရောက်နေတဲ့ မိုး ...နိုင်တယ်"

"ဘာကွ"

မဟုတ်နိုင်ပါဘူးကွာဆိုသည့်စကား ကြားချင်၍ ဒင်းတို့ နှစ် ...ကောင်ဆီ အပြေးအလွှား ရောက်လာပြောပြခြင်းကို ဖြစ်နိုင်ပါသည်ဟု ...ပြောသော ဆွဲချရေ့နေနှင့် ဆုံနေရသဖြင့် သူ ဒေါသဖြစ်သွားသည်။

မကြားချင်။ အဲဒါ ဖြစ်နိုင်ပါတယ်၊ ဟုတ်ပါတယ်ဆိုတဲ့ စကား ... သူ လုံးဝမကြားချင်ပေ။

"ငါ အတည်ပြောနေတာ မောင်ဘုန်း။ မင်း စိတ်ဆိုးချင် ...သည်းဆိုး။ ဒါပေမဲ့ အမှန်တရားကို မင်းလက်မခံချင်လို့ မရဘူး။ ...ဖြစ်နိုင်ဘူးလို့ မင်းထင်နေတာက ထင်မြင်ယူဆချက်ပဲ ဖြစ်နေမှာ။ ...ဖြစ်နိုင်ပါဘူးလို့ ပြောရအောင် မင်းမိုးရဲ့အကြောင်းကို ဘယ်လောက် ... သိနေလို့လဲ။ အလွန်ဆုံး သိနိုင်ရင် မင်းတို့နဲ့ လက်ရှိ ရှိနေတဲ့ ...ကာလလောက်ပဲ မင်းသိနိုင်မှာပေါ့"

"ဦးနိုင်ရဲ့လုပ်ရပ်က မှားတယ်လို့တော့ မဆိုနိုင်ဘူး။ ဘာ
လဲဆိုတော့ သူကလည်း သူ့မိတ်ဆွေအတွက် မိတ်ဆွေဝတ္တရားကျေ
ကြိုးစားနေတာလေ။ ဒီလိုပဲ ဖြစ်နိုင်ချေရှိတဲ့ အကြောင်းတရားတွေ
လူတွေကတော့ ရောက်လာကြဦးမှာပဲ။ တကယ့်မိတ်ဆွေမျိုးအ
ဆိုရင်တော့ မင်းပြန်မထည့်ချင်လို့ မရတော့ဘူး မောင်ဘုန်း။ မင်း
ကဆိုင်လည်း မဆိုင်သလို၊ ပိုင်လည်းမပိုင်ဘူး။ ကျပျောက်လို့ ပိုင်
မဲ့နေတဲ့ ပစ္စည်းကို ခဏထိန်းသိမ်းထားပေးရုံပဲဆိုတဲ့ အတွေး
မေ့ထားလို့မရဘူး"

"တော်ကြပါတော့ . . . တော်ကြပါတော့ကွာ"

ကိုယ်ကြားချင်သောစကားကို မကြားရဘဲ မကြားချင်သော
စကားတွေကိုသာ (၂) ကောင်သားဆီက ကြားနေရသဖြင့် သူ သ
မခံနိုင်တော့ပေ။

ကျော်လှနှင့် ဝင်းဇော်တို့ကလည်း သူငယ်ချင်းဖြစ်သူ
ဘုန်းမောင်ရဲ့ ခံစားချက်ကို နားလည်ပေးလို့တော့ ရပါသည်။ သို့
လက်ခံပေး၍ မရနိုင်ပေ။

အမှန်ဆို ဝေဘုန်းမောင်တစ်ယောက် 'မိုး' ဆိုတဲ့ မိန်းက
ကို တွေ့တွေ့ချင်းတုန်းကလို တစ်လျှောက်လုံး မကျေလည်မှုတွေ
ဆက်ဆံလာခဲ့သည်ဆိုလျှင်လည်း အကောင်းသာ။

ဒီလိုဆို 'မိုး'အား သူ့အိမ်က ပြန်ခေါ်သွားခြင်းအပေါ် အ
လိုမှ ခံစားရလိမ့်မည်မဟုတ်။ တွယ်တာသယောင် အရိပ်အ
လေးတွေနှင့် ချည်နှောင်တော့မည်ကြံခါမှ ဒဿ ဝင်နှောက်တာ



ဘိုင်း ဝင်တိုက်တာလား။

အဲဒီလိုဖြစ်လျှင်တော့လည်း အကောင်းသား။ မုန်တိုင်းပြီး
င် လေပြေလာမှာဆိုတော့ သာယာစဖွယ်။ ဒဿက ဝင်နှောက်
ယ်ဆိုလျှင်လည်း နောက်ဆုံး သီတာနှင့်ရာမ ပေါင်းဖက်ကြဖို့ပဲ။
သော် လက်တွေ့ဘဝဟာ ပြဇာတ်တစ်ပုဒ်လိုတော့ အံဝင်ခွင်ကျ
ဝ်နိုင်ပေ။

ကြိုတင်ခန့်မှန်းထားသလို ဖြစ်မလာသော လက်တွေ့ဘဝ
င် ရင်ထုမှိုင်နေလို့လည်း အပို။ ထမင်းဆီဆမ်း ရွှေလင်ဗန်းနဲ့ လမင်း
ကိုပေးပါ တောင်းနေလို့လည်းမရ။

"အဲဒီလိုသာ မှန်ခဲ့တယ်ဆိုရင်တော့ ငါ နောက်တစ်ကြိမ်
ပြီး ကျန်ခဲ့ရဦးမယ်ထင်တယ်"

"မောင်ဘုန်း"

"သူငယ်ချင်း"

အက်ကွဲစွာ ထွက်ပေါ်လာသော ဝေဘုန်းမောင်ရဲ့နှုတ်က
းကြောင့် ကျော်လှတို့ (၂) ယောက်စလုံး စိတ်မကောင်းစွာနှင့်
ိုက်မိသည်။ ဝေဘုန်းမောင် လက်ကာပြလိုက်သည်။

"အမေကလည်း ဒါတွေဖြစ်မလာခင်ကတည်းက ငါ့ကို
တယ်။ ငါ ယောက်ျားတစ်ယောက်ပါ။ အတိတ်မေ့နေတဲ့ မိန်း
လေးတစ်ယောက်ကို ငါ ဘာလို့ ရက်စက်ရမှာလဲ။ ဒါပေမဲ့ ချစ်ခွင့်
ရှိပါတယ်။ ချစ်ခွင့်ရှိလျက်နဲ့ ဘာလို့ တားနေသလဲ စဉ်းစားလို့
"

"ချစ်ခွင့်ရှိပေမယ့် ချစ်လို့မရဘူးလို့ မင်းအမေ တားနေတာ မလွန်ဘူး မောင်ဘုန်း။ အခုပဲကြည့်လေ ... မေမဒီဟာ လူတ ယောက်နဲ့ စေ့စပ်ထားခဲ့ပြီးပြီ။ စဉ်းစားကြည့်ရင်ကွာ သူတို့တွေဟာ ချစ်သူတွေဖြစ်လို့ စေ့စပ်တာပဲဖြစ်ဖြစ်၊ မိဘတွေ သဘောတူလို့ စေ့စ တာပဲဖြစ်ဖြစ် လက်ထပ်ဖြစ်ဖို့က (၅၅) ရာခိုင်နှုန်း သေချာနေပြီးသာ အဲဒါကြောင့်လည်း မင်းပဲ ခံစားရမှာစိုးလို့ မင်းအမေက တားနေတာ နေမှာပေါ့ကွာ"

"ဒီလိုတော့ တရားသေပြောလို့ မရပါဘူး ကျော်လှ စေ့စပ်တာပဲဖြစ်ဖြစ်၊ ချစ်တာပဲဖြစ်ဖြစ်၊ လက်ထပ်ကြသေးတာမှ မဟုတ် တာ။ ကာမပိုင်လင်ရှိတဲ့ မိန်းမ မဟုတ်တဲ့သူကို ဘယ်သူမဆို ချစ်ခွင့် ကြိုက်ခွင့်ရှိပါတယ်"

"ဝင်းဇော် ... မင်းပြောနေပုံက မောင်ဘုန်းရဲ့ရောဂါ ပိုတိုးစေတယ်ကွ"

"မင်း ပြောနေတာတွေကျတော့ကော အရာရာကို အ သဘောဆောင်ပြီး တွေးစမ်းပါ။ လှပတဲ့မိန်းကလေးတစ်ယောက် တစ်အိမ်တည်းမှာ အတူနေပြီး မဖောက်ပြားရဘူးလို့ ခြေလက်တွေ ကြိုးတုပ်ပြီး တားလို့ရချင်ရမယ်။ သူ့စိတ်မှာဖြစ်နေတဲ့ ချစ်ခင်စွဲလမ်း ကိုတော့ တားလို့မရဘူး ကျော်လှ"

"ခက်တာပဲ ဝင်းဇော်ရ၊ မင်းပြောတာ မှန်သင့်သလော မှန်ပေမယ့်"

"ဒါပေမဲ့တွေ လုပ်မနေစမ်းနဲ့ ကျော်လှ ... ငါက





မောင်ဘုန်းကို တားလည်းမတားဘူး။ အပြစ်လည်း မတင်ဘူး။ တစ်ခု ဘာ့ရှိတယ် မောင်ဘုန်း"

အခြေအနေက ခံစစ်ကနေ ရုတ်တရက်တိုက်စစ်သို့ ပြောင်း သွားသည်။ ဝင်းဇော်က သူ့ဘက်မှ ကာကွယ်ပြောပြီး ကျော်လှက တော့ ဖြစ်သင့်ဖြစ်ထိုက်စေသော အနေအထားတစ်ခုကို စာအုပ်ကြီး အတိုင်း ချပြသွားသည်။

သူကိုယ်တိုင် ဘာလုပ်၍ ဘာကိုင်ရမလဲ ဝေခွဲ၍မရသဖြင့် ယောက်သား အပြန်အလှန် စကားရည်လုသလိုပြောနေခြင်းကို တားလည်းမတား ဝင်လည်းမဆွဲ။

နှစ်ယောက်စလုံးကိုပဲ ငြိမ်သက်စွာ ကြည့်နေချိန် ဝင်းဇော်က ကျော်လှနှင့် ပြောနေသောစကားကို ဖြတ်ချကာ သူ့ကို လှည့်ခေါ် သည်။ သူက ပါးစပ်မှ မထူးဘဲ မျက်လုံးနှင့် လှမ်းကြည့်လိုက် သည်။

"မိုးကို မချစ်ပါနဲ့လို့တော့ ငါက ပညာရှိယောင်ဆောင်ပြီး ားနေမှာမဟုတ်ဘူး။ နှလုံးသားဆိုတာ ဘယ်တုန်းက ဦးနှောက်ရဲ့ တရားအတိုင်း လိုက်ခဲ့ဖူးလို့လဲ။ ချစ်ချင်တယ်ဆိုရင် ချစ်ပစ်လိုက်။ ပေမဲ့ မိုး အတိတ်ကို ပြန်သတိရလို့ရှိရင်ဆိုတဲ့ နောက်ပိုင်းကိစ္စတွေကို မေ့ထားလို့မရဘူး။ မင်းမှာ ခံနိုင်ရည်ရှိတယ်ဆိုရင်တော့ ဆက်လုပ် ငါ အားပေးတယ်"

"ကျေးဇူးပဲ ဝင်းဇော်"

"မင်းတို့နဲ့တော့ တကယ်ခက်တယ်ကွာ"

ကျော်လှ ညည်းညူရုံပဲ တတ်နိုင်တော့သည်။ ဝေဒနာခံစား နေရသူကို သက်သာအောင် ကုသနေတာ မဟုတ်ဘဲ ပို၍ ဆိုးရွား စေရန် ဆေးဝါးဖော်စပ်ပေးနေသော ဝင်းဇော်ကိုတော့ သူ တံတောင် ထိုးပစ်ချင်လာသည်။

အရာရာတိုင်းမှာ စိတ်ခံစားချက်အတိုင်းသာ လုပ်ကြရင်တော့ ခက်ရချည်ရဲ့။

*



## အခန်း (၂၇)

''အစ်ကို မိုးနဲ့ ဘုရားခဏလိုက်ခဲ့ပေးနော်''

''ဘာလုပ်မလို့လဲ မိုးရဲ့။ ဒီလောက်ထိနေပူနေတာကို ...ောင်းမှ သွားပါလား''

''ယကြာသွားချေမလို့ အစ်ကိုရဲ့''

အခန်းထဲတွင်ရှိသော အမေ မကြားစေရန် မိုးက ခပ်တိုးတိုး ...ြောလိုက်သည်။

ဓာတ်ပုံထဲက အမျိုးသမီးဟာ မိုး ဖြစ်နိုင်မလား တွေးမိပေမယ့် ...ယ်တမ်း အစ်ကိုတို့နှင့် ခွဲရမှာကိုလည်း စိုးကြောက်သွားမိသည်။

မိုး တွယ်တာနေရသော ဤအသိုက်အမြုံလေးထဲမှ ထွက် ...ရမှာကို စိုးရွံ့မိသည်။

လအတော်ကြာအောင် ပျောက်နေသည့် သတို့သမီးလောင်း

နောက် သမီးတစ်ယောက်ကို ဘာကြောင့် လိုက်မရှာကြတာလဲ
အမေတို့သာ ကိုယ်တစ်မှုထားခဲ့လျှင် မိုးရဲ့ဘဝဟာ ဘယ်ဆီကို သွား
သွားရမှန်းမသိသော သောင်ပြင်လွှတ်သည့်ခွေး ဖြစ်ပေတော့မည်

"မိုးလေ၊ အစ်ကိုတို့ကို ဒုက္ခလာပေးမိသလို ဖြစ်နေပြီနော်"

"မိုး"

"မတားပါနဲ့ အစ်ကို။ ခုချိန်မှာ မိုးပြောတဲ့စကားလေးတွေ
ကိုပဲ နားထောင်ပေးပါလား"

ဆိုင်ကယ်မောင်းနေသော အစ်ကို့ရဲ့ကျောပြင်မှာ မိုးမျက်
မှီလိုက်သည်။ အစ်ကိုဟာ ဒေါသကြီးတာ၊ စိတ်တိုတတ်တာကလွဲ
လူကောင်း သူကောင်းတစ်ယောက်ပါ။ ကိုယ့်ကို စောင့်စည်း
လူ့ကျင့်ဝတ်တွေအကြောင်းပြပြီး ချစ်စကားပြောမလာခဲ့တဲ့သူ။
ကျတော့ကော ဘာထူးလဲ။ မိန်းမသားတစ်ယောက်ဖြစ်နေသ
အတွက် ချစ်နေတာကို နှုတ်က ဖွင့်ပြောထွက်ဖို့နေနေသာသာ
အရာနဲ့တောင် ပြသခွင့်မရတဲ့ဘဝ။

ခဏလေးပါအစ်ကို၊ အစ်ကို မိုးဘက်ကို မလှည့်နိုင်
အနိုက်အတန့်လေးမှာ မိုးရဲ့ခံစားချက်တွေကို လွှတ်လပ်ခွင့်ပေးလိုက်
ပေ။

"ယကြောက ဘာအတွက် ချေမလို့လဲ။ အမေကော မသိ
လား"

အစ်ကိုက ယိမ်းယိုင်လုလုအနေအထားကို ပြောင်း
ကြိုးစားသည့်အနေအထားနှင့် မေးလေသည်။ မိုး အစ်ကို့ကျော





နာခွာကာ –

"မသိဘူး"

"ဩော်"

"တော်သေးတယ် မိုးထင်နေတာက ဒီနေ့ မိုးတစ်ယောက်
ည်း သွားရတော့မလားလို့။ အစက ကိုဝဏ္ဏကို အဖော်ခေါ်သွား

"ခေါ်ရလား၊ သူစိမ်းယောက်ျားတစ်ယောက်နဲ့ (၂)
ာက်တွဲသွားဖို့ အစ်ကိုခွင့်မပြုပါဘူး။ မိုး ဘယ်သွားစရာရှိလို့ အစ်ကို
ပြောရင် အလုပ်တွေထားခဲ့ပြီး လိုက်ခဲ့မှာပေါ့"

အစ်ကို့ထံမှ သဝန်တိုသံနှင့်ပြောလိုက်သောစကားကြောင့်
အသံလေးထွက်အောင် ရယ်လိုက်မိသည်။ ဩော် အစ်ကိုရယ်၊
ဏ္ဏက သူစိမ်းတွေဆိုတော့ အစ်ကိုကကော မိုးနဲ့ သူစိမ်းတွေ
ဘူးလားဟု မမေးရက်တော့ပါ။ ဖွင့်မပြောခဲ့ပေမယ့် ဘယ်စကား
ဘာကိုဆိုလိုသလဲ သိတတ်တဲ့အရွယ်ပဲလေ။

မဟာအံ့ထူးကံသာဘုရားသို့ ယကြောချေဖို့ ရောက်လာသည်။
ကြက မိုးကို ကူစရာရှိတာကူပြီး ခပ်လှမ်းလှမ်း၌ သွားရပ်နေပေး

မိုးက ဗေဒင်ဆရာနိုင်းသည့်အတိုင်း ရွတ်စရာရှိတာရွတ်၊
ရာရှိတာ ဖတ်နေပါသည်။ တစ်နာရီနီးပါး ရွတ်ဖတ်ပြီးမှ ပြီးတော့

စောစောက ရပ်နေသောနေရာတွင် အစ်ကို့ကိုမတွေ့ရတော့

ပေ။ မိုး ပဝါလေးကိုလက်တစ်ဖက်ကစုကိုင်ပြီး ရင်ပြင်တော်ကို လက်ယာရစ် ဖြေးဖြေးချင်း ပတ်လိုက်သည်။

နေက တော်တော်ကို ပူလွန်းပါသည်။

"ဟင်"

မိုးနှင့် မျက်လုံးချင်းဆုံသွားသည့်မျက်နှာက ချက်ချင်း ကွယ်ပျောက်သွားသည်။ အစ်ကိုကို တွေ့လိုတွေငြား ရှာရင်း လျှောက်လာတာမို့ မိုးရဲ့အကြည့်တွေက ဟိုရောက်ဒီရောက်။ ခြေဆုံရပ်ပြီး စောစောတုန်းက နေရာဆီသို့ သေချာကြည့်လိုက်မိသည်။

မတွေ့တော့။ မိုးနှင့် အကြည့်ခြင်းဆုံလိုက်သည့်လူကို မတွေ့ရတော့ပေ။ သေချာရပ်ကြည့်ရုံနှင့် အားမရသဖြင့် မိုးတို့နေရာဆီသို့ လျှောက်သွားကြည့်သည်။ လုံးဝကို ရှိမနေတော့ဘဲ အရိပ်အယောင် ပျောက်သွားသည်။

ဘယ်သူလဲ။

လူတစ်ယောက်၊ အသက်ခပ်ကြီးကြီးလူတစ်ယောက် မိုး တိုင်လုံးအကွယ်ကနေ ချောင်းကြည့်နေခဲ့သည်။ ဘယ်ကတည်းက မိုးကို ကြည့်နေခဲ့တာလဲ။

ဘာလို့ ကြည့်နေတာလဲ။ ဘုရားရေ မိုးရဲ့ အတိတ်ဘဝက ပတ်သက်ခဲ့ဖူးသူတစ်ယောက်လား။ ဒါဆို ထိုလူကို မိုးတွေ့ရမှ ဖြစ်မည်။

အစ်ကိုကို ရှာဖို့ထက် ဟိုလူကို ရှာဖို့က ပို၍အရေးကြီးသွားသည်။ မိုးရဲ့ခြေလှမ်းတွေနောက်သို့ ပြန်ဦးတည်သွားသည်။ နေလယ်





နေ့ခင်းမို့ ဘုရားရင်ပြင်တော်ထက်၌ လူရှင်းနေသည်။

တချို့ ယကြာချေသော အဝိဋ္ဌာန်နေသူများနှင့် ရပ်ဝေးဘုရားဖူး ဧည့်သည်တွေတော့ ရှိသည်။

မိုး ထိုလူတွေကို မသိမသာ လိုက်ကြည့်မိသည်၊ စောစောက မိုးနှင့်အကြည့်ခြင်းဆုံခဲ့သည့် လူကြီးများရော ပါနေလေမလားဆိုသည့်ဟန်နှင့် ဖြစ်သည်။

"မိုး"

"အစ်ကို"

"ရှာလိုက်ရတာကွာ။ ကိစ္စရှိလို့ ဘုရားတောင်ခြေ ခဏ ဆင်းသွားတာ။ ပြီးလောက်ပြီထင်ပြီးတက်လာတော့ မိုးကို မတွေ့ရ ... စိတ်ပူသွားတာ။ ဘယ်တွေလျှောက်သွားနေတာလဲ၊ ဘုရားရှိခိုးလို့ ... ပြီမလား။ လာလေ ပြန်ကြရအောင်"

"အစ်ကို ဟို"

အစ်ကိုက ပြောအပြီး မိုးရဲ့လက်ကို ဆွဲခေါ်လေသည်။ ရုတ်တရက် မိုးရဲ့ခြေလှမ်းတွေ ရှေ့ဆက်မရဘဲ ဟိုဟိုဒီဒီ လှည့်ကြည့်နေမိတော့ –

"မိုး ဘာဖြစ်လို့လဲ၊ ကိစ္စမပြီးသေးလို့လား"

"ပြီးပါပြီ မိုး"

"ပြီးရင်သွားမယ်လေ။ ဘာလို့ ဟိုဟို ဒီဒီ ဖြစ်နေတာလဲ။ ... မှာ အမေ စိတ်ပူနေလိမ့်မယ် ခဏလို့ပြောပြီး ထွက်လာတာ။ ... ကောင် (၂) နာရီရှိခဲ့နေပြီ"

"အစ်ကို . . . မိုး ပြောပါရစေဦး"

"ပြော"

အစ်ကိုက မိုးရှေ့မှ ခြေလှမ်းသွက်သွက်နှင့် သွားနေသည်။ မိုး အစ်ကို့ရဲ့ခြေလှမ်းကျဲကျဲကို အမီလိုက်ရင်း ပြောမိသည်။ အစ်ကို 'ပြော' ဟု ဆိုပေမယ့် စိတ်ဝင်စားမှုတော့ မရှိလှပေ။

မိုး စောစောက လူတစ်ယောက်ချောင်းကြည့်နေရင်း ပျောက်သွားရသည့်အကြောင်း လိုရင်းတိုရှင်း ခပ်မြန်မြန် ပြောပြလိုက်တော့ အစ်ကိုက ခြေလှမ်းတွေ တန့်သွားသည်။ နောက် ဘုရားရင်ပြင် အစပ်ကနေ ဘုရားရှိရာ ဟိုဘက် ဒီဘက်သို့ ခပ်သွက်သွက် အကဲခတ်လေသည်။

မိုးလည်း အစ်ကို့နည်းတူ လိုက်ပြူမှုရင်း –

"ဘယ်ရောက်သွားလဲမသိဘူး။ မိုးလည်း လိုက်ရှာနေ... တွေကို မတွေ့တော့ဘူး။ လူမှဟုတ်ရဲ့လားမသိဘူး"

"လာ မိုး . . . စကားများမနေနဲ့ ပြန်မယ်။ နောက်... လှည့်ကြည့်မနေနဲ့"

"အစ်ကို"

တစ်ခါတည်း အစ်ကိုက မိုးရဲ့လက်ကို လုံးဝ လွှတ်... တော့ပေ။

ခပ်တင်းတင်းဆွဲ၍ ခြေလှမ်းကျဲကျဲတွေနှင့် လျှောက်... သဖြင့် မိုး အစ်ကို့ရဲ့နောက်သို့ ဒရွတ်တိုက်လုနီးပါး ပါသွား...

အစ်ကို ဘာဖြစ်သွားတာလဲ။



အပြန်တွင် အစ်ကိုက ဆိုင်ကယ်ကို ကြမ်းကြမ်းနှင့်မြန်မြန် ...ောင်းနေသဖြင့် မိုး အစ်ကို့ရဲ့ခါးကို ကြောက်လန့်တကြား ခပ်တင်း ...င်း ဖက်ထားရင်း –

"အစ်ကို ဆိုင်ကယ်အရှိန်လျှော့ပါဦး။ ဘာလို့ အဲဒီလောက် ...မြန်မြန်မောင်းနေရတာလဲ၊ အန္တရာယ်များလိုက်တာ"

"------"

"အစ်ကို . . . မိုးကြောက်လာပြီနော်။ ဘာလို့ အဲဒီလောက် ...င်းနေရတာလဲ။ တော်ပြီ ဆိုင်ကယ်ရပ်တော့၊ မိုး အစ်ကို့နောက်က ...ိုက်ရဲတော့ဘူး။ ဘာဖြစ်တာလဲ နောက်က ကျားလိုက်လာတာ ...နေတာပဲ"

"ကျားလိုက်လာတာထက် ဆိုးလို့ပေါ့"

မိုးရဲ့ ကြောက်လန့်တကြားစကားကြောင့် ဆိုင်ကယ်အရှိန်က ...ည်းငယ်သာ လျော့သွားသည်။ နောက်ပြီး မိုးရဲ့စကားကို ဘုဆတ် ...ာ်နှင့် တုံ့ပြန်လိုက်သောကြောင့် အစ်ကို မမြင်နိုင်ဘဲနှင့် အစ်ကို့ရဲ့ ...ျောပြင်ကို မျက်စောင်းထိုးမိသည်။

"ဟာ . . . အစ်ကို . . . ဆိုင်ကယ်ကို လက်နှစ်ဖက်နဲ့ ကိုင် ...င်းစမ်းပါ"

အစ်ကို့ရဲ့ခါးကို ဖက်ထားသော လက်တစ်ဖက်ကို အစ်ကိုက ...တင်းတင်းဆုပ်ကိုင်ထားလေသည်။ မိုး ရုန်းမိသော်လည်း မလွှတ်ဘဲ

"ဒါလောက်တော့ အေးအေးပါ"

"ခက်လိုက်တာ"

တဖွတ်ထိုးဆန်လှသော အစ်ကို့ကြောင့် မိုး ညည်းညူရုံက
၍ ဘာမှမတတ်နိုင်တော့ပေ။

"ဟင်"

မိုးတို့ရဲ့ဆိုင်ကယ်နောက် ခပ်လှမ်းလှမ်းက ပါလာသေ
ဆိုင်ကယ်ဆီသို့ မိုးရဲ့အကြည့် ရောက်သွားတော့ အံ့ညြသွားရသည်

ဆိုင်ကယ်ပေါ်မှာ လူနှစ်ယောက်ပါလာသည်။ ရှေ့အ
မောင်းသူနေရာတွင် ထိုင်နေသူက မျက်နှာကို ဟဲလ်မက်နှင့် အုပ်
သဖြင့် မမြင်ရသော်လည်း နောက်ဘက်တွင် ထိုင်ပြီးပါလာသူကို
မိုး ကောင်းကောင်းကြီးမှတ်မိပါသည်။

မိုးနှင့် ဘုရားပေါ်တွင် အကြည့်ခြင်းဆုံခဲ့သည့် အမျိုး
ကြီး။ ဘုရား ဘုရား သူတို့ မိုးတို့ရဲ့နောက်ကို နောက်ယောင်ခံလို
တာလား။

အစ်ကို့ကိုလည်း မိုး မပြောပြရဲပေ။ ပြောပြလိုက်လျှင် အ
က ဆိုင်ကယ်ကို အပြင်းမောင်းဦးမှာကို မိုး ကြိုသိနေသည်။

"ကောင်မလေး အသံတိတ်နေပါလား။ ဘာတွေ စဉ်း
တာလဲ။ ဘာမှစဉ်းစားမနေနဲ့"

"ဘာမှမစဉ်းစားပါဘူး"

"ကောင်းတယ်"

မိုးသာ အမှန်အတိုင်းပြောလိုက်လျှင် အစ်ကို့ထံမှ
တယ် ဆိုသောအသံ ထွက်လာလိမ့်မည်မထင်။

နောက်ဘက်က ဆိုင်ကယ်ကတော့ မိုးတို့ရဲ့ဆိုင်ကယ





ကျော်လည်းမကျော်၊ ဝေးချင်းလည်း မယှဉ်ဘဲ ပုံမှန် ကပ်ပါလာ
သည်။

မိုးတို့အိမ်ဘက်သို့ ဆိုင်ကယ်ချိုးကွေ့လိုက်တော့ အရှိန်မသပ်
ဘဲ တစ်ချက်သာ လှမ်းကြည့်ပြီး မောင်းထွက်သွားခြင်းကြောင့် မိုး
တောင် ကြောင်တောင်တောင် ဖြစ်သွားသည်။

သူတို့လမ်း သူတို့သွားနေကြသူများအား မိုးပဲ သံသယဖြစ်နေ
ခဲ့တာလား။

*

## အခန်း (၂၈)

မိုးက သူမကို လူတစ်ယောက်လိုက်ချောင်းနေသည်ဟု ပြော ခဲ့စဉ်က သူ မယုံပေ။ ယခုတော့ ယုံရမလိုလိုတောင် ဖြစ်နေသည်။

သူတို့ခြံရှေ့တွင် ဆိုင်ကယ်ပျက်ချင်ယောင်ဆောင်ပြီး အိမ် ဘက်သို့ လှမ်းကြည့်နေသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။ မိုးကိုခေါ်ပြလျှင် သူမကိုကြည့်ခဲ့သောလူ ဟုတ်မဟုတ် သေချာသိနိုင် သော်လည်း ခေါ်မပြတော့ပါ။

ဒီလူတွေ လာအကဲခတ်နေသည့်အကြောင်း မိုးသိ၍မဖြစ် ပေ။ အမှန်တော့ သူလည်း ထိုလူနှစ်ယောက်ကို သတိမထားမိခဲ့ပါ။

မနက်စောစောတုန်းက သူ ဈေးခြိုကို သွားကြည့်သည်။ နေမြင့်တော့ သူပြန်လာခဲ့ချိန် ခြံရှေ့မရောက်တရောက်တွင် ဆိုင်ကယ် ကို ဟိုကြည့် ဒီကြည့် လုပ်နေသော လူနှစ်ယောက်ကို တွေ့ပေမယ့်





အမှတ်တမဲ့ပင်။

ထိုချိန်က မနက် (၁၀) နာရီ။ ယခု (၁၂) နာရီထိုးတော့ ည်ဆိုတော့ သေချာပြီ။ ဒီလူတွေ ရိုးရိုးတန်းတန်း ဆိုင်ကယ်ပျက်သူ တွေ မဟုတ်။ ဆိုင်ကယ်ပျက်ချင်ယောင်ဆောင်ပြီး သူတို့အိမ်ကို အကဲခတ်နေသူတွေဖြစ်ရမည်။

"အစ်ကို ... ဘာလုပ်နေတာလဲ"

"ဟင် ... မိုး၊ ဘာလို့ အိမ်ရှေ့ထွက်ခဲ့တာလဲ။ သွား ... သွား ... အိမ်ထဲပြန်ဝင်နေ"

"ဘာ ... ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

"ဘာဖြစ်လို့လဲဆိုတဲ့ မေးခွန်း ပြန်မမေးစမ်းပါနဲ့။ ခိုင်းရင် င်းတာမလုပ်ဘူး။ လာခဲ့"

အိမ်ရှေ့တွင် ရပ်နေသော သူ့အနီးသို့ လျှောက်လာသော း‌ကြောင့် ဟိုလူတွေ တွေ့မြင်သွားမလား စိုးရိမ်စိတ်ဖြင့် သူ မိုးရဲ့ က်ကို ကမန်းကတန်းဆွဲ၍ အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိမ်ထဲသို့ ်လာရုံဖြင့် အားမရနိုင်ဘဲ မီးဖိုချောင်ဘက်ထိ ဝင်လာခဲ့သည်။

"ဟဲ့ မောင်ဘုန်း ... ဘာဖြစ်နေတာလဲ၊ ပျာယီးပျာယာနဲ့"

"မသိပါဘူးအမေရယ်၊ သမီးလည်း အဲဒါကို အံ့ဩနေတာ။ က်ပြန်လာကတည်းက အကောင်းကြီးပါ၊ ခုကျမှ ဘာဖြစ်ရတာလဲ"

"နောက်မှရှင်းပြမယ် အမေရာ။ အမေ သူ့နားမှာပဲနေနော်။ ကောင်မလေးက ဟိုထွက်သွား၊ ဒီထွက်သွားနဲ့ အန္တရာယ်များတယ်"

"အံမာ ... မိုးကိုပြောနေပုံများ အန္တရာယ်မများ မှတ်နေလား

မသိဘူး''

''ကလင် ကလင်''

မိုးက စိတ်ဆိုးသလိုနှင့် သူ့ကို ရန်တွေ့လေသည်။ ဘာပြောရမှန်းမသိ ဖြစ်နေစဉ် လက်ထဲတွင်ကိုင်ထားသော ဖုန်းမြည်လာသဖြင့် အသက်ရှူရ ကြပ်မှု အနေအထားမှ လွတ်မြောက်သွားသည်။

သူ ဖုန်းစခရင်ကို ငုံ့ကြည့်လိုက်တော့ ဝင်းဇော်ဆီမှ ဖြစ်သည်။ ဝင်းဇော် မနေ့က မူဆယ်တက်သွားသဖြင့် ယခု မန္တလေးသို့ ပြန်မရောက်နိုင်သေးပေ။

''ဟယ်လို ... ပြော သူငယ်ချင်း''

''မင်း ဘယ်မှာလဲ မောင်ဘုန်း''

''အိမ်မှာလေ၊ ဘာကိစ္စရှိလို့လဲ။ မင်း ခု မူဆယ်မှာလား''

''အထွေအထူးတော့ မရှိပါဘူး။ အားနေလို့ ဆက်လိုက်တာ။ မနက်ဖြန်မှ ပြန်ဆင်းဖြစ်မယ်ထင်တယ်။ မင်းတို့ (၂) ယောက် ဘာထူး သလဲ မေးချင်လို့၊ မင်းနဲ့လမ်းခွဲပြီးပြန်တော့ ငါ့ကို ကျော်လွှားရရေလည်လည် ပွားတယ်ကွာ။ မင်းကို မြှောက်ပေးရမလားဆိုပြီး''

''အတော်ပဲ အဲဒါတွေ ခဏထားဦး ဝင်းဇော်။ ငါ မင်းကို အခု အရေးကြီးတာ ပြောစရာရှိတယ်''

''ဘာတွေ အရေးကြီးလို့လဲ၊ မိုးရဲ့ကိစ္စပဲမလား။ ပြောလေ''

သူ ဖုန်းပြောရင်း ပြတင်းပေါက်လိုက်ကာစကို အသာမ၍ ခြံရှေ့သို့ လှမ်းကြည့်လိုက်သည်။





ရပ်ထားသောဆိုင်ကယ်က အခုထက်ထိ မသွားသေးပေ။ ...ကြီးလဲ။ ဘာသဘောနဲ့ ရပ်နေတာလဲဟု ခြံရှေ့ထွက်ပြီး မေးပစ်...က်ချင်သည်။

ပုံစံတွေကတော့ မဟုတ်တာလုပ်ကြမည့် လူမိုက်ပုံတွေ ...ဟုတ်ပါ။ သန့်သန့်ပြန့်ပြန့် တည်တည်ငြိမ်ငြိမ်ပုံတွေ ဖြစ်ပါလျက် ...ပ်နေကြသည့် အပြုအမူကတော့ သူ့နိုးကျင့် သူ့နိုးကြီး။

''ဟေ့ ဘာတွေအရေးကြီးနေတာလဲလို့၊ ပြောမယ့်ဟာကို ...တ်နေတယ်''

''ပြောမှာပါကွာ၊ ဒီလိုကွာ ... အခု ငါတို့အိမ်ရှေ့မှာ လူ ... ယောက် ဆိုင်ကယ်တစ်စီးနဲ့လာပြီး အကဲခတ်နေတာ ကြာပြီ။ ...က်ကတည်းက ခုထက်ထိပဲ''

''ဟုတ်လို့လား''

''ဟုတ်ပါတယ်ဆိုကွာ။ ငါထင်တာတော့ မိုးကို လာအကဲ...တ်နေတယ်ထင်တယ်။ မိုးကိုသိနေတဲ့လူတွေများလား''

''သိနေတဲ့သူတွေဆိုရင်လည်း ဦးနိုင်လို အိမ်ထဲဝင်လာပြီး ...ွင့်လင်းလင်း ပြောရမှာပေါ့။ သူတို့နဲ့သိနေတဲ့ မိန်းကလေး ဟုတ်...ဟုတ် အကဲခတ်ရမှာပေါ့။ အခုက ခေတ်ကာလကောင်းတာမဟုတ်...နော်။ ပုံစံအမျိုးမျိုးနဲ့ အနုကြမ်းစီးတဲ့ သတင်းတွေ တော်တော်များ...တယ်''

''မင်းကလည်း အဲဒီလိုတော့ မဟုတ်လောက်ပါဘူး။ သူတို့...က လူမိုက်ရုပ်တွေ မဟုတ်ပါဘူး''

"လူမိုက်မှာ ချိုပါတာမှမဟုတ်တာ။ ဟိုဥစ္စာမဖြစ်ရင် မင်း ရဲ့စခန်းတော့ နည်းနည်းပါးပါး အကြောင်းကြားထားသင့်တယ်နော်။ မဖြစ်သေးပါဘူး။ မင်းဆိုတဲ့ကောင်က လုပ်ချင်တာပဲ တဇွတ်ထိုးလုပ် တတ်တာ။ မလုပ်ချင်တာကျရင် ဘာခိုင်းခိုင်းလုပ်မှာမဟုတ်ဘူး။ ငါပဲ ကျော်လှကိုပြောပြီး စခန်းသွားခိုင်းရမှာပဲ"

ဝင်းဇော်က သူ့ရဲ့အုပ်ထိန်းသူတစ်ယောက်နှယ် ပူပူပန်ပန်နှင့် ပြောနေလေသည်။ သူတို့ ဖုန်းပြောနေစဉ် ဟိုလူတစ်ယောက်က ဆိုင်ကယ်ပေါ်တက်ပြီး မောင်းထွက်သွားသဖြင့် သူ ဝမ်းသာအားရဖြင့်–

"ဝင်းဇော် . . . ဟိုလူတွေ ပြန်သွားကြပြီကွ"

"ပြန်သွားပြီဆိုပြီး ဝမ်းသာအားရ ဖြစ်မနေနဲ့ဦး။ ဘယ်က မှန်းမသိ ဘာမှန်းမသိနဲ့ အန္တရာယ်များတယ်။ အစစအရာရာ သတိ ဝီရိယရှိဦး"

"အောင်မာ . . . မှာနေပုံကလည်း ငါ့ကို ကလေးပေါက်စများ မှတ်နေလား"

"ကလေးပေါက်စဆိုရင် ဒီမှာပဲနေ၊ ဒီမှာပဲထိုင်ဆိုပြီး တံခါး ပေါက် သော့ခတ်ပိတ်ခဲ့လို့ ရတယ်ကွ။ အဲဒါပဲ စောစောစီးစီး အိမ် ထောင်ပြုရာရှိတာ မပြုတော့ ဒီအရွယ်ရောက်တဲ့အထိ ငါတို့သူငယ် ချင်းတွေ မင်းအတွက်ပဲ ပူပန်နေရတယ်။ ငါ ဖုန်းဆက်တဲ့လိုရင်း တောင် ပျောက်သွားပြီ။ ဟိတ်ကောင် . . . မင်းကို ငါ အားပေးတယ်"

"အမ် . . ဘာကိုအားပေးတာလဲ"

အစမရှိ အဆုံးမရှိ ပြောလိုက်သော ဝင်းဇော်ရဲ့စကားကြောင့်





နဝေတိမ်တောင်ဖြစ်ကာ ယောင်နနနှင့် ပြန်မေးလိုက်သည်။

ခြံရှေ့မှာ ဟိုလူ (၂) ယောက်မရှိတော့သည့်ကိစ္စက ရင်ကို ပေါ့ပါးသွားစေသည်။ အရေးကြုံတော့ တွေးပူ စိတ်ပူပေး သော သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ပါသည်။ သူငယ်ချင်း ကောင်းဆိုသည်မှာ ဘယ်လိုဝေးဝေး၊ ဘယ်လောက်ကြာကြာ ပြောင်းလဲဘဲရှိနေတတ်သူတွေ။ ကိုယ်မြင့်သွား၍ဖြစ်စေ၊ ကိုယ်နိမ့် ၍ဖြစ်စေ ဘာကြောင့်နှင့်မှ မပြောင်းလဲပဲ ကူညီပေးမနေတတ်သူ ဖြစ်သည်။

သူ မိမိအောင်ကြောင့် ခံစားနေရစဉ်ကလည်း သူတို့က ကိုယ့်ထက်ပို၍ ဒေါသထွက်ကြ၊ စိတ်ပူပေးကြနှင့် ရှိနေလေ ည်။ သူလည်း ဝင်းဇော်နှင့်ကျော်လှတို့ အနိုင်ယူပြောနေတာ ဖြစ် ယ့် သူတို့ ထိခိုက်ပါစေ၊ နစ်နာပါစေဆိုသော စိတ်ရိုင်းများ ဝင်ပါ။

"ကိုယ့်အိမ်ကကြက် ဘယ်ချိန် ရိုက်သတ်သတ်လို့ ပြောရ အောင် မင်းက ရိုက်သတ်မယ့်သူ မဟုတ်သလို မိုးကလည်း တိရစ္ဆာန် း မဟုတ်ဘူး။ ဒါပေမဲ့ သူနဲ့ သက်ဆိုင်တဲ့သူတွေ ရောက်လာရင် က်ခနဲ ပါသွားနိုင်တယ်ဆိုတာ မေ့ထားလို့မရဘူး"

"မင်း ဘာကိုဆိုလိုတာလဲ ဝင်းဇော်"

"ဘာကိုဆိုလိုသလဲ ရှင်းပါတယ်။ သူ့အိမ်က ရောက်မလာ င် မင်း မိုးကို ပိုင်နိုင်အောင်၊ ပြန်လိုက်မသွားနိုင်အောင် ကြိုးစားဖို့ပဲ ကွာ"

"ဟာ . . . မဖြစ်နိုင်တာကွာ"

ဝင်းဇော်ပေးသော အကြံမှာ မကြီကောင်းမစည်ရာမို့ သူ အလန့်တကြား ငြင်းလိုက်မိသည်။ သူမကို ကိုယ်မခွဲနိုင်လောက်အောင် ချစ်နေတာမှန်ပေမယ့် သူမ မုန်းတီးသွားစေမည့် အပြုအမူကိုတော့ သူ စိတ်နဲ့တောင် မတွေးဝံ့ပေ။

"ထင်တယ်၊ ငါ ဒီလိုပြောရင် မင်း အဲဒီလို ပြောလိမ့်မယ်ဆိုတာ။ အဆိုးဆုံးက ကျော်လှရွှေမှာပြောရင် ဒီကောင် ငါ့ကို ထမြီး ဆောင့်ကန်မလားတောင်မသိဘူး။ ဒါပေမဲ့ . . . ငါပြောနေတာက ဖြစ်ထိုက်တာကို ပြောတာ။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးတဲ့။ နောက်ဆုံးတော့ မင်းကို ဘယ်လောက်ပဲစိတ်ဆိုးဆိုး မိုးက မင်းကို တော့ မေတ္တာစာတတ်ခံရှိနေတဲ့သူဆိုတော့ ကြာကြာ စိတ်မဆိုးနိုင်ပါဘူး ကွာ"

မင်းက ပြောထွက်ရက်တဲ့ကောင်။ စကောလောက်မှ စောက် မနက်တဲ့ကောင်ဟု ပယ်ဝယ်နယ်နယ် ပြောပစ်ရအောင်ကလည်း သူက ကိုယ့်အကျိုးလို၍ အကြံဆိုးပေးခြင်းရယ်ပါ။ ဒီပွဲမှာ ဝင်းဇော်က ရှုံ သုဘဒ္ဒါ မဟုတ်သလို ကိုယ်ကလည်း သောနုတ္တာထိုရ်ရဲ မုဆိုးမဟုတ်ပေ ယခုချိန်မှာ သူ့ဘက်က ထိုသို့ အကြမ်းဖက်စရာမလိုဘဲ 'မိုးကိုချစ် တယ်' လို့ ဖွင့်ပြောလျှင်တောင် မိုးထံမှ လိုလိုလားလား ကြည်ဖြူမှုကို ရနိုင်ပါသည်။

မိုး ငြင်းမှာကြောက်၍ သူ ဖွင့်မပြောတာမဟုတ်။ မိုးနဲ့ နောက်ကွယ်မှာရှိသော အတိတ်ကြောင့်သာ သူ ဖွင့်မပြောဝံ့တာ





ချိန်မှာ မိုး လက်ခံတယ်ဆိုလျှင်တောင် အတိတ်မေ့နေတဲ့ဘဝမှာမို့ က်ခံခြင်းဖြစ်မည်။ အတိတ်ကို သတိပြန်ရခဲ့လျှင် သူမရဲ့ဘဝဟောင်း ပြန်ရောက်သွားကာ သူတို့ကိုတောင် သတိရလိမ့်မည် မထင်ပေ။

အချစ်ဆိုတာ လူတွေအတွက် ဘယ်လိုအနေအထားတွင် နေသလဲ မသိပေမယ့် သူ့အတွက် အချစ်ဆိုတာ သိင်္ကို တန်ဖိုးကြီး နေပါသည်။

'ချစ်တယ်' လို့ ဖွင့်ပြောမိမှတော့ ပေါင်းစပ်ဖို့သာ ဖြစ်သင့် သည်။ မိမိအောင်နှင့်တုန်းက ကိုယ်က ချစ်တယ်ပြောခဲ့တာက ပေါင်း ဖို့ သူမက သစ္စာဖောက်သွားတာတော့ ကိုယ်လည်း ဘာမှမတတ် ပေ။ မိုးနှင့်ကျတော့ သူချစ်ပေမယ့် ဘယ်တော့မှ ဖွင့်ပြောလိမ့်မည် သင်ပေ။ ကမ္ဘာတည်သရွေ့ တည်မြဲချင်သော သူ့ရဲ့အချစ်သည် အတွက် တဒင်္ဂမဖြစ်သင့်ပေ။

"ကျေးဇူးတင်ပါတယ် ဝင်းဇော်ရာ၊ မင်း ငါ့ခံစားပြီး ကျန်ခဲ့ စိုးလို့ အဲဒီအကြံပေးတယ်ဆိုတာ ငါ နားလည်ပါတယ်။ ဒါပေမဲ့ ချစ်က မင်းတို့ထင်တာထက် မာနပိုကြီးတယ်ကွ။ ဒါကို မင်းတို့ ယောက် ဒီကောင် ငါတို့ကို ပြောခဲ့သမျှ လှလှပပကြီး ခံရပြီလို့ နချင်လည်း ဝေဖန်နိုင်တယ်။ ငါ အဲဒီလို ဘယ်တော့မှ မလုပ်နိုင် မင်းတို့ပြောတဲ့ ဝဋ်ဆိုရင် အဲဒီဝဋ်ကို ငါက တယုတယ သိမ်းထုပ် းမှာလေ။ ဒါပဲ သူငယ်ချင်း"

*

# အခန်း (၂၉)

"ကျွန်တော်တို့ကို ဝင်ခွင့်ပြုပါ ခင်ဗျာ"

ထမင်းစားခန်းထဲတွင် သူတို့ (၃) ယောက် ထမင်းစား… အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး၏ ဝင်ခွင့်တောင်း… ကြားလိုက်ရခြင်းဖြစ်သည်။

"ရှင် . . . ဟုတ် ဟုတ်ကဲ့"

"အိမ်ရှေ့မှာ လူမတွေ့လို့ ခွင့်မတောင်းဘဲ ဝင်လာ… တောင်းပန်ပါတယ်။ သုံးဆောင်ကြပါခင်ဗျာ။ ကျွန်တော်တို့ ဧည့်… ထဲက စောင့်နေပါ့မယ်"

အမျိုးသားကြီးနှင့် အမျိုးသမီးကြီးက သူတို့ထမင်းစား… တာကိုကြည့်ပြီး အလိုက်တသိနှင့် ပြောပြီး ပြန်လှည့်ထွက်သွား… မသွားခင်မှာ မိုးကို သေချာကြည့်သွားခြင်းမို့ သူစိတ်ထဲ စနိုးစ…





…ဖြစ်သွားရသည်။

"တကယ်လို့ သူတို့နဲ့ပတ်သက်တဲ့ မိန်းကလေးဆိုရင် ဦးနိုင် …ပဲ လာမေးမြန်းစုံစမ်းမှာပေါ့ကွ"

ဝင်းဇော်ရဲ့စကားက နားထဲဝင်လာသည်။ ဘာလဲ သူတို့တွေ …ည်း မိုးနှင့်ပတ်သက်တဲ့သူတွေအဖြစ် လာစုံစမ်းကြတာလား။ ဖြစ်နိုင် …ယ်ဆိုရင် ဘယ်သူမှ လာစုံစမ်းလို့မရတော့အောင် မိုးကို သိမ်းဖွက် …ားချင်တော့သည်။ ရင်တမမနှင့် နေနေရသောဒဏ်ကို မခံနိုင်တော့

"ဘယ်သူတွေလဲမသိဘူး။ ကဲ လာ လာ . . . နောက်မှ …က်စားကြတာပေါ့။ သမီးရေ . . . ကော်ဖီလေးဖျော်ပါဦး ဧည့်သည် …တွေအတွက်၊ လာ သား"

အမေက မိုးကို မှာပြီး သူ့ကိုခေါ်ကာ ဧည့်ခန်းထဲသို့ ထွက် …သွားသည်။

သူ အမေ့ရဲ့နောက်သို့ မလိုက်သွားသေးဘဲ မိုးနားသို့ ကပ် …သွားသည်။ မိုးပုံစံကလည်း တွေတွေငေးငေးဖြစ်နေသည်။

"မိုး"

"အစ်ကို"

"ကိုယ်တော့ ဒီလိုတွေ ခဏခဏကြုံနေရရင်တော့ မိုးရဲ့ …က်ကိုဆွဲပြီး လူတွေနဲ့ဝေးရာကို ထွက်ပြေးလိုက်ချင်ပြီ"

"အစ်ကိုရယ်"

မိုး တိုးတိတ်စွာညည်းရင်း ကော်ဖီဖျော်နေမိသည်။ အစ်ကို

က ထွက်မသွားသေးဘဲ မိုး ဘေးမှာရပ်ရင်း စကားပြောနေခြင်းဖြစ်
သည်။

စောစောတုန်းက မိုးကိုကြည့်သွားသည့် လူကြီးနှင့် မိန်းမကြီး
ပုံစံကို ပြန်မြင်ယောင်တော့ မိုးရဲ့စိတ်ထဲမှာ ဘာလိုလို။ အမျိုးသမီး
မျက်ရည်ဝိုင်းသောအကြည့်တွေနှင့် ကြည့်သွားခဲ့သည်ပေ။ တကယ်
သူတို့က မိုးနှင့်ပတ်သက်တဲ့သူ အစစ်တွေလား။ မိုးရဲ့ မိဘတွေလား
မိုးရဲ့ဆွေမျိုးတွေလား။

"အမလေး"

"မိုး ဘာဖြစ်သွားသေးလဲ။ ဟာ . . . ပြစမ်း"

လက်ထဲကရေနွေးဓာတ်ဘူးကို ကပျာကယာ ဘေးသို့ချလိုက်
သည်။ အတွေးနှင့်ကော်ဖီခွက်ထဲသို့ ရေနွေးတွေ ငှဲ့ထည့်စဉ် ရေနွေး
ကော်ဖီခွက်ထဲ မရောက်ဘဲ စားပွဲပေါ် လောင်းချနေခြင်းဖြစ်သည်။

ရေနွေးပူတွေ စားပွဲပေါ်မှာ စီးကျကာ ခြေထောက်ပေါ်
လာစင်မှ မိုး အသိဝင်တော့သည်။ အစ်ကိုက ပျာပျာသလဲဖြင့် မိုး
ခြေရင်းတွင် ဒူးထောက်ထိုင်ချလိုက်သဖြင့် မိုး နောက်ဘက်သို့ လှမ်း
ရှာ ဆုတ်ပြီး –

"ဘာမှသိပ်မဖြစ်သွားပါဘူး အစ်ကိုရဲ့"

"ဟုတ်လို့လား . . . ပြစမ်းပါဦး။ ရေနွေးက ဒီမနက်က
ထည့်ထားတာဆိုတော့ တော်တော်လေးပူနေမှာ။ အပူတွေလောင်
သွားသလားမသိဘူး"

"သားရေ ခဏထွက်ခဲ့ပါဦး"





"ဟော . . . အမေခေါ်နေပြီ။ အစ်ကို ဟို အပန်းမကြီးဘူး
ချင် ကော်ဖီခွက်ထဲ ရေနွေးထည့်ပေးပါလား အစ်ကို"

"အမေကလည်း ဘယ်သူညည်သည်မှန်းမသိဘဲ ညည့်ခံနေ
က်တာ အလကား အလုပ်အကိုင်ပျက်တယ်။ အခုလည်း မိုး ခြေ
ထောက်လည်း နိုက်မိသွားပြီ"

"ညော် . . . ဘာမှမဖြစ်ပါဘူးဆို အစ်ကိုကလဲ။ ပေး ပေး
. မိုး သယ်ခဲ့မယ်။ အစ်ကို့ကို အမေခေါ်နေပြီ သွားတော့လေ"

"ရတယ် အစ်ကို သယ်ခဲ့မယ်။ လာလေ အတူတူသွားရ
အောင်"

မိုးနှင့်အစ်ကို ဧည့်ခန်းထဲရောက်တော့ –

"ဟင် . . . အစ်ကို"

"ဟာ"

ဧည့်ခန်းထဲတွင် စောစောက အမျိုးသမီးကြီးနှင့် အမျိုးသမီး
ကြီးအပြင် သူတို့ (၂) ယောက်ကို လိုက်ချောင်းခဲ့သော လူ (၂)
ယောက်ကိုပါ အတူတွေ့လိုက်ရသဖြင့် သူတို့တွေ အံ့သြသွားသည်။

မိုးက သူ့ရဲ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လာခဲ့
သည်။ အားလုံးက သူတို့ (၂) ယောက်ကိုပဲ ကြည့်နေကြလေသည်။

"လာလေ . . . သား၊ အဲဒါ ကျွန်မရဲ့သားလေ"

ဒေါ်ခမ်းကျွန်က အခြေအနေတစ်ခုကို ထိန်းထိန်းသိမ်းသိမ်း
ဖြစ်စေရန် ဆောင်ရွက်လိုက်သည်။ အားလုံး ထိုင်ခုံပေါ်မှာ နေသား
တကျ ဖြစ်သွားချိန် –

''သ သမီးလေး၊ ဟုတ်ပါတယ်၊ သူက ကျွန်မတို့ရဲ့ သမီး
စစ်စစ်ပါရှင်''

''ဘာ''

''သား''

အမျိုးသမီးကြီးက တုန်တုန်ခိုက်ခိုက်နှင့် ပြောလာစဉ် ...
ဒေါသဖြင့် မတ်တပ်ထရပ်လိုက်တော့မလို ဟန်ပြင်လိုက်တော့ အမေ
က သူ့ရဲ့လက်တစ်ဖက်ကို ဆွဲ၍ ခေါင်းခါပြလေသည်။

ဟင် အမေ့မျက်ဝန်းထဲက စာတွေကို သူ မဖတ်တတ်ချေ
အမေ ဘာလို့ သူ့ကိုတားတာလဲ။ မိုးရဲ့ဘက်သို့ လှည့်ကြည့်လိုက်တော့
မိုးပုံစံကလည်း မယုံနိုင်သည့်ဟန်။

''ဒီသမီးလေးဟာ ကျွန်မတို့ရဲ့ ပျောက်ဆုံးသွားတဲ့ သမီးလေး
မဒီအစစ်ပါ''

''ဘယ်သူ မဒီ ဟုတ်လား''

''ဩော် ... ဒီလိုပါအစ်မကြီး။ ကျွန်တော်တို့ အစ်မကြီးကို
ကောင်းကောင်းတောင် မမိတ်ဆက်ရသေးဘူးနော်။ ကျွန်တော့်နာမည်
က ဦးသက်တင်ပါ။ သူက ကျွန်တော့်ရဲ့ဇနီး ဒေါ်ခင်စန်းမြင့်ပါ
ပျောက်ဆုံးသွားတဲ့ ကျွန်တော့်ရဲ့သမီး ဟောဒီက မိန်းကလေးနာမည်
ကတော့ 'မေမဒီ' ပါ ခင်ဗျာ''

''မေမဒီ ... ဟုတ်လား''

ထိုမေးခွန်းကို ဝင်မေးလိုက်သူက မိုးဖြစ်သည်။ အားလုံးက
မိုးရဲ့ဆီသို့ အကြည့်ရောက်သွားသည်။ မိုးက ထိုလူတွေကို ခပ်စိမ်းစိမ်း



...ည့်ရင်း –

ငါဟာ မေမဒီဆိုရင် ဟိုဓာတ်ပုံထဲက မိန်းကလေးက ငါပေါ့။
... ငါ လူတစ်ယောက်နဲ့ တကယ်စေ့စပ်ခဲ့တာပေါ့။ ဟိုလက်စွပ်က
...ပ်လက်စွပ်ဆိုတာ သေချာပြီပေါ့။ မဟုတ်ဘူး။ ငါက မေမဒီ
...တ်ဘူး။ ငါ ဘယ်သူနဲ့မှ မစေ့စပ်ခဲ့ဘူး။ အဲဒါသေချာပါတယ်။

''ဟုတ်ပါတယ် သမီးရယ်။ သမီး မေမေတို့ကို တော်တော်
...ရက်တယ်နော်။ မေမေတို့ ဘယ်လောက်ထိ စိတ်ပူနေရသလဲ
...လား''

''အို ဘာတွေပြောနေတာလဲ။ ကျွန်မက အန်တီတို့ပြောနေ
...မေမဒီမှ မဟုတ်တာ။ အန်တီတို့ကို ကျွန်မ သိလည်းမသိဘူး။
...လည်းမရင်းနှီးဘူး''

''အမလေး ... ပြောရက်လိုက်တာ သမီးရယ်''

''မြင့် စိတ်ကိုထိန်းလေ''

''ကိုသက်တင် ပြောပါဦး။ သမီးက ဘယ်လိုဖြစ်သွားတာလဲ။
...ယ်လိုဖြစ်ပြီး ကျွန်မတို့ကို မမှတ်မိတော့သလို လုပ်နေတာလဲ။
...ကိစ္စတစ်ခုတည်းနဲ့ ကျွန်မတို့ကို ဒီလိုဆက်ဆံတာ မဖြစ်သင့်ဘူး
...''

''ခဏကလေး စိတ်အေးအေးထားစမ်းပါ မြင့်ရာ။ ကိုယ်တို့
...း ကိုယ်တို့မျက်စိအောက် ရောက်နေပြီပဲ။ ဘာလို့ ထပ်ပြီး စိတ်ပူ
...ရတာလဲ''

''ကျွန်မ မခံစားနိုင်တော့လို့ပါရှင်။ ဝမ်းနဲ့လွယ်မွေးထားတဲ့

မိခင်တစ်ယောက်ကို အန်တီလို့ခေါ်လိုခေါ်၊ မသိဘူးလို့ ပြောလိုက်ပြ
ကျွန်မရင်ဘတ်ထဲမှာ မီးတွေလို ပူလောင်နေတယ်ရှင့်”

အဖြစ်ကတော့ ခက်ပါ့။ သူတို့ဘာသာ သူတို့ ငိုကြွေး
ပြောချင်တာပြောနေတာက အကြောင်းမဟုတ်။ အိမ်ရှင်တွေက သူ
ပြောနေတာကို နားထောင်ရမှာလိုလို ထိုင်ရာမှ ထွက်သွားရမှာလို

“စိတ်မရှိပါနဲ့ အစ်မကြီးရယ်။ ကျွန်တော့်မိန်းမက သမီး
ပျောက်သွားကတည်းက တငိုငို တရယ်ရယ်ဖြစ်နေခဲ့တာ။ အခု သမီး
လေးကိုတွေ့လိုက်ရတော့ မသိဘူးလို့ပြောခံရတာကို မခံစားနိုင်လို့

“ကျွန်မ နားလည်ပါတယ်”

“သမီးက ဘယ်လိုဖြစ်ပြီး ကျွန်တော်တို့ကို မသိတော့ဘူး
လဲဗျာ”

“သူ အတိတ်မေ့နေတယ်ဆိုတာကော မကြားမိကြဘူး
လား”

“ဗျာ . . . အတိတ်မေ့နေတယ် ဟုတ်လား အစ်မကြီး”

ဦးသက်တင် အထိတ်တလန့်နှင့် သမီးဖြစ်သူကို ကြည့်
မေးလိုက်သည်။ သမီးကတော့ ခုထက်ထိ ခပ်စိမ်းစိမ်းကြည့်နေသေး
မိဘကတော့ ကိုယ်မွေးထားတဲ့သားသမီး အရိပ်ကလေးမြင်ယုံ၊ အသံ
လေးကြားရုံနှင့် ဒါ ငါ့သမီးဆိုတဲ့ ခံစားမှုမျိုး ရှိပါသည်။

ကိုယ်က သိနေလျက် မသိဘူးဟု သမီးက ငြင်းပယ်လိုက်
ခြင်းအပေါ် ဖန်းသည်ကတော့ ခံနိုင်ရည်ရှိဟန်မတူ။ စုံစမ်းပေး
များကလည်း သူတို့သမီးနှင့် ရုပ်တူသော မိန်းကလေးတစ်ယောက်



ငင်ဦးလွင်မှာ တွေ့ခဲ့သည်ဟုသာ သတင်းပေးခဲ့သည်။

ဘာဖြစ်လို့ ညာဖြစ်လို့ဆိုတာမျိုးလည်း သူတို့ စုံစမ်းမိပုံ
ပေါ်ချေ။

“ဘယ်လိုဖြစ်ပြီး”

“သူ ကျွန်မတို့အိမ်ကိုရောက်လာတော့ ခေါင်းမှာဒဏ်ရာ
င်းပြင်းထန်ထန် ခိုက်မိထားတယ်။ ဘာစကားမှတောင် မပြောရသေး
ဘူး။ ကျွန်မတို့အိမ်နောက်ဖေးဘက်မှာ သတိလစ်နေလို့ ဆေးရုံ
ာင်ခဲ့ရတယ်လေ”

“ဗျာ . . . ဒါ တကယ်ပဲလား”

‘ကဲ . . . ဒါတွေခဏထားပါဦး။ မိုးဟာ ရှင်တို့ရဲ့သမီးဖြစ်တယ်
ဆိုတာ အထောက်အထားပြနိုင်ပါလား။ ဘာကြောင့် ရှင်တို့ဆီက
ထွက်လာရတာလဲ။ ဒါ ကျွန်မ စပ်စုနေတာ မဟုတ်ဘူးနော်။ လော
လောဆယ်မှာ ကျွန်မတို့က မိုးရဲ့အုပ်ထိန်းသူတွေလေ။ ကျွန်တော့်
သမီးလေး။ ကျွန်မ တူမလေး လာငိုပြီးပြောတိုင်း ထည့်ပေးရအောင်
ဒီလောက်မလွယ်ဘူးလေ။ ကိုယ်ကအုပ်ထိန်းသူနေရာရောက်နေ
တော့ သူ့ဘဝ ဘာမှမဖြစ်အောင် စောင့်ရှောက်ပေးရမှာက ကျွန်မတို့ရဲ့
တာဝန်ပါ”

“အခုလိုစောင့်ရှောက်ပေးလို့ ကျေးဇူးအရမ်းတင်ပါတယ်ဗျာ။
အစ်မကြီးတို့ သိချင်တယ်ဆို ကျွန်တော်ပြောပြပါ့မယ်၊ အဖြစ်ကတော့
ဒီလိုပါဗျာ။

*

## အခန်း (၃၀)

"မဒီ လိုက်မပို့ချင်ဘူး မေမေ"

"ဟဲ့ မဒီ ... ဘယ်လိုပြောလိုက်တာလဲ။ စူးရှက သမီးနဲ့ စေ့စပ်ထားပြီးတဲ့လူလေ။ အဲဒီလို ကင်းကင်းပြတ်ပြတ်နေလို့ ဘယ်ရမလဲ။ တစ်ဖက်သားကို အားနာစရာကွယ်"

"ဒါကတော့ မဒီ မေမေတို့ဆန္ဒကို လိုက်လျောပေးခဲ့တာလေ။ မေမေတို့ပဲ မဒီသာ ကိုစူးရှကိုလက်မခံရင် အခုပဲ သတ်သေတော့မှာလိုလို အိပ်ရာထဲ လဲတော့မှာလိုလိုနဲ့ မဒီကို ခြိမ်းခြောက်ခဲ့တာ။ အခု မေမေတို့ဖြစ်ချင်တာလည်း ဖြစ်ခဲ့ပြီ။ သူ့ဘာသာ မဒီလိုက်မပို့လို့ စိတ်ဆိုးဆို၊ ဒေါသထွက်ထွက် မဒီ ဂရုမစိုက်ဘူး။ သူနဲ့မဒီ လက်ထပ်ပြီးမှ မဒီကို သူပိုင်မှာ။ ခုချိန်မှာ ဘာမှအမိန့်ပေးလို့မရဘူး"

"မဒီ"



တစ်ခါမှ ဒီလောက်ထိ စကားရှည်ရှည်ဝေးဝေး မပြောခဲ့သော သမီးဖြစ်သူကို ဒေါ်ခင်စန်းမြင့် အံ့သြစွာကြည့်ရင်း ဘာစကားမှ မပြောနိုင်ပေ။

ပျော်ပျော်ရွှင်ရွှင်နေတတ်သော်လည်း မဒီကစကားနည်းသည်။ သူငယ်ချင်းတွေနှင့်ဆုံပြီဆိုလျှင် ကိုယ်က နားထောင်ဖို့နှင့် ... သ်ဖို့လောက်သာတတ်သည်။ မဒီ နောက်ဆုံးနှစ်ရောက်တော့ –

"မဒီ ... သမီးကို မေမေ ပြောစရာရှိတယ်"

"ပြောလေ မေမေရဲ့"

ထူးထူးခြားခြား ခွင့်တောင်းနေသော မေမေ့ကို မဒီ နားထောင်သည်ပေ။

"သမီးကို မေမေတို့ လူတစ်ယောက်နဲ့ သဘောတူထားတယ်"

"ရှင် မေမေ၊ အဲဒါက ဘာစကားကြီးလဲ"

မထင်မှတ်သောစကားကြောင့် မဒီ ထိတ်လန့်အံ့သြစွာ မေးလိုက်သည်။ ဒီမိသားစုထဲမှာ မဒီရဲ့အိမ်ထောင်ရေးမပြောနှင့် ယောကျ်ား ... းတွေနှင့် ပတ်သက်မှာကိုတောင် မေမေတို့က အသည်းအသန် ... ကြောက်ကြသည်။

တကယ်တော့ မေမဒီဆိုတဲ့သူမက မေမေတို့ရဲ့ လှောင်ချိုင့် ... တွင်ကြီးပြင်းခဲ့ရသော အလှမွေး ငှက်ငယ်လေးလေ။ မေမဒီဆိုတဲ့ ... ကို မေမေတို့က ပြင်ပလောကနှင့် ထိတွေ့မှုရသွားမှာကို စိုးရိမ် ... သည်။

"မဒီ ... သမီး ဝတ္ထုစာအုပ်တွေ ဖတ်နေတယ်ဟုတ်လား။ သမီးကို ကျောင်းစာကလွဲရင် ပြင်ပစာအုပ်တွေ မဖတ်ရဘူးလို့ မေမေ ပြောထားတယ်မဟုတ်လား"

"ဟာ ... မေမေကလည်း မဒီ အိမ်မှာတစ်ယောက်တည်း နေရတာ ပျင်းတယ်လေ။ စာအုပ်ဖတ်လည်း ဘာဖြစ်လဲ။ အိမ်ထဲက အိမ်ပြင်မထွက်ရင် ပြီးရောပေါ့ မဟုတ်လား"

"မပြီးဘူး။ မဒီ မေမေ့ကို အထွန့်မတက်စမ်းနဲ့။ သမီးဖျင်းလို့ စာအုပ်ဖတ်ချင်ရင် မေမေရွေးပေးထားတဲ့ စာအုပ်ပဲ ဖတ်လေ။ ဒီဝတ္ထု တွေက လူငယ်တွေ ပညာယူစရာ၊ အတုယူစရာဘာရှိလို့လဲ"

မေမေက ပြောရုံနှင့် အားမရဘဲ မဒီရဲ့လက်ထဲက ဝတ္ထု စာအုပ်ကို ဆွဲလုသွားလေသည်။

"မေမေ စာအုပ်ကို ဘာမှမလုပ်နဲ့နော်။ မဒီသူငယ်ချင်းဆီက ငှားခဲ့တာ။ တစ်ခုခုဖြစ်ရင် မဒီအပြောခံရမှာ"

မေမေကတော့ မဒီပြောသောစကားများကို မကြားယောင် ပြုကာ ထွက်သွားလေသည်။ ဒီလိုပါပဲ တိုးကြည့်တော့လည်း ဟိုကား မကြည့်ရ ဒီကားကြည့်နှင့် ချုပ်ချယ်တတ်သေးသည်။

"အခုခေတ် ဇာတ်ကားတွေလည်း ဘာကိုမှန်းမသိဘူး ခုတင်ပေါ်ကအခန်းထိ လိုက်ပြနေတယ်။ လူငယ်တွေ အတုယူမှား အောင်"

"အဲဒါ ပညာပေးဇာတ်လမ်းပါ မေမေရဲ့"

"ဘာမှ ပညာပေးဇာတ်လမ်း မဟုတ်ဘူး။ မတတ်တဲ့သူ



ဲလို ဒီလိုဆိုပြီး တတ်အောင်သင်ပေးနေတာ။ အဲဒါပဲ ပညာပေး ညာပေးနဲ့ တတ်အောင်သင်တဲ့ပညာပေးပဲ"

မေမေတို့ပဲ အမြင်ကျဉ်းတာလားမသိ။ မဒီအတွက်တော့ နေရထိုင်ရ အမြဲတမ်း ကျဉ်းကျပ်နေသည်။ သို့သော် မဒီအတွက် နေသားကျနေခဲ့ပြီ။

ယခုတော့ –

သူတို့ တယုတယနှင့် အရိပ်တကြည့်ကြည့်ရှိနေသော မဒီ သည် ပညာရေးတောင် ဆုံးခန်းတိုင်သည်ဟုပြော၍မရသေး။ ဤကဲ့ သို့သော သမီးကို ယောက်ျားတစ်ယောက်နှင့် သဘောတူထားသည် ဆိုတော့ မဒီကို စနောက်နေတာများလား။

"မေမေ ဘာပြောလိုက်တာလဲ မဒီ မရှင်းဘူး"

"ဟုတ်တယ် သမီး။ သူနာမည်က မောင်စူးရှတဲ့။ သမီးထက် တော့ ဆယ်နှစ်လောက်ကြီးမယ်ထင်တယ်"

"ရှင် ဆယ်နှစ်ကြီးတောင်"

မဒီ အံ့ဩလွန်းသဖြင့် မေမေ့ရဲ့စကားကို သံယောင်လိုက်မိ တော့ မေမေက ဘာမှမဖြစ်သလို ခေါင်းညိတ်ရင်း –

"ယောက်ျားလေးအသက်ကြီးတာ ဘာဖြစ်လဲ သမီးရဲ့၊ သမီး က အခု ဆယ့်ကိုး။ သူက (၂၉) နှစ် ယောက်ျားလေးတစ်ယောက် အသက် (၂၉) နှစ်မှာ အိမ်ထောင်ပြုတာက လူကဲ့ရဲ့စရာမှ မဟုတ်တာ၊ မိန်းကလေး အသက် (၂၉) နှစ်က (၁၉) နှစ်အရွယ် ကောင်လေးကို က်ထပ်တာကမှ လူကဲ့ရဲ့စရာကြီး"

ရွှေပဒေသာစာပေ

"မဟုတ်ပါဘူး မေမေရယ်။ မဒီက ကျောင်းမှမပြီးသေးတာ ဘာလို့ အိမ်ထောင်ပြုရမှာလဲ။ ပြီးတော့ မဒီ အိမ်ထောင်လည်း မပြုချင်သေးဘူး။ မဒီအသက်က ငယ်ပါသေးတယ်"

"အဲဒါကြောင့်ပဲ မေမေတို့ ဒီလိုစီစဉ်လိုက်ရတာပဲသမီး။ အဲ လေးက လူ့လောကအကြောင်း။ ပတ်ဝန်းကျင်အကြောင်း ဘာ သိတာ မဟုတ်ဘူး။ မေမေတို့ သမီးကို မတော်တရော်လူနဲ့ တွေ့သွား မှာ စိုးရိမ်တယ်"

အဲဒီလို ပတ်ဝန်းကျင်နဲ့ ထိတွေ့မှုမရှိအောင် ဘယ်သူလုပ် တာလဲလို့ မဒီ မမေးဖြစ်တော့ပါ။ သို့သော် သူတို့စိတ်ပူနေတာ သူ မထိန်းကျောင်းဘဲ ယောကျ်ားပေးစားလိုက်ရုံနှင့် အဲဒီသောက ပျောက်သွားမှာလား။

မဒီရဲ့ခံစားချက်၊ သဘောထားတွေကော မေးဖို့ မကြိုး တော့ဘူးလား။

"မဒီ အဲဒါတွေကို စိတ်မှမဝင်စားတာ မေမေရယ်။ အ လည်း မေမေတို့ရဲ့ စိတ်ကြိုက် မဒီနေနေတာပဲ။ မဒီ ကျောင်းပြီးမှ"

"မဖြစ်ဘူး သမီး။ အရင်တုန်းက စိတ်မဝင်စားဘူးဆို ကိစ္စမရှိဘူး။ ခု စိတ်ဝင်စားရမယ်။ ဒါပဲ မေမေပြောမယ်။ မောင် ဟာ ထက်မြက်တဲ့လုပ်ငန်းရှင်တစ်ယောက်ပဲ။ သူ့လိုလူကို သမီး တော်ချင်တဲ့လူတွေ ပိုင်းပိုင်းလည်နေတဲ့ထဲမှာ သမီးကိုရွေးချယ်တာ မေမေတို့အတွက် ထီပေါက်တာပဲ။ ထီပေါက်တာတောင် ရိုးရိုး မဟုတ်ဘူး။ သိန်းထောင်ချီ၊ သန်းချီတန်တဲ့ ဆုအကြီးကြီးနော်"





မဒီ တက်တက်ကြွကြွပြောနေသော မေမေ့ကို မယုံနိုင်စွာ ငေးနေမိခဲ့သည်။ အိမ်ထောင်ရေးဆိုတာ ဘာလဲ၊ မဒီ နားမလည်ပါ။ ဒါပေမဲ့ အိမ်ထောင်ရေးကို ဈေးတွက်တွက်လို့ ရသလား။

လူသားနှစ်ယောက် အတူတူနေထိုင်သည့်အခါ ဒီရဲ့ငွေကြေး ဥစ္စာဆိုတာ လိုအပ်လို့လား။ လူတွေပြောပြောနေကြတာ တစ်ယောက် အပေါ်တစ်ယောက် နားလည်မှုထားဖို့ဆိုတာ ဘယ်ချောင်မှာ သွားထိုး သားတာလဲ။

မဒီက သက်မဲ့အရုပ်ကလေးတစ်ရုပ်မဟုတ်ဘူးဆိုတာကော ာမေ တွေးမပေးတော့ဘူးလား။ ဖေဖေ့ကိုတော့ မဒီ ပြေး၍အပူ ကပ်ချင်တော့ပါ။ ဖေဖေတောင် ဒီအိမ်မှာ မေမေရဲ့ဟိတ်ဆိုဟိတ်၊ ဟိတ်ဆိုတိတ် အာဏာအတိုင်း နေခဲ့တာဆိုတော့ မဒီလိုသမီး တစ် ယောက်အနေနှင့်ကော ဘာတွေအခွင့်အရေးထူးရနိုင်မှာမို့လဲ။

တကယ်ပါ ဘုရားစူးရစေရဲ့။

မဒီပေါက်တဲ့မဲဟာ ကံဆိုးသူမဲပဲ ဖြစ်ဖို့များပါတယ်။ စေ့စပ် ချက် မတိုင်ခင်အထိ အဲဒီသတို့သားလောင်းဟာ မဒီ ဘာတွေလိုအပ် လဲ၊ နှစ်ယောက်သား တစ်ယောက်သဘောထားတစ်ယောက် တီးမိ ခေါက်မိအောင် လေ့လာဖို့ လုံးဝရောက်မလာခဲ့ပေ။

မဒီဟာ ကိုယ်စေ့စပ်ရမယ့်သတို့သားလောင်းဟာ ယောကျ်ားတစ်ယောက် လူတစ်ယောက်ဆိုတာကလွဲ၍ ဘယ်လို ပံရှည်၊ ဘယ်လို ဥပဓိရုပ်မျိုးရှိသလဲ လုံးဝမသိခဲ့ရ၊ မတွေ့မမြင်ခဲ့ရ ပေ။

စေ့စပ်ပွဲကိုလည်း မင်္ဂလာပွဲသဖွယ် ပြင်ဆင်ခဲ့၍ –

''ဒါတော့ မကောင်းပါဘူး မေမေ။ မေမေပြောတော့ စေ့စပ်ပွဲဆို။ အခု မေမေတို့က ဖိတ်စာတွေ၊ ခန်းမတွေနဲ့လုပ်နေတော့ မသိတဲ့လူတွေအတွက် မင်္ဂလာပွဲနဲ့တောင် တူနေပြီ။ စေ့စပ်တယ်ဆိုတာ လက်ထပ်ဖို့ဆိုတာမှန်ပေမယ့် လက်ထပ်ကြသေးတာမှ မဟုတ်တာ။ ဒီကြားမှာ အကြောင်းအမျိုးမျိုးကြောင့် စေ့စပ်ပွဲ ပျက်သွားရင် ခမ်းခမ်းနားနားကြီး လုပ်ခဲ့ပြီးမှ ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ''

''မေမဒီ စေ့စပ်ပွဲပျက်ရင်ဆိုတဲ့စကား သမီးပါးစပ်က ထွက်နေတယ်နော်။ ဘာလို့ပျက်ရမှာလဲ၊ ဘာကြောင့်နဲ့မှ ပျက်စရာမရှိဘူး။ မောင်စူးရှ ဒီတစ်ခေါက်သွားပြီး ပြန်လာရင် သမီးတို့လက်ထပ်ရတော့မယ်။ ဒီထက်သေချာတာ ဘာရှိသေးလဲ''

''နောက်တစ်ခု ရှိသေးတယ်။ မဒီက သက်ရှိလူတစ်ယောက်နဲ့ လက်ထပ်ရမှာ သေချာရင် သူက မဒီကို ဘာလို့ လာမတွေ့နိုင်ရတာလဲ။ ကိုယ်လက်ထပ်ရမယ့် မိန်းကလေးကို အဲဒီလောက်ထိ စိတ်ဝင်စားရင် သေပျော်ပါပြီ''

မဒီ ထိုစကားကိုတော့ ဘယ်လိုမှ မအောင့်အီးနိုင်၍ ပြောမိလိုက်ပါသည်။ မေမေကတော့ မဒီထံမှ လက်ခံသည်ဆိုသော စကားရထားသဖြင့် ဘာမှ သိပ်မပြောတော့ပေ။

ဒီလိုနှင့်ပဲ စေ့စပ်သည့်ညနေဘက်မှပဲ မဒီ စေ့စပ်ရမည့် သတို့သားလောင်းကို အရှင်လတ်လတ် တွေ့မြင်ရတော့သည်။





''ကိုယ့်ရဲ့သတို့သမီးလောင်းအနေနဲ့ မင်းရဲ့ဝတ်စားဆင်ယင်မှုတွေက သေးသိမ်လွန်းတယ်။ မာမီ ပေးဒီလက်ဝတ်ရတနာတွေနဲ့ ...ဝတ်ထားတဲ့ လက်ဝတ်ရတနာတွေ ပြန်လဲပေးလိုက်ပါ''

တင်တင်စီးစီးပြောလိုက်သော သူ့ရဲ့စကားကြောင့် မဒီ စိတ်...ည်းတို့၊ ဒေါသလည်းဖြစ်နှင့် ငိုချင်စိတ်တောင်ပေါက်သွားသည်။

မဒီတော့ ဒီရဲ့စေ့စပ်ပွဲကို လက်ခံခဲ့မိတာ မှားလေပြီလား။ ...ူ့ရဲ့ ပြောဟန်၊ ဆိုဟန် ပြုမူဟန်တွေက မဒီနဲ့ လုံးဝညှိလို့ရမည် ...င်။ မဒီက သူ့ရဲ့ပုံစံခွက်ထဲ မဝင်နိုင်သလို သူကကော မဒီရဲ့ ...ာ်လပ်မှုအတိုင်း နေနိုင်ဖို့မမြင်။

ဘုရားရေ ဒီလိုလူရဲ့လက်ထဲ မဒီရဲ့ဘဝ သက်တမ်းတစ်...ာက်လုံးကို ဝကွက်အပ်ရက်သော မေမေတို့ကို မဒီ မည်သို့ ...ပ်တင်ရမလဲ မသိတော့ပေ။

*

## အခန်း (၃၁)

''ကျွန်မကို ဝင်ခွင့်ပြုပါနော်''

ခွင့်တောင်းသံကြောင့် မဒီ ညေ့ခန်းထဲမှာထိုင်နေရာမှ ... ကြည့်လိုက်သည်။ မဒီရဲ့ဘေးမှာ မေမေကထိုင်နေသည်။ ... တော့ အပေါ်ထပ်မှာဖြစ်သည်။

ခွင့်တောင်းသူမှာ မယ်ဇမာတစ်ယောက်လို ချောမော... တင့်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

လှပချောမောလွန်းသော မိန်းမတစ်ယောက်မို့ အသ... ခန့်မှန်းရခက်လောက်အောင် ငယ်နုနေသည်။ မျက်နှာ၌ ကာ... ကို သူ့နေရာနှင့်သူ ပြေပြစ်တင့်တယ်စွာ ခြယ်မှုန်းထားပြီး ဆံပင်... နောက်ဘက်၌ ခပ်မြင့်မြင့် စည်းနှောင်ထားသည်။ ဝင်းဝါသော ... သားတို့ကို အသည်းယားဖွယ် တွေ့မြင်ရလောက်အောင် လည်...





...ယ်သော အင်္ကျီကို ဝတ်ဆင်ထားသည်။

ဒူးအထက်ဝဲတက်နေသော အပွင့်နုတ်နုတ်တွေပါသည့် ...တတ်တိုကို အဖြူရောင်အင်္ကျီနှင့် တွဲဝတ်ထားလေသည်။

''ကျွန်မကို ဝင်ခွင့်ပြုလို့ ရမလားရှင်''

''ဟင်''

''ဩော် ဝင်လာပါ ရပါတယ်''

အမျိုးသမီးကို သားအမိနှစ်ယောက် အပြန်အလှန် အနုစိပ် ...သပ်နေရာမှ ထိုအမျိုးသမီးရဲ့ ဒုတိယအကြိမ် တောင်းဆိုသံကို ...ရသဖြင့် မေမေက ပျာပျာသလဲ ဖိတ်ခေါ်သည်။

မဒီကတော့ တစ်ခါမှ မတွေ့မမြင်ဖူးသော ခပ်ချောချော ...မျိုးသမီးကိုကြည့်ရင်း တအံ့တသြ။ ဘုရား ဘုရား လှချက်၊ ချော ...ကတော့ ရွှေမှုန်စားပြီး မွေးလာသလားလို့တောင် အောက်မေ့ရ ...။

''ဘယ်သူနဲ့တွေ့ချင်လို့လဲကွဲ့။ အန်တီတို့ကတော့ မင်းကို ...ဘူးနော်''

''မေမေကလည်း''

မေမေက ညေ့ခံစကားပြောပုံက အဆင်မပြေလှသဖြင့် မဒီ ...က်ကအမျိုးသမီးကို အားနာသွားရသည်။

တစ်ဖက်ကအမျိုးသမီးကလည်း ခုချိန်ထိ အပြုံးမပျက်ဘဲ–

''အန်တီက ကျွန်မကိုမသိသလို ကျွန်မကလည်း မနေ့ ...နေ့ကအထိ အန်တီတို့ကို မသိပါဘူး''

"ကိစ္စက"

"မလောပါနဲ့ အန်တီ၊ ဖြေးဖြေးပေါ့။ ကျွန်မရဲ့နာမည်
အရင် မိတ်ဆက်ပေးပါရစေ။ ကျွန်မရဲ့နာမည်က ညို့ပါ"

"ညို့"

"ဟုတ်ပါတယ် ညို့တစ်လုံးတည်းပါ။ ကျွန်မ မြန်မာနိုင်ငံ
မွေးပေမယ့် ဟောင်ကောင်မှာပဲ ကြီးပြင်းခဲ့ပါတယ်။ အရွယ်ရော
တော့မှသာ မြန်မာနိုင်ငံနဲ့ ဟောင်ကောင် ကူးချည်သန်းချည်
တော့"

"နေပါဦးမိန်းကလေး။ အန်တီကလည်း မင်းကိုမသိသလို
မင်းကလည်းအန်တီကို မသိဘူးလို့ ပြောခဲ့တယ်နော်။ နောက်
အခု မင်းရဲ့ဘဝနောက်ကြောင်းတွေ အန်တီ့ကို လာပြောနေတာ
သဘောလဲ"

"ဖြည်းဖြည်းပေါ့ အန်တီရယ်။ ကျွန်မပြောမယ့်ကိစ္စက ကျွန်
နောက်ကြောင်းနဲ့ ဆက်စပ်နေတာကိုး"

"ဪ ဧည့်သည်ရောက်နေတာလား"

ဖေဖေက အပေါ်ထပ်မှ ဆင်းလာသည်။ မေမေက
ဖေဖေ့ကို တစ်ချက်လှမ်းကြည့်သော်လည်း ဘာမှတော့ မပြော
အကြည့်ကတော့ 'ညို့' ဆိုသော အမျိုးသမီးဆီမှ တစ်လက်
မခွာ။

အမျိုးသမီးကလည်း ဖေဖေ့ကိုတစ်ချက်လှမ်းကြည့်ပေမယ့်
ဘာမှမပြော။ သို့သော် မဒီဆီအကြည့်ရောက်လာပြီး -





"သူက အန်တီရဲ့သမီး မေမဒီဆိုတာလား"

"ဟုတ်ပါတယ် မမ"

မေမေက တည်နေသောမျက်နှာကို မလျှော့ဘဲ ဘာမှမပြော
မဒီကပဲ ခေါင်းညိတ်ပြလိုက်သည်။ သူမက မဒီကို ကြည့်၍
တစ်ချက်ပြုံးကာ -

"ဪ ... တော်တော်ငယ်သေးတာပဲ။ ဟင်း ဟင်း"

ဟုရယ်၍ မှတ်ချက်ပေးလေသည်။

"ဒီမှာမိန်းကလေး။ ပြောစရာရှိရင် လိုရင်းကိုပဲ ဦးတည်ပြော
။ အန်တီတို့ သွားစရာရှိသေးတယ်"

"ဟုတ်ကဲ့ ပြောမှာပါအန်တီ။ အန်တီတို့က မအားသလို
မလည်း မနက်ဖြန် ဟောင်ကောင်ပြန်ဖို့ ပြင်ရဦးမှာပါ။ ကိစ္စက
ပြောလို့မှ မပြီးတာ။ ဒယ်နီက ကျွန်မရဲ့ခင်ပွန်းပါ"

"ဘယ်သူ ...ဒယ်နီ ဟုတ်လား။ ဘယ်က ဒယ်နီလဲ၊
ရဲ့အသိထဲမှာ ဒယ်နီလည်း မရှိဘူး။ အယ်ဒီလည်း မရှိဘူး။ မင်း
တွေလာပြောနေတာလဲ"

"မေမေကလည်း"

"မဒီ မေမေ စကားပြောနေရင် သမီး ဝင်မပြောရဘူးလို့
ထားတယ်မဟုတ်လား။ သမီးက လူတွေအကြောင်း ဘယ်
က်သိလို့ အားနာနေရတာလဲ"

"မြင့်ရာ မင်းကလည်း ဧည့်သည်ရှေ့မှာ သမီးကို ဆူစရာ
။ ကဲ ...ဒီက တူမကလည်း စကားကို ဒီထက်ရှင်းအောင်

ပြောလို့ရရင် ပြောပေးပါလား''

ဖေဖေက ဒေါသကြီးသော မေမေ့ကို တစ်ချက်တာ... ညှိုသည်ကို ပြေပြေလည်လည် ဖြစ်အောင် မေးလေသည်။

ညှိုသည်အမျိုးသမီးက ဘာမှမဟုတ်ဘဲ ရှုံးရှုံးရှုံ ... ထွက်နေသော ဒေါ်ခင်စန်းမြင့်ကိုကြည့်ပြီး ပြုံးလိုက်သည်။ သူမ... အပြုံးတွင် ပျော်ဝင်နေသော စကားလုံးတွေအကြောင်း သူမကလွဲ... မည်သူသိနိုင်မည်နည်း။ ထိုစကားတွေကိုကြားလျှင် ဒေါ်ခင်စန်း... ဒီထက် ဒေါသထွက်နိုင်ဦးမလား။

''ဟုတ်သားပဲ၊ ကျွန်မက ဒယ်နီလို့သိတဲ့ ကျွန်မရဲ့ခင်ပွန်း... ဗမာနာမည်က ရှုံးရှုပါ အန်တီ''

''ဘာ''

''မင်း ဘာပြောလိုက်တာလဲ။ အဓိပ္ပာယ်မရှိတဲ့စကားတွေ... ဘာလို့ လာပြောနေတာလဲ။ မင်း ဝင်လာကတည်းက မင်းရဲ့စကား... ပြောပုံတွေကို ငါမကြိုက်တာ။ မင်း လုပ်ကြံဖန်တီးပြောနေတာ... အသရေဖျက်မှုနဲ့ တရားစွဲလို့ရတယ်ဆိုတာ နားလည်လား''

''မမ မမက ... ကိုရှုံးရှုရဲ့အမျိုးသမီး ဟုတ်လား''

မေမေက တစ်ဖက်အမျိုးသမီးကို လက်ညှိုးငေါက်ငေါက်... ထိုး၍ ပြောနေသလောက် မဒီကတော့ မထင်မှတ်သောစကားကြောင့်... ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ပေါက်သွားသည်။

''မဟုတ်ဘဲနဲ့ ပြောစရာအကြောင်း မရှိဘူး အန်တီ။ ကျွန်မ... မှာ ခိုင်လုံတဲ့ သက်သေတွေရှိတယ်။ ဟောဒီမှာ ဒါ ဟိုနိုင်ငံမှာ...

...းမတို့ လက်မှတ်ထိုးလက်ထပ်တဲ့စာချုပ်။ သူနဲ့ကျွန်မ လက်ထပ်...းတာ တစ်နှစ်ပြည့်တော့မယ်''

''မဖြစ်နိုင်တာ''

''မဖြစ်နိုင်တာ ဖြစ်နိုင်တာတော့ ကျွန်မ မသိဘူးအန်တီ ...ာ်လည်းမဝင်စားဘူး။ ပြောသင့်ပြောထိုက်တာမို့ လာပြောတာ။ ...ဝင်ရုံ စေ့စပ်ထားတာမို့ လက်ထပ်ပြီးမှ သိရတာထက်တော့ ပိုသာ ...လိမ့်မယ်။ ပြင်ဆင်ခွင့်ရပါလိမ့်မယ်။ ကျွန်မကတော့ ဒီမြန်မာနိုင်ငံမှာ ... ကျွန်မသာ မယားကြီးဖြစ်ပါတယ်လို့ ကြေညာမှာမဟုတ်သလို ...ကို ကွာရှင်းပေးမှာလည်း မဟုတ်ဘူး''

''မိန်းကလေး ... ဒါ တကယ်ပဲလား''

''အလိမ်အညာစကားတစ်ခွန်းကို ကျွန်မ ဟောင်ကောင်က ...ဒီကိုလာပြောစရာ မလိုဘူး အန်ကယ်။ ကျွန်မဘက်က မိန်းမသား ...ချင်း ကိုယ်ချင်းစာလို့ ပြောပြသင့်တယ်ထင်လို့ ရောက်လာတာ။ အချိန် ...နဲ့လို့ ဟောင်ကောင်ကို သူပြန်ရောက်လာရင်တော့ ကျွန်မရဲ့ခင်ပွန်း ...ပဲ။ ကျွန်မအတွက်တော့ ဒီအိမ်ထောင်ရေးပြဿနာက အဲဒီလောက် ...ခေါင်းစားစရာမလိုဘူး''

''ဒါ ဒါဆို သူက သူက မိန်းမရှိလျက်နဲ့ မဒီကို ဘာလို့ ...လက်ထပ်ချင်ရတာလဲ၊ စေ့စပ်ခဲ့ရတာလဲ''

''တို့က သူမှမဟုတ်ဘဲ။ အဲဒီမေးခွန်း သူ့ကို သွားမေးလေ''

''မင်း လိမ်နေတာ၊ မင်း ထွက်သွား။ မင်းကို ရဲစခန်း ဖုန်း ...ဆက်ပြီး ဆွဲထုတ်မခိုင်းခင် ထွက်သွားစမ်း''

''မြင့် စိတ်ကိုထိန်းပါ''

''ရှင် ဘာမှ ဝင်မပါပါနဲ့ ကိုသက်တင်။ ဒါ ကျွန်မတို့
ကောင်းစားမှုကို မနာလိုဝင်ပြီး ဖျက်လိုဖျက်ဆီး ပြောနေတာ''

''မေမေ တော်ပါတော့ မေမေရယ်။ သူများပြောတဲ့
လုံးက အဲဒီလောက်ခံရခက်ဖို့ မရှိဘူး။ မေမေပြောတဲ့စကားလုံးတွေ
သိပ်ကို ရှက်ဖို့ကောင်းပါတယ်။ ရှက်တယ် မဒီသိပ်ရှက်တယ်''

''ဟဲ့ . . . သမီး''

''သမီး . . . အဲဒါ ဘယ်ကိုလဲ''

''ဟင့်အင်း . . . မဒီ ဒီမှာရှိတဲ့လူတွေနဲ့ မျက်နှာချင်းမဆိုင်
ဘူး။ မဒီ သိပ်ရှက်တယ်။ မဒီ သေသွားတာကမှကောင်းဦးမယ်
ဘယ်သူ့ကိုမှ မနစ်နာစေခဲ့ဖူးတဲ့ မဒီ့ကိုမှ ကံကြမ္မာက ဘာလို့
စက်ရတာလဲ။ လုံးဝမတရားဘူး''

''ပြန်လာစမ်း သမီး။ ဒါကို အမှန်တရားလို့ ဘယ်လိုသ
သေပြလို့ရမှာလဲ။ မောင်စူးရှကို ပြန်ခေါ်ပြီး ရှင်ဆိုင်ဖြေရှင်းလို့ရတယ်
အဲဒီလို စိတ်လိုက်မာန်ပါ လုပ်စရာ ဘာမှမရှိဘူး''

''သမီး''

''ဝူး . . . ဝရော''

မဒီ မေမေတို့တားနေသည့်ကြားမှ ကားသော့ကိုပြေးဆွဲ
အိမ်ရှေ့တွင် အသင့်ထိုးရပ်ထားသော ကားပေါ်တက်၍ စက်နှိုး
ကားကို တရကြမ်း မောင်းလိုက်သည်။ နောက်ဘက်မှာ မေမေတို့
ငေးသည်အမျိုးသမီး ဘယ်လိုကျန်ခဲ့ပြီး ဘာတွေဖြစ်နေကြမလဲ



ငြေးစားချင်တော့။ မဒီ့အပေါ် ရက်စက်ခဲ့သော ကံတရားကို မဒီ
နာကြည်းသည်။

ဒါဟာ တကယ်ဆိုရင် စူးရှဆိုသောလူကြီးသည် နှမသား
ချင်းမစာနာသော ယုတ်မာသည့်လူကြီးတစ်ယောက်ဖြစ်သည်။

မဒီနှင့်သူတို့ရဲ့ကြားမှာ ဘာရန်ငြိုးတွေ၊ ဘာမလိုမုန်းထား
တွေရှိလို့ မဒီကို ဒီလို အကွက်ကျကျ လုပ်ကြံလိုက်ရတာလဲ၊ ရက်စက်
လိုက်တာ။ အဲဒီလူယုတ်မာကိုလည်း မုန်းတယ်၊ သမီးကောင်းစားဖို့
ဆိုပြီး ငွေကြေးဥစ္စာတွေ မက်မောပြီး ထိုးကျွေးရက်ခဲ့တဲ့ မေမေတို့ကို
လည်း မုန်းတယ်၊ အားလုံးကိုမုန်းတယ် မုန်းတယ်။

စိတ်လိုက်မာန်ပါနှင့် မဒီ ကားကိုမိုင်ကုန်မောင်းခဲ့သည်။
ဘဝခါမှ ဒီလောက်ထိ မြန်မြန်မမောင်းခဲ့ဖူးပေမယ့် ယခုချိန်မှာ ဒီထက်
က မြန်လို့ရရင် မြန်အောင်မောင်းချင်သည်။

သွားစမ်း။ ရှက်စရာကောင်းတဲ့ ဒီအသိုင်းအဝိုင်းနဲ့ ဝေးရာ
ရောက်ရာပေါက်ရာသို့ ထွက်သွားစမ်း။ ဒီအရပ်ဒေသနဲ့ ဆန့်ကျင်ရာ
ဒေသကို ထွက်သွားလိုက်စမ်း မေမဒီ။ နင့်ကို ပြန်မိသွားတဲ့အခါ
နင့်ခံစားချက်တွေကို သူတို့နားလည်ပေးကြမှာ မဟုတ်ဘူး။ ဘယ်
လောက် ရှက်ရွံ့စရာကောင်းတဲ့ အနေအထားဖြင့်ဖြင့် သူတို့လိုချင်တဲ့
ပုံစံခွက်ထဲ နင့်ကို ပြန်ထိုးသိပ်ထည့်ဦးမှာပဲ။

*

## အခန်း (၃၂)

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ ကျွန်မက အန်တီတို့ပြောနေတဲ့ မေမဒီ မဟုတ်ဘူး။ ကျွန်မနာမည်က မိုး ဟောဒီအမေက ကျွန်မရဲ့အမေ"

"မိုး"

"သမီးရယ် ပြောရက်လိုက်တာ။ သမီးထွက်သွားလို့ မေမေတို့ ဘယ်လောက်ထိ ခံစားနေရသလဲ သိလား။ သမီးကောင်းစားစေချင်တဲ့ စိတ်နဲ့ ဖွတ်တိုးလုပ်မိတာ ငါးပါးမှောက်စရာတွေ ဖြစ်ကုန်တာ"

"အို ... မဟုတ်ပါဘူးလို့ပြောနေတာကို ဘာလို့ သမီး သမီးနဲ့ ပြောနေတာလဲ"

"မိုး ... လူကြီးကို အဲဒီလို မပြောရဘူးလေ သမီး"





အခြေအနေတစ်ခုသည် မဖြစ်ချင်ဘဲဖြစ်လာခဲ့သည်။ သူတို့တွေရဲ့စကားအရဆိုလျှင် 'မိုး' သည် မေမဒီ ဖြစ်ဖို့ ရာနှုန်းပြည့်သေချာနေပြီ။

မိုးရေ ကိုယ်တို့ တကယ်ပဲဝေးရတော့မှာလား။

အမျိုးသမီးကြီးသည် တငိုငို တရယ်ရယ်ဖြစ်နေသလို အမျိုးသားကြီးကလည်းက မျက်စိပျက်၊ မျက်နှာပျက်။

အရာအားလုံးသည် အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်အောင်နီး ဆိုက်နေပြီလား။

မိုးကတော့ ညွှသည်တွေကို ခပ်စိမ်းစိမ်းကြည့်ကာ အမေ့လက်မောင်းကို အတင်းဆုပ်ကိုင်ထားလေသည်။ ထိုသို့ဖြစ်နေတာကြောင့်ပဲ သူမှာ ဝမ်းသာရမလိုလို ဖြစ်သွားရသည်။

"ကျွန်တော်တို့ရဲ့သမီးလေးကို ပြန်ခေါ်သွားခွင့်ပြုပါ အစ်မကြီးရယ်။ အခုလို ဘေးရန်မခအောင် စောင့်ရှောက်ပေးထားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ဗျာ"

"အို မလိုက်ဘူး။ မလိုက်ဘူး။ အမေ ဒီလူတွေလိမ်နေတာ။ သူတို့ကို မိုး သိလည်းမသိဘူး။ မြင်လည်း မမြင်ဖူးဘူး။ မိုးကို ကြည့်ပါအုံးနော်"

"သမီး အဲဒီလိုမဆိုးရဘူးလေ။ သူများတွေကို အားနာစရာကြီး။ ဒီမှာသမီးရဲ့မေမေ ငိုနေတာကို သမီး မသနားတော့ဘူးလား။ သမီးရဲ့အမေက သမီးရဲ့စိတ်နဲ့ပဲ အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့တာ။ ပြီးတော့ သမီးထင်နေတဲ့ မောင်စူးရှရဲ့ကိစ္စကလဲ"

"မသိဘူးလို့ပြောနေတာလေ ဘာလို့ အဲဒီလောက် ရှုပ်ဖြစ်နေတာလဲ"

ရှင်းပြနေသော လူကြီးကို မိုး ကုန်းအော်ပစ်လိုက်သည်။ တစ်ခါမှ ဤကဲ့သို့ ဒေါသမကြီးခဲ့ဖူးသော မိုးကို ကြည့်၍ သူတို့သား အမိတောင် လန့်သွားသည်။

"မိုး"

"အစ်ကို … မိုးကို ဒီလူတွေနားက ခေါ်ထုတ်သွားပေး။ မိုးမှ သူတို့ကိုမသိတာ။ သူတို့ပြောနေတဲ့ မိန်းမကလည်း မိုး မဟုတ်ဘူး။ အဲဒါကို မိုး အလိုလိုသိနေတယ်"

သိနေတယ်လို့ ဘာကြောင့်ပြောတာလဲ။ မိုးကိုယ်တိုင်တောင် ဘာကိုမှ မသိဘဲ အတိတ်မေ့နေခဲ့တာ မဟုတ်လားဟု သူ မေးချင်သော်လည်း ခုချိန်မှာ သူမမေးဖြစ်ချေ။

ကာယကံရှင်တွေကလွဲလျှင် ဘေးလူတွေက ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ သူနှင့် အမေလည်း ပွဲကြည့်ပရိသတ်လို ဖြစ်နေသည်။

အမေကတော့ လူကြီးတစ်ယောက်ဖြစ်နေသည့်အတွက် ယောက်ယက်ခတ်နေသော အခြေအနေကို ဘယ်လိုထိန်းရမည် စဉ်းစားနေသည်။ သူကတော့ မိုးရဲ့ဆန္ဒကိုလိုက်လျောကာ ဒီလူတွေနှင့် ဝေးရာဆီသို့ မိုးကို ခေါ်ထုတ်သွားချင်ပါသည်။

တစ်ဖက်မှာ အဖော်အဖြစ်ပါလာသူနှစ်ယောက်ကလည်း ခါးခါးသီးသီး ဖြစ်နေသော မိုးကို ဝင်မဆွဲရဲ၊ မပြောရဲရှိနေသည်။





"သမီးရယ် … မေမေရဲ့လုပ်ရပ်တွေကို စိတ်နာလို့ အတိတ်မေ့ချင်ယောင်ဆောင်နေတာလား။ အိမ်ကိုပြန်ရောက်ရင် သမီးဖြစ်ချင်သလို အားလုံးဖြစ်စေရမယ် မေမေတို့နဲ့ ပြန်လိုက်ခဲ့ပါကွယ်"

"မလိုက်ဘူး၊ မလိုက်ဘူး"

"အစ်မကြီး … ပြောရမှာလည်း အားတော့နာပါတယ်။ သမီးလေးက အစ်မကြီးတို့အပေါ် တော်တော်လေးခင်တွယ်နေပုံရပါတယ်။ သမီးလေး ကျွန်တော်တို့နဲ့ ပြန်လိုက်ဖို့ နားချပေးပါလားဗျာ"

အမျိုးသားကြီးက မိုးကို တိုက်ရိုက်ခေါ်၍ မရသောအခါ အမေ့ကို အကူအညီတောင်းလေသည်။

ဒါ ဒီလူ တမင်သက်သက် အညှာကိုင်လိုက်တာပဲ။ မိုးဟာ အမေ့ရဲ့စကားကို မလွန်ဆန်နိုင်မှန်း သိလို့ အမေ့ထံ အပူကပ်တာ။

အမေက မျက်နှာတော်တော်ကို ပျက်နေလေသည်။ နောက်ပြီးသံ လှည့်ကြည့်လိုက်သဖြင့် သူ တုန်လှုပ်သွားသည်။ သူ့ရဲ့နှလုံးတွေကလည်း တုန်လှုပ်သွားသည်။ နောက် ကယောင်ကတမ်းဆန်စွာနဲ့ နောက်ဆုံး အားကိုးရာတစ်ခုနှယ် သူ့ရဲ့လက်မောင်းကို လှမ်းဆုပ်ကိုင်လိုက်လေသည်။

"သမီး"

"အမေ မိုးတောင်းပန်ပါတယ် အမေရယ်။ မိုး ရှိခိုးတောင်းပန်ပါတယ်။ မိုး အမေ့ကိုချစ်တယ်။ မိုးကို သူတို့နဲ့ လိုက်သွားဖို့ကလွဲရင် ကြိုက်တာ ပြောလို့ရပါတယ်။ မိုးကိုတော့ သူတို့နောက် မလိုက်ခိုင်းပါနဲ့နော်"

"မလိုက်နိုင်ချင်ပါဘူး သမီးရယ်။ ဒါပေမဲ့ ... ပိုင်ရှင် ပြန်ပေါ်လာမှတော့ ကောက်ရထားတဲ့ သူက အလိုက်တသိ ပြန်ပေး မှာပေါ့"

"ပိုင်ရှင်က သူတို့မဟုတ်ဘူး။ ကာယကံရှင် မိုးပါ။ သူတို့သာ မိုးရဲ့ မိဘတွေအစစ်အမှန်ဖြစ်ရင် မိုးပျော်နေတဲ့အရပ်မှာ မိုးကို ထား ရမှာပေါ့။ သူတို့ကို ပိုင်ရှင်အစစ်တွေ မဟုတ်ဘူး။ ဘာအကြံဉာဏ်တွေ နဲ့ မိုးကို လာခေါ်နေသလဲ မသိဘူး"

"အမလေး ပြောရက်လိုက်တာ သမီးရယ်"

"ဖေဖေတို့က သမီးရဲ့မိဘတွေအစစ်ပါ။ ဒါကို သံသယမ ပါနဲ့။ သမီးကို ဒီလောက်အထိ အကြာကြီး စောင့်ရှောက်ထားရတဲ့သူ တွေကို သမီး အားမနာဘူးလား။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရတာပဲ။ အိမ်က လိုက်ခေါ်နေရတဲ့အထိ ဖြစ်နေရရင်တော့ မကောင်းတော့ဘူး"

"တော်ပြီ ကိုသက်တင်။ ကျွန်မ ဒီလောက်ထိ ပြောနေတာ စိတ်မရှည်တော့ဘူး။ ရပ်ကွက်လူကြီးတွေကိုခေါ်မှ ဖြစ်တော့မယ် ထင် တယ်"

"ဒီမှာ အန်တီ ... ဒါ ရပ်ကွက်လူကြီးတွေ ခေါ်ရလောက်တဲ့ ကိစ္စ မဟုတ်ဘူး"

"အေး ... အဲဒါတော့ မသိဘူးဟေ့။ ငါတို့သမီးကို ဘာဆေး တွေနဲ့ လုပ်ထားလို့ ပြန်မလိုက်ချင်တာလဲ ပြောမှမပြောတတ်တာ"

"ခင် ... ခင်ဗျား"





"မောင်ဘုန်း"

တတ်လည်းတတ်နိုင်တဲ့ မိန်းမကြီး။ စောစောတုန်းကတော့ ကာယ်ဝေဒနာရှင်တစ်ယောက်လို တငိုငို တရယ်ရယ်နှင့် ခုကျတော့ အသံက သံချောင်းက အမေခေါ်ရလောက်အောင် မာပြနေသည်။

သနားချင်စရာတစ်ကွက်မှ မရှိ။ ဘေးမှ တဟဲ့ဟဲ့နှင့် တားနေ သော အမေသာမရှိလျှင် သူ တစ်ခုခုတော့ လုပ်မိတော့မည်။ စိတ် လည်း တော်တော်တိုလာသည်။

"ကျွန်မ တစ်ခုလောက် မေတ္တာရပ်ခံချင်ပါတယ်ရှင်"

ဘာမှကို ဝင်မပြောတော့သောအမေ့ကြောင့် သူတစ်ယောက် တည်းပဲ လူအားလုံးကို တိုက်ပွဲဝင်ရမည်ထင်ထားခဲ့သည်။ ငြိမ်သက်စွာ ထွက်ပေါ်လာသော အမေရဲ့စကားသံကြောင့် သူမှာ လန့်လည်း လန့် သွားရသည်။

အမေဆီက ပြန်လိုက်သွားလိုက်ဆိုတဲ့စကားတစ်ခွန်း ထွက် လာမှာ အကြောက်ဆုံးပင်။ မိုးဆိုတာ အမေ့ကို မလွန်ဆန်နိုင်တဲ့ သူပဲလေ။

"အမေ"

"အမေ ပြောတာကို ဆုံးအောင်နားထောင်ဦး သမီး"

အမေ့ကို စိုးရိမ်စွာခေါ်လိုက်သော မိုးကို အမေက လက်ကာ ပြီးတားသည်။ နောက်တော့ တစ်ဘက်တွင် သူမကို စူးစူးစိုက်စိုက် ကြည့်နေသူများအား တည်ငြိမ်စွာကြည့်လိုက်သည်။

သားကိုတော့ တစ်နေ့ သူပိုင်ရှင် ပြန်ပေါ်လာလိမ့်မယ်။

စိတ်ကို အရမ်းကြီးဦးစားမပေးနိုင်ဟု ကိုယ်တိုင် ဆုံးမခဲ့ပေမယ့် ကိုယ်လည်း ခုချိန်မှာ အနည်းနှင့်အများ ခံစားနေရသည်။

ပိုင်ရှင်ပေါ်လာမယ်မှန်း သိပေမယ့် ဒီလောက်ထိမြန်လိမ့်မယ်လို့မှ ထင်မထားပဲလေ။

"ဟုတ်ကဲ့ . . . ပြောပါ အစ်မကြီး"

"အခုဆို ရှင်တို့ရဲ့သမီးကိုလည်း ပြန်တွေ့နေပြီပဲ။ သမီးကလည်း ပြန်မလိုက်ချင်သေးဘူးဆိုတော့ ဖွတ်မခေါ်ကြပါနဲ့လား မှန်းရက်အတော်ကြာမှ သမီးကို ကျွန်မတို့ နားချပြီး အရောက်ပြန်လာပို့ပေးပါ့မယ်"

"အို မဖြစ်နိုင်တာ။ ကိုယ့်သမီးကို ပြန်တွေ့မှတော့ သူစိမ်းအိမ်မှာ ခဏလေးတောင် မထားခဲ့နိုင်ဘူး။ တစ်ခါတည်း ပါအောင်ခေါ်သွားဖို့ ကျွန်မတို့က ဆုံးဖြတ်ပြီးသား။ မလိုက်ဘူးဆိုရင် မလိုက်လိုက်အောင် လုပ်လို့ရတဲ့နည်းတွေအများကြီးရှိတယ်"

"မြင့်"

"ရှင့်ပါးစပ် ပိတ်ထား။ သူတို့က ထားခဲ့ပါပြောဆိုထားခဲ့အောင် သူတို့က သမီးရဲ့ အမေမို့လား။ အရင်တုန်းက ဝေးနေတယ်ဆိုတာတောင် သမီးက ဘယ်ရောက်လို့ ရောက်နေမှန်းမသိလို့ ထားခဲ့ရတာ။ အခုတော့ သမီးလေးနဲ့ စက္ကန့်လေးတောင် မဝေးချင်တော့ဘူး"

"ဟင်"

"ဟဲ့ သမီး"





"မိုး"

"သမီး သမီးလေး . . . အဲဒါ ဘယ်ကိုပြေးတာလဲ။ ကိုသက်...င် . . . ဟဲ့ မောင်ဦးတို့ ငါ့ရဲ့သမီးနောက် လိုက်ကြစမ်းပါဟဲ့။ ဒီတစ်ခါ ...မ်းလေး ထပ်ပျောက်ရင်တော့ ငါသေမှာ"

လူကြီးတွေ အပြန်အလှန်ပြောနေတဲ့ဆီ အာရုံရောက်နေစဉ် ...ကာ သူတို့ဘေးကနေ လှစ်ခနဲ ပြေးထွက်သွားသည်။ အားလုံး ...ရင်းဆန်ခတ်နှင့် အော်ကြီးဟစ်ကျယ်ကြီး ဖြစ်နေစဉ် သူလည်း ...နောက်သို့ စိုးရိမ်တကြီး လိုက်ကာ –

"မိုး . . . အဲဒါဘယ်သွားတာလဲ၊ ပြန်လာခဲ့"

"ဟင့်အင်း . . . အစ်ကို မိုးရဲ့နောက်ကို မလိုက်လာပါနဲ့။ ... အစ်ကိုတို့ကို မခွဲနိုင်ပါဘူး။ ဒါပေမဲ့ မိုး အစ်ကိုတို့အိမ်မှာရှိနေရင် ...တို့ မိုး မလိုက်မချင်း ခေါ်နေမှာ။ မိုး သူတို့နဲ့မလိုက်သွားနိုင်ဘူး"

မိုးက အငိုအရှိုက်များဖြင့် ပြေလေသည်။ မိုးကရှေ့ကပြေး ...က နောက်ကလိုက်နှင့် လမ်းမပေါ်သို့ ရောက်လာသည်။ သူ ...ပ်ပူတာက မိုး ကြုံရာကားတစ်စီးတားပြီး လိုက်သွားလျှင် အားလုံး ...ယ်ကျိုးနည်းရမည်။

"မိုးရယ် . . . အစ်ကိုတို့ကိုတောင် မယုံတော့ဘူးလား။ မိုး ...က်ချင်တဲ့ သူတို့လက်ထဲ အစ်ကိုကကော မိုးကို ထည့်မယ် ထင်...လား"

"ဒါပေမဲ့"

"ဟာ . . . မိုး ကားလာနေတယ်"

"ဟင်"

သူ့ရဲ့စကားကြောင့် မိုးက ကားလမ်းမလယ်တွင် ခေတ္တရပ်တန့်သွားစဉ် အရှိန်နှင့် မောင်းလာသောကားကြောင့် သူ မျက်ထဲ့ ပြာဝေကာ အော်ဟစ် သတိပေးလိုက်ချိန်။

"ဗျူး"

"ကျီ"

*



## အခန်း (၃၃)

"ကျွန်တော့်ကားနဲ့ မတိုက်မိပါဘူးနော်"

"ဟာဗျာ ... ခင်ဗျားက တမျောင့်၊ မိုး ... မိုး"

ကားက အရှိန်နှင့် လာသဖြင့် မိုးက ကြောက်လန့်တကြား ...ဘ်မေ့သွားသည်။ ကားသမားကလည်း လျင်မြန်စွာ ကားဘရိတ် ...နိုင်ခဲ့သဖြင့် မတိုက်မိလိုက်ပါ။ တိုက်မိမှာ သေအောင်ကြောက်နေ... မေးလာသော ကားသမားကို ဝေဘုန်းမောင် ဘုတောလိုက်သည်။

"မိုး မိုး"

သတိလစ်နေသော မိုးကို သူတတွတ်တွတ် ခေါ်နေမိသည်။ ... သူ့ရင်ခွင်မှာ ခွေခွေလေး။ သူ့အိမ်ကလူတွေနှင့်ပါသွားမှာကို ...ကြောက်ရွံ့နေပုံရသည်။

အမေက ဘယ်လိုပဲ အခြေအနေနှင့် အချိန်အခါကိုလိုက်၍

သင့်တော်အောင် ပြောပြော၊ မိုးရဲ့မိဘများက ခေါ်မယ်တကဲကဲဖြစ်နေသည်ကို သူတို့ဘာသာ သူတို့ ခေါ်၍မရလျှင်တောင် ရပ်ကွက်ထဲရဲစခန်းတို့ကို အကူအညီတောင်း၍ ခေါ်မည့်ဟန်။

"မိုး . . . မိုးရယ်၊ သတိရပါတော့။ မိုး မလိုက်ချင်ဘူးဆိုရင် အစ်ကိုက ထည့်ပို့မလား။ ကျေးဇူးပြုပြီး သတိပြန်ရပါ မိုးရယ်"

မိမိအောင်နှင့်တုန်းက သူ ဒီလောက် မခံစားခဲ့ရဖူးပေ။ ယခုကျတော့ မိုး တစ်ခုခုဖြစ်သွားလေမလား စိတ်က သူ့ကိုခြောက်လှန့်နေသည်။ မတော်တဆ မိုးသာ တစ်ခုခုဖြစ်လျှင် သူ ဘယ်လိုမှ အသက်ရှင်နိုင်လိမ့်မည်မထင်။

"ဟေ့လူ . . . ဒီလောက်ထိခေါ်နေတာ သတိမရပုံထောက် အန္တရာယ်များနိုင်တယ်နော်။ ကျွန်တော် ဆေးရုံလိုက်ပို့ပေးရမလား"

"ဟင် . . . ဟုတ်တယ်၊ ဆေးရုံပို့မှ ဖြစ်မယ်"

စောစောတုန်းကတော့ လောကမှာ သူ့အတွက် သေရေးရှင်ရေးကဲ့သို့ အသက်တမျှ အရေးကြီးသော ကိစ္စတစ်ရပ်ရှိသည့်နှယ် မောင်းနှင်လာသော ကားသမား ယခုကျတော့ သူ့အရေးတောင် သတိမရပုံမပေါ်ပေ။

မိုး သူ့ကားနှင့် မတိုက်မိသည့်အတွက် သူ၌ ဘာမှ အမှုအခင်းစရာမရှိတော့သည့်အတွက် ဆေးရုံသို့လိုက်ပို့ပေးဖို့ လိုလိုလားလားပြောနေလေသည်။

"သမီး သမီး . . . ဘာဖြစ်တာလဲ"

"ကားနဲ့တိုက်မိတာလား။ ဟဲ့ သူငယ် . . . မင်းက ကားကိုဘယ်လိုမောင်းတာလဲ"

"သား သမီးကို ခေါ်လို့မရဘူးလား"

"မသိဘူး အမေ၊ ဆေးရုံကိုပို့မှဖြစ်မယ်။ အမေ ဒီကားပေါ် ဘက်။ ဒီကကားဆရာ ဆေးရုံလိုက်ပို့ပေးလိမ့်မယ်"

"ဟေ့ကောင်လေး . . . မင်း ဘယ်လိုတွေ စီစဉ်နေတာလဲ။ င်းတို့သားအမိက အဲဒီကားနဲ့ဆိုတော့ ငါတို့ကတော့ မလိုက်ရဘူး ဘား"

"လိုက်ချင်သပဆို ကားဘီးဖက်ပြီးတော့သာလိုက်ခဲ့၊ ခင်ဗျား ဘို့အသံတွေနဲ့တင် လူက အသက်ထွက်ချင်နေတာ မပြောဘဲနဲ့ သဘောပေါက်ဖို့ကောင်းတယ်၊ ကားဆရာ မောင်းဗျာ"

"အမလေး လေး . . . ကြည့်စမ်း ကြည့်စမ်း၊ ပြောသွား ဒိုက်ပုံက"

"တော်ပြီ မြင့်ရယ် . . . ဟိုသူငယ်ပြောလည်း ပြောချင်စရာပဲ င်းက အပ်နဲ့ထွင်းရမယ့်ကိစ္စမှန်သမျှ ပုဆိန်နဲ့ လိုက်ခုတ်နေတော့ ဘာကိုး"

ဝေဘုန်းမောင်က မိုးရဲ့မိခင်ဆိုသူကို အမြင်ကတ်ကတ်နှင့် ပြောပစ်ခဲ့လိုက်သည်။ စိတ်က ကိုယ်ချစ်နေတဲ့ မိန်းကလေးရဲ့ မိခင်ဆို ပြီး နည်းနည်းလေးမှ ခင်ဖို့မကောင်းပေ။

ပုံစံက အရာရာကို ငွေနှင့်တိုင်းတာဆုံးဖြတ်တတ်မည့်ပုံ။ သူများကို အထင်မကြီးဘဲ အထင်သေးစွာ ပြုမူပြောဆိုတတ်မည့်ဟန် ာ အသိသာကြီး။

"သမီးလေး ဘာမှတော့ မဖြစ်လောက်ပါဘူးနော် သား"

အမေက စိုးရိမ်စွာ မိုးရဲ့လက်လေးကို ဖွဖွကိုင်ပြီးမေး၏ သူ့ရင်ခွင်ထဲ၌ ပျော့ခွေစွာ သတိလစ်နေသော မိုးကို ငုံ့ကြည့်ပြီး–

"ဘာမှမဖြစ်ပါဘူး အမေရဲ့။ အရှိန်နဲ့လာတဲ့ကားကို မြင်တော့ ကြောက်ပြီး ရှော့ခ်ဖြစ်သွားတာ။ ကျွန်တော့်မျက်စိရှေ့တင်ပဲ"

ဆေးရုံသို့ရောက်သောအခါ ဆရာဝန်တွေက လိုအပ်တာများကို စမ်းသပ်စစ်ဆေးပြီး –

"ဘာမှမစိုးရိမ်ပါနဲ့၊ ခဏနေ သတိရတော့မှာပါ။ စောင့်ကြည့်ဦးပေါ့ဗျာ"

ဆေးပုလင်းချိတ်၊ ဆေးထိုးရမည့်လူနာ မဟုတ်သဖြင့် ဆရာဝန်တွေကလည်း စောင့်ကြည့်ပါဆိုသည့် စကားကလွဲ၍ ဘာမှ မပြောပေ။

သိပ်မကြာခင် မိုးရဲ့မိခင်၊ ဖခင်တို့ရောက်လာကြသည်။ ဘာတဲ့လဲ ဘာတဲ့လဲလို့ အလောတကော မေးနေတာကို အမေကသာ လူကြီးဖြစ်သဖြင့် ပြေပြေလည်လည် ရှင်းပြနေသော်လည်း သူကတော့ ကြည့်တောင်မကြည့်ချင်ပေ။

"သေချာလို့လား အစ်မကြီးရယ်၊ ခုထက်ထိ ခေါ်လို့မရဘူး ဆိုတော့ တစ်ခုခုဖြစ်နေလို့ နေမှာပေါ့"

"အဲဒီလောက် သေချာနေရင်လည်း အန်တီပဲ ဆရာဝန်နဲ့ တိုက်ရိုက်သွားဝင်တွေ့ပြီး မေးလိုက်ပါလား။ ဘာလို့ ကျွန်တော်တို့ကို လာမေးတာလဲ"





"ဟဲ့ မောင်ဘုန်း ... ဘာလို့ လူကြီးကို ရိုင်းရိုင်းစိုင်းစိုင်း ပြောတာလဲ။ သူလည်း သူ့သမီးအတွက် စိုးရိမ်လို့မေးတာပေါ့"

အမေက အားတုံ့အားနာဖြင့် သူ့ကိုဟောက်သည်။ ဘွားတော်ကြီးက သူ့ကို မျက်စောင်းထိုးကာ –

"စကားပြောတာ အဆင့်အတန်းကိုမရှိဘူး"

ဟု မဲ့ကာရွဲ့ကာ ပြောလေသည်။

ဟုတ်ပါ့၊ ခင်ဗျားကြီးကတော့ အဆင့်အတန်းရှိလိုက်တာဟု သူကလည်း စိတ်ထဲကနေ ကျိတ်ပြောလိုက်သည်။ သတိလစ်နေသော မိုးရဲ့နားမှာ သူတို့တွေ စိတ်ပူစွာ ဝိုင်းအုံနေကြသည်။ မိုးရဲ့ ဘယ်ဘက်ခြမ်းမှာ သူမရဲ့မိဘတွေနှင့် ညာဘက်ခြမ်းမှာတော့ သူတို့သားအမိတွေ။

သူက မိုးရဲ့လက်ဖဝါးကို ကိုင်ပြီး စိုးရိမ်တကြီး ဖြစ်နေချိန် အဘွားကြီးက သူ့သမီးရဲ့ လက်ကိုကိုင်ထားသော သူ့ကို မကြည့်စွာ ကြည့်သည်။

သူက သိသိကြီးနှင့် မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

"အင်း ဟင်း ဟင်း"

"ဟော"

"သတိရလာပြီ ထင်တယ်၊ လှုပ်လာပြီ"

"ခဏလောက် စောင့်ကြည့်ကြပါဦး၊ နောက်နည်းနည်း ဆုတ်ပေးကြပါ ခင်ဗျာ"

တဟင်းဟင်းနှင့် ညည်း၍ မျက်တောင်များ ပုတ်ခတ်ပုတ်ခတ် ဖြစ်လာသော မိုးကိုကြည့်၍ သူတို့ စိတ်အေးသလို ရှိသွားသည်။

ဆရာဝန်က သူတို့ဘက်လှည့်ပြောပြီး မိုးကို သေချာစောင့်ကြည့်နေသည်။

မိုးရဲ့ မျက်ဝန်းတွေ တဖြည်းဖြည်းချင်း ပွင့်လာကာ ဟိုဟိုဒီဒီကြည့်လေသည်။ သူက ဝမ်းသာအားရဖြင့် –

“မိုး မိုး သတိရလာပြီနော်”

မိုးက သူ့ရဲ့မျက်နှာကို ခပ်တည်တည်ကြည့်လိုက်သဖြင့် ပြုံးရယ်ပြောနေသော သူတောင် တန့်ခနဲ ဖြစ်သွားရသည်။

မိုးက သူနှင့်အမေ့ကို သေချာကြည့်ပြီးမှ တစ်ဖက်သို့ အကြည့်ရောက်သွားသည်။ တစ်ဖက်တွင်လည်း မိုးရဲ့မိဘများက သူမကို စိုးရိမ်ပူပန်စွာ ငုံ့ကြည့်နေသည်။

“မေမေ”

“ဟင်”

“သမီး သတိရလာပြီနော်။ သမီး မေမေတို့ကို သတိပြန်ရပြီနော်။ သမီး မေမေ့ကိုကော သတိရတယ် မလား”

“မေမေ ဘာတွေပြောနေတာလဲ၊ မဒီက ဘာလို့ မေမေ့ မေမေ့ကို သတိမရရမှာလဲ။ မဒီ ဘာဖြစ်လို့ ဆေးရုံရောက်နေတာလဲ ဪ... သိပြီ မိုးရဲ့ကားလေး စလစ်ဖြစ်ပြီး ချောက်ထဲပြုတ်ကျတာ မေမေရဲ့။ တော်သေးတယ် မဒီ ဘာမှမဖြစ်ဘူးနော်”

မေမဒီက သူမရဲ့ကိုယ်လက်မျက်နှာတို့ကို စမ်းသပ်ကိုင်တွယ်ရင်း ပြောလေသည်။ သူနှင့်အမေကတော့ မိုးရဲ့ပြောင်းလဲမှုကို မယုံနိုင်စွာ ငေးနေမိခဲ့သည်။ မိုးသည် သူမရဲ့မိဘတွေနှင့်သာ စကားကို





ရွှင်ရွှန်းဝေအောင် ပြောနေခဲ့ပြီး သူတို့ဘက်ကိုမှ လုံးဝလှည့်မကြည့်သေး။ ထိုအပြုအမူအတွက် သူရင်ထဲမှာ နာကျင်စွာ ခံစားလိုက်ရကာ

“မိုး”

“ဘယ်သူ့ကို ခေါ်တာလဲ”

“မိုးရယ်... အစ်ကိုနဲ့ အမေ့ကိုတောင် သတိမရတော့ဘူးလား”

“မိုး မိုးဆိုတာ ဘယ်သူလဲ။ မဒီနာမည်က မေမဒီ။ ရှင်ပြောနေတဲ့မိုးက မဒီမှမဟုတ်တာ။ မေမေ သူတို့တွေက ဘယ်သူတွေလဲ”

“သူတို့တွေက သမီး ကားအက်ဆီးဒင့်ဖြစ်တော့”

“အစ်မကြီး နေပါစေ။ ဒီတိုင်းဆိုရင် အခြေအနေမှန်ကို ကျွန်မ သဘောပေါက်လိုက်ပါပြီ။ မရှင်းပြပါနဲ့တော့။ အခုမှ သတိပြန်ရတဲ့သူက ဘာမှ များများစားစား တွေးလို့မရသေးပါဘူး”

ကယ်တင်စောင့်ရှောက်ထားသူတွေဟု ပြောပေးဖို့ရာ ဒေါ်ခမ်းကျန်က လျှင်မြန်စွာ တားလိုက်သည်။ သူတို့သားအမိနှစ်ယောက်ကို မျက်ဝန်းစိမ်းတွေနှင့် ကြည့်လိုက်ကတည်းက ဒေါ်ခမ်းကျန် သဘောပေါက်လိုက်ပါပြီ။

မေမဒီတစ်ယောက် အတိတ်ကို ပြန်လည်သတိရသွားခဲ့ပြီ။ သူမ အငှားဘဝနှင့်နေခဲ့သော အခိုက်အတန့်လေးကို ပြန်လည်မေ့လျော့သွားခဲ့ပြီ။

“မဟုတ်ဘူး မိုး၊ ကျွန်တော်တို့ကို သတိမရဘူးဆိုတာ လုံးဝ

မဖြစ်နိုင်ဘူး။ မိုး အဲဒီလို မတုံ့ပြန်နဲ့ကွာ၊ ကိုယ် ဝေဘုန်းမောင်သော
မိုးကိုချစ်တဲ့ အစ်ကိုနဲ့ အမေလေ"

"ဟင့်အင်း ... ရှင် ဘာတွေပြောနေတာလဲ ရှုပ်ပြောနေတာ
တွေ မိုး မသိဘူး"

"သား စိတ်ကိုထိန်းပါ သားရယ်။ မိုး တကယ် အမေတို့ကို
မသိတော့တာပါ။ အဲဒါ အမှန်တရားပါ။ အဲဒီအမှန်တရားကိုသာ
လက်ခံလိုက်ပါ"

"မဖြစ်နိုင်ဘူး ဒါ လုံးဝမဖြစ်နိုင်ဘူး"

"မဖြစ်နိုင်ဘူး ဒါ လုံးဝမဖြစ်နိုင်ဘူး"

သူ ခေါင်းတယမ်းယမ်းနှင့် ငြင်းဆိုလိုက်သည်။ ယခုလို
တော့လည်း ဦးသက်တင်တို့ကဖြင့် တည်လာသောအခြေအနေအား
သနားရုံမှလွဲ၍ ဘာမှမလုပ်ပေးနိုင်ပေ။

မေမဒီကတော့ တကယ့်ကို ခံစားကြေကွဲနေဟန်နှင့် ပြော
သော မျက်ရည်ဝဲနေသော အစ်ကိုကြီးကို ကြည့်၍ စိတ်တောင်ရှုပ်သွား
သည်။

သူ့ပုံစံက မဒီကို ရင်းရင်းနှီးနှီးရှိနေသလောက် မဒီမှ သူ့ကို
မသိဘဲ။

"သား သွားကြရအောင် သားရယ်"

"အဓိမ ကျွန်တော် လက်မခံနိုင်ဘူး။ မိုးက ဘာလို့ ဒီ
လောက်ထိ အပြောင်းအလဲမြန်ရတာလဲ၊ မိုး မင်းကိုယ့်ကိုပြောစမ်း
အစ်ကို့ကို ဘယ်သူ၊ ဘယ်အခြေအနေပဲဖြစ်ဖြစ် သတိရနေမှာ



...တော့ မင်းရဲ့စကားတွေက လေထဲကလာပြီး လေထဲပြန်သွားတာ
...။ ဟုတ်လား။ မင်းအတွက်လွယ်ပြီး ငါ့အတွက် သိပ်ကို ခက်ခဲနေ
...ယ်ဆိုတာကော မင်းသိရဲ့လား။ ဝော်တယ်၊ မင်း သိပ်ဝော်တယ်"

"သား မောင်ဘုန်း"

သူမကို ခံစားချက်မျိုးစုံ ပျော်ဝင်နေသောအကြည့်နှင့် ပြော
... လှည့်ထွက်သွားသောသူ့ကိုကြည့်ပြီး မေမဒီ စိတ်ထဲ လေးကျသွား
သည်။

မတတ်နိုင်၊ ကိုယ်က သူတစ်မိုးတည်းမိုးနေသော မိန်း
...လေးမှ မဟုတ်တာ။ သူ့ဘာသာ စိတ်တိုတို ဒေါသဖြစ်ဖြစ် ဘာလုပ်
...၍ ရမည်နည်း။

လက်ညှိုးနှင့်မထိုးရုံတမယ် ပြောပြီးလှည့်ထွက်သွားသော
သူ့ရဲ့နောက်ကို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဝတ်ဆင်ထားသည့်
အမျိုးသမီးကြီးက အပြေးအလွှားလိုက်သွားလေသည်။

"ဟင်း"

မဒီ စိတ်ပင်ပန်းစွာ သက်ပြင်းချလိုက်မိသည်။ ဖေဖေနှင့်
...သကတော့ မျက်လုံးမှိတ် ငြိမ်သက်နေသော မဒီကိုကြည့်၍ သက်
ပြင်းတစ်ချချ။ နောက်မှပဲ မေမေတို့နှင့် ဟိုကိစ္စ ဆက်ပြောရမည်။
...ဦးရှရဲ့ဖောက်ရှုပ်နှင့် ပတ်သက်၍ မဒီ လုံးဝမကျေနပ်နိုင်ပေ။

အပြီးမပျက်နှင့် ပြောခဲ့သော 'ညှို့' ဆိုတဲ့အမျိုးသမီးရဲ့စကား
...တွေလည်း မဒီရဲ့နားထဲက မထွက်ပေ။

*

# အခန်း (၃၄)

## ''စမ်း''

ဆောင်းရေ
သတိရခြင်းတွေကို တွန်းဖွင့်လိုက်
အိပ်မက်သစ်တစ်ခု တွေ့လိမ့်မယ်။
အခါအခွင့်သင့်ရင်
လတ်ဆတ်သော
မုန်ညင်းနဲ့ ဆလတ်ရွက်တွေကို စားပါ။
မင်းကို ပျော်ရွှင်စေချင်တယ်။
အိမ်အပြင်မှာတော့
မျှော်လင့်ခြင်းနှင်းတွေကျနေလေရဲ့။
ငါလည်း မလှုပ်ရှားရဲဘူး
အလွမ်းတွေ သီးပွင့်လာမှာစိုးလို့။





နေ့လယ်ခင်းစိတ်ကူးတစ်ခု
ငါစိုက်ပျိုးထားတယ် ကဗျာ
မင်းအဆင်ပြေသလို ရိတ်သိမ်းပါ။
ဒီဇာတ်လမ်းမှာ
တန်ပေါင်း ခြောက်ရာသုံးဆယ်လောက်ရှိတဲ့အရာတစ်ခုကို
ယုံကြည်မှုဆိုတဲ့
ကြိုးကလေးတစ်ချောင်းတည်းနဲ့
ငါ ချည်နှောင်ခဲ့တာပါ။

ဇာတ်လမ်းတစ်ပုဒ်သည် လှလှပပ ပြီးဆုံးသွားသလား။ ခမ်းနားနား အဆုံးသတ်သွားသလား။ ဘယ်သူမှ ဝေဖန်စမ်းစစ် ခြင်း မပြုဝံ့ပေ။

မဖိတ်ဘဲရောက်လာခဲ့သော ညှိုသည့်စိမ်းသည် မနှင်ထုတ် ဘဲနှင့် ထွက်ခွာသွားလေသည်။

ဝေဘုန်းမောင်တို့ရဲ့ နေ့ရက်တို့သည် ယခင်လို ခြောက်သွေ့ ဆဲ။ မအေးနှင့်သား အတိုင်အဖောက်ညီသည့်အခါညီ နှင့်ဘောက်ပြောသည့်အခါပြောနှင့် ပျော်ရွှင်သလိုလို ရှိခဲ့သော မိသည် ဘယ်သူက ကောက်ရိုးမီး ပစ်ချခဲ့သည်မသိ တိတ်ဆိတ် ခြောက်သွေ့လို့ နေခဲ့သည်။

အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသလို အိမ်ရှင်တွေရဲ့ နှာ မသာယာသောအခါ မောင်ညီတို့ ဝဏ္ဏတို့လည်း အသံတိတ် ပြီ။

အရင်တုန်းကဆိုရင် စိုက်ခင်းထဲမှာ မောင်ညိုရဲ့ မေမြိန်နှ ဒဏ်ကို ခံခဲ့ရ၊ ကိုယ်တိုင်လည်း ဖိုးပြောချင်ဖြစ်နေသော ဝဏ္ဏလည်း အာရှင်ရနှင့်၊ အခုကျတော့ သူတို့တွေရဲ့ ခြောက်သွေ့မှုနှင့် ပန်းပင်များ ပင် လောင်မီးကျနေပြီလားမသိ။

အမေကလွဲ၍ မိန်းမ မရှိခဲ့သော ဒီအိမ်ကို သူမက စိုပြေ အသက်ဝင်အောင် ဖန်တီးပေးခဲ့သည်။ သားတစ်ယောက်အမေဖြစ် သော သူ ဘေးသို့ထွက်ထိုင်နေရလောက်အောင် သူမနှင့်အမေ အဆင် ပြေလှသည်။

ဒီပွဲမှာ သူ အသနားဆုံးကတော့ အမေ့ကိုဖြစ်သည်။ သမီး လေး လိုချင်သောအမေသည် သူမကို တကယ့်သမီးရင်းနှင့်မခြား ချစ်ခင်ခဲ့သည်။

သံယောဇဉ် ကြီးခဲ့သည်။ ဒီရဲ့ချစ်ခင်မှုနှင့် သံယောဇဉ်ကြိုး ကို သူမက လွယ်ကူစွာ ဖြတ်တောက်နိုင်ခဲ့သည်။

ပြော် . . . အငှားဘဝဆိုတာ အငှားခံစားချက်လောက်ပဲ ရှိနေခဲ့တာလား။

ဆေးရုံက ဆင်းသည့်အခါ သူမရဲ့မိဘတွေရဲ့ ရှင်းပြမှုကြောင့် သူမ သိတန်သလောက်သိခဲ့ပါသည်။ သို့သော် အတိတ်မမေ့ခင်အချိန် ပိုင်းက သူတို့နှင့်နေရဖို့ အပြင်းအထန် တိုက်ပွဲဝင်နေခဲ့သမျှ အတိတ် ပြန်သတိရသောအခါ သူမ မိဘနှင့် ပြန်လိုက်သွားဖို့တပြင်ပြင်။

''သမီးလေးကို ဂရုတစိုက် ကြည့်ရှုစောင့်ရှောက်ပေးခဲ့တဲ့ အစ်မကြီးတို့သားအမိကို ကျေးဇူးအရမ်းတင်ပါတယ်ရှင်''





ကိုယ့်သမီးက ကိုယ့်တက်ပါနေပြီဆိုတော့ ဒေါ်ခင်စန်းမြင့်က ားကို သကာလောင်းထားသကဲ့သို့ အလှပဆုံး အချိုသာဆုံး ပြောထွက်ခဲ့ပြီ။

မချိသွားဖြဲလေးတောင် မပြုံးရယ်နိုင်သော အမေကတော့ ခင်းတွေကြားထဲမှာ ဟိုင်ေး ဒီငေးကြီးရှိနေသော သူမကို လှမ်း ကြည့်ရင်း မျက်ရည်တွေဝဲလို့။

သူကိုယ်တိုင် ဤနားမှာ မနေချင်၍ ခြံထဲဆင်းခဲ့သည်။ ခြံထဲတွင် အလုပ်လုပ်နေသော မောင်ညိုနှင့်ဝဏ္ဏတို့သည် သူကို စ်လှည့်၊ သူမကိုတစ်လှည့် ကြည့်သည်။

သူမအတိတ်ကို ပြန်သတိရလာပြီဆိုတာကိုလည်း သူတို့က ထားသဖြင့် ယခုအခြေအနေကို စိတ်မကောင်းနိုင်ဘဲ ရှိနေကြလေ သည်။

ဘယ်တတ်နိုင်မည်နည်း။ သူတို့တွေကိုယ်တိုင်လည်း စိတ် ကောင်းဖြစ်ခြင်းမှလွဲ၍ ဘာမှမကူညီ။ ဤအခြေအနေသည် အမှန် ရားပင် ဖြစ်သည်။

''မင်း တကယ် ပြန်လိုက်သွားတော့မှာလား မိုး''

သူ့ရဲ့စကားသံကြောင့် သူမက မျက်မှောင်သာသာ တွန့်ရင်း ည့်ကြည့်လေသည်။ သူမသည် မေမဒီဖြစ်သော်လည်း သူ့အမြင်မှာ တော့ 'မိုး' ပင်ဖြစ်သည်။

မေမဒီသည် သူနှင့်စိမ်းသက်နေသလောက် မိုးဆိုတာက နှင့် သိပ်ကို ရင်းနှီးနေသော မိန်းကလေး။

စောင့်စည်းမှုတွေနှင့် သူချစ်တယ်လို့ ပြောမထွက်ခဲ့သည့် သူ့ရဲ့ချစ်သူ။

အမေကတော့ အမြော်အမြင်ရှိစွာနှင့် သူ့ကိုတားမြစ်နိုင်ပေမယ့် ကိုယ်တိုင်လက်ရောက် ဖောက်ပြန်ခြင်းမရှိဘဲ စိတ်က ဖောက်ပြန်နေခြင်းကို ဘယ်ကြိမ်စကြာနှင့် ရိုက်တား၍ ရမည်နည်း။

''ဟုတ်ကဲ့၊ မဒီကို စောင့်ရှောက်ကူညီပေးခဲ့တဲ့ ဒီက အစ်ကိုတို့ သားအမိကို မဒီ ကျေးဇူးတင်ပါတယ်''

''မန္တလေးရောက်ရင် လာလည်ပါလို့ကော မဖိတ်ခေါ်တော့ဘူးလား''

''ရှင်''

''စတာပါ''

အာမေဋိတ်သံထွက်ကာ ခပ်စိမ်းစိမ်းကြည့်လိုက်သောကြောင့် သူ ခေါင်းဆတ်ကာ စကားကိုလျှောချလိုက်သည်။ သူ့ကို သူမက စပြီး လိုက်လိုက်လဲ့လဲ့ စကားပြောခဲ့သည်။ သူကတော့ ဘယ်လိုစကားတွေ အစပြန်ရှာရမလဲမသိ။

ချစ်သူမမည်သော ချစ်သည့်မိန်းကလေးနှင့် တကယ်ပဲ ဝေးတော့မယ်ဆိုသောအသိက အတော့်ကို ပူလောင်နာကျင်စေပါသည်။ ဘာနှင့်တူသလဲဆိုတော့ ဖွဲမီးတွေ လောင်ကျွမ်းနေသလို တမြေ့မြေ့ တစိမ့်စိမ့်။

''ဒီပတ်ဝန်းကျင်က အရမ်းသာယာတာပဲနော်။ ပန်းခင်းတွေ စိုက်ခင်းတွေနဲ့၊ မဒီတို့ဆီမှာဆို ဒီလိုရှုခင်းတွေက မြင်ချင်လို့တောင် မမြင်ရဘူး။ လတ်ဆတ်တဲ့လေရဲ့ ရနံ့နဲ့ စိမ်းလန်းတဲ့ ရှုခင်းတွေက ...ကို relax ဖြစ်စေတယ်''

တိတ်ဆိတ်နေသည့် အနေအထားကို သူမက မလိုလား ...လား။ အနေခက်တာလား မသိ စကားစရှာလေသည်။

သူမ ကြည့်နေရာ ပတ်ဝန်းကျင်တွေကို သူ ကြေကွဲမှု ...သောကဖုံးလွှမ်းသော အကြည့်ဖြင့် ငေးကြည့်ရင်း –

''ဟုတ်ပါတယ်၊ ဒီပတ်ဝန်းကျင်က သိပ်ကို သာယာပါ ...တယ်။ ဒါပေမဲ့''

ဒါပေမဲ့ ဘေးမှာ ချစ်သူမရှိမှတော့ ဘယ်လောက်သာယာတဲ့ ...ပတ်ဝန်းကျင်ပဲ ဖြစ်ဖြစ် သုသာန်တစပြင်နှင့် မခြားဟူသော စကားကို ...တော့ မဆက်ဖြစ်ပေ။

ဒီချိန်မှာ ကိုယ့်ရဲ့တွယ်တာမှုတွေ၊ သံယောဇဉ်ရှိမှုတွေကို ...ဖော်ပြနေသည်။

သူမဟာ မိုးမှမဟုတ် ဘယ်လိုလုပ်ပြီး သူ့ရဲ့စကားမှာ ...သာယာပျော်ဝင်နိုင်မလဲ။

ကိုယ့်အတွက်တော့ အချစ်ဟာ သိပ်ကို တန်ဖိုးကြီးတယ် ...။

ကိုယ်က ကမ္ဘာတည်သရွေ့ ချစ်ချင်ပေမယ့် မင်းအတွက် ...ဖြစ်သွားခြင်းအတွက်လည်း ကိုယ်စိတ်မကောင်းဘူး။

''ပေဘာ ဟိုမှာ မေမေတို့ထွက်လာပြီး မဒီ သွားတော့မယ် ...''

သူ ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ သူမသည် သူမရဲ့မိဘများရှိရာဘက်သို့ ခပ်သွက်သွက် လျှောက်သွားလေသည်။ နောက် အမေ့ကို နှုတ်ဆက်ပြီး ကားထဲဝင်ကာ မောင်းထွက်သွားလေသည်။ ကားနှင့်ဖြတ်ကြိတ်တက်နင်းခံလိုက်ရသလို နှလုံးသားက တဆတ်ဆတ် နာကျင်နေခဲ့သည်။

ဩော် . . . လွမ်းဆွတ်ဖွယ် ဆောင်းပါတကား။

*



# အခန်း (၃၅)

"အမေ ကျွန်တော် လက်မခံနိုင်ဘူး။ မိုးက ဘာလို့ အဲဒီ သောက် အပြောင်းအလဲမြန်ရတာလဲ။ မိုး မင်းကိုယ့်ကိုပြောတော့ အစ်ကို့ကို ဘယ်ဘဝ ဘယ်အခြေအနေပဲဖြစ်ဖြစ် သတိရနေမှာဆို။ အခုတော့ မင်းရဲ့စကားတွေက လေထဲကလာပြီ လေထဲပြန်ရောက် သွားတာလား။ ဟုတ်တယ်၊ မင်းအတွက် လွယ်ပြီး ငါ့အတွက် သိပ် က်ခဲ့နေတယ်ဆိုတာကော မင်းသိရဲ့လား။ တော်တယ် မင်းသိပ်တော် တယ်"

အို . . . မဟုတ်ဘူး။ မဟုတ်ဘူး။ ထပ်ခါထပ်ခါ ကြားယောင် ေမိသော စကားကြောင့် မဒီ ခေါင်းကို ကယောင်ကတမ်း ယမ်းခါမိသည်။ သူ့ရဲ့နာနာကျင်ကျင်ပြောနေပုံက သူနှင့်မဒီဟာ အတိုင်းအတာတစ်ခု အထိ ပတ်သက်မှုရှိနေခဲ့သလိုမျိုး။

မဒီရဲ့ဘဝမှာ ယောကျ်ားသားတွေနှင့် ပတ်သက်မှု လုံးဝမရှိခဲ့ ပထမဆုံး ပတ်သက်ခဲ့ဖူးသည့် ယောကျ်ားသားဆိုလို့ ကိုစူးရှ တစ်ယောက်တည်း သူနှင့် ကိုယ်ကလည်း စေ့စပ်တဲ့အဆင့်ထိရောက်ခဲ့ပေမယ့် သူ့ကို ဘယ်လိုမှ ခံစားလို့မရတာ မဒီရဲ့ ကိုယ်စောင့်နတ်တွေက သိပါသည်။

ဟော မဒီမသိမမြင်နိုင်သည့် ကာလမှာကျတော့ 'ဝေဘုန်းမောင်' ဆိုတဲ့လူနှင့် ပတ်သက်ပြန်သည်တဲ့။ သူကတော့ သူက ကိုယ့်ကို ရင်းရင်းနှီးနှီးရှိသလောက် ကိုယ့်ကကျတော့ မရင်းနှီး။ အဲဒါ ဘာကြောင့်လဲ။

"ကိုစူးရှနဲ့ပတ်သက်ပြီး မေမေတို့ မဒီကို ဘယ်လိုလုပ်ပေးမလဲ"

"ဘယ်လိုလုပ်ပေးစေချင်တာလဲ"

ခပ်အေးအေးမေးလိုက်သော မေမေကြောင့် မဒီ စိတ်တင်းပစ်လိုက်သည်။ ဒီတစ်ခါတော့ မဒီ လုံးဝအလျှော့မပေးနိုင်ပေ။ ယုတ်မာသော ယောကျ်ားတစ်ယောက်အား လက်ထပ်ရမည့်အစား ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သေပြလိုက်မည်။ ဒီတစ်ခါတော့ ဝေးဝေးလံလံ ပြေးမနေနဲ့၊ အနီးမှာ ဓားရှိရင် ဓားနှင့်ထိုးမည်၊ အုတ်ခဲကျိုးရှိရင် အုတ်ခဲကျိုးနှင့် ကိုယ့်ကိုယ်ကိုယ် ထုသတ်လိုက်မည်။

အဲဒီလောက်တောင် မဒီ စူးရှဆိုသောလူတစ်ယောက်ကို မုန်းတီးနေသလားဆိုလျှင် အဲဒီထက်တောင် ပိုသေးပါသည်။ ကိုယ့်ကို လက်ထပ်ထားသည့် မိန်းမချောချောလေးတစ်ယောက် ရှိနေပါလျက်





နှင့် မဒီနှင့် စေ့စပ်ခဲ့သည်။ လက်ထပ်ဖို့ ကြိုးစားခဲ့သည်။ သိပ်ကို ရွံစရာကောင်းသည့်လူ။

"ဒီလိုအခြေအနေအထိဖြစ်ပြီးမှ မေမေက ရှေ့ဆက်တိုးချင်နေသေးတာလား။ သူကြွယ်ဝချမ်းသာသလို မဒီတို့လည်း ငတ်ငတ်ပြတ်ပြတ်ထဲကမဟုတ်ပါဘူး မေမေ။ တစ်ဖက်က စေတနာနဲ့ ဖြစ်စေ၊ အမြင်ကတ်လို့ဖြစ်စေ လာသတိပေးပြီးတာတောင် မဒီတို့က နောက်ဆုတ်တဲ့ ရှေ့ဆက်တိုးမယ်ဆိုတော့ မဒီတို့ရဲ့လုပ်ရပ်က ဘယ်လောက်ထိ ရှက်စရာကောင်းနေပြီထင်လဲ မေမေ"

"တော်စမ်း မဒီ။ သမီး သိတယ်ဆိုတာတွေက သမီး ဘာမှမသိသေးတဲ့ ကိစ္စတွေပဲ။ ဟုတ်တယ် စူးရှနဲ့ ညို့ဆိုတဲ့ အမျိုးသမီးဟာ လက်ထပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ 'အကြောင်းမသင့်လို့' ကွာရှင်းခဲ့တဲ့ အကြောင်း သူထည့်မပြောခဲ့တူး။ အဲဒီကတည်းက ဘယ်သူ မရှိသားသလဲ ရှင်းနေတာပဲ"

"မရှင်းဘူး လုံးဝမရှင်းဘူး။ မေမေက ညို့ဆိုတဲ့ အမျိုးသမီး မရှိးသားဘူး စွပ်စွဲသလို ဟိုလူကြီးကကော ရိုးသားခဲ့လို့လား။ အိမ်ထောင်ကျခဲ့ဖူးတဲ့အကြောင်း မေမေတို့ကို ပြောပြခဲ့ဖူးလို့လား။ ဒီမှာ (၂) ယောက်စလုံး မရိုးသားကြတာခြင်း အတူတူပဲ"

"ဒီလောက်ထိ အထလိုက်ကောက်မနေနဲ့ မဒီ။ သမီးတို့ စေ့စပ်ခဲ့တာက လူသိရှင်ကြားနော်။ အခု က,က လက်ရှိ စူးရှမှာ မိန်းမ တကယ်မရှိတော့ဘူးဆိုတာက ပိုအဆင်ပြေနေပြီပဲ။ မေမေကတော့ ရှေ့ဆက်စီစဉ်ရမှာပဲ"

"မေမေ"

"ဒုန်း"

မေမေကတော့ ထုံးစံအတိုင်း ပြောချင်ရာပြောပြီး မဒီကို အခန်းထဲ ပိတ်ထားခဲ့သည်။ မဒီ မယုံနိုင်တာ မေမေ့ကိုပဲဖြစ်သည်။ ကိုယ်လည်း ချမ်းသာနေတာကို မေမေ ဘာလို့မရောင့်ရဲနိုင်တာလဲ။

တစ်ဘက်က လူပျိုမဟုတ်ဘဲလူပျိုဟန်ဆောင်ပြီး ကိုယ့်သမီးကို လိမ်လည်လှည့်ဖျားစေ့စပ်ခဲ့တာကို သိရင် ခွင့်မလွှတ်သင့်သည့်အပြင် စီးထားတဲ့ဖိနပ်နဲ့တောင် ပါးအချက် (၂၀) မက ရိုက်သင့်သည့်ကိစ္စ။ ဒါကို မေမေက ဘာလို့ ရှေ့ဆက်တိုးမယ်လို့ ပြောခဲ့တာလဲ။

မေမေဟာ သိပ်ကို အတ္တကြီးတဲ့မေမေ၊ သူချစ်တာ သမီးကို မဟုတ်၊ သူကောင်းစားစေချင်တာ မဒီကိုမဟုတ်။ မီးခံသေတ္တာထဲမှာ ရှိတဲ့ သူ့ရဲ့ပိုင်ဆိုင်မှုတွေ တိုးပွားချင်းတာလောက်ပဲသိသည်။

ကိုယ့်မိခင်အရင်းခေါက်ခေါက် ဖြစ်နေသည့်အတွက် မျက်နှာတွေ့မရ အော်ဟစ်မရ။

"မေမေ့ဘက်က နောက်မဆုတ်သလို မဒီကလည်း လက်နက်ချမှာ မဟုတ်ဘူးမေမေ"

မဒီ မန္တလေးသို့ ပြန်ရောက်သည်နှင့် မေမေက မဒီ အိမ်ပြင်မထွက်စေရေး စောင့်ကြည့်လေသည်။ တကယ်ဆို သူတို့စောင့်မကြည့်လည်း မဒီထွက်သွားဖို့ ဆန္ဒမရှိပါ။ ပြောခဲ့ပြီးပါပကော ဒီတစ်ခါဆိုလျှင်တော့ အိမ်ပြင်ထွက်မနေ၊ အိမ်ထဲမှာပဲ အဆုံးစီရင်တော့မည်ဟု။





"မဒီကို စိတ်သိပ်မပူဘူး။ ဟိုရွာကကောင် လိုက်လာမှာပဲ မြင့် စိုးရိမ်တာ"

ထမင်းစားခန်းထဲမှ ကြားလိုက်ရသော မေမေ့ရဲ့စကားကြောင့် မဒီ ထမင်းစားခန်းထဲသို့ မဝင်တော့ဘဲ အသာငြိမ်ရပ်နေမိသည်။ မေမေတို့ ဘယ်သူ့အကြောင်း ပြောနေကြတာလဲ။

"မင်းလည်း အလုပ်မဟုတ်ဘူး။ ကိုယ်ကြည့်နေတာ မပြောဘတ်လို့မဟုတ်ဘူးနော်။ မပြောချင်လို့။ လေးငါးခြောက်လလောက် ကိုယ့်သမီးကို ဂရုစိုက်ခဲ့တဲ့ မိသားစုကို ကျေးဇူးတင်ရကောင်းမှန်းလေသိဘဲ စော်ကားကောင်းနေလိုက်တာ"

"အို ကျေးဇူးတင်လို့ သူတို့ကို ကျေးဇူးဆပ်ဖို့ ကြိုးစားခဲ့တာပါ။ သူတို့ဘာသာ သူတို့ ဆန်မရှိ အစားကြီးတဲ့ မာနတွေနဲ့ လက်မခံခဲ့ဘဲ"

"ဘာ ဘာပြောတယ်မြင့်။ မင်း သူတို့ကို ပိုက်ဆံပေးဖို့ကြိုးစားခဲ့တယ် ဟုတ်လား"

ဟိန်းထွက်လာသော ဖေဖေ့ရဲ့အသံကြောင့် မဒီ ကိုယ်ကိုယ်၌ ထမင်းစားခန်းထဲသို့ မသိမသာ ကြည့်လိုက်သည်။ ခါတိုင်းဆို မေမေ့တစ်မိန့်တစ်သံနှင့်ပြီးခဲ့သော ဖေဖေသည် ယခုတော့ မျက်နှာတစ်ပြင်လုံး နီရဲအောင် ဒေါသထွက်နေတော့သည်။

မေမေကတော့ သူလုပ်ခဲ့သည့်လုပ်ရပ်ကို ကျေနပ်နေသည့် ဟန်နှင့် ငြိမ်လို့။

"မင်းဟာ သိပ်ကို စိတ်ပျက်စရာကောင်းတဲ့မိန်းမပဲ၊ ထားပါ

တော့ ငါ လက်ထပ်ခဲ့တဲ့မိန်းမဟာ ဆင်းရဲဖူးလို့ ဆင်းရဲရမှာကြောက်ပြီး ငွေကို အာသာငမ်းငမ်း လိုချင်နေတယ်ဆို ထားတော့၊ မင်းလည်း ချမ်းသာတဲ့သူ၊ ချမ်းသာဖူးတဲ့မိန်းမဖြစ်လျက်နဲ့ ငွေကို လောဘအားတိုက်ဖြစ်နေတယ်၊ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်၊ ကိုယ်ချမ်းသာသထက် ချမ်းသာဖို့အတွက် ကိုယ့်သမီးကိုတောင် ရောင်းစားပစ်မယ့်မိန်းမ''

''ရှင် ကျွန်မကို အဲဒီလိုမပြောနဲ့ ကိုသက်တင်''

''အဲဒီထက်မက ပြောချင်တယ်၊ ပြောချင်တယ်ကွ၊ တကယ်ကွာ ငါ ဒီလောက်ထိ စိတ်ပျက်ဖို့ကောင်းတဲ့မိန်းမကို မတွေ့ဖူးဘူး''

''ဒုန်း''

''ဒုန်း''

''ဟင် သမီး''

ဖေဖေက စားပွဲခုံတွေ တွန်း၊ ထိုင်ခုံတွေကန်ဖြင့် ဒေါသတကြီး ထွက်လာသည်။ တံခါးအကွယ်၌ ရပ်နေသော မဒီကို တွေ့တော့ အံ့ဩသွားသလိုနှင့်ကြည့်ပြီး –

''ဖေဖေတော့ သမီးအမေကို စိတ်ပျက်လာပြီ''

ဟုပြောပြီး ကားပေါ်တက်သွားလေသည်။ နောက် ကားကိုမောင်းထွက်သွားလေသည်၊ မဒီလည်း ထမင်းစားခန်းထဲ မဝင်တော့ဘဲ အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။ ဝရန်တာဘက်သို့ ထွက်လာရင်း မဒီရဲ့စိတ်တွေ မွန်းကြပ်လာသည်။

ထိုအခါ မျက်စိထဲ စိမ်းစိုလန်းဆန်းနေသည့် မြင်ကွင်းကို

ရွှေပဒေသာစာပေ



အာရုံထဲမှ မြင်ယောင်လာသည်။ လတ်ဆတ်သော လေနုအေးတွေ ဘာသုန်သုန် တိုက်ခတ်နေသည့် ဝန်းကျင်ပကာသနဆိုသည့် အလှ ကြီး ကင်းမဲ့ကာ ငြိမ်းချမ်းခြင်းတွေနှင့် အေးမြနေသော ပတ်ဝန်းကျင် လေ။ အခုချိန်မှာ အဲဒီ ပတ်ဝန်းကျင်သို့ ပြေးသွားခွင့်ရလျှင် ဘယ် လောက်ကောင်းမလဲ။

နောက် နွေးထွေးသောအကြည့်တွေနှင့် ခွေးမြွေ့စွာကြည့်သော အကြည့်ပိုင်ရှင်။ သူနဲ့ မဒီရဲ့ ပတ်သက်မှုတွေအကြောင်း သိချင် ဘိုက်တာ။ စူးရှဆိုတဲ့လူပေါ်မှာ ခါးသီးနေသလောက် မနေ့တစ်နေ့ကမှ တွေ့ရသော လူတစ်ယောက်အပေါ် ယုံကြည်မှုတွေ လွှမ်းကဲနေခဲ့သည်။

ဟူ။။

ပူပြင်းသောရာသီဥတုနှင့်အပြိုင် မိုး လေပူတွေ မှုတ်ထုတ်ပြီး အခန်းထဲ ပြန်ဝင်လာခဲ့သည်။ အိပ်ရာပေါ် ပျင်းရိစွာ လှဲချရင်း အကြည့် က တစ်နေရာသို့ရောက်သွားသည်။ သူ့ရဲ့အမေ ထည့်ပေးလိုက်သော သူမရဲ့ အဝတ်အိတ်တဲ့။ မေမေက ယူမလာဖို့ပြောသော်လည်း မဒီ ယူလာခဲ့မိသည်။

မဒီ ထိုအိတ်ကိုဆွဲယူကာ ခုတင်ပေါ်တင်လိုက်သည်။ အိတ်က ရှီးဆောင်အိတ်အသေးစားလေးဖြစ်သည်။ ဇစ်ကို ခပ်သာသာဆွဲပြီး အိတ်ထဲက အဝတ်တွေကို တစ်စုံခြင်း ဆွဲထုတ်လိုက်သည်။

ထွက်လာသော အဝတ်အစားများကို ကြည့်ပြီး အံ့ဩရသည်။ အဲဒီအဝတ်အစားတွေ သူမ ဝတ်ခဲ့တာတဲ့လား။ တကယ်တော့ ခမ်းဆက်တွေမပြောနှင့် မြန်မာဝတ်စုံ ချပ်ချပ်ကပ်ကပ်တွေတောင်

သူမကို မေမေက ဝတ်ခွင့်မပေးခဲ့။ အဲဒါတွေဝတ်ပြီး ကိုယ့်ကိုယ်ကိုယ် အပျိုကြီးစိတ်ဝင်သွားမှာစိုးလို့တဲ့။

ဩော် ဒါဆို အဲဒီတုန်းက မဒီက ရိုးရိုးယဉ်ယဉ်လေး ဝတ်ဆင်ခဲ့တဲ့ သူပေါ့။ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်မြင်ယောင်ကြည့်ရှင် နေသေးသည်။

နောက် အောက်တက်၌ သူ မသုံးသည့်အလှပြင်ပစ္စည်းအချို့ နှင့် အခြား တိုလီမုတ်စတွေ။

ဟင်။

ထိုပစ္စည်းတွေကြားထဲတွင် ဖုန်းတစ်လုံးတွေ့လိုက်ရသဖြင့် မဒီ အံ့ဩသွားရသည်။ နောက် မျက်နှာလင်းလက်သွားသည်။ ဒါ မဒီကိုင်ခဲ့တဲ့ ပစ္စည်းလား။ မဒီရဲ့ပစ္စည်းမှန်ရင်တော့ အငှားဘဝနဲ့ ပတ်သက်တဲ့ သဲလွန်စ တစ်ခုတလေတော့ ရနိုင်သည်။

အင်း ဒါတွေဟာ အရေးမပါတဲ့ ပစ္စည်းတွေပဲဟု မေမေက သတ်မှတ်ထားသဖြင့် ဘာမှ စပ်စပ်စုစု လာမဖွင့်ကြည့်ခဲ့တာကိုး ကျေးဇူးတင်ရမလိုလို။

ဩော် အရေးထဲ ဖုန်းက အားကုန်နေပါလား။ ဝို၍ လုံခြုံ စိတ်ချစေရန် တံခါးကို သွားပိတ်လိုက်သည်။ ဖုန်းကို အားသွင်းထား လိုက်သည်။

မကြာခင်တော့ မဒီ သိချင်သောအကြောင်းအရာတွေကို သိခွင့်ရကောင်းပါရဲ့။

*



## အခန်း (၃၆)

"မင်း အဲဒီလို မနေသင့်ဘူး။ မောင်ဘုန်း"

"ဒီလိုမနေလို့ ငါ ဘယ်လိုနေရမလဲ ကျော်လှ"

"ငါပြောတယ်။ ဒီလိုအရေးတွေ ငါကြုံမြင်လို့ ကိုယ့်ဘက်က ...င်နိုင်သချာအောင်လုပ်ပါဆိုတော့ ဘာဖြစ်သလေး။ ညာဖြစ်သလေးနဲ့ အခုကျတော့"

"အခုကျတော့လို့ ပြောမနေနဲ့ ဝင်းဇော်၊ မင်းပြောတဲ့အကြံ အတိုင်းလုပ်မှ ငါးပါးမှောက်သွားမယ် သိလား။ ငါကြားသလောက် ...ဘွားကြီးက အတော်ငွေမက် ဂုဏ်မက်ဆိုပဲ။ အခု သူ့သမီး ဘာမှ ...ဖြစ်တာတောင် ခေါ်လို့မရတာတစ်ခုလေးနဲ့ ရုပ်ကွက်ရုံးကိုသွားမယ်၊ ...ဲ့စခန်းကို သွားမယ်ဖြစ်နေတာ။ မဟုတ်လို့ မင်းပြောသလိုလုပ်ရင် ...တော့ မောင်ဘုန်းတစ်ယောက် အလိုမတူဘဲ ခိုးယူပေါင်းသင်းမှုနဲ့

ဈေးထဲရောက်သွားနိုင်တယ် မောင်''

''ဟ ဘာလို့ အဲဒီအမူပြောက်စရာရှိလို့လဲ။ ငါ ရှေ့နေမဟုတ်ပေမယ့် ဥပဒေပုဒ်မအကြောင်းတော့ နည်းနည်းပါးပါး တီးမိခေါက်မိပါတယ်။ နိုးယူပေါင်းသင်းတယ်လို့ပြောရအောင် မောင်ဘုန်းက သူတို့အိမ်ပေါ် တက်သွားတာလည်းမဟုတ်ဘူး။ နောက်ပြီး မေမဒီဆိုတဲ့ မိန်းကလေးကလည်း အသက်ပြည့်ပြီးတဲ့ မိန်းကလေး။ သူတို့ချင်းကြည်ဖြူရင် ချစ်ချစ်ပေါင်းပေါင်း မင်းလည်းတားလို့မရသလို သိကြားမင်းလည်း ဆင်းတားလို့မရဘူး''

ထုံးစံအတိုင်း သူနှင့်ပတ်သက်၍ ကျော်လူနှင့် ဝင်းဖော် စကားရည်တွေလုနေကြပြန်သည်။ အားလုံးကတော့ သူသက်သာဖို့ သက်သာခြားဖြစ်အောင် ဖန်တီးနေကြတာပါ။

ခါတိုင်းဆို ဘယ်ဆိုင်လာခဲ့ဟော့လို့ ချိန်းတတ်ပေမယ့် သူမလာမှာကို ကြိုတင်သိသည့်ဟန် နှစ်ကောင်သား စောစောစီးစီး ရောက်လာသည်။

အမေကလည်း –

''ဒေါ်လေး ကျွန်တော်တို့ ဒီနေ့အလုပ်နားတယ်။ တစ်ခုခု လုပ်ကျွေးပါလား။ ဒေါ်လေးလက်ရာ တို့ဟူးခေါက်ဆွဲ မစားရတာကြာပေါ့နော်''

''ဟုတ်တယ် ဒေါ်လေး။ ဘာမှအဆင်သင့်မရှိရင် မောင်ဘုန်းနဲ့ ကျွန်တော် ဈေးသွားပြီးဝယ်လာခဲ့မယ်လေ။ လိုအပ်တာတွေ ရေးပေးလိုက်ပါလား''



အမေ့ကိုပါ တွေဝေငေးငိုင်ချိန်မရအောင် ဒီကောင်တွေ စီစဉ်နေကြသည်။

ညွှန့်သည်က လုပ်ကျွေးပါ တောင်းဆိုနေတော့လည်း အားနာတတ်သော အမေက မငြင်းဆန်တော့ပါ။

ဒီလိုနှင့် သူနှင့်ဝင်းဖော် ဈေးသို့လိုအပ်တာတွေသွားဝယ်ပေးရသည်။ အမေ အနောက်မှာ တကုတ်ကုတ်နှင့် ချက်ပြုတ်နေချိန် သူတို့ (၃) ယောက်က ခြံထဲဆင်းထိုင်စကားပြောကြခြင်း ဖြစ်သည်။

အိမ်ပေါ်မှာပြောလျှင် အမေ ကြားသွားနိုင်သည် မဟုတ်လား။

သူကိုယ်တိုင်လည်း အမေ စိတ်ဆင်းရဲနေတာကို မမြင်ရက်ပေ။

''ငါပြောတဲ့ အဲဒီလို မနေသင့်ဘူးဆိုတာကကွာ ဒီလိုထိုင်ပြီး သွမ်းဆွတ်ခံစားနေမယ့်အစား မင်းမေမဒီရှိတဲ့နေရာကို သွားသင့်တယ်''

''သွားပြီးတော့''

''ဟာ ... သွားပြီးတော့ ပြန်ပိုးပေါ့ကွာ၊ နွှီးထဲမှာ''

အရွဲ့တိုက်ရကောင်းလားဆိုသည့်ဟန်နှင့် ကျော်လူက မကျေနပ်ဖြစ်သွားသည်။

''ဘာလို့ ပြန်ပိုးရမှာလဲ။ မန္တလေးမှာရှိတဲ့ မေမဒီဟာ ငါချစ်တဲ့ မိုးမှ မဟုတ်တာ''

''ဟမ်''

"ဟ မောင်ဘုန်း ... မင်းကတော့ ငါတို့ (၂) ယောက်ကို နှစ်ပေါက်တစ်ပေါက် ရိုက်နေတာတော့ မဟုတ်ပါဘူးနော်။ မေမဒီနဲ့ မိုးက တစ်ယောက်တည်း မဟုတ်လား"

ဝင်းဇော်ရဲ့မေးခွန်းကို သူ ခေါင်းညိတ်လိုက်ပေမယ့် နှုတ်က တော့ –

"မင်းတို့အမြင်မှာ မေမဒီနဲ့ မိုးဟာ တစ်ယောက်တည်း ဖြစ်ကောင်းဖြစ်မယ်။ ငါ့အတွက်တော့ မေမဒီဆိုတာက သူစိမ်း။ မိုး ဆိုတာက ငါ သိပ်ချစ်တဲ့ချစ်သူ"

"ရှုတယ်ကွာ၊ ကိုယ့်ဘာသာကိုယ် (၂) ကိုယ်ခွဲပြီး တွေးနေ တာက အကြောင်းမဟုတ်ဘူး။ မောင်ဘုန်းကြာရင် မင်း ဒီစိတ်နဲ့ လုံးပါးပါးသွားလိမ့်မယ်"

"ငါက အခု ဘာတွေဖြစ်နေလို့လဲ"

"ဘာတွေဖြစ်နေလို့လဲ ဟုတ်လား။ ပြောရရင် မကောင်း ရှိတော့မယ်'

ကျော်လှက ဝေဘုန်းမောင်တစ်ကိုယ်လုံးကို အပြန်အလှန် ကြည့်ကာ ခပ်ရွဲ့ရွဲ့ ပြောလေသည်။

မေမဒီထွက်သွားသည့် တစ်လအတွင်း မောင်ဘုန်းတို့ ဒေါ်လေးတို့ရဲ့ပုံစံကတော့ ယူပစ်သလို ပြောင်းလဲသွားခဲ့တာတော့ အမှန်။

"ဒါဆို မင်း မေမဒီဟာ မိုးမဟုတ်ဘူးဆိုတဲ့ သက်မှတ်ချက်နဲ့ ဘယ်တော့မှ ပြန်မပိုးတော့ဘူးပေါ့ ဟုတ်လား မောင်ဘုန်း"





"အဲဒီလိုတော့ မဟုတ်ဘူး ဝင်းဇော်။ တကယ်လို့ သူ့ရဲ့ အငှားဘဝကို ပြန်သတိရပြီး မိုးဆိုတဲ့အမြင်လေး ရှိနေခဲ့မယ်ဆိုရင်"

"မင်းရူးနေပြီ"

"ဟုတ်ပါ့ကွာ။ ရူးတယ်ဆိုရင်လည်း ထမင်းလွတ် ဟင်း လွတ် ရူးစမ်းပါ မောင်ဘုန်းရာ"

သူငယ်ချင်း (၂) ယောက်က သူ့ကို ကောင်းကောင်းကြီး ဘာပနာပြုကြလေသည်။ ကိုယ့်ခံစားချက်ကို ကိုယ်တိုင်ကလွဲလျှင် ...ည်သူသိနိုင်သနည်း။

"မိန်းမတွေနဲ့ပတ်သက်ရင် ငါတို့သူငယ်ချင်းကပဲ ခံနေရတာ ... လုံးဝမကျေနပ်ဘူး။ မိမိအောင်နဲ့တုန်းကလည်း ဒီကောင့်မှာ အလူး အလဲ"

"မေမဒီနဲ့ကျတော့ မိမိအောင်နဲ့တုန်းကထက် ဆိုးရော"

"ဆိုးမှာပေါ့၊ ဟိုမှာ မိမိအောင်က သူမုန်းလောက်တဲ့ အပြု အမူနဲ့ တဲ့တာပြသွားခဲ့တာကို။ အခု မေမဒီနဲ့ကျတော့ ဟိုက နား ...လည် ပါးရိုက်နဲ့ သစ်စိမ်းချိုး ချိုးသလိုလုပ်လိုက်တော့ ဒီဒဏ်ရာက ...ပြီး ခံရခက်တာပေါ့"

"မင်း သိပ်တော်တယ် ကျော်လှ။ ဟုတ်တယ် အခု ငါ့ရင်ထဲ ... အဲဒီလိုခံစားနေရတယ်။ မိမိအောင်လို အပြုအမူမျိုး လုပ်သွားရင် ...အောင် ငါမုန်းပြီး မေ့ပစ်လိုက်လို့ရတယ်။ အခုကျတော့ ဒီလောက် ...နီးကပ်ကပ် ရင်းရင်းနှီးနှီးနေလာခဲ့ပြီးမှ 'ရှင်ဘယ်သူလဲ' လို့ မေးခံရ ...ဘလောက် ရင်နာစရာကောင်းတာ မရှိတော့ဘူး"

"ဆေးပညာအရ ကွဲပြားတာလား။ လူတွေရဲ့ခံစားချက်အရ ကွဲပြားတာလားတော့ မသိဘူး။ တချို့ကျတော့ အတိတ်မေ့နေတဲ့ကာလကော ပစ္စုပ္ပန်ဘဝပါ (၂) ခုစလုံးကို သိနေတယ်။ အခု မေမေ တို့လိုကျတော့ အငှားဘဝကိုမေ့ပြီး သူ့ရဲ့အတိတ်ကိုပဲ ပြန်သတိရသွားတယ်ဆိုတာတော့ အငှားဘဝမှာ ပတ်သက်ခဲ့ဖူးတဲ့ သူတွေအတွက်တော့ ရင်နာစရာပဲ။ အဲဒီတုန်းက ပတ်သက်ခဲ့တာက သူကျင်လည်နေတဲ့ ပတ်ဝန်းကျင်ဆို ကိစ္စမရှိဘူးလေ။ မောင်ဘုန်းတို့လို သူစိမ်းတွေ အဖို့တော့ ခံရခက်ကြီးပေါ့"

"တော်ပြီ . . . တော်ပြီ၊ ငါတို့ အဲဒီအကြောင်း ပြောခြင်းကို ရပ်တန်းက ရပ်ရင်ကောင်းမယ်"

ကျော်လှက ငြိုတော့မည့်မိုးလို ဖြစ်နေသော မောင်ဘုန်း ရဲ့ မျက်နှာအခြေအနေကိုကြည့်ပြီး ဝင်းဇော်အား မျက်ရိပ်ပြလိုက်သည်။

ခုချိန်မှာ မင်း ငါတို့ကို လှောင်ပြောင်သရော်ခဲ့လို့ အပြောကြီးခဲ့လို့ ခုလိုဖြစ်ရတာဟုလည်း မစနောက်ရက်တော့ပါ။

"ဒါနဲ့ ဒေါ်လေးက မိမြတို့နဲ့လိုက်သွားမလို့ဆို"

"ဟုတ်တယ်၊ အမေလည်း စိတ်ပြေလက်ပျောက် ဖြစ်အောင် မိမြတို့ကလည်း မြန်မာနိုင်ငံအောက်ပိုင်းအနှံ့နီးပါး ဘုရားဖူးမှာဆိုလို့ ထည့်လိုက်တာ။ အစကတော့ ငါလည်းလိုက်သွားမလို့ဘဲ။ ဒါပေမဲ့ ဒီကအလုပ်တွေကလည်း ပစ်ထားလို့မရဘူး။ အရေးကြီးနေတဲ့အချိန်ဆိုတော့ ငါတော့နေခဲ့မယ်"





"ကောင်းတာပေါ့၊ ဟုတ်ပဲ့ ငါတို့တောင် အလုပ်အားချိန်နဲ့ ...က်ရင် လိုက်သွားသေး။ ခရီးစရိတ်ကကောဘယ်လိုလဲ"

"မဆိုးပါဘူး သင့်ပါတယ်"

"ကဲ ဟေ့ နေက တော်တော်မူလာပြီ။ အထဲပြောင်းကြရ ...အောင်"

ကျော်လှက ဆော်ဩပြီး မတ်တတ်ထရပ်လိုက်သဖြင့် ဝေ ...န်းမောင်နှင့် ဝင်းဇော်လည်း နောက်ကနေ လိုက်သွားသည်။

✻

# အခန်း (၃၇)

ဒီနှစ်ဆောင်းကတော့ ဆုန်သင်းပါရဲ့သီချင်းကလို လွန် အေးလွန်းပါသည်။ အခြေအနေကလည်း မနှစ်ကနဲ့ များစွာခြား သွားခဲ့သည်။

အမှုမဲ့ အမှတ်မဲ့ ဖြတ်သန်းခဲ့သော ဆောင်းကာလသည် ယခုတော့ လွမ်းဆွတ်ဖွယ်ဆောင်း ဖြစ်နေတော့သည်။ အမေက မိမြတ်တို့နှင့် ဘုရားဖူးလိုက်သွားပြီ။ မသွားခင်က သားအမိ (၂) ယော စကားလက်ဆုံကျခဲ့သည်။

“သား ဘာမှသိပ်ပြီး တွေးခံစားမနေနဲ့။ အရာရာဟာ တရားအတိုင်းဖြစ်တယ်လို့ မှတ်ယူလိုက်ကွယ်။ ဖြစ်ချိန်တန်လို့ ဖြ ကိစ္စအပေါ် အမေတို့ ပြုပြင်ပြောင်းလဲနိုင်တာ ဘာမှ မရှိဘူး”

သူဘာမှမပြောဖြစ်သေးဘဲ ငြိမ်နေမိသည်။ မီးဖိုထဲ





းများက တဟုန်းဟုန်း မတောက်နိုင်တော့။ ရေလျှောက် ထင်းတွေ ကာ သုံးနိုင်ပါတော့မလား မသိ။ ထင်းတွေ၊ မီးသွေးတွေက ဈေး ခေါင်ခိုက်နေပြီ။

အင်း ... ဒီထက်အချမ်းပိုကဲလာလျှင်တော့ အနွေးဓာတ်ပေး သည့် လျှပ်စစ်မီးအိုး ဝယ်ရမည်။ အသိတစ်ယောက်အိမ်သွားတုန်းက ထိုသို့ အနွေးဓာတ်ပေးသည့် လျှပ်စစ်မီးအိုးကို တွေ့ခဲ့ရသည်။

မီးအိုးလေးက ပန်ကာသဖွယ်လှည့်နေသဖြင့် တစ်အိမ်လုံးကို အနွေးဓာတ်ပေး၏။ ထင်းနှင့်မီးသွေးကျတော့ လောင်စာကိုဖြုန်းတီးရာ ကျသည်။ လျှပ်စစ်မီးနှင့်ဆိုတော့ ဘာမဆို အဆင်ပြေသည်။

“အမေ ပြောနေတာတွေ ကြားလား”

“ကြားပါတယ် အမေ။ ကျွန်တော် ဘာမှမဖြစ်ပါဘူး အဆင် ပြေသွားမှာပါ”

ထိုစကားကိုတော့ သူ အဖြစ်ဆိုလိုက်တာမဟုတ်ပါ။ သူငယ် ချင်းတစ်ယောက်က သူ့ကို အားပေးစကား ပြောဖူးပါသည်။ အဲဒီစကား ပြောတုန်းကတော့ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ပတ်သက်၍ အားပေးခြင်း ရယ်ပါ။

သူက ဖြစ်မှဖြစ်ပါ့မလား။ လုပ်မှလုပ်နိုင်ပါ့မလားဆိုသည့်စိတ် နှင့်စိုးရိမ်တတ်သူ ဖြစ်သည်။ မိတ်ဆွေဖြစ်သူက –

“အဆင်မပြေမှုဆိုတာ ခင်ဗျားမှမဟုတ်ဘူး။ လူတိုင်းတွေကြုံ နေရတဲ့ ပြဿနာပါ။ အဲဒီအတွက် စိတ်ထဲမှာ ထူးပြီး ခံစားမနေနဲ့။ ကျွန်တော် ရုပ်ရှင်ဇာတ်ကား တစ်ကားကြည့်ဖူးတယ်ဗျာ။ နိုင်ငံခြား

ရုပ်ရှင်လေ။ အဲဒီထဲမှာ ကျွန်တော်အကြိုက်ဆုံးက အဆင်ပြေသွားမှာပါဆိုတဲ့ စကားပဲ။ ခုဆို ကျွန်တော် အလုပ်တွေ ဘယ်လောက်ပဲ ဖိစီးမှုများများ ကိုယ့်ကိုယ်ကိုယ် အဆင်ပြေသွားမှာပါလို့ တွန်းအားပေးပြီးလုပ်တယ်"

ဟု ပြောခဲ့၏။ ထိုမိတ်ဆွေရဲ့ 'အဆင်ပြေသွားမှာပါ' ဆိုတဲ့ စကားလေးကလည်း သူ့အတွက် ထိရောက်သင့်သလောက် ထိရောက်ခဲ့ပါသည်။

"အေးပါ ... အဲဒီစကားကြားရရင်ပဲ အမေ စိတ်ချမ်းသာပါပြီ။ တကယ်တော့ သံယောဇဉ်ဆိုတာ မီးလိုပဲပူတယ်။ တို့သားအမိတွေကိုက ကံဆိုးပါတယ်ကွယ်"

အမေက လူကြီးမို့ သူ့အတွက်ဖြေသိမ့်နိုင်သော်လည်း သားဖြစ်သူအတွက်တော့ စိတ်ထဲ ကောင်းနိုင်ပုံမရပေ။ သို့သော် ဘာတတ်နိုင်မလဲ။

"ကလင် ကလင်"

အမေမရှိတော့ မီးဖိုနားမှာ မီးလှုံနေရတဲ့သူက သူ တစ်ယောက်တည်း။ ပျင်းရိစွာနှင့် မီးလှုံနေစဉ် ဖုန်းမြည်သံကြောင့် ကြည့်လိုက်တော့ ကျော်လှဆီကဖြစ်သည်။ ဝင်းဖော်ကတော့ ဒီနေ့ပဲ မူဆယ်တက်သွားသည်။

"ပြော ကျော်လှ"

"ဒီနေ့ ဒေါ်လေး သွားပြီဆို"

"အေး ဟုတ်တယ်၊ မနက်ကတည်းကလေ။ ဘာဖြစ်လို့လဲ"





"ဘာမှမဖြစ်ပါဘူး။ အခု အိမ်မှာ မင်းတစ်ယောက်တည်းဟုတ်လား။ ငါ အဖော်လာလုပ်ပေးရမလားလို့ လှမ်းမေးတာ၊ ဒီနေ့ဆိုင်စောစောသိမ်းမလို့ပဲကွာ။ သိမ်းခါနီးမှ ရေခဲသေတ္တာပျက်လို့ဆိုပြီး လာပို့လို့ ကြည့်ပေးနေရင်း မှောင်သွားတာ"

"မလိုပါဘူးကွာ။ မင်းကလည်း ငါ့ကို ကြောက်တတ်တယ်များ ထင်နေလား"

"ဟာ ... အဲဒီလိုတော့ ထင်စရာလားကွ။ မင်းတစ်ယောက်တည်း ပျင်းနေရင် ငါ ပုလင်းဆွဲပြီး လာမလို့။ စကားလေး ဘာလေး အေးအေးဆေးဆေးပြောရင်း"

ကျော်လှအကြောင်း သူကောင်းကောင်းသိပါသည်။ ကျော်လှ မိန်းမအေးမောက သူတို့သူငယ်ချင်း။ အေးမောက ကျော်လှကို အရက်သောက်ခွင့် လုံးဝမပေး။

သူတို့ကသာ ယောကျ်ားကောင်ချကွာ၊ မိန်းမဆိုတာ နေရာတကာ ဝင်ကြောက်နေဖို့ မဟုတ်ဘူး။ သောက်ဟု မြှောက်ပင့်ပေးသည်။ တခြားနေရာမှာ သူငယ်ချင်း သံယောဇဉ်နှင့် သည်းခံသော အေးမောက သူ့ယောကျ်ားကို အရက်တိုက်လွှတ်လိုက်ပြီဆိုလျှင် –

"မောင်ဘုန်း နင်တို့ နောက်တစ်ခါ အရက်တိုက်ရဲတိုက်ကြည့် ငါ့အကြောင်း ကောင်းကောင်းသိမယ်။ ငါ့ယောကျ်ား အရက်စွဲရင် နင်တို့အပြစ်ပဲ"

ကျော်လှဆိုတဲ့ ကောင်ကလည်း အရက်ဆိုကြိုက်မှကြိုက်။ ဟိုပွဲအကြောင်းပြ ဒီပွဲအကြောင်းပြပြီး သောက်သွား။ အိမ်ရောက်လျှင်

အရိုက်ခံ အခေါ်ခံရပြီးမှတ်။ ယခုလည်း သူ့ဘာသာသူ သောက်ချင်လျှင် သောက်ချင်ကြောင်းမပြော သူ့ကို တရားခံစွဲနေသည်။

"တော်ပါ၊ မလာစမ်းပါနဲ့။ မင်းရဲ့စေတနာဆိုးကြီးအကြောင်း ငါ ကောင်းကောင်းကြီး သိတယ် ကျော်လှ။ မလာနဲ့၊ ပြီးတော့ အခု ငါတစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်၊ တွေးချင်တယ် ဘယ်သူနဲ့မှ စကားမပြောချင်ဘူး"

"ဟော့ မောင်ဘုန်း ဟယ်လို"

သူပြောပြီးဖုန်းချလိုက်သည်။ တကယ်လည်း ဒီလို တိတ်ဆိတ်သောညမှာ သူ ငြိမ်ငြိမ်သက်သက်နှင့် အတွေးထဲမှာ လွင့်မျော ချင်ပါသည်။

အချိန်သည် (၈) နာရီခန့်ဆိုသော်လည်း ဆောင်းကာလနှင့် အချိန်ထက်အမှောင်ထုက ပို၍ ကြီးစိုးသည်။ နေဝင်စောသည့် ညတာ ရှည်လွန်းသည်။

"ဝုန်း"

"ခလွမ်း"

"ဟင်"

တိတ်ဆိတ်နေသော ညအချိန်တွင် ပစ္စည်းတစ်ခုခု ပြုတ်ကျ သံက ကျယ်လောင်စွာ ထွက်လာသည်။

လူလား တိရစ္ဆာန်လား။

အသံက ပြန်တိတ်ဆိတ်သွားပြီ ဆိုပေမယ့် ကိုယ်တစ် ယောက်တည်းရှိနေသဖြင့် ပေါ့ပေါ့ဆဆနေ၍ မဖြစ်ပေ။





သူတစ်ယောက်တည်းရှိ၍ သူခိုးတွေ ကပ်တာများလား။ ...င်တော့ဖြစ်နိုင်သည်။

သူ မီးဖိုဘေးတွင်ရှိသော သစ်သားချောင်းတစ်ချောင်းကို ...ကောက်ယူပြီး အိမ်နောက်ဘက်သို့ လျှောက်လာခဲ့သည်။ တံခါးပေါက် ...အားရောက်တော့ အပြင်ဘက်ကို နားစွင့်ကြည့်လိုက်သည်။ မည်သည့် ...အသံမှ မကြားရဘဲ တိတ်ဆိတ်နေသည်။

"ကဲကွာ"

သူ တံခါးကို ဆွဲဖွင့်ပစ်လိုက်သည်။ အေးစိမ့်မှုက လူကို ...ဘရောက်ကျိစယ်သည်။ မှောင်မည်းနေသော ပတ်ဝန်းကျင်ကို ဝေ့ ...ကြည့်လိုက်စဉ် –

"ဟင်"

အိမ်ထောင့်နောက်ဘက်တွင်ရပ်နေသော လူရိပ်ကြောင့် ...လန့်သော်လည်း အံ့သြသွားရသည်။ အဘယ့်ကြောင့်ဆိုသော် ရပ်နေ ...သူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး သူ့ကို ကျောပေးထားခြင်းဖြစ် ...သည်။

"ဟော့ ဘယ်သူလဲ"

သူ အသံလှမ်းပြုလိုက်ပေမယ့် လှည့်ကြည့်လာခြင်း လှုပ်ရှား ...ခြင်း လုံးဝမရှိပေ။ နာနာဘာဝများလား။ ဖြစ်တော့ မဖြစ်နိုင်ပေ။ ...သူတို့ ဒီပတ်ဝန်းကျင်မှာ နေလာတာကြာပေါ့။ သရဲခြောက်တာတို့၊ ...အယောင်လာပြတာတို့ဆိုတာ လုံးဝကို မကြားဖူးခဲ့ပေ။

"ဟော့ ဒီမှာ မေးနေတယ်လေ။ မင်း ဘယ်သူလဲ"

သူ စိတ်မြန်လက်မြန်နှင့်ပင် အိမ်ထဲကထွက်လိုက်သည်။ ဘယ်ကအမျိုးသမီးလဲ။ အချိန်မတော်ကြီး သူများအိမ်နောက်ဖေးမှာ လာရပ်နေပုံထောက် လူကောင်းသူကောင်းတော့ ဟုတ်ရဲ့လား။ အနေခေတ် အမျိုးသမီးအချို့က ကြောက်ရသည်။ ဘာမှမဟုတ်ပါဘဲ သူ့ကို ဘာသာ ဆံပင်ဆွဲဖွလို့၊ အင်္ကျီဆွဲချွတ်လို ချွတ် လုပ်ပြီး ကျွန်မကို ဗလက္ကာရ ပြုလို့ပါဆိုလျှင် သေပြီ။

"ဟိတ်"

"_____"

"ဟင် မေမဒီ"

သူမဘေးသို့ရောက်သောအခါ သူ့ဘက်သို့ လှည့်လာသော မျက်နှာကို မြင်လိုက်ရသည့်အခါ သူ အံ့ဩသွားခဲ့သည်။

နောက် သူမကို ခြေဆုံးခေါင်းဆုံး အပြန်အလှန်ကြည့်လိုက်မိသည်။ ဟုတ်ပါတယ်၊ မေမဒီမှ မေမဒီအစစ်ပါ။ သူမ ဘယ်လိုလုပ်ပြီး ရောက်လာခဲ့တာလဲ။ သူမ သူ့ကို သရဲလာခြောက်နေတာလား။

"မင်း မင်း ဘယ်လိုလုပ်ပြီး"

သူ အထစ်ထစ် အငေါ့ငေါ့နှင့် ပြောတော့ သူမက ဖြတ်ပြီးကာ –

"ညွှန့်သည်ကို အိမ်ထဲမဖိတ်ခေါ်တော့ဘူးလား ကိုတော်မောင်"

ညွှန့်သည်ဆိုရင်လည်း ညွှန့်သည်က အိမ်ရှေ့ကနေ ရောက်မလာဘဲ အိမ်နောက်ဘက်ကနေ ဘယ်လိုလုပ်ပြီးရောက်လာတာလဲ





နောက် ဒီလိုနေရာဆိုတာ မျက်စိလည် လမ်းမှားပြီး ရောက်လာစရာ နေရာမျိုးမှ မဟုတ်တာ။

"ဟင် . . . အိမ်ထဲ မခေါ်တော့ဘူးလား။ ဒီမှာ တော်တော် အေးတာပဲ။ အိမ်ထဲဝင်ခွင့်ပြုပါနော်" ဟု တောင်းဆိုနေတော့လည်း သူ ဘာတတ်နိုင်မည်နည်း။ ထို့ကြောင့် ခေါင်းကို လေးတွဲ့စွာ ညိတ်လိုက်သည်။

သူမက သူ့ရှေ့က ဝင်သွားသဖြင့် သူ တံခါးပိတ်ပြီး နောက်က ဝင်လိုက်သည်။ သူမနှင့် မည်သူမှ အဖော်မပါလာပါလား။ သူမ ဘာလို့ အိမ်ပြန်ရောက်လာတာလဲ။

တကယ်တော့ သူမကို မြင်လိုက်ရတဲ့ခဏ မိုးလို့ ခေါ်ပြီး ပြေးဖက်လိုက်ချင်ပေမယ့် သူမက သူ့ရဲ့မိုးမှ မဟုတ်ပဲလေ။ သူ့ရဲ့မိုးက ဘယ်မှာလဲ။

"ဘာကိစ္စရှိလို့ အချိန်မတော်ကြီး ရောက်လာရတာလဲ မေမဒီ။ မင်းနဲ့ ဘယ်သူမှ မပါလာဘူးလား"

"မေမဒီ၊ မေမဒီဆိုတာ ဘယ်သူလဲ။ ကျွန်မရဲ့နာမည်က မိုးပါ။ မေမဒီဆိုတဲ့နာမည်ကို ကြားတောင်မကြားဖူးဘူး"

"ဘာ"

ထူးဆန်းလွန်းသောစကားကြောင့် သူ သူမကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။ သူမက သူ့ကို မကြည့်ဘဲ နှုတ်ခမ်းတို့က ပြုံးရယ်နေသည်။ သူ ဘာကိုမှ မစဉ်းစားနိုင်ဘဲ သူမရဲ့ဘေးသို့ ခြေမြန်စွာ ရောက်သွားကာ –

"မင်း မင်း ဘာတွေပြောနေတာလဲ။ မင်းက မိုး ဟုတ်လား။ မင်းက မေမဒီပဲ ဘယ်လိုလုပ်ပြီး မိုးဖြစ်နိုင်မှာလဲ။ မင်းဟာ ငါ့ရဲ့မိုး မဟုတ်ဘူး မေမဒီ။ ငါ့ရဲ့မိုးက လွန်ခဲ့တဲ့ကာလတွေက ပျောက်ဆုံးသွားခဲ့ပြီ။ မင်း ငါ့ကို အဲဒီလို လာမကျီစယ်ပါနဲ့။ ဒါ စနောက်စရာကိစ္စ မဟုတ်ဘူး မေမဒီ"

သူ ကြွဲအက်တုန်ယင်သောအသံနှင့် ပြောလိုက်မိသည်။ သူမက သူ့ရဲ့ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ကာ သူ့ကို ခပ်မော့မော့ကြည့်ပြီး

"မိုးကို ခွင့်လွှတ်ပါ အစ်ကို။ မိုး အစ်ကို့အပေါ်မှာ စိမ်းစိမ်းကားကားပြောခဲ့မိတဲ့အတွက် မိုး တောင်းပန်ပါတယ်။ အစ်ကိုတို့ ထည့်ပေးလိုက်တဲ့ဖုန်းကို ဖွင့်ကြည့်ပြီး မိုး သတိတွေ ပြန်ရလာခဲ့တယ်။ အစ်ကိုနဲ့ သွားလာလည်ပတ်မှုတွေ၊ အစ်ကိုတို့နဲ့ မိုးရဲ့ ရင်းနှီးမှုတွေဟာ အမှန်တကယ်ပဲဆိုတာ မိုးလက်ခံနိုင်ပါပြီ။ အဲဒါကြောင့်လည်း မိုး မိုးလေ အစ်ကို့ကို တောင်းပန်ဖို့ ရောက်လာခဲ့တာပါ"

"ဒါပေမဲ့ ဒီကိုလိုက်လာဖို့အထိမှ မလိုအပ်ဘဲ မေမဒီ။ မင်း ကိုယ်တို့နဲ့ ပတ်သက်ဖူးတယ်ဆိုတာ လက်ခံနိုင်တယ်ဆိုရင် ကိုယ် ကျေနပ်ပါပြီ"

"အစ်ကို . . . မိုးကို အဲဒီလိုစိမ်းစိမ်းကားကား မပြောပါနဲ့ အစ်ကိုရယ်။ မိုး တကယ် အားလုံးကို ပြန်သတိရပါပြီ။ ပြီးတော့ မိုးဟာ မေမဒီဆိုတဲ့အမည်နာမကို သကြီုဟ်ပစ်လိုက်ချင်ပါပြီ"

"ဘယ်လို"

"ဟုတ်ပါတယ် အစ်ကို"





ထူးဆန်းသောစကားကြောင့် သူ အံ့ဩသွားစဥ် သူမက မျက်ရည်စတွေနှင့် ခေါင်းညိတ်လေသည်။ သူ သူမရဲ့မျက်နှာကို သေချာရှင်းလင်းစွာ မြင်နိုင်ရန် သူမဘေးတွင် ထိုင်ချလိုက်သည်။ သူမက သူ့ကို တမေ့တမော ငေးနေခဲ့သည်။ စောစောတုန်းက ချမ်းငြိုက်တာ၊ အေးလိုက်တာ ဖြစ်နေသော ခံစားချက်တို့သည်လည်း ဘယ်ဆီကိုရောက်သွားပြီလဲမသိ။

"မေမေတို့က မိုးရဲ့အိမ်ထောင်ရေးကို နောက်မဆုတ်ပေးဘူး အစ်ကို။ မိုး အဲဒီလူကြီးကို လက်မထပ်နိုင်ဘူး။ ဖေဖေကလေ ဖေဖေက ဒီကို မိုးရောက်လာအောင် ကူညီခဲ့တာ သိလား"

"――――"

"ဟုတ်တယ်၊ မိုး အစ်ကိုနဲ့ပတ်သက်တဲ့ ဘဝကို ပြန်သတိရပြီး နောက်ပြီး မေမေသဘောတူနေတဲ့ စူးရှကို လက်မထပ်နိုင်ဘူးလို့ ဖေဖေ့ကိုပြောပြလိုက်တယ်။ မေမေ့ကိုတော့ လုံးဝမပြောပြခဲ့ဘူး။ တစ်ခါဆို မိုး ဘယ်မှထွက်သွားလို့မရအောင် မေမေ တံခါးပိတ်ထားတာ မိုးသိနေတယ်လေ"

"အဲဒီလိုပြောတော့ မိုးရဲ့ဖေဖေက ဘာပြောလဲ"

သူသိချင်နေသော အကြောင်းအရာကိုပဲ အလောတကြီး မေးလိုက်သည်။ သူ အိပ်မက်မက်နေတာတော့ မဟုတ်လောက်ပါ။ သူ့ရှေ့မှာရောက်နေသော မိန်းကလေးသည် သူ့ရဲ့မိုးဆိုတာ သူ အခုမှ သိနေခဲ့သည်လေ။ ကံကောင်းခြင်းလက်ဆောင်ကို သူ တကယ်ပဲ ရတော့မှာလား။

''ဖေဖေက မိုးရဲ့အိမ်ထောင်ရေးကို မိုးရဲ့သဘောအတိုင်းပဲ ဖြစ်စေချင်တယ်တဲ့။ သမီးနဲ့ပေါင်းဖက်ရမယ့်သူကို သမီးရဲ့သဘော အတိုင်းပဲ ရွေးချယ်ပါတဲ့။ ဖေဖေတို့ ပေးစားတဲ့သူနဲ့ သမီးအဆင်မပြေ ရင် ဖေဖေတို့လည်း စိတ်ဆင်းရဲရမှာပဲတဲ့''

''ဒါ ... ဒါဆို ... မိုးက မိုးက အစ်ကို့ကို''

သူ ဝမ်းသာအားရဖြင့် မိုးရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ မေးတော့ မိုးက သူ့ကို မျက်စောင်းထိုးကာ –

''သွား ... ဘာလဲ မသိဘူး''

ဟု ဘုတောလေသည်။ သူ ဝမ်းသာအားရဖြင့် မိုးကို ရင်ခွင် ထဲ ဆွဲသွင်းမိပြီးမှ ချက်ချင်းပင် ကိုယ်ချင်းပြန်ခွာလိုက်ကာ –

''ဒါနဲ့ မိုးရဲ့ဖေဖေ သဘောတူတာတော့ ထားပါ။ တကယ် လို့ မိုးရဲ့မေမေ လိုက်လာပြီးခဲ့ရင် မိုး အရင်လိုပဲ ပြန်လိုက်သွားဦးမှာ လား''

''မိုးက အသက် (၂၀) ပြည့်တော့မယ် အစ်ကိုရဲ့။ မိုးရဲ့ သဘောနဲ့မိုး ရောက်လာခဲ့လို့ မေမေက အပြစ်တင်ချင်တောင် မိုးကို တင်လို့ရမယ်။ အစ်ကိုနဲ့ ဘာဆိုင်တာမှတ်လို့။ ပြီးတော့ ပြန်လိုက် သွားတယ်ဆိုတဲ့ စကား မပြောပါနဲ့ အစ်ကိုရယ်။ မိုးရဲ့ ပင်ကိုယ်အသိ မှ မဟုတ်တာ''

''ဟုတ်ပါပြီ၊ ဒီလောက်ထိ သိတတ်လိမ္မာတဲ့ ချစ်သူလေးကို အစ်ကိုကလည်း ကျေးဇူးတင်လွန်းလို့ ဆုချချင်တယ်''

''ဟာ ... အစ်ကိုနော်၊ သွား ဘာမှန်းလည်းမသိဘူး''





အလစ်အငိုက်မိသွားသဖြင့် မိုးက ပါးပြင်ကို လက်ဖဝါးနှင့် အုပ်ပြီး နီရဲသောမျက်နှာနှင့် သူ့ကိုအော်လေသည်။ သူကတော့ အလစ် အငိုက်မိသွားသော ကောင်မလေးကို ကရော် ကရော်လုပ်ကာ ရယ်မိ လေသည်။

''ဒါနဲ့ အမေကော။ အမေအိပ်နေတာလား အစ်ကို''

သူမက ခုမှ အမေ့ကိုသတိရသလိုနှင့်မေး၏။

''ဪ ... အမေလား။ အမေ ဒီနေ့မနက်ဘဲ သူ့အသိတွေ နဲ့ ဘုရားဖူးလိုက်သွားတယ်လေ''

''ဟင် ... ဒါဆို အစ်ကိုတစ်ယောက်တည်း''

''ဘယ်ကလာ အစ်ကိုတစ်ယောက်တည်း ဖြစ်ရမှာလဲ။ အခုဘာ့ဒီ ကောင်မလေးနဲ့ဆို (၂) ယောက်ပေါ့''

''ဟင် ... ဒီလိုမှန်းသိရင် မလာပါဘူးနော်''

''ဟော့ ... ဘာလို့လဲကွ''

''အစ်ကို့ကို ကြောက်လို့ပေါ့''

သူမက တကယ်ပင် မျက်လုံးလေးပြူးဝိုင်းကာ ပြောပြီး သူနှင့် အဝေးဆုံးဖြစ်အောင် တစ်ဖက်သို့ တိုးရွှေ့ထိုင်လိုက်လေသည်။

မျက်နှာတစ်ပြင်လုံး နီရဲကာ မရဲတရဲနှင့် ခိုးကြည့်လိုက်သော သူမနှင့် အကြည့်ချင်းဆုံလိုက်စဉ် သူ အရှင်ကာ မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။

ရာဇဝင်ခြာနတ်တကိုးကတော့ ဝိုင်းချိုချိုနှင့် ကဗျာတစ်ပုဒ်ရှိလျှင် ဘာမှမလိုအပ်တော့ဘူးတဲ့။

သူကလည်း ချစ်သူလေးနှင့် ငြိမ်းချမ်းစွာနေရခြင်းအတွက် ဘာဆို ဘာကိုမှ မလိုအပ်တော့ပေ။

ခုတော့ ရင်ခုန်ဖွယ် ကောင်းလေသောဆောင်း ဖြစ်တော့သည်။ အလွန်အေးတဲ့ရာသီ၊ အလွန်ချမ်းတဲ့ဆောင်းရာသီမှာ ကိုယ်ချစ်တဲ့ မိန်းမပျိုလေးကို ရင်ခွင်ထဲမှာ ထွေးပွေ့ထားရလျှင်။

*

"နှင်း"

ရွှေပဒေသာစာပေ

နောက်ဆုံးတော့
မင်းရောက်လာခဲ့ပြီ မဟုတ်လား နှင်း။
ငါတို့ရဲ့
ယုံကြည်မှုဟာ
အဆုံးသတ်မှာ လှပခဲ့ပြီပေါ့။
မျှော်လင့်ခြင်းက
ဘယ်လောက်ဝေးဝေး မြင်နိုင်ခဲ့ပြီပေါ့။
ပျော်ရွှင်ခြင်းက
ဘယ်လောက်ဝေးဝေး ကြားနိုင်ခဲ့ပြီပေါ့။
ကြေကွဲခြင်းဟာ နာမည်ပျက်ပြီပေါ့
ကြောက်စိတ်ဟာ
ကြောက်ရွံ့စွာ ခေါင်းငုံ့နေရပြီပေါ့။
နှုတ်ခမ်းတွေ လှုပ်တယ်ဆိုရုံ
နှုတ်ခမ်းတွေ လှုပ်တယ်ဆိုရုံလေး
နတ်ဆိုးတွေ မမြင်အောင် ငါ ပြုံးမိပါရဲ့ နှင်း။
ငါစောင့်ခဲ့တယ်ဆိုတာလည်း
ဒီလိုနေ့မျိုးပဲပေါ့။

လှိုင်းကြာဖြူ (လားရှိုး)

## ကျေးဇူးတင်လွှာ

'စမ်း' ဆိုသည့်ကဗျာနှင့် 'နှင်း' ဆိုသည့်ကဗျာအား ဖော်ပြခွင့်ပြုခဲ့ပါသော ကဗျာဆရာ 'နေညိုအောင်' အား အထူးပင် ကျေးဇူးတင်ပါသည်။

လှိုင်းကြာဖြူ (လားရှိုး)

၂၀၁၆ နိုဝင်ဘာ

တွင် ဖတ်နိုင်ပါပြီ . . .

**မမသဒ္ဒါမောင်**

အတိတ်စာမျက်နှာထက်က အလွမ်းကဗျာ

**ကြယ်စင်မှူးဇေ**

အချစ်မော်ဟောဝန်မှအပြန်

**မိုးစက်ပွင့်**

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်

**အလင်းသစ်**

အချစ်သစ်ပင်မှ ကြွေတဲ့အမုန်းသစ်သီး

**လှိုင်းကြာဖြူ**

ချစ်သူတစ်ယောက် ကောက်ရထားသည်